
FIFA
FUTSAL
Laws of the Game
2021/22

# ၂၀၂၁/၂၀၂၂ ဖူဆယ်ဥပဒေများတွင်အဓိကပြင်ဆင်ချက်များ

| ဥပဒေ ၁ – ကစားကွင်း | ၉။ ဂိုးများ<br>နှစ်ဘက်ဂိုးတိုင်များ၏ ဂိုးတိုင်၊ ဂိုးဘားတန်းများသည် တူညီသောပုံသဏ္ဌာန်ရှိရမည်ဖြစ်ပြီး ၎င်းတို့အားလေးထောင့်ပုံ၊ ထောင့်မှန်စတုဂံပုံ၊ လုံးဝန်းသောပုံ၊ ဘဲဥပုံ သို့မဟုတ် ၎င်းတို့အား ပေါင်းစပ်ဖွဲ့စည်း ပြုလုပ်ထားသည့် ဂိုးတိုင်၊ ဂိုးဘားတန်းများအား အသုံးပြုနိုင်သည်။<br><br>၁၀။ ဂိုးရွှေ့လျားခြင်း<br>အကယ်၍ ခုခံကစားသည့်အသင်းမှကစားသမားတစ်ဦးသည် မိမိ၏ဂိုးအားတမင်တကာရွှေ့လျား အောင်ပြုလုပ်ခဲ့ပြီး သို့မဟုတ် မှောက်သွားစေခဲ့ပြီး ဂိုး နှင့်ဘောလုံးထိတွေ့မိပါက၊ ပြိုင်ဘက်အသင်းအား ပင်နယ်တီကန်သွင်းခွင့်ပေးရမည်ဖြစ်ပြီး ၎င်းကစားသမားအား အဝါကတ်ပြသရမည်။ အကယ်၍ ယင်းပြစ်မှုသည်ပြိုင်ဘက်အသင်း၏ဂိုးရနိုင်မှုအား ပျက်စီးစေခြင်း သို့မဟုတ် ပြိုင်ဘက်အသင်း၏သေချာပေါက် ဂိုးရရှိနိုင်မှုအခွင့်အရေးအား ပျက်ပြယ်အောင် ပြုလုပ်ခဲ့လျှင် ၎င်းကစား သမားအား အနီကတ်ပြသထုတ်ပယ်ရမည်။<br><br>အကယ်၍ တိုက်စစ်ဆင်သည့် အသင်းကစားသမား တစ်ဦးမတော်တဆ သို့မဟုတ် တမင်တကာ ရည်ရွယ်ချက်ဖြင့် |
|---|---|

| | |
|---|---|
| | ပြိုင်ဘက် အသင်း၏ဂိုးအား ရွှေ့လျားစေခဲ့လျှင် သို့မဟုတ် မှောက်စေခဲ့လျှင် ဂိုးအဖြစ်ခွင့်ပြုမည်မဟုတ်– – –<br>• အကယ်၍ မတော်တဆဖြစ်ခဲ့လျှင် ပြိုင်ပွဲအား မြေချ ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။<br>• အကယ်၍ တမင်တကာ ရည်ရွယ်ချက်ဖြင့် ပြုလုပ် ခဲ့ပြီး ဂိုးနှင့်ဘောလုံးထိတွေ့မိပါက ပြိုင်ဘက်အသင်းအား တိုက်ရိုက်အလွတ်တည်ကန်ဘောဖြင့်ပြန်လည် ကစား စေပြီး ကစားသမားအား အဝါကတ် ပြသရမည်။<br>• အကယ်၍ တမင်တကာရည်ရွယ်ချက်ဖြင့် ပြုလုပ် ခဲ့ပြီး ဂိုးနှင့်ဘောလုံး မထိတွေ့မိပါက ပြိုင်ဘက်အ သင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် က စားစေရမည်ဖြစ်ပြီး ၎င်းကစားသမားအား အဝါကတ် ပြသရမည်။ |
| **ဥပဒေ ၄ –**<br>**ကစားသမားများ၏**<br>**အသုံးအဆောင်များ** | ၄။**အခြားအသုံးအဆောင်**<br><br>**ဒူးနှင့် တံတောင်ကာများ**<br>ဒူးနှင့် တံတောင်ကာများ ဝတ်ဆင်ကစားလျှင် ၎င်းတို့၏ အရောင်များသည် အင်္ကျီလက်၏ အဓိကအရောင်နှင့် ဆင်တူ ရမည် (**တံတောင်ကာများ**) သို့မဟုတ် ဘောင်းဘီတို/ဘောင်း ဘီရှည် (**ဒူးကာများ**) ၏ အဓိကအရောင်နှင့် ဆင်တူရမည်။ အလွန်အကျူး ငေါ်ထွက်နေခြင်း မဖြစ်ရ။<br><br>၎င်းအရောင်များနှင့် လိုက်ဖက်ညီရန် မဖြစ်နိုင်သောအခါ အနက်ရောင် သို့မဟုတ် အဖြူရောင် အကာအကွယ်များကို အင်္ကျီလက်/ ဘောင်းဘီတို (သို့မဟုတ် ဘောင်းဘီရှည်)၊ မည် |

| | |
|---|---|
| | သည့်အရောင်များနှင့်မဆိုအသုံးပြုနိုင်သည်။ အင်္ကျီလက်မောင်း၊ ဘောင်းဘီတို(သို့မဟုတ် ဘောင်းဘီရှည်)နှင့် အရောင်မတူသောအကာအကွယ်များဝတ်ဆင်ကစားမည်ဆိုလျှင်၊၎င်းအကာအကွယ်များသည် တူသောအရောင်ဖြစ်ရမည်။ (**အနက် သို့မဟုတ် အဖြူ**) |
| **ဥပဒေ ၅ – ဒိုင်လူကြီးများ** | ၂။ **ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များ**<br>အကယ်၍ပြန်လည်စတင်ကစားပြီလျှင်လည်းကောင်း၊ အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပြသပြီးနောက် ဒိုင်လူကြီးများသည် ကစားချိန် ပထမပိုင်း သို့မဟုတ် ဒုတိယပိုင်း (အချိန်ပိုအပါအဝင်) ပြီးဆုံးကြောင်းအတည်ပြုရန် အချက်ပြပြီး ကွင်းအတွင်းနှင့် ၎င်း၏အနီးတဝိုက်မှ ထွက်ခွာသွားခဲ့လျှင် သို့မဟုတ် ပြိုင်ပွဲကိုဖျက်သိမ်းလိုက်ပါက ဖော်ပြပါ ပြန်လည်စတင်ခြင်း ဆုံးဖြတ်ချက် မှားယွင်းကြောင်း ပြန်လည်သတိရခဲ့လျှင် သို့မဟုတ် အခြားပြိုင်ပွဲတာဝန်ရှိသူများ၏ အကြံပြု မှုများကြောင့် ပြန်လည်စတင်ခြင်းဆုံးဖြတ်ချက်အား ဒိုင်လူကြီးအနေဖြင့် ပြောင်းပိုင်ခွင့် မရှိပါ။<br><br>**၃။ လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ**<br>ဒိုင်လူကြီးများသည် : (....)<br>• ကစားပွဲအား ရပ်ဆိုင်းရမည်။ (အကယ်၍...)<br>○ ပင်နယ်တီကန်သွင်းခွင့် သတ်မှတ်ပေးပြီးနောက် ဂိုးသမား ဒဏ်ရာရရှိခဲ့လျှင် |
| **ဥပဒေ ၆ – အခြားပြိုင်ပွဲတာဝန်ရှိသူ** | ၂။ **လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ**<br>**အချိန်မှတ်ဒိုင်လူကြီး** |

| | |
|---|---|
| များ | ပြိုင်ပွဲ၏ကြာချိန်သည် ဥပဒေ (၇) ပါ ပြဋ္ဌာန်း ချက် များ နှင့် ကိုက်ညီသေချာစေရမည်။<br>• ကန်သွင်းခြင်း၊ဂိုးမှပြန်လည်စတင်ကစားခြင်း၊ ထောင့်ကန်ဘော၊ကွင်းလယ်အမှတ်အသားမှကစားခြင်း၊ အလွတ်တည်ကန်ဘော၊ပင်နယ်တီကန်သွင်းခြင်း၊သို့မဟုတ် မြေချဘောဖြင့်ပြန်လည်စတင်ကစားခြင်းများအား မှန်ကန်စွာပြန်လည်စတင်ကစားပြီးနောက် အချိန်မှတ်နာရီအား ပြန်လည်စတင်ခြင်း။<br>• ဂိုးသွင်းယူပြီးနောက်၊ ပင်နယ်တီကန်သွင်းခွင့် သို့မဟုတ် အလွတ်တည်ကန်ဘောသတ်မှတ်ပေးပြီး နောက် သို့မဟုတ် ကစားသမား ဒဏ်ရာရရှိပြီးနောက် အချိန်မှတ်နာရီအား ရပ်တန့်ခြင်း။<br>• ဒိုင်လူကြီးများမှ အချိန်မှတ်ဒိုင်လူကြီးအား အချက်ပြသသည့် အခါတိုင်း အချိန်မှတ်နာရီအား ရပ်တန့် ရမည်။ |
| ဥပဒေ ၇ – ကစားချိန် | **၂။ ကစားချိန်ကို ကုန်ဆုံးစေသည်**<br>ကန်ချက်တစ်ခုခုကို ပြီးမြောက်အောင် စဉ်းစား သည်(...)<br><br>ကန်ခွင့်ရထားခြင်း မပြီးမြောက်မီ တစ်ဖက်ခံစစ် ကစားသမား တစ်ဦး ပြစ်မှုကျူးလွန်ပါက ဒိုင်လူကြီးများသည် ပြန်ကန်ရန် အမိန့်ပေးခြင်း သို့မဟုတ် နောက်ထပ်ခြောက်ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်တိုက်ရိုက်အလွတ်တည်ကန်စေခြင်း သို့မဟုတ် ပင်နယ်တီကန်သွင်းစေခြင်းအား ဖူဆယ်ဥပဒေများ နှင့် အညီသင့်တော်သလို ဆက်လက်ကစားခွင့်ပေးရမည်။ |

| | |
|---|---|
| **ဥပဒေ ၈ – စတင်ကစားခြင်းနှင့် ပြန်လည်စတင် ကစားခြင်း** | ၂။ **မြေချဘော**<br><br>**လုပ်ထုံးလုပ်နည်း**<br>• ကစားမှုရပ်ဆိုင်းသည့်အချိန်ဘောလုံးရှိသည့်နေရာမှ သို့မဟုတ် ကစားသမားတစ်ဦး၊ ပြင်ပပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဒိုင်လူကြီးတစ်ဦး နောက်ဆုံး ဘောလုံး ထိမိခဲ့သည့် နေရာမှနေ၍၊ ၎င်းသည်ခံစစ်အသင်း၏ ပင်နယ်တီဧရိယာ အတွင်း၌ဖြစ်ခဲ့ပြီး ဘောလုံး အားနောက်ဆုံးထိကန်ကစားခဲ့သောအသင်းမှာတိုက်စစ် ဆင်သည့်အသင်းဖြစ်သည်မှလွဲ၍ ဘောလုံး အား နောက် ဆုံးထိ ကန်ကစားခဲ့သည့် အသင်းမှကစားသမား တစ်ဦးအား မြေချဘော ပြုလုပ်ပေးရမည်။ ၎င်းအခြေအနေတွင်တိုက်စစ်ဆင်သည့်အသင်းမှ ကစားသမားတစ်ဦးအား ကစားမှုရပ်ဆိုင်းခြင်း သို့မဟုတ် ကစားသမားတစ်ဦး ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတစ်ဦး နောက်ဆုံး ဘောလုံး ထိမိခဲ့သည့် နေရာနှင့် အနီးဆုံးဘေးစည်းနှင့်စိတ်ကူးအရ မျဉ်းပြိုင်ဆွဲရာတွင်ဆုံမိသည့် ပင်နယ်တီဧရိယာစည်းပေါ်မှ နေ၍မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။<br>(အောက်ပုံတွင် ဖော်ပြထားသည့်အတိုင်း) |

<table>
<tr>
<td></td>
<td>


- **ကစားကွင်းကြမ်းပြင်အား ဘောလုံးထိသည်နှင့် ကစားမှု ထမြောက်သည့်အတွက်မည်သည့် ကစားသမား (မည် သည့် အသင်းမှ မဆို) ဘောလုံးကစားနိုင်သည်။**
</td>
</tr>
<tr>
<td>

**ဥပဒေ ၁၀ – ဂိုးဝင်ခြင်းနှင့် ပတ်သတ်၍ ဆုံးဖြတ်ချက်များ**
</td>
<td>

**၃။ ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း**

ကစားနေစဉ်အတွင်း ထုတ်ပယ်ခံရသော ကစားသမားသည်ပင်နယ်တီအမှတ်အသားမှ ကန်သွင်းခြင်းတွင် ပါဝင်ခွင့်ရရှိမည်မဟုတ်ပေ။ကစားနေစဉ်အတွင်း နှုတ်ဖြင့်သတိပေးခံရခြင်းအဝါကတ် ပြသခံရခြင်းပြစ်ဒဏ်များအား ပင်နယ်တီအမှတ်အသားမှကန်သွင်းခြင်းသို့ ဆက်လက်အရေးယူရန် သယ်ဆောင်သွားမည် မဟုတ်ပေ။

ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းနေစဉ်အတွင်း

- အကယ်၍ဂိုးသမားမှ ပြစ်မှုကျူးလွန်၍ ရလဒ်အရ ပင် နယ်တီပြန်ကန်ရလျှင် ပထမအကြိမ်ပြစ်မှု အတွက်
</td>
</tr>
</table>

| | |
|---|---|
| | ဂိုးသမားအားနှုတ်ဖြင့် သတိပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေး ရမည်။<br>• ဒိုင်လူကြီးများမှ ကန်သွင်းရန် အချက်ပြသပြီးနောက် ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုအတွက် ကန်သွင်းသူ သည် ပြစ်ဒဏ်ပေးခံရပါက ကန်သွင်းမှုလွဲချော်သည်ဟု သတ်မှတ်ပြီး ကန်သွင်းသူအား အဝါကတ်ပြသ သတိပေး ရမည်။<br>• အကယ်၍ ဂိုးသမားနှင့် ကန်သွင်းသူ နှစ်ဦးစလုံးသည် တစ်ချိန်တည်းတွင် ပြစ်မှုကျူးလွန်ပါက ကန်သွင်းမှုအား လွဲချော်သည်ဟု သတ်မှတ်ပြီး ယင်းကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်။ |
| **ဥပဒေ ၁၂ – ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ် အမူအရာများ** | **၁။ တိုက်ရိုက်အလွတ်တည်ကန်ဘော**<br>ကစားသမား တစ်ဦးသည်အောက်ဖော်ပြပါပြစ်မှု တစ်ခုခု ကို ကျူးလွန်ပါကလည်း တိုက်ရိုက်အလွတ်တည်ကန်ဘောပေးရမည်။<br>• အသင်းလူစာရင်းပါဝင်သူတစ်ဦးဦး သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးအား ကိုက်ခြင်း သို့မဟုတ် တံတွေးဖြင့် ထွေးခြင်း<br>• ဘောလုံး၊ ပြိုင်ဘက်ကစားသမား သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးအား အရာဝတ္ထု တစ်ခုဖြင့်ပစ်ခြင်း၊ ကန်ခြင်း၊ ဘောလုံးအား လက်ထဲတွင်ဆုပ်ကိုင်ထားသော အရာဝတ္ထု တစ်ခုဖြင့် ထိတွေ့ခြင်း သို့မဟုတ် ဂိုးကို တမင်တကာ ရည်ရွယ်ချက်ဖြင့် ရွေ့လျားစေပြီး ဂိုးနှင့် ဘောလုံး ထိမိခြင်း |

| | |
|---|---|
| | **ဘောလုံးကိုထိကိုင်ခြင်း**<br>လက်ထိဘောပြစ်မှုများဆုံးဖြတ်ရန်အတွက် လက်မောင်း၏အပေါ်ပိုင်းနယ်နမိတ်သည် ချိုင်းကြား အောက်ခြေနှင့် ညီမျှသည်။<br>ဘောလုံးနှင့် ကစားသမား၏ လက်/ လက်မောင်း ထိတွေ့မှုတိုင်းသည် လက်ထိဘောပြစ်မှု မဟုတ်ပါ။<br>လက်ထိဘောပြစ်မှုမြောက်သည် အကယ်၍ကစားသမားသည်- - -<br>• ၎င်းတို့၏ လက်/ လက်မောင်းဖြင့် ဘောလုံးအားတမင်တကာ ထိကိုင်ခဲ့လျှင် ဥပမာ- လက်/လက်မောင်းကို ဘောလုံးဆီသို့ ရွေ့လျားသွားလျှင်<br>• ၎င်းတို့၏ခန္ဓာကိုယ်အား သဘာဝမကျကြီးမား အောင်ပြုလုပ်ပြီး ၎င်းတို့၏လက်/ လက်မောင်းဖြင့် ဘောလုံးအားထိခြင်း။ ၎င်းတို့၏ လက်/ လက်မောင်း အနေအထား သည်ထိုအခြေအနေအတွက် ကစားသမား၏ခန္ဓာကိုယ် လှုပ်ရှားမှုကြောင့် သို့မဟုတ် တရားမျှတမှု၏ အကျိုးဆက် မဟုတ်ပါက ကစားသမားတစ်ဦးသည်ခန္ဓာကိုယ် သဘာဝမကျကြီးမားအောင်ပြုလုပ်သည်ဟု ယူဆပါသည်။ ယင်းအနေအထားတွင်၎င်းတို့၏ လက်/ လက်မောင်း ကိုထားရှိခြင်းဖြင့် ကစားသမားသည်၎င်းတို့၏ လက်/လက်မောင်းများကို ဘောလုံးထိမှန်ခဲ့လျှင် ပြစ်ဒဏ်ပေးခြင်း ခံရမည်။<br>• ပြိုင်ဘက်အသင်းသို့ ဂိုးသွင်းယူလျှင်- - -<br>  ○ ဂိုးသမားအပါအဝင် ၎င်းတို့၏ လက်/လက်မောင်းဖြင့် တိုက်ရိုက် ဂိုးသွင်းယူခဲ့လျှင် (မတော်တဆ ဆိုလျှင်တောင်)<br>  ○ ဘောလုံးအား၎င်းတို့၏ လက်/လက်မောင်း အစိတ် |

အပိုင်းဖြင့် ထိမိပြီးနောက် ရုတ်တရက်ချက်ချင်း ဂိုးသွင်းယူခဲ့လျှင် ၊မတော်တဆ ဆိုလျှင်တောင်

အကယ်၍ ကစားသမားတစ်ဦးသည်၎င်းတို့၏ လက်/ လက်မောင်းကို မတော်တဆ ဘောလုံးထိမိပြီးနောက် ရုတ်တရက် ချက်ချင်း ဂိုးမသွင်းပါက လက်/လက်မောင်းသည် ကစားသမား၏ ခန္ဓာကိုယ်ကို သဘာဝမကျကြီးမားအောင် ပြုလုပ်ထားခြင်း မရှိလျှင် ဆက်လက်ကစားသင့်သည်။

**၂။ တဆင့်အလွတ်တည်ကန်ခြင်း**

တဆင့်အလွတ်တည်ကန်ဘောပေးရမည်။

အကယ်၍ ကစားသမားတစ်ဦးသည်–

- ဥပဒေအခြေအနေအရ ဘောလုံးကို ဦးခေါင်း၊ ရင်ဘတ်၊ ဒူးခေါင်း စသည်တို့ဖြင့် ဂိုးသမားထံသို့ တမင်တကာ ရည်ရွယ်ချက်ဖြင့် လှည့်စား ပေးပို့ခဲ့ပြီး (အလွတ်တည်ကန်ဘောအပါအဝင်) ထိုဘောလုံးအားဂိုးသမားမှ ၎င်း၏လက်ဖြင့် ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ ဂိုးသမားသည် တမင်တကာလှည့်ကွက်ကိုအစပြုဆောင်ရွက်သည့်အတွက် တာဝန်ရှိလျှင် အပြစ်ပေးခံ ရမည်။

ဂိုးသမားတစ်ဦးသည် အောက်ပါပြစ်မှု တစ်ခုခုကို ကျူးလွန်ပါကလည်း တဆင့်အလွတ်တည်ကန်ဘောပေးရမည်။

- မိမိအသင်းဖော်မှ တမင်တကာ ရည်ရွယ်ချက်ဖြင့် ကန်လိုက်သောဘောလုံးအား ဂိုးသမားမှ မိမိပိုင် ပင်နယ်တီဧရိယာအတွင်း လက် သို့မဟုတ် လက်မောင်းဖြင့် ထိကိုင်ခြင်း( ကန်သွင်းခြင်းအပါအဝင်)

**၃။ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း**

**ကစားသမားများနှင့် အရံကစားသမားများ**

**ကစားမှုပြန်လည်စတင် ကစားရာတွင် နှောင့်နှေးကြန့် ကြာအောင် ပြုလုပ်ခြင်းအတွက် ကတ်ပြသခြင်း**

ဒိုင်လူကြီးများမှအဝါ၊အနီပြသရန်ဆုံးဖြတ်ပြီးလျှင်ကစားမှုအားပြစ်ဒဏ်ကျူးလွန်ခံရသောအသင်းမှ အလွတ်တည်ကန်ဘောအား အမြန်ပြန်လည်စတင်ကစားခြင်းမှု မပြုလုပ်ခြင်း၊ ရှင်းရှင်းလင်းလင်းဂိုးသွင်းယူနိုင်သည့် အခွင့်အရေးမရှိခြင်း၊ ဒိုင်လူကြီးများမှ စည်းကမ်းပိုင်းဆိုင်ရာအရေးယူခြင်း လုပ်ထုံးလုပ်နည်းများမစတင်ရသေးခြင်းများမှလွဲ၍ စီမံဆောင်ရွက်မှုများ မပြီးဆုံးမီအထိပြန်လည်စတင်ခြင်းမပြုရပါ။ အရေးယူခြင်းအား နောက်တစ်ကြိမ်ကစားမှု ရပ်ဆိုင်းသွားချိန်တွင်ပြုလုပ်ရမည်။အကယ်၍ ရှင်းလင်းသေချာစွာဂိုးရရှိနိုင်သောအခွင့်အရေးအား ပျက်ပြယ်စေသောပြစ်မှု ဖြစ်ပါကအဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး အကယ်၍ တိုက်စစ်အခွင့်အရေးကောင်းကို နှောက်ယှက်ခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းပြစ်မှုဖြစ်ပါက အဝါကတ် ပြသသတိပေးရန်မလိုပါ။

**အခွင့်သာမှု ပေးခြင်း**

အကယ်၍ ဒိုင်လူကြီးများ(-----) နောက်တစ်ကြိမ် ကစားမှုရပ်ဆိုင်းလျှင်။သို့သော်လည်း အကယ်၍ ပြစ်မှုသည်ပြိုင်ဘက်အသင်း၏ ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့် အရေးအား ပျက်ပြယ်စေသည့် ပြစ်မှုဖြစ်လျှင် ၎င်းကစားသမားအား ကစားသမားကောင်းမပီသသောအပြုအမူအတွက်

အဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး အကယ်၍တိုက်စစ် အခွင့်အရေးကောင်းကိုနှောင့်ယှက်ခြင်းသို့မဟုတ်ပျက်ပြယ်စေခြင်း ပြစ်မှုဖြစ်ပါက အဝါကတ်ပြသ သတိပေးရန်မလိုပါ။

**အဝါကတ်ပြသရမည့် ပြစ်မှုများ**

မတူတာတွေရှိပါတယ်(---)

- ဂိုးသမားမှ ဂိုးပေါက်အား ကာကွယ်နေချိန်တွင် ဂိုးပေါက်ထဲသို့ သွားနေသော ဘောလုံးအားလက်ဖြင့် တားဆီး၍ ပြစ်မှု ကျူးလွန်ခဲ့လျှင်(---)
- ဘောလုံးကို ဦးခေါင်း၊ ရင်ဘတ်၊ ဒူးခေါင်း စသည်တို့ဖြင့် ဂိုးသမားထံသို့တမင်တကာ ရည်ရွယ်ချက်ဖြင့် လှည့်စားပေးပို့ခဲ့ပြီး (အလွတ်တည်ကန်ဘော အပါအဝင်) ထိုဘောလုံးအား ဂိုးသမားမှငင်း၏ လက်ဖြင့်ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ ဂိုးသမားသည် တမင်တကာ လှည့်ကွက်ကို အစပြုရန် တာဝန်ရှိလျှင် အဝါကတ်ပြသခံရမည်။

**ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သော အခွင့်အရေးအား ပျက်ပြယ်စေခြင်း**

အကယ်၍ ဂိုးသမားသည် ပင်နယ်တီဧရိယာ အပြင်ဘက်၌ တစ်ဖက်အသင်း၏ရှင်းလင်းသေချာစွာဂိုးရှိနိုင်သော အခွင့် အရေးအားပျက်ပြယ်စေရန်အတွက် ဘောလုံးအား လက်ဖြင့်ထိကိုင်ကစားခဲ့ပြီး ထိုအချိန် တွင်၎င်းတို့၏ ဂိုးပေါက်မှာ ကာကွယ်သူမရှိခဲ့လျှင် သို့မဟုတ် ခုခံကစားသည့်အသင်းမှ ကစားသမားတစ်ဦးတည်းမှ ဂိုးသမားနောက်တွင် ဂိုးအားကာကွယ်နေခဲ့လျှင် ဂိုးသမားအားထုတ်ပယ်ရမည့်ပြစ်မှုကျူးလွန်ခြင်းဟု သတ်မှတ်ရမည်။

ဂိုးပေါက်အား ဂိုးသမားမှ ကာကွယ်ထားခြင်းမရှိဘဲ ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သော သတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီနေခဲ့ပြီး အကယ်၍ တိုက်စစ်ကစားသမားအရေအတွက်သည် ခံစစ်ကစားသမား (ဂိုးသမားမှလွဲ၍) အရေအတွက်နှင့် တူညီနေခဲ့လျှင် သို့မဟုတ် ပိုများနေခဲ့လျှင် ၎င်းပြစ်မှုအား ရှင်းလင်းသေချာစွာဂိုးရရှိနိုင်သော အခြေအနေဟုသတ်မှတ်ရမည်။

**၄။ ပြစ်မှုနှင့်မလိုလားအပ်သောကိုယ်နှုတ်အမူအရာများ ကျူးလွန်ပြီးနောက် ပြန်လည်စတင်ကစားခြင်း**

အကယ်၍ အရံကစားသမား၊ ထုတ်ပယ်ခံထားရသော ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူ တစ်ဦးဦးမှ တိုက်ရိုက်အလွတ်တည်ကန်ဘော ပေးရမည့်ပြစ်မှုအား ကျူးလွန်ခဲ့လျှင် လည်းသူတို့၏အသင်းအပေါ် စုပေါင်းပြစ်ဒဏ်များအဖြစ် ရေတွက်သတ်မှတ်ပါမည်။(----)

ကစားသမားတစ်ဦးသည် ကစားကွင်းအတွင်း သို့မဟုတ် ကွင်းပြင်ပတွင် ပြင်ပပုဂ္ဂိုလ်တစ်ဦးအား ပြစ်မှုကျူးလွန်ခဲ့၍ ဒိုင်လူကြီးမှ ကစားပွဲအားရပ်တန့်ခဲ့လျှင် ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာသွားခြင်းအတွက် အလွတ်တည်ကန်ဘော သတ်မှတ်ပေးခြင်းမှ လွဲ၍ မြေချဘောဖြင့်ပြန်လည်စတင်ကစားရမည်။

| | |
|---|---|
| **ဥပဒေ ၁၃ – အလွတ်တည်ကန်ဘော များ** | **၅။ ကစားချိန် တစ်ပိုင်းစီတွင် အသင်းတစ်သင်းစီ၏ ခြောက်ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်ဖြင့်စတင်သော တိုက်ရိုက်အလွတ်တည်ကန် ခြင်း (DFKSAF)**<br><br>**လုပ်ထုံးလုပ်နည်း**<br>*ပြန်လည်စတင်ကစားသည့်အချိန်တွင် ကစားသမားတစ်ဦး၏ အနေအထားအား ကစားကွင်းကြမ်းပြင်နှင့်ထိနေသည့် ခြေထောက် သို့မဟုတ် ခန္ဓာ ကိုယ်၏မည်သည့်အစိတ်အပိုင်းကိုမဆိုဆုံးဖြတ်မည်။(ဖူဆယ်အသုံးအနှုန်းများတွင် ကြည့်ပါ)<br><br>**ပြစ်မှုများနှင့် အရေးယူမှုများ**<br>• အကယ်၍ကစားမှု မပြောက်မီတွင်<br>○ ခုခံကစားသည့်ဂိုးသမားမှ ပြစ်မှုကျူးလွန်လျှင်–<br>– အကယ်၍ ဂိုးဝင်ခဲ့လျှင်၊ ဂိုးသတ်မှတ်ပေးရမည်<br>– အကယ်၍ ဂိုးမဝင်ဘဲ လွဲချော်ခဲ့လျှင် သို့မဟုတ် ဂိုးဘားတန်း၊ ဂိုးတိုင်များအား ထိပြီးပြန်ကန်ထွက်လာခဲ့ပြီး အကယ်၍ ဂိုးသမား၏ပြစ်မှုကျူးလွန်မှုသည်ကန်သွင်းသူ အပေါ်သိသာထင်ရှားစွာအကျိုးသက်ရောက်မှု ရှိခဲ့မှသာလျှင် ပြန်ကန်စေရမည်။<br>– အကယ်၍ ဂိုးသမားမှ ဂိုးမဝင်အောင် ကာကွယ်ခဲ့လျှင်ပြန်ကန်စေရမည်။<br>• ဂိုးသမား၏ပြစ်မှုကျူးလွန်မှုအရ ပြန်ကန်စေရလျှင် ဂိုးသမားအား ပထမအကြိမ် ကျူးလွန်မှုအတွက် နှုတ်ဖြင့် |

| | |
|---|---|
| | သတိပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။<br><br>• ခုခံကစားသည့်ဂိုးသမား၏အသင်းဖော်မှ ပြစ်မှုကျူးလွန်ခဲ့လျှင်–<br>  ○ အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးရမည်။<br><br>  ○ ဂိုးမဝင်ခဲ့လျှင် ပြန်ကန်စေပြီး ပြစ်မှုကျူးလွန်သူအား ပထမအကြိမ်အတွက် နှုတ်ဖြင့်သတိပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။<br><br>• နှစ်ဖက်အသင်းမှ ကစားသမားများပြစ်မှု ကျူးလွန်ခဲ့ လျှင် ကစားသမားတစ်ဦးမှ ပိုမိုပြင်းထန်သော ပြစ်မှုကျူးလွန် (ဥပမာ–တရားမဝင် လှည့်စားခြင်း) ခြင်းမှလွဲ၍ ပြန်ကန်စေပြီး ပြစ်မှုကျူးလွန် သူများအား ပထမအကြိမ်အတွက် နှုတ်ဖြင့်သတိပေးရမည်ဖြစ်ပီး နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။<br>• တစ်ချိန်တည်းတွင်ကန်သွင်းသူနှင့် ခုခံကစားသည့်ဂိုးသမား နှစ်ဦးစလုံး ပြစ်မှုကျူးလွန်ခဲ့လျှင် ကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး ခုခံကစားသည့်အသင်းအားတဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ |

| | |
|---|---|
| | |
| ဥပဒေ ၁၄ – ပင်နယ်တီ | **၂။ ပြစ်မှုများနှင့် အရေးယူမှုများ**<br>**အကယ်၍ ကစားမှု မပြောက်မီတွင်....**<br><br>• ခုခံကစားသည့် ဂိုးသမားမှ ပြစ်မှု ကျူးလွန်ခဲ့လျှင်<br>– အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ် ပေးရမည်<br>– အကယ်၍ ဂိုးမဝင်ဘဲ လွဲချော်ခဲ့လျှင် သို့မဟုတ် ဂိုးဘားတန်း၊ ဂိုးတိုင်များအားထိပြီး ပြန်ကန်ထွက်လာခဲ့ပြီး အကယ်၍ ဂိုးသမား၏ပြစ်မှုကျူးလွန်မှုသည် ကန်သွင်းသူ အပေါ်သိသာ ထင်ရှားစွာ အကျိုးသက်ရောက်မှုရှိခဲ့မှသာလျှင် ပြန်ကန်စေရမည်။<br>– အကယ်၍ ဂိုးသမားမှ ဂိုးမဝင်အောင် ကာကွယ်ခဲ့လျှင် ပြန်ကန်စေရမည်<br>အကယ်၍ ဂိုးသမား၏ ပြစ်မှုကျူးလွန်မှုအရ ပြန်ကန်စေရလျှင် ဂိုးသမားအား ပထမအကြိမ်ကျူး လွန်မှုအတွက် နှုတ်ဖြင့်သတိပေးရမည်ဖြစ်ပြီး၊ နောက်ဆက်တွဲကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။ |

| | |
|---|---|
| | • ခုခံကစားသည့်ဂိုးသမား၏ အသင်းဖော်မှ ပြစ်မှုကျူးလွန်ခဲ့လျှင်––<br>○ အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးရမည်။<br>○ အကယ်၍ ဂိုးမဝင်ခဲ့လျှင် ပြန်ကန်စေရမည်။<br><br>• တစ်ချိန်တည်းတွင်ကန်သွင်းသူနှင့်ခုခံကစားသည့် ဂိုးသမားနှစ်ဦးစလုံး ပြစ်မှုကျူးလွန်ခဲ့လျှင် ကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး ခုခံကစားသည့် အသင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။ |
| **ဥပဒေ ၁၅ –**<br>**ကန်သွင်းခြင်း** | **၁။ လုပ်ထုံးလုပ်နည်းများ**<br>ဘောလုံးပေးပို့သည့် အချိန်တွင်–<br>• ကန်သွင်းမည့်သူ တစ်ဦးသာလျှင် ကစားကွင်းပြင်ပတွင်ရှိရမည်။(ဖူဆယ်ဥပဒေများတွင် အခြားနည်းဖြင့် ဖော်ပြထားသည်မှလွဲ၍ ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိ သူများအတွက်လက်တွေ့လမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းနှင့်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် အကြံပြုချက်များမှ ကွင်းအတွင်းမှ တရားဝင်ထွက်ခွာခွင့်ပြုထားသည့်အပိုင်းကိုကြည့်ပါ။)<br><br>အကယ်၍ ကန်သွင်းပြီး ကစားမှု မြောက်ပြီးနောက်ဘောလုံးသည် အခြား ကစားသမား တစ်ဦးကိုမှ မထိပဲ ကန်သွင်းခြင်း |

| | |
|---|---|
| | ပြုခဲ့သည့် တူညီသော ဘေးစည်းပေါ်မှနေ၍ကစားကွင်းအပြင်ထွက်သွားပါက ပြိုင်ဘက်အသင်းအား ကွင်းအတွင်းမှ ထွက်သွား၍ မူလကန်သွင်းခြင်း ပြုသည့်နေရာမှ ကန်သွင်းခွင့်ပေးရမည်။<br><br>**၂။ ပြစ်မှုများနှင့် အရေးယူမှုများ**<br>ကန်သွင်းခြင်းအား လေးစက္ကန့်အတွင်း ကန်သွင်းခြင်းမပြုသည့်ပြစ်မှုအပါအဝင် အခြားပြစ်မှုတစ်ခုခုအတွက် ပြိုင်ဘက်အသင်းအားကန်သွင်းခွင့်ပေးရမည်။ |
| **ဥပဒေ– ၁၆**<br>**ဂိုးမှစတင်ကစားခြင်း** | **၂။ ပြစ်မှုများနှင့် အရေးယူမှုများ**<br>အကယ်၍ ဂိုးမှစတင်ကစားခြင်းအား လေးစက္ကန့်အတွင်း မကစားခဲ့ပါက ပြိုင်ဘက်အသင်းအား တဆင့်အလွတ်တည်ကန်ဘော ပေးရမည်။ |
| **ဥပဒေ– ၁၇**<br>**ထောင့်ကန်ဘော** | **၁။ လုပ်ထုံးလုပ်နည်း**<br>• ဘောလုံးကစားနေချိန်တွင်ကန်မည့်သူတစ်ဦးသာ ကစားကွင်းပြင်ပတွင်ရှိရမည်။(ဖူဆယ်ဥပဒေများတွင် အခြားနည်းဖြင့်ဖော်ပြထားသည်မှလွဲ၍ ဖူဆယ်ဒိုင်လူကြီးများနှင့်အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက် လက်တွေ့လမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အကြံပြုချက်များနှင့် ကွင်းအတွင်းမှ တရားဝင်ထွက်ခွာခွင့်ပြုထားသည့် အပိုင်းကိုကြည့်ပါ။)<br><br>**၂။ ပြစ်မှုများနှင့် အရေးယူမှုများ**<br>အကယ်၍ထောင့်ကန်ဧရိယာမှလေးစက္ကန့်အတွင်း ကန်ကစားခြင်း မပြုသည့်ပြစ်မှုအပါအဝင်ပါ အခြားပြစ်မှု တစ်ခုခုအတွက် |

| | |
|---|---|
| | ပြိုင်ဘက်အသင်းအား ဂိုးမှစတင်ကစားစေရမည်။ |
| **ဥပဒေတစ်ခုထက်ပိုသော အပြောင်းအလဲများ** | ဥပဒေ ၄၊ ၅ နှင့် ၁၂ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကြံပြုချက်များ ဖူဆယ်အသုံးအနှုန်းများ<br><br>**အကြမ်းမဖက်သော မသင့်လျော်သော အပြုအမူများ**<br>အချို့သောအကြမ်းမဖက် မသင့်လျော်သော အပြုအမူများကို ပုတ်ခတ်စော်ကားခြင်း (သို့) ရိုင်းစိုင်းခြင်းအဖြစ် သတ်မှတ် ခွင့်ပြုပြီး ထုတ်ပယ်ခြင်းပြုရန်နှင့် သက်ဆိုင်ရာ ဖော်ပြချက်တွင် အမူအရာ(များ)/ အမူအရာအစား လုပ်ဆောင်ချက်(များ) လုပ်ဆောင်ခြင်းအား အစားထိုးရန် |


FIFA
FUTSAL
Laws of the Game
2021/22

## ဥပဒေ – ၁ – ကစားကွင်း

(၁) ကစားကွင်းမျက်နှာပြင်
(၂) ကစားကွင်း အမှတ်အသားများ
(၃) ကစားကွင်းအတိုင်းအတာများ
(၄) ပင်နယ်တီ ဧရိယာ
(၅) (၁၀)မီတာ အမှတ်အသား
(၆) လူစားလဲဇုန်
(၇) ထောင့်ကန်ဘော ဧရိယာ
(၈) နည်းစနစ်ဧရိယာ
(၉) ဂိုးများ
(၁၀) ဂိုးရွှေ့လျားမှု
(၁၁) ကစားကွင်း ပေါ်ကြော်ငြာခြင်း
(၁၂) ဂိုးပိုက်ပေါ်တွင် ကြော်ငြာခြင်း
(၁၃) နည်းစနစ်ဧရိယာတွင် ကြော်ငြာခြင်း
(၁၄) ကွင်းပတ်လည်တွင် ကြော်ငြာခြင်း

## ဥပဒေ – ၂ – ဘောလုံး

(၁) အရည်အသွေးများနှင့် တိုင်းတာမှုများ
(၂) ဘောလုံးပေါ်တွင် ကြေငြာခြင်း
(၃) ပေါက်ကွဲ/ချို့ယွင်းသွားသော ဘောလုံးအား အစားထိုးလဲလှယ်ခြင်း
(၄) အရံဘောလုံးများ
(၅) ကစားကွင်း အတွင်းမှ အပိုဘောလုံးများ
(၆) ပေါက်ကွဲ၊ ချို့ယွင်းနေသော ဘောလုံး ဂိုးဝင်သွားခြင်း

## ဥပဒေ – ၃ – ကစားသမားများ

(၁) ကစားသမားအရေအတွက်

(၂) လူစားလဲလှယ်မှု အရေအတွက်နှင့် အရံကစားသမားများ
(၃) ကစားသမားများနှင့် အရံကစားသမားများ အမည်စာရင်းတင်သွင်းခြင်း
(၄) လူစားလဲလှယ်မှု လုပ်ထုံးလုပ်နည်း
(၅) သွေးပူလေ့ကျင့်ခြင်း
(၆) ဂိုးသမားပြောင်းလဲခြင်း
(၇) ပြစ်မှုများနှင့် အပြစ်ပေးအရေးယူမှုများ
(၈) ကစားသမားများနှင့် အရံကစားသမားများအား ထုတ်ပယ်ခြင်း
(၉) ကွင်းအတွင်းရှိ အပိုလူများ
(၁၀) ကွင်းထဲရှိ အပိုလူတစ်ဦးမှ သွင်းယူသော ဂိုး
(၁၁) ကစားသမားမှ ကွင်းအတွင်းသို့ မမှန်မကန်ပြန်ဝင်ခြင်း
(၁၂) အသင်းခေါင်းဆောင်

## ဥပဒေ – ၄ – ကစားသမားများ၏ အသုံးအဆောင်

(၁) ဘေးအန္တရာယ်ကင်းရှင်းမှု
(၂) မရှိမဖြစ်လိုအပ်သော အသုံးအဆောင်များ
(၃) အရောင်များ
(၄) အခြားအသုံးအဆောင်
(၅) ဆောင်ပုဒ်များ၊ ထုတ်ပြန်ချက်များ၊ ရုပ်ပုံများနှင့် ကြော်ငြာများ
(၆) ပြစ်မှုများနှင့် အရေးယူမှုများ
(၇) ကစားသမားများ၏ နံပါတ်ပေးခြင်း

## ဥပဒေ – ၅ – ဒိုင်လူကြီးများ

(၁) ဒိုင်လူကြီးများ၏ အခွင့် အာဏာများ
(၂) ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များ
(၃) လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ
(၄) ပြိုင်ပွဲတာဝန်ရှိသူများ၏တာဝန်

(၅) အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ

(၆) ဒိုင်လူကြီးများ၏ အသုံးအဆောင်များ

## ဥပဒေ – ၆ – အခြားပြိုင်ပွဲတာဝန်ရှိသူများ

(၁) အကူဒိုင်လူကြီးများ

(၂) လုပ်ပိုင်ခွင့်နှင့် တာဝန်များ

(၃) နိုင်ငံတကာ ပြိုင်ပွဲများ

(၄) အရံအကူဒိုင်လူကြီး(RAR)

## ဥပဒေ – ၇ – ကစားချိန်

(၁) ကစားချိန်များ

(၂) ကစားချိန်အပိုင်းများ ပြီးဆုံးခြင်း

(၃) ခေတ္တပွဲရပ်နားချိန်

(၄) ပထမပိုင်းပြီး၍ ရပ်နားချိန်

(၅) ရပ်သိမ်းလိုက်သော ကစားပွဲ

## ဥပဒေ – ၈ – စတင်ကစားခြင်းနှင့် ပြန်လည်စတင်ကစားခြင်း

(၁) စတင်ကစားခြင်း

(၂) မြေချဘော

## ဥပဒေ – ၉ – ဘောလုံးကစားခြင်းနှင့် ကစားမှု ရပ်ဆိုင်းခြင်း

(၁) ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်း

(၂) ဘောလုံးကစားနေခြင်း

(၃) မိုးလုံလေလုံကွင်း

## ဥပဒေ – ၁၀ – ပြိုင်ပွဲ သွင်းဂိုး ရလဒ်ကို အဆုံးအဖြတ်ပေးခြင်း

(၁) ဂိုးဝင်ခြင်း

(၂) အနိုင်ရသော အသင်း

(၃) ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း

(၄) အဝေးဂိုး

## ဥပဒေ – ၁၁ – လူကျွံ

## ဥပဒေ – ၁၂ – ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ်အမူအယာများ

(၁) တိုက်ရိုက်အလွတ်တည်ကန်ဘော

(၂) တဆင့် အလွတ်တည်ကန်ဘော

(၃) စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း

(၄) ပြစ်မှုများနှင့်မလိုလားအပ်သော ပြစ်မှုများ ကျူးလွန်ပြီးနောက် ပြန်လည်စတင် ကစားခြင်း

## ဥပဒေ – ၁၃ – အလွတ်တည်ကန်ခြင်း

(၁) အလွတ်တည်ကန်ခြင်း အမျိုးအစား

(၂) လုပ်ထုံးလုပ်နည်း

(၃) ပြစ်မှုများနှင့် အပြစ်ပေး အရေးယူမှုများ

(၄) စုပေါင်းပြစ်ဒဏ်များ

(၅) ကစားချိန်တစ်ပိုင်းစီတွင် (၆)ကြိမ်မြောက် စုပေါင်းပြစ်မှုမှ စတင်သည့် အလွတ်တည် ကန်ဘော

## ဥပဒေ – ၁၄ – ပင်နယ်တီ ကန်ခြင်း

(၁) လုပ်ထုံးလုပ်နည်း

(၂) ပြစ်မှုများနှင့် အပြစ်ပေးအရေးယူမှုများ

(၃) အနှစ်ချုပ်ဇယား

## ဥပဒေ– ၁၅ – ကန်သွင်းခြင်း

(၁)  လုပ်ထုံးလုပ်နည်း

(၂)  ပြစ်မှုများနှင့် အရေးယူမှုများ

## ဥပဒေ – ၁၆– ဂိုးမှပြန်လည်စတင်ကစားခြင်း

(၁)  လုပ်ထုံးလုပ်နည်း

(၂)  ပြစ်မှုများနှင့် အရေးယူမှုများ

## ဥပဒေ – ၁၇ – ထောင့်ကန်ဘော

(၁)  လုပ်ထုံးလုပ်နည်း

(၂)  ပြစ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

## ဖူဆယ်ဒိုင်လူကြီးများနှင့်အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက်လက်တွေ့လမ်းညွှန်ချက်များ

## နေရာယူမှု

## အဓိပ္ပါယ်ဖွင့်ဆိုချက် နှင့် အကြံပြုချက်များ

## ဖူဆယ်အသုံးအနှုန်းများ

## ဒိုင်လူကြီးအသုံးအနှုန်းများ

***မျဉ်းတားထားသော စာကြောင်းများသည် ၂၀၂၁ – ၂၀၂၂ ဘောလုံးရာသီအတွက် အဓိက ပြင်ဆင်ပြောင်းလဲထားသော ဥပဒေများဖြစ်သည်။**

# ဖူဆယ်ဘောလုံးဥပဒေများ (၂၀၂၁ – ၂၀၂၂)

# ဥပဒေ– ၁– ကစားကွင်း

**(၁) ကစားကွင်းမျက်နှာပြင်**

ကစားကွင်း၏ မျက်နှာပြင်သည် ညီညာချောမွေ့ရမည် ဖြစ်ပြီး ပိုကောင်းသည်မှာ သစ်သား သို့မဟုတ် အစစ်ကဲ့သို့တုပပြုလုပ်ထားသောပစ္စည်းမျက်နှာပြင်များဖြစ်ပြီး ပြိုင်ပွဲစည်းမျဉ်း များအတိုင်း မြေပြင်ညီဖြစ်ရပါမည်။ ကစားသမားများ၊ အသင်းတာဝန်ရှိသူများနှင့် ပြိုင်ပွဲ တာဝန်ရှိသူများ အတွက် အန္တရာယ်ရှိစေနိုင်သော မျက်နှာပြင်များကို ခွင့်မပြုပါ။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် သက်ဆိုင်သည့် နိုင်ငံအသင်းများ၏ ကိုယ်စားပြုအသင်းများ အကြား ယှဉ်ပြိုင်သည့် ပွဲများ သို့မဟုတ် နိုင်ငံတကာကလပ်ပြိုင်ပွဲများတွင် ဖူဆယ်ကစား ကွင်း ကြမ်းပြင် ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အရည်အသွေး ပရိုဂရမ်အောက်ရှိ ဖူဆယ် က စား ကွင်း မျက်နှာပြင်များ အတွက် တရားဝင်လိုင်စင်ရ ကုမ္ပဏီမှ ထုတ်လုပ်ပြီး အောက် တွင် ဖော်ပြထားသော အရည် အသွေး တံဆိပ်များကို ဆောင်ထားရန် အကြံပြုပါသည်။

*သီးသန့်မြက်ခင်းတုကွင်းများကို ပြည်တွင်းပြိုင်ပွဲများအတွက်သာ ခွင့်ပြုထားသည်။*

(၂) **ကစားကွင်း အမှတ်အသားများ**

ကစားကွင်းသည် ထောင့်မှန်စတုဂံပုံ ဖြစ်ပြီး အဆက်မပြတ်မျဉ်းကြောင်းများဖြင့် အမှတ်အသား ပြုထားရမည်။ (ပျက်/ပြတ် နေသော မျဉ်းကြောင်းများကို ခွင့်မပြု)။ အန္တရာယ် မဖြစ်စေရ (ချော်ထွက်နေခြင်း မဖြစ်စေရပါ။) ဤမျဉ်းသည် နယ်နမိတ်များ ဖြစ်သည့် နယ်ပယ်များနှင့် သက်ဆိုင်ပြီး မျဉ်းများ၏ အရောင်သည် ကစားကွင်းမျက်နှာပြင် အရောင်နှင့် ရှင်းရှင်းလင်းလင်း ခွဲခြားနိုင်ရမည်။

ဥပဒေ(၁)တွင် ဖော်ပြထားသော မျဉ်းများကိုသာ ကွင်းအတွင်းတွင် မှတ်သားထားရမည်။

ဘက်စုံသုံး အားကစားခန်းမကို အသုံးပြုသည့် အခါ အခြားမျဉ်းများသည် အရောင်ကွဲပြား ပြီး ဖူဆယ်မျဉ်းလိုင်းများနှင့် ပြတ်ပြတ်သားသား ခွဲခြားနိုင်လျှင် ခွင့်ပြုထားသည်။

ကစားသမားတစ်ဦးဦးသည် ကွင်းအတွင်း ခွင့်ပြုချက်မရှိဘဲ အမှတ်အသား ပြုလုပ်ပါက အားကစားသမားကောင်း မပီသသည့် အပြုအမူအတွက် သတိပေး (အဝါကတ်)ပြသခံရမည်။ ဒိုင်လူကြီးများသည် ပွဲအတွင်း ယင်းဖြစ်စဉ်ကို သတိပြုမိပါက အကယ်၍ အခွင့်သာမှုကို အသုံး မချနိုင်ပါက ကစားခြင်းကို ရပ်တန့်ရမည် ဖြစ်ပြီး ထိုကစားသမားကို အားကစားသမားကောင်း မပီသသော အပြုအမူအတွက် သတိပေး (အဝါကတ်) ပြသရမည်။ ကစားမှု ရပ်ဆိုင်းလိုက်သည့် အချိန်တွင် ဘောလုံးသည် ပင်နယ်တီ ဧရိယာအတွင်း ရှိနေသည်မှလွဲ၍ ကစားမှုရပ်ဆိုင်းချိန် ဘောလုံးရှိသည့်နေရာမှ ပြိုင်ဘက် အသင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။ (ဥပဒေ – ၁၃ တွင်ကြည့်ပါ)

ပိုရှည်သည့် နယ်နမိတ်စည်းများသည် ဘေးစည်းများဖြစ်ပြီး တိုသော မျဉ်းနှစ်ကြောင်းမှာ ဂိုးစည်းများ ဖြစ်သည်။

ကစားကွင်းကို ကွင်းလယ်စည်းဖြင့် နှစ်ပိုင်းခွဲထားပြီး ဘေးစည်းနှစ်ကြောင်း၏ အလယ်မှ ချိတ်ဆက်ထားသည်။

အချင်းဝက် (၆) စင်တီမီတာရှိသော ဗဟိုအမှတ်အသားကို ကွင်းလယ်စည်း၏ အလယ်ဗဟိုတွင် ညွှန်ပြထားသည်။ အချင်းဝက် (၃) မီတာ ရှိသော စက်ဝိုင်းတစ်ခုကို ၎င်း၏ ပတ်လည်တွင် အမှတ်အသားပြုထားသည်။

ထောင့်ကန်ဘောဖြင့် ပြန်လည်စတင်သည့် အခါတွင် ခံစစ်ကစားသည် ထောင့်ကန်စက်ဝိုင်းစိတ် တစ်ခုစီမှ (၅) မီတာ အကွာတွင် ရှိနေစေရန်အတွက် ကွင်းအပြ

င်ဘက်တွင် ထောင့်ကန် စက်ဝိုင်း စိတ်တစ်ခုစီမှ (၅) မီတာ အကွာ ဂိုးစည်းနှင့် ထောင့်မှန်ကျပြီး ဂိုးစည်း၏ (၅) စင်တီမီတာ အကွာတွင် အမှတ်အသားတစ်ခု ပြုလုပ်ထားရမည်။ ဤအမှတ်အသားသည် အကျယ် (၈) စင်တီမီတာ အရှည် (၄၀) စင်တီမီတာ ရှိရမည်။



(၃) **ကစားကွင်းအတိုင်းအတာများ**

ဘေးစည်း၏ အလျားသည် ဂိုးစည်း၏ အလျားထက် ပိုရှည်ရမည်။

စည်း/ မျဉ်း အားလုံးသည် (၈) စင်တီမီတာ ကျယ်ရမည်။

နိုင်ငံတကာ မဟုတ်သော ပြိုင်ပွဲများအတွက် အတိုင်းအတာမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| အရှည် (ဘေးစည်း) | အနည်းဆုံး | ၂၅ မီတာ |

| | | |
|---|---|---|
| | အများဆုံး | ၄၂ မီတာ |
| အကျယ် (ဂိုးစည်း) | အနည်းဆုံး<br>အများဆုံး | ၁၆ မီတာ<br>၂၅ မီတာ |

**အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအတွက် အတိုင်းအတာမှာ အောက်ပါ အတိုင်းဖြစ်သည်။**

| | | |
|---|---|---|
| အရှည် (ဘေးစည်း) | အနည်းဆုံး<br>အများဆုံး | ၃၈ မီတာ<br>၄၂ မီတာ |
| အကျယ် (ဂိုးစည်း) | အနည်းဆုံး<br>အများဆုံး | ၂၀ မီတာ<br>၂၅ မီတာ |

ပြိုင်ပွဲစည်းမျဉ်းများသည် အထက်ဖော်ပြပါ သတ်မှတ်ချက်များအတွင်း ဂိုးစည်းအရှည်နှင့် ဘေးစည်း အရှည်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။



တိုင်းတာချက်များသည် မျဉ်းကြောင်းများ၏ အပြင်ဘက်မှ ၎င်းတို့က ရံထားသော ဧရိယာ၏အစိတ်အပိုင်းဖြစ်သည်။

ပင်နယ်တီအမှတ်အသားကို အမှတ်အသား၏ဗဟိုမှ ဂိုးစည်းနောက် ဘက်အစွန်းအထိ တိုင်းတာသည်။

(၁၁)မီတာအမှတ်အသားကို အမှတ်အသား၏ဗဟိုမှ ဂိုးစည်းနောက် ဘက်အစွန်းအထိ တိုင်းတာသည်။

ပင်နယ်တီဧရိယာရှိ (၅)မီတာအမှတ်အသားသည် ဂိုးသမားမှသတိပြုရမည့်အကွာအဝေးကို အမှတ်အသားပြုကာ၊ (၆)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ် များမှစတင်သော တိုက်ရိုက် အလွတ် တည်ကန်ဘောဖြင့်စတင်သည့်အကွာအဝေးကိုအမှတ်အသားပြုကာ၊ (၁၁)မီတာအမှတ် အသား ၏အလယ်မှ (၅)မီတာအမှတ်အသား၏ နောက်ကျောဘက်အစွန်းအထိ တိုင်းတာ သည်။ (အစွန်းကဂိုးစည်းနှင့်ပိုနီးသည်)

## (၄) **ပင်နယ်တီ ဧရိယာ**

ဂိုးတိုင်တစ်ခုစီ၏ အပြင်ဘက်မှ အရှည် (၆) မီတာရှိသော စိတ်ကူးယဉ်မျဉ်းနှစ်ကြောင်းကို ဂိုးတိုင် တစ်ခုစီ၏ အပြင်ဘက်မှ ဂိုးစည်းပေါ်သို့ ဆွဲထုတ်ရမည်။ ဤမျဉ်းအဆုံးတွင် လေး ပုံတစ်ပုံစက် ဝိုင်း (စက်ဝိုင်းခြမ်း) ကို ဂိုးတိုင်အပြင်ဘက်မှ အချင်းဝက် (၆) မီတာ ရှိသော အနီးဆုံး ဘေးစည်း ၏ ဦးတည်ချက်ဖြင့် ရေးဆွဲထားသည် စက်ဝိုင်းခြမ်းတစ်ခုစီ၏ အပေါ် ပိုင်းကို အလျား (၃.၁၆) မီတာ ရှိပြီး ဂိုးတိုင်းနှစ်တိုင်းကြား ဂိုးစည်းနှင့် မျဉ်းပြိုင်ဖြစ်နေ သည့် မျဉ်းတစ်ကြောင်းနှင့် ချိတ် ဆက်ထားရမည်။ဤမျဉ်းကြောင်းများနှင့် ဂိုးစည်းဖြင့် ဘောင်ခတ် ထားသော ဧရိယာသည် ပင်နယ်တီ ဧရိယာ ဖြစ်သည်။




ပင်နယ်တီ ဧရိယာ တစ်ခုစီတွင် ဂိုးတိုင်ကြား တူညီသော အကွာအဝေး အလယ်မှ (၆ မီတာ) အကွာတွင်ပင်နယ်တီ အမှတ်အသားကို သတ်မှတ်ထားရမည် ၎င်းသည် (၆) စင်တီမီတာရှိသော စက်ဝိုင်းပုံ အမှတ်အသားရှိရမည်။

(၆) ကြိမ်မြောက် စုပေါင်းပြစ်မှု (DFKSAF) ကန်သွင်းသည့် အချိန်တွင် ခုခံသည့် ဂိုးသမားသည် (၁၀) မီတာ အမှတ်အသားမှ (၅) မီတာ အကွာတွင် ရှိနေစေရန် ပင်နယ်တီ ဧရိယာအတွင်းတွင် နောက်ထပ် အမှတ်အသား (လိုင်း) တစ်ခုပြုလုပ်ရမည်။ ဤအမှတ်အသားသည် (၈) စင်တီမီတာ အကျယ်နှင့် အရှည် (၄၀) စင်တီမီတာ ရှိရမည်။

## (၅) (၁၀)မီတာ အမှတ်အသား

ဒုတိယ အမှတ်အသားသည် ဂိုးတိုင်နှစ်ခုကြား တူညီသော အကွာအဝေးအလယ်မှ (၁၀) မီတာ အကွာတွင် ရှိရမည်။ ၎င်းသည် အချင်းဝက် (၆) စင်တီမီတာ ရှိသော စက်ဝိုင်းပုံ အမှတ်အသား ဖြစ်သည်။

(၁၀) မီတာ အမှတ်အသားမှ ကန်သွင်းချိန်တွင် ကစားသမားများ အနိမ့်ဆုံး အကွာအဝေး ကို ညွှန်ပြရန်အတွက် (၁၀) မီတာ အမှတ်အသား၏ ဘယ်ဘက်နှင့် ညာဘက် (၅) မီတာ အကွာ အဝေးတွင် နောက်ထပ် အမှတ်အသား နှစ်ခု ပြုလုပ်ထားရမည်။ ၎င်းအမှတ် အသားသည် အချင်းဝက် (၄) စင်တီမီတာရှိသော စက်ဝိုင်ပုံးများ ဖြစ်သည်။

ဤအမှတ်အသားများကို ဖြတ်၍ ဂိုးစည်းနှင့် မျဉ်းပြိုင် (၁၀) မီတာအကွာ စိတ်ကူးယဉ် မျဉ်းဆွဲ၍ ဖြစ်ပေါ်လာမည့် ဧရိယာအတွင်း ဖြစ်ပေါ်လာမည့် (၆)ကြိမ်မြောက်စုပေါင်းပြစ်မှု များကို ကျူးလွန်ခဲ့ပါက ကန်သွင်းယူရမည့် အသင်းမှ (၁၀) မီတာ အမှတ်အသား သို့မှ ဟုတ် ပြစ်မှုကျူး လွန်ခဲ့သည့် နေရာတို့မှ ကြိုက်နှစ်သက်ရာ နေရာကို ရွေးချယ်နိုင်သည်။

## (၆) လူစားလဲဇုန်

လူစားလဲ ဇုန်များသည် အသင်းခုံတန်းရှေ့ရှိ ဘေးစည်းပေါ်တွင် ရှိသည်။

- ၎င်းတို့သည် နည်းစနစ်ဧရိယာရှေ့ ကွင်းလည်စည်းမှ (၅) မီတာ အကွာနှင့် အလျား(၅) မီတာရှိသည်။ ၎င်းတို့ကို အလျား (၈၀) စင်တီမီတာ၊ ကွင်းအတွင်း (၄၀) စင်တီမီတာ၊ ကွင်းအပြင် (၄၀) စင်တီမီတာရှိပြီး အကျယ် (၈) စင်တီမီတာ ဖြင့် အဆုံးတစ်ခုစီတွင် အမှတ်အသားပြုလုပ်ထားရမည်။
- အသင်း၏ လူစားလဲဇုန်သည် ထိုအသင်း၏ ခုခံ ကစားသည့် ကွင်းဘက်ခြမ်းတွင် တည်ရှိသည်။ အသင်းတစ်သင်းစီ၏ လူစားလဲ ဇုန်သည် ဒုတိယပိုင်း အစတွင် ပြောင်းလဲရမည် ဖြစ်ပြီး လိုအပ်သည့် အချိန်ပို အချိန်များတွင်းလည်း ပြောင်းလဲ ရမည် ဖြစ်သည်။

လူစားလဲလှယ်ခြင်းနှင့် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အသေးစိတ်ကို ဥပဒေ – (၃)တွင် ဖော်ပြထားသည်။

## (၇) ထောင့်ကန်ဘော ဧရိယာ

ထောင့်တစ်ခုစီမှ အချင်းဝက် (၂၅)စင်တီမီတာရှိသော ထောင့်ကန်စက်ဝိုင်းစိတ်များကို ရေးဆွဲထားသည်။ ထောင့်ကန်စက်ဝိုင်းစိတ် စည်းဖျက်အကျယ်သည် (၈) စင်တီမီတာ ရှိသည်။

## (၈) နည်းစနစ်ဧရိယာ

နည်းစနစ်ဧရိယာသည် အသင်းတာဝန်ရှိသူများနှင့် အရံကစားသမားများအတွက် သတ်မှတ် ထားသော နေရာထိုင်ခင်းတစ်ခု ပါရှိရမည်။ နည်းစနစ်ဧရိယာ၏ အရွယ် အစားနှင့် တည်နေရာ သည် အဆောက်အဦများကြားတွင် ကွဲပြားနိုင်သော်လည်း အောက်ပါလမ်းညွှန်ချက်များကို လိုက်နာရမည်။

- နည်းစနစ်ဧရိယာသည် သတ်မှတ်ထားသော ထိုင်ခုံနေရာ၏ တစ်ဖက်တစ်ချက်စီ တွင် (၁) မီတာသာကျယ်ပြီး ဘေးစည်းမှ (၇၅) စင်တီမီတာအကွာအထိ ရှေ့သို့ တိုးနိုင်သည်။
- ဧရိယာ သတ်မှတ်ရန် အမှတ်အသားများကို အသုံးပြုသင့်သည်။
- နည်းစနစ်ဧရိယာအတွင်း ခွင့်ပြုထားသော အရေအတွက်ကို ပြိုင်ပွဲစည်းမျဉ်း စည်းကမ်း များတွင် ဖော်ပြထားရမည်။
- နည်းစနစ်ဧရိယာအတွင်း ရှိသူများ –
  - နည်းစနစ် ဧရိယာ အတွင်းရှိသူများကို ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့် အညီ ခွဲခြားသတ်မှတ်ထားသည်။
  - တာဝန်သိစိတ်ဖြင့် ပြုမူရမည်။
  - အထူးအခြေအနေများတွင်မှ လွဲ၍ ၎င်း၏ ကန့်သတ်ချက်များအတွင်း ရှိရ မည်။ ဥပမာ – ဒဏ်ရာရ ကစားသမားတစ်ဦးကိုကုသပေးနိုင်ရန်အတွက် ဒိုင်လူကြီးတစ်ဦး၏ ခွင့်ပြုချက် ဖြင့် အားကစား ဆေးပညာရှင်/ ဆရာ ဝန်က ဝင်ရောက်စစ်ဆေးခြင်း။

- တစ်ကြိမ်တွင် တစ်ဦးသာ မတ်တပ်ရပ်ပြီး နည်းဗျူဟာပိုင်းကို ညွှန်ကြားခွင့်ရှိသည်။
- အရံကစားသမားများနှင့် ကြံခိုင်ရေးနည်းပြများသည် နည်းစနစ်ဧရိယာ အနောက်ဘက် တွင် သတ်မှတ်ပေးထားသော သွေးပူလေ့ကျင့်ခန်းပြုလုပ်ရမည့် နေရာတွင် ပြိုင်ပွဲကစား နေစဉ်အတွင်း သွေးပူလေ့ကျင့်ခန်းပြုလုပ်နိုင်သည်။ ထိုကဲ့သို့ သွေးပူလေ့ကျင့်ခန်းပြုလုပ် နိုင်သော သတ်မှတ်ပေးထားသော နေရာ မရှိခဲ့ပါက ကစားသမားများနှင့် ဒိုင်လူကြီးများ ၏ လှုပ်ရှားမှုကို အဟန့်အတားမဖြစ်စေဘဲ တာဝန်သိစွာ ပြုမူနေသရွေ့ ဘေးစည်းအနီး တွင် သွေးပူလေ့ကျင့်ခန်း ပြုလုပ်နိုင်သည်။




**ဘေးကင်းလုံခြုံရေး**

ပြိုင်ပွဲကျင်းပရေး စည်းမျဉ်းစည်းကမ်းများတွင် ကွင်း၏ နယ်နမိတ်မျဉ်းများ (ဘေးစည်းနှင့် ဂိုးစည်း)နှင့် ပရိသတ်များကို ပိုင်းခြားထားသည့် အတားအဆီးများ (ကြော်ငြာအတား အဆီးများ စသည်ဖြင့်) အကြား အနည်းဆုံးအကွာ အဝေးကို အမြဲဖော်ပြရမည်ဖြစ်ပြီး ပါဝင်သူများ၏ ဘေးကင်းလုံခြုံရေး အတွက် ဖြစ်သည်။

**(၉) ဂိုးများ**

ဂိုးတစ်ခုအား ဂိုးစည်း၏ အလယ်ဗဟိုတွင် ထားရှိရမည်။

ဂိုးတစ်ခုတွင် ကွင်းထောင့်မှ တူညီသော အကွာအဝေးတွင် တည့်မတ်သော တိုင်းနှစ်တိုင် ပါဝင်ပြီး ထိပ်တွင် အလျားလိုက် ဘားတန်းဖြင့် ချိတ်ဆက်ထားသည်။ ဂိုးတိုင်များနှင့် ဂိုးဘားတန်းများကို လုံလောက်သည့် ပစ္စည်းများဖြင့် ပြုလုပ်ထားရပါမည်ဖြစ်ပြီး ကစား သမားများအတွက် အန္တရာယ် မဖြစ်စေရပါ။
**<u>နှစ်ဘက်ဂိုးတိုင်များ၏ ဂိုးတိုင်၊ ဂိုးဘားတန်းများသည် တူညီသောပုံသဏ္ဌာန်ရှိရမည် ဖြစ်ပြီး ၎င်းတို့အား လေးထောင့်ပုံ၊ ထောင့်မှန်စတုဂံပုံ၊ လုံးဝန်းသောပုံ၊ ဘဲဥပုံ သို့မဟုတ် ၎င်းတို့အား ပေါင်းစပ်ဖွဲ့စည်းပြုလုပ်ထားသည့် ဂိုးတိုင်၊ ဂိုးဘားတန်း များအား အသုံး ပြုနိုင်သည်။</u>**

ဂိုးတိုင်များကြား (အတွင်းပိုင်းတိုင်းတာမှု) အကွာအဝေးသည် (၃) မီတာဖြစ်ပြီး ဂိုးဘား တန်း အောက်ခြေမှ ကစားကွင်းကြမ်းပြင်အထိ အကွာအဝေးသည် (၂) မီတာ ဖြစ်သည်။

နှစ်ဖက်စလုံးရှိ ဂိုးတိုင်များနှင့် ဂိုးဘားတန်းများသည် ဂိုးစည်းများကဲ့သို့ အကျယ်နှင့် အနက်တူညီ ပြီး (၈)စင်တီမီတာရှိရမည်။ ဂိုးပိုက်များကို လုံလောက်သော ပစ္စည်းများဖြင့် ပြုလုပ်ထားရမည် ဖြစ်ပြီး ဂိုးတိုင်၏ အနောက်ဘက်နှင့် ဂိုးဘားတန်းတို့ကို သင့်လျော် သော ပံ့ပိုးမှုဖြင့် တွဲဆက်ထား ရမည်။ ၎င်းတို့အား မှန်ကန်စွာ ပံ့ပိုးရမည် ဖြစ်ပြီး ဂိုးသမား အား အနှောင့် အယှက် မဖြစ်စေရပါ။

အကယ်၍ ဂိုးဘားတန်းနေရာပြောင်းခြင်း သို့မဟုတ် ကျိုးသွားပါက ပြုပြင်ခြင်းသို့မဟုတ် အစား ထိုးခြင်း မပြီးမခြင်း ကစားခြင်းကို ရပ်ဆိုင်းထားရမည်။ အကယ်၍ ဂိုးဘားတန်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် မဖြစ်နိုင်ပါက ကစားပွဲကို ဖျက်သိမ်းရမည်။ ဂိုးဘားတန်းကို အစားထိုး ရန်ကြိုး အသုံးပြုခြင်းကို ခွင့်မပြုပါ။ ဂိုးဘားတန်းကို ပြန်လည် ပြုပြင်နိုင်ခဲ့ပါက ၎င်းသည် ပင်နယ်တီဧရိယာ

အတွင်း၌နောက်ဆုံးထိခဲ့သည့်အသင်း သည်တိုက်စစ်ဆင်သည့်အသင်းမဟုတ်ခဲ့လျှင် ကစားမှု ရပ်ဆိုင်းလိုက်သည့် အချိန် ဘောလုံးရှိနေသည့် နေရာမှ မြေချဘောဖြင့် ပြန်လည်စတင်ကစားရမည်။ (ဥပဒေ – ၈ တွင် ကြည့်ပါ)

ဂိုးတိုင်နှင့် ဂိုးဘားတန်းများ၏ အရောင်သည် ကစားကွင်း မျက်နှာပြင်အရောင်နှင့် ကွဲပြား ခြားနားရမည်။




ဂိုးတိုင်များ မှောက်မသွားစေရန် တားဆီးသည့် တည်ငြိမ်မှု စနစ်ရှိရမည်။ ပြိုင်ပွဲဝင်များ၏ ဘေးကင်းမှုကို မထိခိုက်စေဘဲ ဂိုးတိုင်များကို ကျိုးကြောင်းဆီလျော်စွာ ရွှေ့လျား နိုင်စေ ရန် အတွက် ကြမ်းပြင်တွင် မတပ်ဆင်ဘဲ နောက်ကျောဘက်တွင် လုံလောက်သော အလေးချိန်ထားရှိ ရမည်။




ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးမှသာလျှင် ရွေ့လျားနိုင်သော ဂိုးများကို အသုံးပြုနိုင်သည်။

## (၁၀) ဂိုးရွေ့လျားမှု

ဒိုင်လူကြီးများသည် ဂိုးစည်းမျဉ်းတစ်လျှောက်ရှိ ဂိုးများကို နေရာချထားခြင်းနှင့် ဂိုးသွင်းယူခြင်း ဆိုင်ရာ အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို အသုံးပြုရန် လိုအပ်သည်။

Goal positioned correctly







Goal moved




A = Goal scored.

A = ဂိုးဝင်သည်။

B= ဂိုးတိုင်နှစ်ခုစလုံးသည် ဂိုးစည်းကို ထိနေပါက ဘောလုံးသည် ဂိုးစည်းကို လုံးဝ ဖြတ်ကျော်သွား ခဲ့လျှင် ဒိုင်လူကြီးများက ဂိုးအဖြစ် ခွင့်ပြုပေးနိုင်သည်။

C= အနည်းဆုံး ဂိုးတိုင်းများထဲမှ တစ်ခုသည် ဂိုးစည်းကို ထိမနေပါက ဂိုးတိုင်ရွေးလျား သည်ဟု ယူဆပါသည်။

ခံစစ်ကစားသမား(ဂိုးသမားအပါအဝင်) ဂိုးစည်းကိုဘောလုံးမဖြတ်မီ တမင်တကာဖြစ်စေ၊ မတော်တဆဖြစ်စေ၊ ဂိုးတိုင်ရွေးလျားသွားခဲ့လျှင် သို့မဟုတ် မှောက်သွားခဲ့ပြီး အကယ်၍ ဘောလုံးသည် ပုံမှန် အချိန်တွင် ရှိနေသည့် ဂိုးတိုင် နှစ်တိုင်ကြားမှ ဂိုးဝင်သွားခဲ့လျှင် ဒိုင်လူ ကြီးများမှ ဂိုးအဖြစ် သတ်မှတ်ပေးရမည်။

<u>အကယ်၍ ခုခံကစားသည့် ကစားသမား တစ်ဦးသည် မိမိ၏ဂိုးအား တမင်တကာ ရွှေ့လျားအောင်ပြုလုပ်ခဲ့ပြီး သို့မဟုတ် မှောက်သွားစေခဲ့ပြီး ဂိုးနှင့်ဘောလုံးထိတွေ့မိပါက ပြိုင်ဘက်အသင်းအား ပင်နယ်တီကန်သွင်းခွင့်ပေးရမည်ဖြစ်ပြီး ၎င်းကစားသမားအား အဝါကတ်ပြသရမည်။ အကယ်၍ ယင်းပြစ်မှုသည် ပြိုင်ဘက်အသင်း၏ ဂိုးရ နိုင် မှုအား ပျက်စီးစေခြင်း သို့မဟုတ် ပြိုင်ဘက်အသင်း၏ သေချာပေါက် ဂိုးရရှိနိုင်မှု အခွင့်အရေး အား ပျက်ပြယ်အောင် ပြုလုပ်ခဲ့လျှင် ၎င်းကစားသမားအား အနီကတ်ပြသ ထုတ်ပယ်ရ မည်။</u>

<u>အကယ်၍ တိုက်စစ်ဆင်သည့် အသင်းကစားသမား တစ်ဦး မတော်တဆ သို့မဟုတ် တမင်တကာ ရည်ရွယ်ချက်ဖြင့် ပြိုင်ဘက် အသင်း၏ဂိုးအား ရွှေ့လျား စေခဲ့လျှင် သို့မဟုတ် မှောက်စေခဲ့လျှင် ဂိုးအဖြစ်ခွင့်ပြုမည်မဟုတ်။</u>

- <u>အကယ်၍ မတော်တဆ ဖြစ်ခဲ့လျှင် ပြိုင်ပွဲအား မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။</u>
- <u>အကယ်၍ တမင်တကာ ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ပြီး ဂိုးနှင့်ဘောလုံးထိတွေ့မိပါက ပြိုင်ဘက်အသင်းအား တိုက်ရိုက် အလွတ်တည်ကန်ဘောဖြင့်ပြန်လည်ကစား စေပြီး ကစားသမားအား အဝါကတ် ပြသရမည်။</u>
- <u>အကယ်၍ တမင်တကာရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ပြီး ဂိုးနှင့်ဘောလုံးမထိတွေ့မိ ပါက ပြိုင်ဘက်အသင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေ ရမည် ဖြစ်ပြီး ၎င်းကစားသမားအား အဝါကတ် ပြသရမည်။</u>



မှန်ကန်သောအနေအထားသို့ပြန်ရောက်ကြောင်း သေချာစေရန် ဒိုင်လူကြီးများ အားကူညီရန်အတွက် ဂိုးတိုင်အောက်တွင် ထပ်ဆောင်း အမှတ်အသား များကို ပြုလုပ်နိုင်သည်။

## (၁၁) ကစားကွင်း ပေါ်ကြော်ငြာခြင်း

ကစားကွင်းအတွင်း ကြော်ငြာခြင်းအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများက မတားမြစ်ပါက ကွင်းကြမ်းပြင်ပေါ်တွင် ကြော်ငြာခြင်းကို ခွင့်ပြု မည်။ ၎င်းသည် ကစားသမားများ သို့မ ဟုတ် ဒိုင်လူကြီးများကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း သို့မဟုတ် မရှုပ်ထွေးစေပဲ ကစားကွင်းကိုထိန်းသိမ်းပေးသည့် နယ်နမိတ်စည်းများကို မြင်နိုင်စွမ်းကို အနှောက်အ ယှက် မဖြစ်စေရပါ။

## (၁၂) ဂိုးပိုက်ပေါ်တွင် ကြော်ငြာခြင်း

ဂိုးပိုက်ပေါ်တွင် ကြော်ငြာခြင်းအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများက မတားမြစ်ပါက ကစားသမား သို့မဟုတ် ဒိုင်လူကြီးများ၏ အမြင်ကို မရောထွေးပါက ဂိုးပိုက်ပေါ်တွင် ကြော်ငြာခြင်းကို ခွင့်ပြုသည်။

**(၁၃) နည်းစနစ်ဧရိယာတွင် ကြော်ငြာခြင်း**

နည်းစနစ်ဧရိယာတွင် ကြော်ငြာခြင်းအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများက မတားမြစ်ပါက နည်းစနစ်ဧရိယာ၏ ကြမ်းပြင်ပေါ်တွင် ကြော်ငြာခြင်းအား ခွင့်ပြုပေးမည် ဖြစ်ပြီး အဆိုပါ ဧရိယာ တွင်ရှိသော သက်ဆိုင်ရာပုဂ္ဂိုလ်များ သို့မဟုတ် အခြားပါဝင်သူများကို စိတ်အနှောင့်အယှက် ဖြစ်စေခြင်း သို့မဟုတ် ရှုပ်ထွေးစေခြင်း မဖြစ်စေရပါ။

(၁၄) **ကွင်းပတ်လည်တွင် ကြော်ငြာခြင်း**

ထောင်မတ်ထားသော ကြော်ငြာများသည် အနည်းဆုံး အောက်ပါအတိုင်း ရှိသင့်သည်။

- ထောင်မတ်ထားသော ကြော်ငြာခြင်းအားလုံးကို တားမြစ်ထားသော နည်းစနစ်ဧရိယာနှင့် လူစားလဲဇုန်များမှ လွဲ၍ ဘေးစည်းမှ အနည်းဆုံး (၁) မီတာ အကွာတွင် ရှိရမည်။
- ဂိုးစည်း၏ အတိမ်အနက် တူညီသော အကွာအဝေး
- ဂိုးပိုက်မှ (၁)မီတာ အကွာ

# ဥပဒေ- ၂- ဘောလုံး

(၁) **အရည်အသွေးများနှင့် တိုင်းတာမှုများ**

ဘောလုံးသည်-

- လုံးဝန်းရမည်။
- သင့်လျော်သော ပစ္စည်းဖြင့် ပြုလုပ်ထားရမည်။

- လုံးပတ်သည် (၆၂) စင်တီမီတာနှင့် (၆၄) စင်တီမီတာကြားတွင် ရှိရမည်။
- ပြိုင်ပွဲမစတင်မီ အလေးချိန်သည် (၄၁၀) ဂရမ်နှင့် (၄၄၀)ဂရမ်ကြားတွင် ရှိရမည်။
- ပင်လယ်ရေမျက်နှာပြင်တွင် (၀.၆ – ၀.၉) atm (၆၀၀–၉၀၀ ဂရမ်/ စင်တီမီတာ ၂)နှင့် ညီမျှသော ဖိအားရှိရမည်။

ဘောလုံးသည် (၂)မီတာ အမြင့်မှ လွှတ်ချလိုက်၍ ပထမအကြိမ် ပြန်ကန်တက်ရာတွင် (၅၀) စင်တီမီတာထက် မနိမ့်ရ၊ (၆၅)စင်တီမီတာထက် မမြင့်ရ။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်များ၏ ပံ့ပိုးကူညီမှုဖြင့် ဖွဲ့စည်း ထားသော တရားဝင်ပြိုင်ပွဲများ၌ ကစားသည့် ပွဲစဉ်များတွင် အသုံးပြုသည့် ဘောလုံး များသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ဘောလုံးပြိုင်ပွဲအတွက် ကမ္ဘာ့ဘောလုံး အဖွဲ့ ချုပ် အရည်အသွေးအစီအစဉ်၏အမှတ်အသားများထဲမှတစ်ခုဖြစ်သည်။

အမှတ်အသားတစ်ခုစီသည် ဘောလုံးကိုတရားဝင်စမ်းသပ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါအမှတ် အသား အတွက်သီးခြားနည်းပညာဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီကြောင်းညွှန်ပြသည်။ ၎င်းသည် ဥပဒေ(၂) တွင်ဖော်ပြထားသောအနိမ့်ဆုံးသတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အတည်ပြုရမည်။

## (၂) ဘောလုံးပေါ်တွင် ကြေငြာခြင်း

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်၊ နိုင်ငံအလိုက် ဘောလုံး အဖွဲ့ချုပ်များ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော တရားဝင်ပြိုင်ပွဲများ၌ ဘောလုံးပေါ်တွင် ကြေငြာ ခြင်းအားပြိုင်ပွဲအမှတ်တံဆိပ်၊ ပြိုင်ပွဲကြီးမှူးကျင်းပသူ၊ ထုတ်လုပ်မှု အမှတ်အသားများမှ လွဲ၍ မည်သည့်စီးပွားရေးကြော်ငြာများကို ကြော်ငြာခွင့် မရှိပါ။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများသည် အဆိုပါအမှတ်အသား၏ အရွယ်အစားနှင့်အရေအတွက်ကို ကန့်သတ်ထားသည်။

## (၃) ပေါက်ကွဲ/ချို့ယွင်းသွားသော ဘောလုံးအား အစားထိုးလဲလှယ်ခြင်း

ကစားနေစဉ်အတွင်း ဘောလုံးပေါက်သွားခြင်း (သို့မဟုတ်) ချို့ယွင်းသွားပါက ကစားပွဲကို ရပ်ဆိုင်း၍ ဘောလုံးပေါက်ကွဲပျက်ဆီးချို့ယွင်းသားသော နေရာမှ အစားထိုးဘောလုံးကို မြေချဘော ဖြင့် ပြန်လည်စတင် ကစားစေရမည် (ပင်နယ်တီ ဧရိယာအတွင်း ဘောလုံး ပေါက်ကွဲပျက်စီးသည် မှလွဲ၍၊ ဥပဒေ (၈)တွင် ကြည့်ပါ)။ တစ်ခုတည်းသော ချွင်းချက်မှာ ဂိုးတိုင်၊ ဂိုးဘားတန်းတို့ကို ထိ မိပြီးနောက် ဘောလုံးပေါက်သွားခြင်း (သို့မဟုတ်) ပျက်စီးချို့ယွင်းသွားပြီးနောက် ဂိုးထဲသို့ တိုက် ရိုက် ဝင်သွားခြင်း ဖြစ်သည်။ (ဥပဒေ ၆ တွင် ကြည့်ပါ)

ကွင်းလယ်ဗဟိုမှ စတင်ကစားခြင်း၊ ဂိုးမှ စတင်ကစားခြင်း၊ ထောင့်ကန်ဘော၊ အလွတ်တည်ကန်ဘော၊ ပင်နယ်တီကန်သွင်းခြင်း၊ ကန်သွင်းခြင်း(သို့မဟုတ်)မြေချဘောဖြင့်ကစားချိန်အတွင်း ဘောလုံးပေါက်ကွဲ ပျက်စီးချို့ယွင်းခဲ့သော် ဘောလုံးအသစ်လဲလှယ်ပြီး ဖြစ်စဉ်အတိုင်း ပြန်လည်စတင်ကစားရမည်။

ဒိုင်လူကြီး၏ ခွင့်ပြုချက်မရှိဘဲ ဘောလုံးကစားနေစဉ်အတွင်း ဘောလုံးလဲလှယ်ခွင့် မပြု။

## (၄) အရံဘောလုံးများ

ဥပဒေ(၂)ပါ အချက်အလက်များနှင့် ကိုက်ညီသည့် အရံဘောလုံးများကို ကစားကွင်းပတ်လည်တွင် ထားရှိရမည်။ ဘောလုံးအားလုံးသည် ဒိုင်လူကြီး၏ ထိန်းချုပ်မှု အောက်တွင် ရှိသည်။

## (၅) ကစားကွင်း အတွင်းမှ အပိုဘောလုံးများ

အကယ်၍ ကစားနေချိန်အတွင်း အပိုဘောလုံး တစ်လုံး ကစားကွင်းအတွင်း ဝင်ရောက်ခဲ့လျှင် ဒိုင်လူကြီးများအနေဖြင့် အဆိုပါ ဘောလုံးသည် ကစားနေမှုကို အနှောင့်အယှက် ပေးမှသာလျှင် ကစားနေမှုကို ရပ်ဆိုင်းရမည်။ ၎င်းသည် ခုခံကစားသည့် အသင်း၏ ပင်နယ်တီ ဧရိယာ အတွင်း၌ မူလဘောလုံးအား နောက်ဆုံးထိခဲ့သည့်အသင်းသည် တိုက်စစ်ဆင်သည့်အသင်းမဟုတ်ခဲ့လျှင် ကစားမှုရပ်ဆိုင်းချိန် မူလဘောလုံးရှိသည့်နေရာမှ မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ (ပင်နယ်တီ ဧရိယာအတွင်း ရပ်ဆိုင်းလိုက်သည်မှ လွဲ၍ ဥပဒေ – ၈တွင် ကြည့်ရန်)

အကယ်၍ ကစားနေစဉ်အတွင်း အပိုဘောလုံးတစ်လုံး ကစားကွင်းအတွင်း ဝင်ရောက်ခဲ့ပြီး ကစားမှုအား အနှောင့်အယှက် မပေးခဲ့လျှင် ဒိုင်လူကြီးအနေဖြင့် ကစားမှုကို ဆက်လက်ကစားခွင့် ပြုရမည် ဖြစ်ပြီး ဖြစ်နိုင်သမျှအမြန်ဆုံးဖယ်ရှားရမည်။

**(၆) ပေါက်ကွဲ၊ ချို့ယွင်းနေသော ဘောလုံး ဂိုးဝင်သွားခြင်း**

ဘောလုံးသည် ဂိုးတိုင်၊ ဂိုးဘာတန်းကိုထိပြီးနောက် ပေါက်ကွဲပျက်စီးပြီး ဂိုးထဲသို့ တိုက်ရိုက် ဝင်သွား ခဲ့ လျှင် ဒိုင်လူကြီးမှ ဂိုးအဖြစ်သတ်မှတ်ပေးရမည် ဖြစ်သည်။

# ဥပဒေ – ၃ – ကစားသမားများ

**(၁) ကစားသမားအရေအတွက်**

ပြိုင်ပွဲတစ်ပွဲတွင် အသင်းနှစ်သင်းယှဉ်ပြိုင်ကစားရပြီး အသင်းတစ်သင်းစီတွင် ကစားသမား (၅) ဦးထက် မပိုစေရ။ ၎င်းတို့အနက် တစ်ဦးသည် ဂိုးသမားဖြစ်ရမည်။ အသင်းတစ်သင်းစီတွင် ကစား သမား (၃)ဦးထက် လျော့နည်းနေပါက ပြိုင်ပွဲအား စတင်ခြင်း (သို့မဟုတ်) ဆက်လက်ကစားခြင်း မပြုရ။

အကယ်၍ ပြိုင်းပွဲကစားနေစဉ်အတွင်း အသင်းတစ်သင်းသည် တမင်တကာရည်ရွယ်ချက်ဖြင့် က စားသမားတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုမို၍ ကစားကွင်းအတွင်းမှ ထွက်သွားသဖြင့် ကစား သမား(၃)ဦးထက်နည်းသွားသော်လည်း ဒိုင်လူကြီးမှ ကစားပွဲအား အခွင့်သာမှုအနေဖြင့် ဆက် လက်ကစားခွင့်ပြုနိုင်ပြီး ဘောလုံးကစားမှုရပ်ဆိုင်းသွားပြီးနောက် တစ်ဖက်အသင်းသည် ကစား သမား (၃)ဦးမရှိပါက ပြိုင်ပွဲအား ပြန်လည်စတင်ခြင်းမပြုရပါ။

ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းအရ ကစားသမားများနှင့် အရံကစားသမားများအားလုံးကို ပြိုင်ပွဲမစတင်မီ တွင် အမည်စာရင်းပေးသွင်းရမည် ဖြစ်ပြီး အသင်းတစ်သင်းသည် ကစားသမား(၅)ဦး ထက်နည်းသော ပွဲစဉ်ကို စတင်ကစားပါက အသင်းတွင် အမည်စာရင်းပေးသွင်းထားသည့် ကစားသမားများနှင့် အရံကစားသမားများရောက်ရှိလာချိန်တွင် ပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည် ဖြစ်သည်။

## (၂) လူစားလဲလှယ်မှု အရေအတွက်နှင့် အရံကစားသမားများ

ပြိုင်ပွဲအတွင်း အကန့်အသတ်မရှိလူစားလဲလှယ်ခြင်း ပြုလုပ်နိုင်သည်။

## တရားဝင်ပြိုင်ပွဲများ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက်ဘောလုံးအဖွဲ့ချုပ်၊ နိုင်ငံဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော တရားဝင်ပြိုင်ပွဲများတွင် အရံကစားသမား (၉)ဦး အသုံး ပြုနိုင်သည်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းတွင် အရံကစားသမား မည်မျှရှိသည်ကို ဖော်ပြထားရမည်။

## အခြားပြိုင်ပွဲများ

တရားမဝင်သော နိုင်ငံလုံးဆိုင်ရာ 'A' အသင်းပွဲစဉ်များတွင် အများဆုံး အရံကစားသမား (၁၀)ဦး အသုံးပြုနိုင်သည်။

အခြားပြိုင်ပွဲများ အားလုံးတွင် ပိုများသော အရံကစားသမားအရေအတွက် ကို အမည်စာရင်းပေးကာ အသုံးပြုနိုင်သည်။

- သက်ဆိုင်ရာအသင်းများသည် အများဆုံးအရေအတွက်အပေါ် သဘောတူညီမှု ရရှိရန်
- ပြိုင်ပွဲမစတင်မီ ဒိုင်လူကြီးများကို အသိပေးရမည်။

အကယ်၍ ပြိုင်ပွဲမစတင်မီ ဒိုင်လူကြီးများကို အသိပေးခြင်းမပြုပါက (သို့မဟုတ်) ပြိုင်ပွဲမစတင်မီ သဘောတူညီမှုမရရှိပါက အရံကစားသမားများ (၁၀)ဦးထက် မပိုရ။

## (၃) ကစားသမားများနှင့် အရံကစားသမားများ အမည်စာရင်းတင်သွင်းခြင်း

ပြိုင်ပွဲအားလုံးတွင် ကစားသမားများပါဝင်သည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြိုင်ပွဲမစတင်မီတွင် ဒိုင်လူကြီးများထံသို့ ကြိုတင်၍ ကစားသမားများနှင့် အရံကစားသမားများ၏ အမည်စာရင်းကို ပေးပို့ရမည်။ ဒိုင်လူကြီးများထံသို့ စာရင်းပေးသွင်း မထားသော မည်သည့်ကစားသမား (သို့မဟုတ်) အရံကစားသမားမဆို ပြိုင်ပွဲတွင် ပါဝင်ကစားခွင့် မရှိ။

## (၄) လူစားလဲလှယ်မှု လုပ်ထုံးလုပ်နည်း

ခေတ္တရပ်နားချိန်မှ လွဲ၍ ဘောလုံးကစားနေစဉ်ဖြစ်စေ၊ မကစားသည် ဖြစ်စေ အချိန်မရွေးလူစားလဲလှယ်နိုင်သည်။ ကစားသမားတစ်ဦးအား လူစားလဲလှယ်ရန်အတွက် အောက်ပါ အချက်များ အကျုံးဝင်သည်။

- လူစားလဲလှယ်ခံရသော ကစားသမားသည် ဖူဆယ်ဥပဒေတွင် ဖော်ပြထားသည်မှလွဲ၍ ၄င်းအသင်း၏ လူစားလဲဇုန်မှတဆင့် ကွင်းအတွင်းမှ ထွက်ခွာရမည်။
- လူစားလဲလှယ် ခံရသော ကစားသမားသည် ကွင်းအတွင်းမှ ထွက်ခွာရန် အတွက် ဒိုင်လူကြီးများ၏ ခွင့်ပြုချက်ကို ရယူရန်မလိုပါ။
- အရံကစားသမားကွင်းအတွင်းဝင်ရောက်နိုင်ရန်အတွက် ဒိုင်လူကြီး၏ ခွင့်ပြုချက်မလိုပါ။
- လူစားလဲလှယ်ခံရသော ကစားသမား ကစားကွင်းအတွင်းမှ ထွက်ခွာသွားပြီးမှသာ အရံကစားသမားအနေဖြင့် ကွင်းအတွင်းသို့ ဝင်ရောက်ရမည်။
- အရံကစားသမားသည် မိမိအသင်း၏ လူစားလဲဇုန်အတွင်းမှသာ ကစားကွင်းအတွင်းသို့ ဝင်ရောက်ရမည်။
- အရံကစားသမားသည် အပေါ်စွပ်အင်္ကျီအား လူစားလဲလှယ်ခံရသည့် ကစားသမားအား ပေးပြီးနောက် ၄င်းအသင်း၏ လူစားလဲဇုန်အတွင်းမှ တဆင့် ကစားကွင်းအတွင်းသို့ အပြည့်အဝရောက်ရှိသွားသည်နှင့် လူစားလဲလှယ်ခြင်း ပြီးမြောက်သည်။ ဖူဆယ်ဥပဒေတွင် ဖော်ပြထားသော အခြေအနေတစ်ခုခုကြောင့် လူစားလဲလှယ်ခံရသော ကစားသမားသည် ကစားကွင်း အခြားတစ်နေရာမှ ကစားကွင်းပြင်ပသို့ ထွက်ခွာရလျှင် အရံကစားသမားအနေဖြင့် အပေါ်စွပ် အင်္ကျီကို တတိယဒိုင်လူကြီးထံသို့ လွှဲပေးရမည်။

- ထိုအချိန်မှ စ၍ အရံကစားသမားသည် တရားဝင်ကစားသမားဖြစ်လာပြီး လူစားလဲလှယ်ခြင်းခံရသော ကစားသမားသည် အရံကစားသမားဖြစ်သွားမည်။
- အချို့သော အခြေအနေများတွင် လူစားလဲလှယ်ခြင်းအား ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုချက်ကို ငြင်းပယ်နိုင်သည်။ ဥပမာ – အရံကစားသမားတွင် ၎င်း၏ အသုံးအဆောင်များ မရှိခဲ့လျှင်
- လူစားလဲလှယ်မှု မပြီးမြောက်သေးသော အရံကစားသမားတစ်ဦးသည် ကန်သွင်းခြင်း၊ ပင်နယ်တီကန်ခြင်း၊ အလွတ်တည်ကန်ဘောများကန်ခြင်း (သို့မဟုတ်) ဂိုးမှစတင်ကစားခြင်း (သို့မဟုတ်) မြေချဘောဖြင့် ကစားခြင်းများကို စတင်ကစားခွင့် ရရှိမည်မဟုတ်ပေ။
- လူစားလဲလှယ်ခံရသော ကစားသမားအနေဖြင့် အဆိုပါပြိုင်ပွဲတွင် ထပ်မံ ပါဝင်ကစားနိုင်သည်။
- အရံကစားသမားများသည် ကစားသည်ဖြစ်စေ မကစားသည် ဖြစ်စေ ဒိုင်လူကြီးများ၏ အခွင့်အာဏာနှင့် စီရင်ပိုင်ခွင့်အောက်တွင်ရှိသည်။

## (၅) သွေးပူလေ့ကျင့်ခြင်း

အသင်းတစ်သင်းလျှင် အများဆုံး အရံကစား (၅)ဦး တစ်ချိန်ထဲတွင် သွေးပူလေ့ကျင့်ခန်း ပြုလုပ်နိုင်သည်။

## (၆) ဂိုးသမားပြောင်းလဲခြင်း

- အရံကစားသမားတိုင်းသည် ဒိုင်လူကြီးများအား အသိပေးခြင်း (သို့မဟုတ်) ပွဲစဉ်ရပ်ဆိုင်းခြင်းကို စောင့်ဆိုင်းခြင်းမပြုပဲ ဂိုးသမားနှင့် နေရာပြောင်းလဲကစားနိုင်သည်။
- မည်သည့်ကစားသမားမဆို ဂိုးသမားနှင့် နေရာပြောင်းလဲကစားနိုင်သည်။ သို့သော် ထိုကစားသမားသည် ပြိုင်ပွဲရပ်တန့်နေချိန်တွင်သာ ပြုလုပ်နိုင်ပြီး အပြောင်းအလဲ မပြုလုပ်မီ ဒိုင်လူကြီးများအား အကြောင်းကြားရမည်။
- ဂိုးသမားနေရာကို အစားထိုးမည့် ကစားသမား (သို့မဟုတ်) အရံကစားသမားသည် မိမိ၏ ကိုယ်ပိုင်နံပါတ်နောက်ကျောတွင် ပါရှိသော ဂိုးသမားအင်္ကျီကို ဝတ်ဆင်ရမည်။

ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများတွင် (Flying Goalkeeper)သည် ဂိုးသမား၏ဂျာစီနှင့် အတိအကျ တူညီသော အရောင်ကိုဝတ်ဆင်ရမည်ဟုလည်း ပြဌာန်းနိုင်သည်။

## (၇) ပြစ်မှုများနှင့် အပြစ်ပေးအရေးယူမှုများ

လူစားလဲလှယ်ခံရသော ကစားသမား ကစားကွင်းအပြင်မထွက်ခင် အရံကစားသမား ကစားကွင်း အတွင်းဝင်ရောက်လာခဲ့လျှင် (သို့မဟုတ်) လူစားလဲလှယ်ခြင်း ပြုလုပ်နေစဉ်အတွင်း အရံကစား သမားမှ မိမိလူစားလဲဇုန်အတွင်းမှ မဟုတ်ဘဲ အခြားနေရာမှ ကစားကွင်းအတွင်း ဝင်ရောက်ခဲ့ လျှင် – – –

- ဒိုင်လူကြီးမှ ကစားပွဲအားရပ်ဆိုင်းရမည်။ (အခွင့်သာမှုရှိလျှင် ကစားပွဲအား ချက်ချင်း ရပ်ရန် မလိုပါ)
- ဒိုင်လူကြီးများသည် လူစားလဲလှယ်ခြင်း လုပ်ထုံးလုပ်နည်းများအား ဆန့်ကျင်ချိုးဖောက်၍ ကစားကွင်းအတွင်းဝင်ရောက်လာခြင်းအတွက် အဆိုပါ အရံကစားသမားအား အဝါကတ်ပြသ သတိပေးပြီး ကစားကွင်းအတွင်းမှ ထွက်ခွာစေရမည်။

ဒိုင်လူကြီးများသည် ကစားပွဲကို ရပ်ဆိုင်းခဲ့ပါက ပြိုင်ဘက် အသင်းအား တဆင့်အလွတ်တည် ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ အကယ်၍ ထိုအရံကစားသမား (သို့မဟုတ်) ၎င်း၏အသင်းမှ အခြား ပြစ်မှုများကျူးလွန်ပါက ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက် လက်တွေ့ လမ်းညွှန်ချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အကြံပြုချက်များ အပိုင်း၏ ဥပဒေ (၃)ပါ ကဏ္ဍအ လိုက် ပြန်လည် စတင်ရမည်။
အကယ်၍ လူစားလဲလှယ်မှုပြုလုပ်နေစဉ်အတွင်း လူစားလဲလှယ်ခြင်းခံရမည့် ကစားသမားသည် ဖူဆယ်ဥပဒေတွင် ဖော်ပြထားခြင်းမရှိသော အကြောင်းအရာဖြင့် မိမိပိုင်လူစားလဲဇုန်အတွင်းမှ မဟုတ်ဘဲ ကစားကွင်းပြင်ပသို့ ထွက်ခွာသွားလျှင် ဒိုင်လူကြီးများသည် ကစားပွဲကို ရပ်ဆိုင်းရမည် (အကယ်၍ အခွင့် သာမှု ရှိလျှင် ကစားနေမှုအား ချက်ခြင်းရပ်ရန်မလိုပါ) ဖြစ်ပြီး

လူစားလဲလှယ် ခြင်း လုပ်ထုံးလုပ်နည်းအား ဆန့်ကျင်ချိုးဖောက်သည့် အနေဖြင့် အဆိုပါ ကစားသမားအား အဝါ ကတ် ပြသ သတိပေးရမည် ဖြစ်သည်။

အကယ်၍ ဒိုင်လူကြီးများမှ ကစားနေခြင်းအားရပ်ဆိုင်းခဲ့ပါက ပြိုင်ဘက်အသင်းအား တဆင့် အလွတ် တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

**အခြားပြစ်မှုများအတွက်**

- သက်ဆိုင်ရာ ကစားသမားများအား အဝါကတ်ပြသ သတိပေးရမည်။
- ပြိုင်ဘက်အသင်းအား တဆင့် အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည် အထူးကိစ္စများတွင် ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက် လက်တွေ့လမ်းညွှန်ချက်များ၏ လက်တွေ့ကျသော လမ်းညွှန်ချက်များနှင့် အကြံပြုချက်များ အပိုင်း၏ ဥပဒေ(၃)ပါကဏ္ဍအလိုက်ပြန်လည် စတင်ရမည်။

**(၈) ကစားသမားများနှင့် အရံကစားသမားများအား ထုတ်ပယ်ခြင်း**

ထုတ်ပယ်ခံရသော ကစားသမား –

- အသင်းကစားသမားစာရင်း မတင်သွင်းမီတွင် ထုတ်ပယ်ခံရပါက ကစားသမားစာရင်းတွင် တင်သွင်းခွင့် မရှိပါ။
- အသင်းကစားသမားစာရင်းတင်သွင်းပြီးနောက် ပြိုင်ပွဲစတင်မကစားမီ ထုတ်ပယ်ခံရပါက အရံကစားသမားဖြင့် အစားထိုးနိုင်ပြီး ၎င်းနေရာအတွက် အစားထိုးခွင့်မရှိ။

အရံကစားသမားတစ်ဦး ပြိုင်ပွဲစတင်မကစားမီဖြစ်စေ ကစားပြီးနောက်ဖြစ်စေ ထုတ်ပယ်ခံရပါက ၎င်း၏နေရာအတွက် အစားထိုးခွင့်မရှိ။

ပြိုင်ပွဲစတင်ကစားပြီးနောက် ကွင်းအတွင်းဝင်းဝင်သွားသော ကစားသမားတစ်ဦး ထုတ်ပယ်ခံရပြီးပါက ကစားချိန် **(၂)မိနစ်** အကြာတွင် အရံကစားတစ်ဦးအား အစားထိုးနိုင်သည်။(၎င်း၏

အသင်းအနေဖြင့် **၂မိနစ်** စာ ကစားသမား အရေအတွက် လျှော့ချ ပြီးနောက်) **၂ မိနစ်** မပြည့်ခင် အတွင်း ဂိုးသွင်းယူခဲ့ပါက အရံကစားသမားတစ်ဦးအား အစားထိုးနိုင်ရန်အတွက် အချိန်မှတ်ဒိုင်လူကြီး (သို့မဟုတ်) တတိယ ဒိုင်လူကြီး ခွင့်ပြုချက်ရထားပြီး  အောက်ပါ အခြေအနေ များနှင့် အကျုံးဝင်သည်- - -

- ကစားသမား (၅)ဦးနှင့် (၄)ဦး (သို့မဟုတ်) ကစားသမား (၄)ဦးနှင့် (၃)ဦး ယှဉ်ပြိုင်ကစားနေစဉ် ကစားသမား ပိုများသော အသင်းမှ ဂိုးသွင်းယူခဲ့ပါက ကစားသမားအရေအတွက် နည်းပါးသော အသင်းမှ ကစားသမားတစ်ဦး ထပ်တိုးကစားနိုင်သည်။
- အကယ်၍ အသင်းနှစ်သင်းသည် (၃)ဦး (သို့မဟုတ်) (၄)ဦးစီဖြင့် ယှဉ်ပြိုင်ကစားနေစဉ် ဂိုးသွင်းယူခဲ့ပါက (၂)မိနစ်ပြီးဆုံးချိန်အထိ ကစားသမားထပ်တိုးခွင့်မရှိ။
- အကယ်၍ (၃)ဦးနှင့် (၅)ဦးယှဉ်ပြိုင်ကစားနေစဉ် (၅)ဦးအသင်းဘက်မှ ဂိုးသွင်းယူခဲ့လျှင် ကစားသမား (၃)ဦးသာရှိသော အသင်းမှ ကစားသမား (၁)ဦးထပ်တိုးကစားနိုင်သည်။
- အကယ်၍ ကစားသမားအရေအတွက်များသော အသင်းမှ (၂)မိနစ်အတွင်း ဂိုးမသွင်းခဲ့ဘဲ ကစားသမား အရေအတွက် လျော့နည်းနေသော အသင်းမှ (၂)မိနစ်အတွင်း ဂိုးသွင်းယူခဲ့လျှင် ကစားသမားအရေအတွက် မပြောင်းလဲဘဲ (၂)မိနစ်ပြည့်သည် အထိဆက်လက်ကစားရမည်။

## (၉) ကွင်းအတွင်းရှိ အပိုလူများ

နည်းပြနှင့် အသင်းစာရင်းတွင် အမည်ပေးထားသော အခြားတာဝန်ရှိသူများမှာ
 အသင်းတာဝန် ရှိသူ များဖြစ်သည်။

အသင်းအမည်စာရင်းတွင် ကစားသမား၊ အရံကစားသမား (သို့မဟုတ်) အသင်းတာဝန်ရှိသူများ အဖြစ် ဖော်ပြထားခြင်းမရှိသော မည်သူမဆို ပြင်ပ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်မည်။

အကယ်၍ အသင်းတာဝန်ရှိသူ အရံကစားသမား (လူစားလဲလှယ်ခြင်းလုပ်ထုံးလုပ်နည်း၏ တစိတ်တပိုင်းမှလွဲ၍) ထုတ်ပယ်ခံရသော ကစားသမား (သို့မဟုတ်) ပြင်ပ ပုဂ္ဂိုလ်ကစားကွင်း အတွင်း ဝင်လာခဲ့လျှင်--

- ကစားမှုအား အနှောင့်အယှက်ဖြစ်စေလျှင် ကစားမှုအား ရပ်ဆိုင်းရမည်။
- ကစားမှုရပ်ဆိုင်းချိန်တွင် ၎င်းအားကစားကွင်းအတွင်းမှ ထုတ်ပယ်ရမည်။
- သင့်လျော်သောစည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ရမည်။

အကယ်၍ ကစားမှုအား အနှောက်အယှက် ဖြစ်စေသဖြင့် ကစားမှုအား ရပ်ဆိုင်းခဲ့လျှင်--

- အသင်းတာဝန်ရှိသူ၊ အရံကစားသမား (သို့မဟုတ်) ထုတ်ပယ်ခံထားရသော ကစားသမား ဖြစ်ပါက တိုက်ရိုက်အလွတ်တည်ကန်ဘော (သို့မဟုတ်) ပင်နယ်တီ ကန်သွင်းခြင်းဖြင့် ပြန်လည် စတင်ကစားစေရမည်။
- ပြင်ပပုဂ္ဂိုလ် ဖြစ်ပါက မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

ဒိုင်လူကြီးများသည် အဖြစ်အပျက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံ အစီရင်ခံစာ တင်သွင်း ရမည်။

## (၁၀) ကွင်းထဲရှိ အပိုလူတစ်ဦးမှ သွင်းယူသော ဂိုး

အကယ်၍ ဘောလုံးသည်ဂိုးထဲသို့ဝင်သွားပြီး ခံစစ်ကစားသမား၏ ဘောလုံးကစားမှုအား အနှောက် အယှက်မဖြစ်ခဲ့လျှင် ဘောလုံးသည် ဂိုးအတွင်းသို့ဝင်သွား ပါက(ဘောလုံးနှင့်ထိတွေ့မှု ဖြစ်ခဲ့လျှင်ပင်) တိုက်စစ်ကစားသမားမှ အနှောက်အယှက်မပေးခဲ့လျှင် ဂိုးအဖြစ်ခွင့်ပေးရမည်။

ဂိုးသွင်းယူပြီး ပြန်လည်စတင်ကစားပြီးနောက် ဂိုးသွင်းယူချိန်တွင် ကွင်းထဲ၌ အပိုလူတစ်ဦး ရှိနေကြောင်း ဒိုင်လူကြီးများမှ သိရှိခဲ့လျှင် ဂိုးကို ခွင့်မပြုနိုင်ပါ။

အကယ်၍ အပိုလူကစားကွင်းအတွင်း၌ ရှိနေသေးလျှင် ဒိုင်လူကြီးများမှ – – –

- ကစားမှုအားရပ်ဆိုင်းရမည်။
- အပိုလူအားကစားကွင်းအတွင်းမှ ဖယ်ရှားရမည်

- မြေချဘော (သို့မဟုတ်) အလွတ်တည်ကန်ဘော စသည်ဖြင့် သင့်လျော်သလို ပြန်လည် စတင် ကစားစေရမည်။

ဒိုင်လူကြီးများသည် အဖြစ်အပျက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံ အစီ ရင်ခံစာတင် သွင်းရမည်။

ဂိုးသွင်းယူပြီးနောက် ကစားပွဲပြန်လည် မစတင်မီတွင် ဂိုးသွင်းယူသည့်အခါ၌ ကွင်းထဲတွင် အပိုလူ တစ်ဦးရှိနေကြောင်း ဒိုင်လူကြီးများမှ သိရှိခဲ့လျှင်---

- ဒိုင်လူကြီးများမှ ဂိုးအဖြစ်ခွင့်မပြုပါ အကယ်၍ အပိုလူသည်
    - ဂိုးသွင်းယူသော အသင်းမှ ကစားသမား၊ အရံကစားသမား ၊ထုတ်ပယ်ခံထား ရသော ကစားသမား(သို့မဟုတ်)   အသင်း တာဝန်ရှိ သူဖြစ်ပါက အပိုလူရှိ သည့် နေရာမှတိုက်ရိုက်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစား စေရမည်။
    - ဘောလုံးအား ဂိုးထဲသို့ လမ်းကြောင်းပြောင်းသွားစေခြင်း (သို့မဟုတ်) ခုခံက စားသည့် ကစားသမား ဘောလုံးကစားမှုအား အနှောင့်အယှက်ပေးခြင်းအား ပြင်ပပုဂ္ဂိုလ်တစ်ဦးမှ ပြုလုပ်လျှင် မြေချဘောဖြင့် ပြန်လည်စတင်ကစားစေ ရမည်။

    - ဒိုင်လူကြီးများမှဂိုးအဖြစ်ခွင့်ပြုပေးရမည်၊အကယ်၍အပိုလူသည်- - -
    - ဂိုးပေးခံခဲ့ရသည့်အသင်းမှ ကစားသမား၊အရံကစားသမား၊ ထုတ်ပယ်ခံ ထားရသော ကစားသမား(သို့မဟုတ်) အသင်းမှ တာဝန်ရှိ ဖြစ်လျှင်
    - ကစားမှုကိုအနှောင့်အယှက်မပေးသောပြင်ပပုဂ္ဂိုလ်ဖြစ်လျှင်

ကိစ္စရပ်များအားလုံးတွင် ဒိုင်လူကြီးများမှ အပိုလူအား ကစားကွင်းအတွင်းမှ ဖယ်ရှားရမည်။

## (၁၁)  ကစားသမားမှ ကွင်းအတွင်းသို့ မမှန်မကန်ပြန်ဝင်ခြင်း

ဒိုင်လူကြီးတစ်ဦး၏ ခွင့်ပြုချက်ဖြင့် ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန်လိုအပ်သော ကစားသမားတစ်ဦးသည် ဤခွင့်ပြုချက်မရှိဘဲ ထိုသို့ပြုလုပ်ပါက ဒိုင်လူကြီးများမှ---

- ကစားခြင်းကို ရပ်ဆိုင်းရမည် (ကစားသမားမှ ကစားမှုနှင့် ဒိုင်လူကြီးများအား နှောင့်ယှက် မှု မဖြစ်လျှင် (သို့မဟုတ်) အခွင့်သာမှုရှိလျှင် ကစားပွဲအား ချက်ချင်းရပ်ရန် မလိုပါ)
- ကစားကွင်းအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ဝင်ရောက်ခြင်းအတွက် ကစားသမားအား အဝါကတ်ပြသရမည်။

အကယ်၍ ဒိုင်လူကြီးမှ ကစားပွဲအားရပ်ဆိုင်းခဲ့လျှင် ပြန်လည်စတင်ကစားစေရမည်----

- အနှောက်အယှက်ပေးသည့်နေရာမှ တိုက်ရိုက်အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင် ကစားရမည်။
- အနှောင့်အယှက်မဖြစ်လျှင်တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစား စေရမည်။

ကစားသည့်လှုပ်ရှားမှု၏ တစိတ်တပိုင်းအဖြစ်နယ်နမိတ်မျဉ်း (ဘေးစည်း၊ ဂိုးစည်း) ကိုဖြတ်သွား သော ကစားသမားသည် ပြစ်မှုကျူးလွန်ခြင်းမဟုတ်ပါ။

## (၁၂) အသင်းခေါင်းဆောင်

အသင်းခေါင်းဆောင်သည် အထူးအဆင့်အတန်း(သို့မဟုတ်) အခွင့်ထူးများမရှိသော်လည်း အသင်း၏ အပြုအမူအတွက် တာဝန်အတိုင်းအတာတစ်ခုရှိသည်။

# ဥပဒေ-၄- ကစားသမားများ၏ အသုံးအဆောင်

**(၁) ဘေးအန္တရာယ်ကင်းရှင်းမှု**

ကစားသမားတစ်ဦးသည် အန္တရာယ်ရှိသော မည်သည့်အသုံးအဆောင်(သို့မဟုတ်) အခြား ပစ္စည်းများကို အသုံးမပြုရ (သို့မဟုတ်) မဝတ်ဆင်ရ။

အားလုံးသော လက်ဝတ်ရတနာများသည် (ဆွဲကြိုး၊ လက်စွပ်များ၊ လက်ကောက်များ၊ နားဆွဲများ၊ သားရေကွင်းများ၊ ရာဘာကွင်းများ စသည်) တားမြစ်ထားသော အရာဝတ္ထု များဖြစ်သဖြင့် ဝတ်ဆင်အသုံးပြုခွင့် မပြုရ။ ရတနာပစ္စည်းများကို တိတ်ဖြင့် ဖုံးအုပ်၍ ကစားခြင်းကိုလည်း ခွင့်မပြု။

ကစားသမားများနှင့်အရံကစားသမားများကို ပွဲမစတင်မီစစ်ဆေးရမည်။ ကစားကွင်း အတွင်း ကစားသမားတစ်ဦးသည် တရားဝင်ခွင့်မပြုထားသည့် အန္တရာယ်ဖြစ်စေနိုင်သည့် အသုံးအဆောင်များအား (သို့မဟုတ်) လက်ဝတ် ရတနာများဝတ်ဆင်ကစားသည်ကို တွေ့ရှိ လျှင် ဒိုင်လူကြီးများသည်---

- ပစ္စည်းများကို ဖယ်ရှားရမည်
- ထိုကစားသမားသည် ဥပဒေကို မလိုက်နာခြင်း (သို့မဟုတ်) လိုက်နာ ဆောင်ရွက်လို စိတ်မရှိပါက နောက်ထပ်တစ်ကြိမ် ကစားမှုရပ်ဆိုင်း သွားချိန်တွင် ကစားကွင်း အပြင်သို့ထွက်ခွာရမည်။

အကယ်၍ ကစားသမားသည် ဥပဒေကို လိုက်နာရန် ငြင်းပယ်ခြင်း (သို့မဟုတ်) ထပ်မံ၍ ဝတ်ဆင်အသုံးပြုခြင်းကို တွေ့ရှိပါက အဝါကတ် ပြသ သတိပေးရမည်။

## (၂) မရှိမဖြစ်လိုအပ်သော အသုံးအဆောင်များ

ကစားတစ်ဦး၏မဖြစ်မနေပါရှိရမည့်အသုံးအဆောင်များတွင်အောက်ပါသီးခြားပစ္စည်းမျာ းပါဝင်သည်။

- လက်ပါသောရှိသော အင်္ကျီ
- ဘောင်းဘီတို – ဂိုးသမားအား ဘောင်းဘီရှည်ဝတ်ဆင်ခွင့်ပြုသည်။
- ခြေအိတ်ရှည် – တိတ် (သို့မဟုတ်) အပြင်ဘက်တွင် တွင်ဝတ်ဆင်ထားသည့် မည်သည့် ပစ္စည်းမဆို ၎င်းနှင့် ဖုံးအုပ်ထားသည့် ခြေအိတ်၏ အရောင်နှင့် ဆင်တူရမည်။
- ခြေသလုံးကာ – အကာအကွယ်ပေးနိုင်ရန် သင့်တော်သော အရာဝတ္ထုများနှင့် ပြုလုပ်ရမည် ဖြစ်ပြီး ခြေအိတ်ရှည်ဖြင့် လုံခြုံစွာ ဖုံးအုပ်ထားရမည်။
- ဖိနပ်

ကစားသမားတစ်ဦးသည် ၎င်း၏ ဖိနပ် (သို့မဟုတ်) ခြေသလုံးကာ မတော်တဆကျွတ်ထွက်သွားလျှင် နောက်တစ်ကြိမ် ဘောလုံးကစားမှု ရပ်ဆိုင်းသွား ချိန်ထက်နောက်မကျစေဘဲ တတ်နိုင်သမျှ အမြန်ဆုံးအစားထိုး ဝတ်ဆင်ရ မည်ဖြစ်ပြီး ထိုသို့မလုပ် ဆောင်မီတွင် ကစားသမားသည် ဂိုးသွင်းယူခြင်း (သို့မဟုတ်) ဂိုးသွင်းယူနိုင်ရန် ပါဝင်ခြင်းပြုလုပ်ခဲ့ပါက ဂိုးအဖြစ် ခွင့်ပြု ပေးရမည်။

## (၃) အရောင်များ

- အသင်းနှစ်သင်း၏ ဝတ်စုံများသည် တစ်သင်းနှင့် တစ်သင်းသိသာစွာ ကွဲပြား စေမည့်အရောင်များဖြစ်ရမည့်အပြင် ဒိုင်လူကြီးများ၏ အရောင်နှင့် လည်း ကွဲပြားခြားနားရမည်။
- ဂိုးသမား ဝတ်ဆင်မည့် အရောင်သည် တစ်ဦးနှင့် တစ်ဦးကွဲပြားရမည့် အပြင် အခြားကစားသမားများနှင့် ဒိုင်လူကြီးများ၏ အရောင်နှင့်လည်း ကွဲပြား ခြားနားရမည်။
- အကယ်၍ နှစ်ဘက်အသင်းမှ ဂိုးသမားများ၏ အင်္ကျီအရောင်သည် အရောင်တူ ဖြစ်နေပြီး လဲလှယ်ဝတ်ဆင်ကစားရန် အခြားအင်္ကျီမရှိခဲ့ပါက ဒိုင်လူကြီးများ အနေဖြင့် ကစားပွဲကို စတင်ကစားရန် ခွင့်ပြုရမည်။

အတွင်းခံဝတ်ဆင်မည့် အင်္ကျီသည် အပေါ်အင်္ကျီလက်မောင်း၏ အဓိက အရောင်နှင့် တူညီရမည်(သို့မဟုတ်) အတိအကျထပ်တူကျသည့် ပုံစံ/အရောင်များပါဝင်ရမည်။

ဘောင်းဘီအောက်ခံအရောင်သည်ဘောင်းဘီ၏ အဓိကအရောင် (သို့မဟုတ်) ဘောင်းဘီ အောက်ခြေ အနားသတ်အရောင်နှင့် တူညီရမည် ဖြစ်ပြီး တစ်သင်းလုံးအရောင်တူ တစ် မျိုးတည်းသာ ဝတ်ဆင် ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းမျဉ်းများသည် အရံကစားသမားများမှလွဲ၍ နည်းစနစ်ဇရိယာ အတွင်းရှိသူများ ကို ကစားသမားများနှင့်ပြိုင်ပွဲတာဝန်ရှိသူများ ဝတ်ဆင်သည့်အဝတ်အစားနှင့် မတူညီ သော အရောင်ရှိသည့် အဝတ်အစားများကိုဝတ်ဆင်ရန် တာဝန်ပေးနိုင်သည်။

## (၄) အခြားအသုံးအဆောင်

အန္တရာယ်မဖြစ်စေနိုင်သည့် နူးညံ့ပေါ့ပါး၍ ထိခိုက်နာကျင်စေခြင်း မရှိနိုင်သော ပစ္စည်း များဖြင့် ပြုလုပ်ထားသော ဥပမာ – ခေါင်းစွပ်၊ မျက်နှာဖုံးစွပ်၊ ဒူးကာနှင့် တံတောင်ကာ များကို ဝတ်ဆင်ကစားခွင့်ပြုသည်။ ဝတ်ဆင်သူများနှင့် အခြားကစားသမားများကို

အန္တရာယ် မဖြစ်စေနိုင်သည့် အားကစားမျက်မှန်နှင့်ဂိုးသမားဆောင်းသော ဦးထုပ်များကိုလည်း ခွင့်ပြုသည်။

## အပေါ်စွပ်အင်္ကျီ

အရံကစားသမားများသည် အပေါ်စွပ်အင်္ကျီ ဝတ်ဆင်ထားရမည်။ အပေါ်စွပ်အင်္ကျီသည် နှစ်ဘက် ကစားသမားများ၏ အင်္ကျီအရောင်နှင့် ပြိုင်ဘက်အသင်းအပေါ်စွပ်အင်္ကျီ အရောင်တို့နှင့်လည်း အရောင်ကွဲရမည်။

## ဦးခေါင်းအကာများ

ဦးခေါင်းအကာများ (ဂိုးသမား၏ လျှာထိုးဦးထုပ်) ဝတ်ဆင်မည် ဆိုပါက

- အနက်ရောင် (သို့ဟုတ်) အင်္ကျီ၏ အဓိက အရောင်နှင့် တူရမည် (တစ်သင်း လုံး တူညီသော တစ်ရောင်သာ ဝတ်ဆင်ရမည်။)
- အဆင့်အတန်းမြင့်ကာကွယ်မှု ပေးနိုင်သည့် ကစားသမား အသုံးအဆောင် ဖြစ်ရမည်။
- အင်္ကျီနှင့် တွဲဆက်ထားခြင်း မရှိစေရ။
- ကိုယ်တိုင်သော်လည်းကောင်း၊ အခြားကစားသမားကိုသော်လည်းကောင်း အန္တရာယ် မဖြစ်စေရ။ (ဥပမာ – လည်ပင်းတဝိုက်အဖွင့်အပိတ်ပါသော မာကြောသော ပစ္စည်းများ ဝတ်ဆင်ခြင်း)
- မျက်နှာပြင်မှ ရှည်ထွက်နေသော အစိတ်အပိုင်းများ (ငေါထွက်နေသော ပစ္စည်းများ) မဖြစ်စေရ။

<u>**ဒူးကာနှင့် တံတောင်ကာများ**</u>

<u>**ဒူးနှင့် တံတောင်ကာများ ဝတ်ဆင်ကစားလျှင် ၎င်းတို့၏ အရောင်များသည် အင်္ကျီလက်၏ အဓိကအရောင်နှင့် ဆင်တူရမည်( တံတောင်ကာ) သို့မဟုတ် ဘောင်းဘီတို/ ဘောင်း**</u>

ဘီရှည် (ဒူးကာ) ၏ အဓိကအရောင်နှင့် ဆင်တူရမည်။ အလွန်အကျူး ပေါ်ထွက်နေခြင်း မဖြစ်ရ။

၎င်းအရောင်များနှင့် လိုက်ဖက်ညီရန် မဖြစ်နိုင်သောအခါ အနက်ရောင် သို့မဟုတ် အဖြူရောင် အကာအကွယ်များကို အင်္ကျီလက်/ ဘောင်းဘီတို (သို့မဟုတ် ဘောင်းဘီရှည်)၊ မည်သည့်အရောင်များနှင့် မဆို အသုံးပြုနိုင်သည်– အင်္ကျီလက်မောင်း၊ ဘောင်းဘီတို (သို့မဟုတ် ဘောင်းဘီရှည်) နှင့် အရောင်မတူသော အကာအကွယ်များ ဝတ်ဆင်ကစားမည်ဆိုလျှင် ၎င်းအကာအကွယ်များသည် တူသောအရောင် ဖြစ်ရမည်။ (အနက် သို့မဟုတ် အဖြူ)

## လျှပ်စစ် ဆက်သွယ်ရေး

ကစားသမားများ (အရံကစားသမားများနှင့် ထုတ်ပယ်ခံရသော ကစားသမားများ အပါအဝင်) သည် လျှပ်စစ်ဆက်သွယ်ရေး ပစ္စည်းများကို ဝတ်ဆင်ခြင်း (သို့မဟုတ်) သုံးစွဲခြင်း မပြုရ။ (လျှပ်စစ်စွမ်းဆောင်ရည်နှင့် ခြေရာခံစနစ်မှ လွဲ၍)။

အသင်းတာဝန်ရှိသူများအနေဖြင့် ကစားသမားများ၏ သက်သာချောင်ချိရေး၊ ဘေးကင်းရေးနှင့် နည်းပညာ/ နည်းပြခြင်းများ အားကစားသမားများသို့ တိုက်ရိုက်ဆက်သွယ် အသုံးပြုရန် သေးငယ်သော မိုဘိုင်းလ်လက်ကိုင်ပစ္စည်းများ (ဥပမာ – မိုက်ခရိုဖုန်း၊ နားကြပ်များ၊ မိုဘိုင်း စမတ်ဖုန်းများ၊စမတ်နာရီများ၊ တက်ဘလက်များ၊ လက်ပ်တော့များ) အသုံးပြုနိုင်မည်ဖြစ်သည်။ အသင်းတာဝန်ရှိသူများ အနေဖြင့် ခွင့်ပြုချက်မရှိသော အသုံးအဆောင်များ အသုံးပြုခြင်း (သို့မဟုတ်) အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းများကို အသုံးပြု၍ မသင့်လျော်သော အပြုအမူပုံစံများ ပြုမူနေပါက နည်းစနစ်ဇရိယာမှ ထုတ် ပယ်ခံရမည် ဖြစ်သည်။

## အီလက်ထရောနစ် စွမ်းဆောင်ရည်နှင့် ခြေရာခံစနစ်

EPTS ၏ တစိတ်တပိုင်း အနေဖြင့် ဝတ်ဆင်နိုင်သော နည်းပညာ (WT)ကို ဖီဖာ၊ အဖွဲ့ချုပ်များ၊ အမျိုးသားဘောလုံး ၏ ပံ့ပိုးကူညီမှုအောက်တွင် ကျင်းပသည့် တရားဝင်ပြိုင်ပွဲများ တွင် ကစားသည့် ပွဲစဉ်များတွင် အသုံးပြုသည့် အီလက်ထရောနစ် စွမ်းဆောင်ရည်နှင့် ခြေရာခံစနစ်များ၊ကစားသမားများ၏အသုံးအဆောင်များသည်အန္တရာယ်မရှိသည့် အပြင် (EPTS) အတွက်လိုအပ်ချက်များနှင့်ကိုက်ညီပါသည်။

(EPTS) ကိုတရားဝင်ယှဉ်ပြိုင်မှုအတွင်း ပွဲစဉ်များ သို့မဟုတ် ပြိုင်ပွဲစီစဉ်သူမှပံ့ပိုးပေးသည့် နေရာတွင်၊ EPTS မှနည်းပညာဆိုင်ရာနယ်ပယ်သို့ ပေးပို့သည့်အခက်အလက်များသည်ယုံ ကြည်စိတ်ချရပြီးတိကျသေချာစေရန်အဆိုပါပွဲစဉ် သို့မဟုတ် ပြိုင်ပွဲစီစဉ်သူ၏တာဝန်ဖြစ် သည်။

EPTS အတွက် FIFA Quality Program သည်ယုံကြည်စိတ်ချရပြီး တိကျသော EPTS အတွက် အတည်ပြုချက်လုပ်ငန်းစဉ်ဖြင့် ပြိုင်ပွဲစီစဉ်သူများကိုပံ့ပိုးပေးပါသည်။

## (၅) ဆောင်ပုဒ်များ၊ ထုတ်ပြန်ချက်များ၊ ရုပ်ပုံများနှင့် ကြော်ငြာများ

အသုံးအဆောင်များသည် နိုင်ငံရေး၊ ဘာသာရေး (သို့မဟုတ်) ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြွေးကြော်သံများ၊ ထုတ်ပြန်ချက် (သို့မဟုတ်) ရုပ်ပုံများ မဖြစ်စေရပါ။ ကစားသမားများသည် နိုင်ငံရေး၊ ဘာသာရေး၊ (သို့မဟုတ်) ကိုယ်ရေးကိုယ်တာ ဆောင်ပုဒ်များ၊ ထုတ်ပြန်ချက် (သို့မဟုတ်) ရုပ်ပုံများ (သို့မဟုတ်) ထုတ်လုပ်သူ၏ အမှတ်တံဆိပ်မှလွဲ၍ အခြားကြော်ငြာ များကို ပြသသည့် အတွင်းခံများကို မဖော်ပြရပါ။ မည်သည့် ပြစ်မှုမျိုးအတွက်မဆို ကစား သမားနှင့် သူ၏ အသင်းအား ပြိုင်ပွဲစီစဉ်သူ၊ နိုင်ငံလုံး ဆိုင်ရာ ဘောလုံးအဖွဲ့အစည်း (သို့မဟုတ်) FIFA မှ ဒဏ်ခတ်အရေးယူရမည် ဖြစ်သည်။

### အခြေခံမူများ

ဥပဒေ(၄)သည် ကစားသမားများနှင့် အရံကစားသမားများ အသုံးပြုသည့် အသုံးအဆောင်များအားလုံး (အဝတ်အစားများ အပါအဝင်) နှင့် သက်ဆိုင်ပါသည်။ ၎င်း၏မူများသည် နည်းစနစ်ဧရိယာအတွင်းရှိ အသင်းတာဝန်ရှိသူများနှင့်လည်း သက်ဆိုင်ပါသည်။

- အောက်ပါတို့ကို ပုံမှန်အားဖြင့် ခွင့်ပြုသည်။
    - ကစားသမား၏ နံပါတ်၊ အမည်၊ အသင်း၏ အမှတ်တံဆိပ်၊ ဖူဆယ်အားကစားကို မြှင့်တင်သည့် ကြွေးကြော်သံများ၊ သင်္ကေတများ၊ လေးစားမှုနှင့် သမာဓိရှိမှုအပြင် ပြိုင်ပွဲစည်းမျဉ်းများ (သို့မဟုတ်) နိုင်ငံလုံးဆိုင်ရာ အဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက်အဖွဲ့ချုပ်များ (သို့မဟုတ်) ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် တို့မှ ခွင့်ပြုထားသော ကြော်ငြာများ
    - ပွဲတစ်ပွဲ၏ အချက်အလက်များ – အသင်းများ၊ ရက်စွဲ၊ ပြိုင်ပွဲ/ ပွဲ၊ နေရာ
- ခွင့်ပြုထားသော ကြွေးကြော်သံများ၊ ကြော်ငြာများ (သို့မဟုတ်) ပုံများကို ဂျာစီ၏ ရှေ့နှင့် နောက် (သို့မဟုတ်) လက်ပတ်များတွင်သာ ကန့်သတ် ထား သင့်သည်။
- အချို့ကိစ္စများတွင် ဆောင်ပုဒ်၊ ထုတ်ပြန်ချက် (သို့မဟုတ်) ရုပ်ပုံသည် အသင်းခေါင်းဆောင်၏ လက်ပတ်ပေါ်တွင်သာ ရှိနိုင်သည်။

## ဥပဒေကို ဘာသာပြန်ခြင်း

ဆောင်ပုဒ်၊ ကြော်ငြာချက် (သို့မဟုတ်) ပုံတစ်ပုံသည် ခွင့်ပြုသည်ဖြစ်စေ ဘာသာပြန်ဆိုသည့်အခါ ဥပဒေ (၁၂) (ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ်အမူအရာများ) အရ မှတ်သား၍ ဒိုင်လူကြီးမှ ကစားသမားအား အပြစ်ပေးအရေးယူရမည့် အချက်များမှာ

- စော်ကားခြင်းအသုံးအနှုန်းများ အသုံးပြုခြင်း၊ ရိုင်းဆိုင်းသော အမူအရာ (သို့မဟုတ်) စကားများကို အသုံးပြုခြင်း။
- ရန်စခြင်း၊ လှောင်ပြောင်ခြင်း၊ သွေးထိုးလှုပ်ဆော်ခြင်းနှင့် သက်ဆိုင် သည့် အမူအရာများ

အဆိုပါ အမျိုးအစားများထဲမှ မည်သည့် ဆောင်ပုဒ်၊ ကြော်ငြာ (သို့မဟုတ်) ရုပ်ပုံမဆို ခွင့်မပြုပါ။

ဘာသာရေးနှင့် ကိုယ်ရေးကိုယ်တာကို အလွယ်တကူ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သော်လည်း နိုင်ငံရေးသည် ရှင်းလင်းရန်နည်းပါးသော်လည်း ဆောင်ပုဒ်များ၊ ဖော်ပြချက်များ (သို့မဟုတ်) ရုပ်ပုံများကို ခွင့်မပြုပါ။

- မည်သူမဆို အသက်ရှိသူ (သို့မဟုတ်) သေသူ (တရားဝင်ပြိုင်ပွဲ အမည် အစိတ်အပိုင်းမဟုတ်ပါက)
- မည်သည့်နေရာ၊ ဒေသ၊ အမျိုးသား (သို့မဟုတ်) နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း အဖွဲ့စသည်ဖြင့်
- ဒေသဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် နိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်း၏ဌာန၊ ရုံး သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုခု
- ခွဲခြားဆက်ဆံသည့် မည်သည့် အဖွဲ့အစည်းမဆို
- ရည်ရွယ်ချက်လုပ်ဆောင်ချက်များသည် ထင်ရှားသော လူအများအပြားကို စော်ကား ဖွယ်ရှိသော အဖွဲ့အစည်း
- မည်သည့်နိုင်ငံရေး လှုပ်ရှားမှု/ ဖြစ်ရပ်မျိုးမဆို

အရေးပါသော အမျိုးသား (သို့မဟုတ်) နိုင်ငံတကာ ပွဲတစ်ခုကို အထိမ်းအမှတ်ပြုသည့် အခါ၊ ဆန့်ကျင်ဘက် အဖွဲ့ (၎င်း၏ ထောက်ခံသူများ အပါအဝင်)နှင့် သာမန်ပြည်သူ အာရုံများကို ဂရုတစိုက်ထည့်သွင်းစဉ်းစားသင့်သည်။

ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းများတွင် အထူးသဖြင့် ခွင့်ပြုထားသော ဆောင်ပုဒ်များ၊ ထုတ်ပြန် ချက်များနှင့် ရုပ်ပုံများ၏ အရွယ်အစား၊ အရေအတွက်၊ တည်နေရာတို့နှင့် ဆက်စပ်၍ ကန့်သတ်ချက်များပါဝင်နိုင်သည်။ ဆောင်ပုဒ်များ၊ ထုတ်ပြန်ချက်များ

(သို့မဟုတ်) ရုပ်ပုံများနှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ပွဲ/ ပြိုင်ပွဲမကျင်းပမီ ဖြေရှင်းရန် အကြံပြုထားသည်။

## (၆) ပြစ်မှုများနှင့် အရေးယူမှုများ

အန္တရာယ်ရှိသော အသုံးအဆောင် မပါရှိသော ပြစ်မှုတစ်ခုခုအတွက် ကစားခြင်းကို ရပ်ဆိုင်းရန် မလိုဘဲ ကစားသမားအား

- ဒိုင်လူကြီး၏ ညွှန်ကြားမှုဖြင့် ကစားကွင်းအပြင် ထွက်၍ အသုံးအဆောင်များ မှန်ကန်အောင်ပြုပြင်ရန်
- အသုံးအဆောင်များမှန်ကန်အောင်ပြုလုပ်ပြီးသည်မှ လွဲ၍ ကစားမှုရပ်ဆိုင်း ခဲ့လျှင် ကစားကွင်းပြင်ပသို့ထွက်ရမည်။

ကစားသမားတစ်ဦးကစားကွင်းပြင်ပ ထွက်၍ အသုံးအဆောင်များလဲလှယ်ခြင်း (သို့မဟုတ်) မှန်ကန်အောင် ပြုလုပ်လျှင်

- ကစားကွင်းအတွင်း ပြန်မဝင်ခင် အသုံးအဆောင်များမှန်ကန်ပြည့်စုံမှု ရှိ/ မရှိ ဒိုင်လူကြီး ၏ စစ်ဆေးမှုကို ခံယူရမည်။
- ဒိုင်လူကြီး၏ ခွင့်ပြုမှုရရှိမှသာ ကစားကွင်း အတွင်းဝင်ရောက်ခွင့် ရှိသည်။

၎င်းအခြေအနေမျိုးတွင် ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ကစားသမားအား သတိပေး (အဝါကတ်ပြသ) ရမည်ဖြစ်ပြီး၊ အကယ်၍ ကစားပွဲအား ရပ်တန့်ခဲ့ပါက တဆင့်အလွတ်တည်ကန်ဘော သတ်မှတ်ပေးရမည်။ သို့သော် ကစားမှုအား ဝင်ရောက်နှောင့်ယှက်မှုရှိခဲ့ပါက အနှောင့်အယှက်ပေးသည့် နေရာမှ တိုက်ရိုက်အလွတ် တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရပါမည်။ (အကယ်၍ ပင်နယ်တီ ဧရိယာ အတွင်း ဖြစ်ပါက ပင်နယ်တီ ပေးရပါမည်။)

## (၇) ကစားသမားများ၏ နံပါတ်ပေးခြင်း

ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းအရ ကစားသမားများ၏ နံပါတ်များကို သတ်မှတ်ပေးရမည်။ ပုံမှန်အားဖြင့်(၁) မှ (၁၅) အထိ ဖြစ်ပြီး (၁) သည် ဂိုးသမားအတွက် သီးသန့်ဖြစ်ရမည်။

(၁၅) ထက်ကြီးသော နံပါတ်များကို အချက်ပြရန် ဒိုင်လူကြီးများအတွက် အလွန်ခက်ခဲပြီး မသင့်လျော်ကြောင်း ပွဲစီစဉ်သူမှ မှတ်သားထားရမည်။

ကစားသမားတစ်ဦးစီ၏ နံပါတ်ကို ၎င်း၏ ကျောဘက်တွင် မြင်ရပြီး အင်္ကျီ၏ အဓိက အရောင်နှင့် ကွဲရမည်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများသည် နံပါတ်များ၏ အရွယ်အစား နှင့် ၎င်းတို့မဖြစ်မနေ လိုအပ်သည်ရှိနေခြင်း/အရွယ်အစား အပြင်ကစားသမားများ၏ အခြေခံ အသုံးဆောင်များ၏ အခြားအရာများပေါ်တွင်၎င်းတို့၏ တည်ရှိမှု အရွယ်အစား ကို ဆုံးဖြတ် ရမည်။

# ဥပဒေ - ၅ - ဒိုင်လူကြီးများ

## (၁) ဒိုင်လူကြီးများ၏ အခွင့် အာဏာများ

ပြိုင်ပွဲတစ်ပွဲတွင် ဒိုင်လူကြီးနှစ်ဦးဖြစ်သည့် ဒိုင်လူကြီးနှင့် ဒုတိယဒိုင်လူကြီးများမှ ထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပွဲနှင့်ပတ်သက်သည့် ဖူဆယ် ဥပဒေများကို ပြဋ္ဌာန်းရန် အခွင့်အာဏာအပြည့်အဝရှိ သည်။

## (၂) ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များ

ဂိုးသွင်းယူသည် ဖြစ်စေ၊ ဂိုးမသွင်းသည် ဖြစ်စေ ကစားခြင်းနှင့် ပတ်သက်သည့် အချက်များနှင့် စပ်လျဉ်းသည့် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များနှင့် ပွဲရလဒ်သည် အတည် ဖြစ်သည်။ ဒိုင်လူကြီးများနှင့် အခြားပွဲတာဝန်ရှိသူများ၏ ဆုံးဖြတ် ချက်များကို အမြဲ လေးစား လိုက်နာရမည်။

**အကယ်၍ ပြန်လည်စတင် ကစားပြီလျှင်လည်းကောင်း၊ အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပြသပြီးနောက် ဒိုင်လူကြီးများသည် ကစားချိန် ပထမပိုင်း သို့မဟုတ် ဒုတိယပိုင်း (အချိန်ပို အပါအဝင်) ပြီးဆုံးကြောင်း အတည်ပြုရန် အချက်ပြပြီး ကွင်းအတွင်းနှင့် ၎င်း၏ အနီးတဝိုက်မှ ထွက်ခွာသွားခဲ့လျှင် သို့မဟုတ် ပြိုင်ပွဲကို ဖျက်သိမ်းလိုက်ပါက ဖော်ပြပါ ပြန်လည်စတင်ခြင်း ဆုံးဖြတ်ချက် မှားယွင်းကြောင်း ပြန်လည်သတိရခဲ့လျှင် သို့မဟုတ် အခြားပြိုင်ပွဲ တာဝန်ရှိသူများ၏ အကြံပြုမှုများကြောင့် ပြန်လည်စတင်ခြင်းဆုံးဖြတ်ချက် အား ဒိုင်လူကြီးအနေဖြင့် ပြောင်းပိုင်ခွင့် မရှိပါ။**

တစ်ခါတစ်ရံတွင် အကူဒိုင်လူကြီးတစ်ဦးမှ အဝါ/အနီ ပြစ်မှုတစ်ခုအား ညွှန်ပြ ပြောဆိုသော် လည်း ဒိုင်လူကြီးများသည် ပြန်လည် ကစားပြီးသည့် တိုင်အောင် မြင်/ ကြားခြင်း မရှိပါက ဒိုင်လူကြီးများ သည် သင့်လျော်သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းကို ဆက်လက် လုပ်ဆောင်နိုင်သော်လည်း ပြစ်မှုနှင့် ဆက်စပ်သည့် ပြန်လည် စတင်ခြင်းမှာ သက်ရောက်မှု မရှိပါ။

ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်သည် ၎င်းတို့အကြား သဘောထား ကွဲလွဲသည့် အခါတိုင်း ဒုတိယ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးပါသည်။

မဖွယ်မရာ ဝင်ရောက်စွက်ဖက်ခြင်း (သို့မဟုတ်) မလျော်မကန် အပြုအမူများ ပြုလုပ်ပါက ဒိုင်လူကြီးသည် ဒုတိယဒိုင်လူကြီး (သို့မဟုတ်) ၎င်းတို့၏ တာဝန်ရှိ အခြားတာဝန်ရှိသူများကို သက်သာရာရစေမည် ဖြစ်ပြီး ၎င်းတို့အား အစားထိုးနိုင်ရန် စီစဉ်ပေးကာ သက်ဆိုင်ရာ အာဏာပိုင်များထံ အစီရင်ခံစာ တင်သွင်းရမည်။

## (၃) လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ

- ဖူဆယ်ဥပဒေကို ပြဌာန်းခြင်း

- သက်ဆိုင်သည့် နေရာတွင် အခြားပြိုင်ပွဲတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြိုင်ပွဲအား ထိန်းသိမ်းဆောင်ရွက်ရန်
- အသုံးပြုမည့် ဘောလုံးများသည် ဥပဒေ (၂) ၏ လိုအပ်ချက်များနှင့် အညီ ကိုက်   ညီကြောင်း သေချာစေရန်
- ကစားသမားမားများ၏ အသုံးအဆောင်များသည် ဥပဒေ(၄) လိုအပ်ချက်များ နှင့်အညီ ကိုက်ညီကြောင်း သေချာစေရန်
- ပြိုင်ပွဲအဖြစ်အပျက်များကို မှတ်တမ်းတင်ထားရန်
- ဖူဆယ်ဥပဒေနှင့် ဆန့်ကျင်သည့် ပြစ်မှု တစ်ခုခုအတွက် ၎င်းတို့၏ဆုံးဖြတ်ချက်အရ ကစားပွဲကို ရပ်ဆိုင်းခြင်း
- ပြင်ပမှ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် ကဲ့သို့သော အခြားပြဿနာ တစ်ခုခုကြောင့် ပွဲကို ရပ်ရန်၊ ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း ဥပမာ အကယ်၍
    - မီးအလင်းရောင် မလုံလောက်ပါက
    - ပွဲကြည့်သူ တစ်ဦးမှ ပစ်သွင်း၊ ကန်လိုက်သည့် အရာဝတ္ထုသည် ပြိုင်ပွဲ တာဝန်ရှိသူ၊ ကစားသမား၊ အရံကစားသမား (သို့မဟုတ်) အသင်းတာဝန် ရှိသူကို ထိမှန်သောအခါ ဒိုင်လူကြီးသည် ဖြစ်ပျက်မှု၏ပြင်းထန်မှုအပေါ် မူတည်၍ ပွဲကို ဆက်လက် ကျင်းပရန် (သို့မဟုတ်) ရပ်တန့်ရန်၊ ဆိုင်းငံ့ရန် (သို့မဟုတ်) ရပ်ဆိုင်းရန် ခွင့်ပြုနိုင်သည်။
    - ပွဲကြည့်သူတစ်ဦးမှ ကစားခြင်းကို အနှောက်အယှက် ဖြစ်စေသော ဝီစီကို မှုတ်ခဲ့လျှင် ကစားပွဲအား ရပ်တန့်ကာ မြေချဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။
    - အပိုဘောလုံး တစ်လုံး၊ အခြားအရာဝတ္ထု (သို့မဟုတ်) တိရိစ္ဆာန်များ ကစား   နေချိန်အတွင်း ကစားကွင်းအတွင်းသို့ ဝင်ရောက်လာခဲ့ လျှင် ဒိုင်လူကြီးမှ---

- ➢ အကယ်၍ ၎င်းသည် ကစားမှုကို အနှောင့်အယှက်ဖြစ်စေပါက ဘောလုံးသည်ဂိုးထဲသို့ မဝင်ဘဲ ဘောလုံးကစားနေသည့် ခုခံကစားသူ အသင်းမှ ကစားသမားကို အနှောက်အယှက် ဖြစ်အောင် မတားဆီးနိုင်ခဲ့ပါက ကစားကစားပွဲအား ရပ်ဆိုင်း၍ မြေချဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။ ထိုသို့သော အခြေအနေမျိုးတွင် ဘောလုံးသည် ဂိုးထဲဝင်သွားပါက (ဘောလုံးနှင့် ထိခဲ့လျှင်ပင် တိုက်စစ်ဆင်သည့် အသင်းမှ ဝင်ရောက်နှောင့်ယှက်ခြင်းမရှိပါက ဂိုးအဖြစ် ခွင့်ပြုပေးရမည်။
- ➢ အခြားနည်းဖြင့် ဆက်လက်ကစားခွင့် ပြုပြီး ဖြစ်နိုင်သမျှ အစောဆုံး အခွင့် အရေးဖြင့် ဖယ်ရှားရမည်။

- ကစားသမားတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်ဟု ယူဆပါက ကစားပွဲအား ရပ်ဆိုင်း၍ ယင်းကစားသမားကို ကွင်းအတွင်းမှ ဖယ်ရှားရမည်။ ဂိုးသမားအပါအဝင် ဒဏ်ရာရကစား သမားသည် ကွင်းအတွင်း၌ ကုသမှု မခံယူနိုင်ဘဲ ပွဲပြန်လည် စတင်ပြီးမှသာ ကစားကွင်းအတွင်းသို့ ဝင်ရောက်ရမည်။ ကွင်းအတွင်းမှထွက်ခွာရန် လိုအပ်ချက်၏ တစ်ခုတည်းသော ချွင်းချက်မှာ –
    - ဂိုးသမားတစ်ဦးနှင့် ပြင်ပ ကစားသမားဦးတို့ တိုက်မိပြီး ကုသမှုခံယူ ရန်လို အပ်လျှင်
    - ကစားဖော်အချင်းချင်း တိုက်မိပြီး ကုသမှုခံယူရန် လိုအပ်လျှင်
    - ပြင်းထန်သော ဒဏ်ရာရရှိခဲ့လျှင်
    - ရုပ်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခံရ၍ ဒဏ်ရာရရှိပြီး ကျူးလွန်သူအား အဝါ/ အနီ ပြသခံရလျှင် ( ဥပမာ – မဆင်မခြင်

ကျူးလွန်ကစားခြင်း သို့မဟုတ် ကြီးလေးသော ပြစ်မှုကိုကျူးလွန် ကစားခြင်း ) အကယ်၍ လျင်မြန်စွာ ကုသမှုပြီးမြောက်နိုင်လျှင်

- ပင်နယ်တီ ကန်သွင်းခွင့် သတ်မှတ်ပေးပြီးနောက် ဒဏ်ရာရ ကစား သမားမှ ပင်နယ်တီ ကန်သွင်းလိုလျှင်
- **ပင်နယ်တီ ကန်သွင်းခွင့် သတ်မှတ်ပေးပြီးနောက် ဂိုးသမား ဒဏ်ရာရရှိခဲ့လျှင်**
- မည်သည့်ကစားသမားမဆို သွေးထွက်နေလျှင် ကစားကွင်းအတွင်း မှ ထွက်ခွာစေရမည်။ သွေးထွက်ခြင်း ရပ်တန့်သွားပြီး ကစားသမား ၏ အသုံးအဆောင်များပေါ်တွင် သွေးများပေကျံခြင်းမရှိဘဲ ဒိုင်လူ ကြီး များထံမှ အချက်ပြသမှုကို ရရှိမှသာလျှင် ကစားကွင်း အတွင်း သို့ ပြန်လည်ဝင်ရောက်ရမည်။
- အကယ်၍ ဆရာဝန်များနှင့် ထမ်းစင်များအား ကွင်းအတွင်းသို့ ဝင်ရောက်ရန် ခွင့်ပြု ထားလျှင် ကစားသမားသည် ခြေလျင် (သို့မ ဟုတ်) ထမ်းစင်ဖြင့် ကစားကွင်း အတွင်းမှထွက်ခွာ ရမည်။ မလိုက် နာသော ကစားသမားများအား အားကစားသမားကောင်း မပီသ သော အပြုအမူအတွက် အဝါကတ်ပြသရမည်။
- အဝါကတ် (သို့မဟုတ်) အနီကတ်ပြသခံရမည့် ကစားသမားသည် ဒဏ်ရာရာရရှိနေပြီး ဆေးကုသမှုခံယူရန် ကစားကွင်းပြင်ပသို့ ထွက်ခွာရန်လိုအပ်လျှင် ၎င်းအား အားကစားကွင်း အတွင်းမှ မထွက်ခွာမီ အဝါကတ် (သို့မဟုတ်) အနီကတ်ပြသရမည်။
- အခြားအကြောင်းကြောင့် (သို့မဟုတ်) ကစားသမားတစ်ဦးပြစ်မှု ကျူးလွန်ခံရခြင်း မဟုတ်ဘဲ ဒဏ်ရာရရှိခြင်း မဟုတ်ဘဲ ကစားပွဲ အား ရပ်ဆိုင်းခဲ့ပါက ကစားပွဲအား မြေချ ဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။

- အကယ်၍ ကစားသမားတစ်ဦးသည် အနည်းငယ်သော ဒဏ်ရာရရှိသည်ဟု ယူဆပါက နောက်တစ်ကြိမ်ဘောလုံးကစားမှု ရပ်ဆိုင်းသည် အထိ ဆက်လက်ကစားခွင့်ပြုရမည်။
- ပြစ်မှုကျူးလွန်ခံရသည့် အသင်းသည် အခွင့်သာမှု အကျိုးကျေးဇူး ရှိနိုင်လျှင် ကစားမှုအား ဆက်လက်ကစားခွင့်ပြုရမည် ဖြစ်ပြီး ထို အချိန်တွင် (သို့မဟုတ်) စက္ကန့်အနည်းငယ်အတွင်း မျှော်လင့်ထားသော အသာစီး မရရှိခဲ့ပါက မူလပြစ်ဒဏ်ကို သတ်မှတ်ပေး ရမည်။
- တစ်ချိန်တည်းတွင် ပြစ်မှု တစ်ခုထက်ပို၍ ကျူးလွန်လျှင် ပို၍ကြီးလေးသော ပြစ်မှုကို အပြစ်ပေးရမည်။
- ပြစ်မှုကျူးလွန်သော ကစားသမားများအား အဝါကတ် (သို့မဟုတ်) အနီကတ်ပြသ၍ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူရမည်။ ၎င်းတို့သည် ဤလုပ်ရပ်ကို ချက်ချင်းလုပ်ဆောင်ရန် တာဝန်မရှိသော်လည်း နောက်တစ်ကြိမ် ကစားမှုရပ်ဆိုင်းသည့် အချိန်အတွင်း ၎င်းကို လုပ်ဆောင်ရမည်။
- တာဝန်သိစိတ်ဖြင့် ကျင့်ကြံရန် ပျက်ကွက်သော အသင်းတာဝန်ရှိသူများအား နှုတ်ဖြင့်သတိပေးခြင်း (သို့မဟုတ်) အဝါကတ်ပြသခြင်း (သို့မဟုတ်) အနီကတ်ပြသ၍ ကစားကွင်းအတွင်းနှင့် နည်းစနစ် ဧရိယာမှ ထုတ်ပယ်ခြင်းများကို ဆောင်ရွက်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူကို မဖော်ထုတ်နိုင်ပါက နည်းစနစ်ဧရိယာရှိ စီနီယာ နည်းပြသည်တာဝန်ယူရမည် ဖြစ်သည်။ ထုတ်ပယ်ခံရမည့် ပြစ်မှုအား ကျူးလွန်သော ဆေးအဖွဲ့အရာရှိသည် အကယ်၍ အသင်းတွင် အခြားဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်မရှိပါက၊ ကစားသမားတစ်ဦးဆေးကုသမှုခံယူရန်လိုအပ်ပါက ခုံတန်းလျားတွင် ဆက် လက်ရှိနေနိုင်သည်။

- ဒိုင်လူကြီးများ မမြင်နိုင်သော အဖြစ်အပျက်များနှင့် ပတ်သက်၍ အခြားပြိုင်ပွဲတာဝန်ရှိသူများ၏ အကူအညီဖြင့် ဆုံးဖြတ်နိုင်သည်။
- ခွင့်မပြုထားသော သူများကစားကွင်းတွင် အတွင်းသို့ မဝင်ရောက်ရေးသေချာစေရန်။
- ကစားပွဲအား ရပ်တန့်ပြီးနောက် ပြည်လည်စတင်ရန် ညွှန်ပြခြင်း။
- ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများ အချက်ပြမှုများ ခေါင်းစဉ်ပါ ကဏ္ဍတွင် ဖော်ပြထားသော အချက်ပြသမှုများကို ပြသရန်။
- လိုအပ်သော အချိန်များတွင် ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများ အတွက် လက်တွေ့လမ်းညွှန်ချက်များ၏ သက်ဆိုင်ရာ ကဏ္ဍများတွင် ဖော်ပြထားသည့် အတိုင်း ကွင်းအတွင်းနှင့် အနီးတဝိုက်တွင် နေရာယူရန်။
- ကစားသမားများ (သို့မဟုတ်) အသင်းတာဝန်ရှိသူများအပေါ် ချမှတ်ထားသည့် စည်းကမ်းပိုင်းဆိုင်ရာအရေးယူမှု အချက်အလက် များနှင့် ပွဲမစမီ ပြိုင်ပွဲအတွင်းနှင့်  ပြိုင်ပွဲအတွင်းနှင့် ပြိုင်ပွဲ ပြီး ဆုံးပြီး နောက်ဖြစ်ပွားခဲ့သောအခြားဖြစ်ရပ်များကို သင့်လျော် သော တာဝန်ရှိသူများထံ အစီရင်ခံစာ တင်သွင်းရမည်။

## ဒိုင်လူကြီး

- အခြားပြိုင်ပွဲတာဝန်ရှိသူနှစ်ဦးမပါရှိပါက အချိန်မှတ်ဒိုင်လူကြီး နှင့် တတိယ ဒိုင်လူ ကြီး တာဝန်များကိုလည်း ဆောင်ရွက်ရမည်။
- ဖူဆယ်ဥပဒေများနှင့် ဆန့်ကျင်သော ပြစ်မှုတစ်ခုခုအတွက် ၎င်း၏ ဆုံးဖြတ်ချက်အတိုင်း ပြိုင်ပွဲကို  ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

- ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုကြောင့် ပြိုင်ပွဲကို ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

### ဒုတိယ ဒိုင်လူကြီး

- ဒိုင်လူကြီး ဒဏ်ရာရရှိလျှင် (သို့မဟုတ်) ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့လျှင် ဒိုင်လူကြီးနေရာတွင် အစား ထိုးဆောင်ရွက်ရမည်။

## (၄) ပြိုင်ပွဲတာဝန်ရှိသူများ၏တာဝန်

ဒိုင်လူကြီးများ (သို့မဟုတ် အခြားပြိုင်ပွဲရှိသူများသည် ) အောက်ပါအချက်များအတွက် တာဝန်မရှိပါ။

- ကစားသမား၊ အသင်းတာဝန်ရှိသူ (သို့မဟုတ်) ပရိသတ်တစ်ဦးဦးဒဏ်ရာရရှိခြင်း
- မည်သည့်ပစ္စည်းမဆို ပျက်စီးစေခြင်း
- တစ်ဦးချင်း၊ ကလပ်၊ ကုမ္ပဏီ အသင်းအဖွဲ့ သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခုမှ ဆုံးရှုံးမှု သို့မဟုတ် ဖူဆယ်ဥပဒေ စည်းမျဉ်းများ သို့မဟုတ် ပုံမှန်လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစ် ခုခုကြောင့် ဖြစ်ရသည့်အခြား ဆုံးရှုံးမှုတစ်ခုခု၊ ပွဲစရန်နှင့် ထိန်းသိမ်းဆောင် ရွက်ရန် လိုအပ်သည်။

ထိုသို့သော ဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်သည်။

- ကွင်း၏ အခြေအနေသို့မဟုတ် ၎င်း၏ ပတ်ဝန်းကျင်သည် ထိုသို့သော ရာသီဥတု အခြေအနေအရ ပွဲကျင်းပရန်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်မပြုခြင်းကဲ့သို့သော ဆုံးဖြတ်ချက်
- မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ပြိုင်ပွဲကို ရပ်ဆိုင်းရန်ဆုံးဖြတ်ချက်တစ်ခု
- ပွဲတစ်ပွဲအတွင်း အသုံးပြုသည့် ဆက်စပ်ပစ္စည်းနှင့် စက်ပစ္စည်းများ၏ သင့်လျော်မှု ပတ်သက်၍ ဆုံးဖြတ်ချက်

- ပွဲကြည့်ပရိသတ်ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ပွဲကြည့်စင်ပေါ်ရှိ ပြဿနာတစ်ခုခုကြောင့် ပွဲရပ်ရန်၊ မရပ်ရန်ဆုံးဖြတ်ချက်
- ဒဏ်ရာရ ကစားသမားများကို ဆေးကုရန်အတွက် ကွင်းအတွင်းမှ ဖယ်ရှားခြင်းပြုရန် ကစားပွဲရပ်ရန်၊ မရပ်ရန် ဆုံးဖြတ်ချက်
- ဒဏ်ရာရ ကစားသမားကို ဆေးကုသရန် အတွက် ကွင်းမှ ဖယ်ရှားရန်လိုသည့် ဆုံးဖြတ်ချက် (အထက်ဖော်ပြပါ ချွင်းချက်မှလွဲ၍)
- ကစားသမားတစ်ဦးအား အချို့သော အဝတ်အထည် သို့မဟုတ် အသုံးအဆောင်ပစ္စည်းများကို ဝတ်ဆင်ခွင့် ပြုရန်/မပြုရန် ဆုံးဖြတ်ချက်
- ကွင်းအနီးတဝိုက်တွင် မည်သည့်ပုဂ္ဂိုလ်များ (အသင်း သို့မဟုတ် ကွင်းတာဝန်ရှိသူများ၊ လုံခြုံရေး  တာဝန်ရှိသူများ၊ ဓါတ်ပုံဆရာများ သို့မဟုတ် အခြားမီဒီယာကိုယ်စားလှယ်များ) ကိုခွင့်ပြုရန်/ မပြုရန် ဆုံးဖြတ်ချက်
- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများ၊ တိုက်ကြီးများအလိုက် နိုင်ငံအလိုက် သို့မဟုတ် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအောက်တွင် ၎င်းတို့သည် ဖွဲ့စည်းပုံဥပဒေများနှင့် အညီ သို့မဟုတ် ၎င်းတို့၏ တာဝန်များနှင့် ညီညွတ်သော အခြားဆုံးဖြတ်ချက်တစ်ခုရယူသည်။

## (၅) အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ

နိုင်ငံတကာ ပြိုင်ပွဲများတွင် ဒုတိယ ဒိုင်လူကြီး မဖြစ်မနေ လိုအပ်သည်။

## (၆) ဒိုင်လူကြီးများ၏ အသုံးအဆောင်များ

မဖြစ်မနေရှိရမည့် အသုံးအဆောင်

ဒိုင်လူကြီးများသည် အောက်ပါအသုံးအဆောင်များရှိရပါမည်

- အနည်းဆုံး ဝီစီတစ်လုံး
- အဝါနှင့် အနီကတ်များ
- မှတ်စုစာအုပ် (သို့မဟုတ်) ပြိုင်ပွဲမှတ်တမ်းကို မှတ်သားထားရန် အခြားနည်းလမ်း

- အနည်းဆုံးနာရီတစ်လုံး

# ဥပဒေ – ၆ – အခြားပြိုင်ပွဲ တာဝန်ရှိသူများ

## (၁) အကူဒိုင်လူကြီးများ

အကူဒိုင်လူကြီး (၂)ဦး (တတိယဒိုင်လူကြီးနှင့် အချိန်မှတ်ဒိုင်လူကြီး)ကို ခန့်အပ် တာဝန်ပေးရမည် ဖြစ်ပြီး ဖူဆယ်ဥပဒေများအရ တာဝန်ထမ်းဆောင်ရမည်။ ၎င်းတို့သည် ကစားကွင်း အပြင်ဘက် ကွင်းလယ်စည်း၏တည့်တည့် လူစားလဲဇုန်များရှိသည့်ဘက်တွင် နေရာယူ ဆောင်ရွက် ရမည်။ တတိယဒိုင်လူကြီးသည် ထိုင်လျက် (သို့မဟုတ်) မတ်တပ်ရပ်လျက် တာဝန် ထမ်းဆောင်နိုင်ပြီး အချိန်မှတ်ဒိုင်လူကြီးသည် အချိန်မှတ်ဒိုင်လူကြီး စားပွဲတွင် တာ ဝန် ထမ်း ဆောင် ရမည်။

တတိယဒိုင်လူကြီးနှင့် အချိန်မှတ် ဒိုင်လူကြီးများသည် ပွဲကစားနေသည့် အသင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပံ့ပိုးထားသည့် သင့်သော်သည့် အချိန်မှတ် ကရိယာများနှင့် စုပေါင်း ပြစ်ဒဏ် များအား မှတ်သားထားရမည့် အသုံးအဆောင်များအား တပ်ဆင်ထားရမည်။

၎င်းတို့၏ တာဝန်ဝတ္တရားများကို မှန်ကန်စွာ ထမ်းဆောင်နိုင်ရန် အတွက် အချိန်မှတ်ဒိုင်လူကြီး စားပွဲကို ပေးအပ်ထားရမည်။

## (၂) လုပ်ပိုင်ခွင့်နှင့် တာဝန်များ

တတိယဒိုင်လူကြီး

- ဒိုင်လူကြီးများနှင့် အချိန်မှတ် ဒိုင်လူကြီးများအား ကူညီပေးခြင်း
- ပြိုင်ပွဲတွင် ပါဝင်ကစားသည့် မှတ်တမ်းများကို သိမ်းဆည်းထားခြင်း
- ဒိုင်လူကြီးများ၏ တောင်းဆိုချက်အရ ဘောလုံးလဲလှယ် အစားထိုးမှုကို စောင့်ကြည့် စစ်ဆေးခြင်း
- ကွင်းအတွင်းသို့ မဝင်မီ အရံကစားသမားများ၏ အသုံးအဆောင်များကို စစ်ဆေးခြင်း
- ဂိုးသွင်းသူ၏ နံပါတ်အား မှတ်တမ်းတင်ခြင်း
- ဒိုင်လူကြီးများ ထည့်သွင်းစဉ်းစားရန် (သို့မဟုတ်) မစဉ်းစားရန် ဆုံးဖြတ်သည့် ပြိုင်ပွဲတွင် ပါဝင်သူတိုင်း၏ မည်သည့်ပြစ်မှု၊ ကိုယ်နှုတ်အမူအရာ (သို့မဟုတ်) အားကစားသမား မပီသသည့် အပြုအမူနှင့် ပတ်သက်၍ ကစားကွင်းအတွင်းရှိ ဒိုင်လူကြီးများကို အကြောင်းကြားခြင်း
- အသင်းတာဝန်ရှိသူများမှ (၁) မိနစ်ရပ်နားချိန် တောင်းဆိုသည့် အခါတွင် အချိန်မှတ် ဒိုင်လူကြီးကို အသိပေး အကြောင်းကြားခြင်း
- ခေတ္တရပ်နားချိန် (၁) မိနစ်အတွက် အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပြသည်နှင့် ခေတ္တရပ်နားချိန် (၁)မိနစ် အချက်ပြသခြင်းကို ဒိုင်လူကြီးများနှင့် အသင်း များကို ပြသရခြင်း
- ခေတ္တရပ်နားချိန် (၁) မိနစ်တောင်းဆိုခြင်းကို မှတ်တမ်းတင်ထားရန်
- ကစားချိန်တစ်ပိုင်းစီတွင် ဒိုင်လူကြီးများမှ အချက်ပြသော အသင်းတစ်သင်းစီမှ စုပေါင်း ပြစ်ဒဏ်များကို မှတ်တမ်းတင်ထားရန်
- ကစားချိန်တစ်ပိုင်းတွင် အသင်းတစ်သင်းသည် စုပေါင်းပြစ်ဒဏ် (၅) ကြိမ်ကျူးလွန် ခဲ့ကြောင်း မဖြစ်မနေ အချက်ပြသရန်
- အသင်းတစ်သင်းသည် ကစားချိန်တစ်ပိုင်းအတွင်း စုပေါင်းပြစ်ဒဏ် (၅)ကြိမ်ကျူးလွန် ကြောင်း ညွှန်ပြရန်အတွက် အချိန်မှတ် ဒိုင်လူကြီး၏ စားပွဲပေါ်တွင် ရှင်းလင်း စွာ မြင်ရသော ဆိုင်းဘုတ်ထားရှိပါ

- အဝါ၊ အနီ ပြသခံရသော ကစားသမားများ၏ အမည်နှင့် နံပါတ်များကို မှတ်တမ်းတင်ထားရန်
- ပွဲချိန်တစ်ခု မစတင်မီ အသင်းတစ်သင်းစီ၏ တာဝန်ရှိသူများထံ ခေတ္တရပ်နားချိန် (၁) မိနစ်တောင်းဆိုသည့် စာရွက်ကို ပေးအပ်ထားရန်နှင့် တောင်းဆိုခြင်းမရှိပါက ပွဲကစားချိန် တစ်ပိုင်းစီ၏ အဆုံးတွင် ပြန်လည်တောင်းယူ စုဆောင်းရန်

FIFA

**ခေတ္တရပ်နားချိန်**

- ထုတ်ပယ်ခံရသည့် ကစားသမားကို အစားထိုးရန်အတွက် အရံကစားသမား ကစားကွင်း အတွင်း ဝင်ရောက်သည့်အခါတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စာရွက် စာတမ်း တစ်ခုကို အသင်းတစ်သင်းစီ၏ အသင်းတာန်ရှိသူများကို ပေးအပ်ထားရမည်။

FIFA

**THE SUBSTITUTE MAY ENTER THE PITCH WHEN THERE IS/ARE ____ MINUTE(S) AND ____ SECOND(S) LEFT ON THE CHRONOMETER BEFORE THE END OF THE ____ PERIOD.**

- ဒိုင်လူကြီးများ၏ ကြီးကြပ်မှုအောက်တွင် အသုံးအဆောင်များမှန်ကန်အောင်ပြုပြင်ရန် ကစားကွင်းအတွင်းမှ ထွက်သွားသော ကစားသမားတစ်ဦး၏ ပြန်လည် ဝင်ရောက်မှုကို စစ်ဆေးရန်။

- ဒိုင်လူကြီး၏ ကြီးကြပ်မှုအောက်တွင် ဒဏ်ရာ တစ်ခုခုကြောင့် ကစားကွင်းအတွင်း မှ ထွက်သွားသော ကစားသမားတစ်ဦး၏ ပြန်လည်ဝင်ရောက်မှုကို စစ်ဆေးရန်။
- ကစားသမားတစ်ဦးကို အပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း (သို့မဟုတ်) ၎င်းတို့၏ အပြင်နယ်ပယ်မှ အကြမ်းဖက်လုပ်ရပ်တစ်ခု ပြုလုပ်ခြင်းတွင် ထင်ရှားသော အမှား အယွင်းပြုလုပ်သည့်အခါ ဒိုင်လူကြီးများကို အချက်ပြသရမည်။ မည်သို့ ပင်ဆိုစေကာမူ ဒိုင်လူကြီးများသည် ကစားခြင်းနှင့် ဆက်စပ်နေသည့် အချက် အလက်များကို ဆုံးဖြတ်သည်။
- နည်းစနစ်ဧရိယာနှင့် ခုံတန်းများပေါ်ရှိ ပုဂ္ဂိုလ်များ၏ အပြုအမူများကို ကြီးကြပ်ပြီး ဒိုင်လူကြီးများအား မသင့်လျော်သော အပြုအမူတစ်ခုခုကို အသိပေးခြင်း။
- ပြင်ပဝင်ရောက်စွက်ဖက်မှုနှင့် ၎င်းတို့အတွက် အကြောင်းအရင်းများကြောင့် ကစားမှု ရပ်ဆိုင်းမှုများကို မှတ်တမ်းထားရှိရန်
- ပြိုင်ပွဲနှင့် ပတ်သက်သည့် အခြားသက်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေး ခြင်းဖြင့် ဒိုင်လူကြီးများကို ကူညီခြင်း
- ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက် လက်တွေ့လမ်း ညွှန်ချက် များ၏ သက်ဆိုင်ရာကဏ္ဍများတွင် ဖော်ပြထားသည့်အတိုင်း ကွင်းအ တွင်းနေရာယူရန်
- ဒိုင်လူကြီး (သို့မဟုတ်) ဒုတိယဒိုင်လူကြီး ထိခိုက်ဒဏ်ရာ ရရှိခြင်း (သို့မဟုတ်) ရုပ်ပျက် ဆင်းပျက်ဖြစ်ရပ်တွင် ဒုတိယ ဒိုင်လူကြီးနေရာတွင် အစားထိုးဝင်ရောက် တာဝန် ထမ်းဆောင်ရမည်။

## အချိန်မှတ် ဒိုင်လူကြီး

ပြိုင်ပွဲကစားချိန်သည် ဥပဒေ (၇)ပါ ပြဌာန်းချက်များနှင့် ကိုက်ညီကြောင်း သေချာစေရမည်။

- အချိန်ပိုင်းတစ်ပိုင်းစီ၏ ပထမအကြိမ် စတင်ကစားခြင်းအား မှန်ကန်စွာ ပြုလုပ်ပြီးနောက် အချိန်မှတ်ခြင်းကို စတင်ရမည်။
- ဘောလုံးကစားမှု ရပ်ဆိုင်းသည့်အခါ အချိန်မှတ်ခြင်းကို ရပ်တန့်ရမည်။
- **ကန်သွင်းခြင်း၊ ဂိုးမှ ပြန်လည်စတင် ကစားခြင်း၊ ထောင့်ကန်ဘော၊ ကွင်းလယ် အမှတ် အသားမှ ကစားခြင်း၊ အလွတ်တည်ကန်ဘော၊ ပင်နယ်တီကန်သွင်းခြင်း၊ သို့မဟုတ် မြေချဘောဖြင့် ပြန်လည်စတင်ကစားခြင်းများ အားမှန်ကန်စွာ ပြန်လည် စတင် ကစားပြီးနောက် အ ချိန်မှတ် နာရီအား ပြန်လည်စတင်ခြင်း။**
- **ဂိုးသွင်းယူပြီးနောက် ပင်နယ်တီကန်သွင်းခွင့် သို့မဟုတ် အလွတ် တည်ကန်ဘောသတ်မှတ်ပေးပြီးနောက် ( သို့မဟုတ်) ကစားသမား ဒဏ်ရာရရှိပြီးနောက် အချိန် မှတ်နာရီအား ရပ်တန့်ခြင်း။**
- **ဒိုင်လူကြီးများမှ အချိန်မှတ်ဒိုင်လူကြီးအား အချက်ပြသသည့် အခါတိုင်း အချိန်မှတ်နာရီအား ရပ်တန့်ရမည်။**

- ဂိုးသွင်းယူခြင်းများ၊ စုပေါင်းပြစ်ဒဏ်များနှင့် ကစားချိန်များကို အများမြင်သာသည့် ပုံစံဖြင့် မှတ်တမ်းတင်ပြသခြင်း။
- တတိယဒိုင်လူကြီး (သို့မဟုတ်) ကွင်းအတွင်းဒိုင်လူကြီးတစ်ဦးမှ တောင်းဆိုချက်ကို အကြောင်းကြားပြီးနောက် ဒိုင်လူကြီးများ အသုံးပြုသည့် မတူညီသော ဝီစီသံ (သို့မဟုတ်) အသံပိုင်းဆိုင်ရာ အချက်ပြသမှုဖြင့် အသင်း၏ (၁)မိနစ် ခေတ္တရပ်နားချိန်တောင်းဆိုမှုအတွက် အချက်ပြခြင်း။
- (၁) မိနစ် ခေတ္တရပ်နားချိန်ကို အချိန်ကိုက် မှတ်သားခြင်း။
- (၁) မိနစ် ခေတ္တရပ်နားချိန် ပြီးဆုံးချိန်တွင် ဒိုင်လူကြီးများ အသုံးပြုသည့် မတူညီသော ဝီစီသံ (သို့မဟုတ်) အသံပိုင်းဆိုင်ရာ အချက်ပြသမှုဖြင့် အချက်ပြ ခြင်း။
- တတိယဒိုင်လူကြီးမှ အကြောင်းကြားပြီးနောက် ဒိုင်လူကြီးများ အသုံးပြုသည့် ဝီစီသံ (သို့မဟုတ်) အသံပိုင်းဆိုင်ရာ အချက်ပြမှုဖြင့် (၅)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ် ကျူးလွန်ခြင်းကို ညွှန်ပြခြင်း။

- အသင်းတစ်သင်း၏ (၂) မိနစ် ကစားသမား အရေအတွက် လျှော့ချမှုအား အချိန်ကိုက် မှတ်သားခြင်း။
- ကစားချိန် ပထမပိုင်းပြီးဆုံးခြင်း၊ ကစားပွဲပြီးဆုံးခြင်း၊ အကယ်၍ အချိန်ပိုဆက်လက်ကစား ပါက အချိန်ပို ကစားချိန် အပိုင်းများ ပြီးဆုံးချိန်တွင် ဒိုင်လူကြီးများ အသုံးပြုသည့် မတူညီသော ဝီစီသံ (သို့မဟုတ်) အသံပိုင်းဆိုင်ရာ အချက်ပြသခြင်းဖြင့် ပြုလုပ်ရမည်။
- ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက် လက်တွေ့လမ်းညွှန်ချက်များ၏ သက်ဆိုင်ရာ ကဏ္ဍများတွင် ဖော်ပြထားသည့် အတိုင်းကစားကွင်းအတွင်း နေရာယူ တာဝန်ထမ်းဆောင်ရမည်။
- အရံအကူဒိုင်လူကြီးတစ်ဦးကို ခန့်အပ်ခြင်းမပြုပါက တတိယဒိုင်လူကြီး၏ သီးခြား တာဝန်များကို ထမ်းဆောင်ရမည်။
- ပွဲနှင့် ပတ်သက်သည့် အခြားသက်ဆိုင်ရာ အချက်အလက်များကို ပေးဆောင်ခြင်း။

## (၃) နိုင်ငံတကာ ပြိုင်ပွဲများ

နိုင်ငံတကာပြိုင်ပွဲများတွင် တတိယဒိုင်လူကြီး တစ်ဦးနှင့် အချိန်မှတ် ဒိုင်လူကြီး တစ်ဦး မဖြစ် မနေလိုအပ်သည်။

နိုင်ငံတကာပြိုင်ပွဲများတွင် အသုံးပြုသော အချိန်မှတ်ကိရိယာသည် လိုအပ်သော လုပ်ဆောင် ချက်များအားလုံးကို ပေါင်းစပ်ထားရမည်။ (တိကျသော အချိန်ထိန်းညှိခြင်း၊ တစ်မိနစ် (သို့မဟုတ်) နှစ်မိနစ် ထက်ပိုသောကိန်းဂဏန်းများကို တစ်ပြိုင်နက် လျှော့ချခြင်းနှင့် ကစားချိန် တစ်ခုစီအတွင်း အသင်းတစ်သင်းစီမှ စုပေါင်းပြစ်ဒဏ်များကို စောင့်ကြည့်ခြင်း)

## (၄) အရံအကူဒိုင်လူကြီး(RAR)

အရံအကူဒိုင်လူကြီးတစ်ဦးကို ခန့်အပ်သည့် ပြိုင်ပွဲများတွင် သူ၏ ကဏ္ဍနှင့် တာဝန်များ သည် ဖူဆယ်ဥပဒေများတွင် သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်ရမည်။

အရံအကူဒိုင်လူကြီး---

- ပြိုင်ပွဲစည်းမျဉ်းအရ ဒိုင်လူကြီးတစ်ဦးဦး ပြိုင်ပွဲဆက်လက် တာဝန်မထမ်းဆောင် နိုင်ပါက တတိယဒိုင်လူကြီးနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်ရမည်။
- ပြိုင်ပွဲ မစတင်မီ ပြိုင်ပွဲအတွင်းနှင့် ဒိုင်လူကြီးများ၏ လိုအပ်ချက်များကို ကူညီပေး ရမည်။
- ပြိုင်ပွဲအပြီးတွင် ဒိုင်လူကြီးများ၏ မမြင်ကွယ်ရာတွင် ဖြစ်သော အဖြစ်အပျက် တစ်ခုခုနှင့် ပတ်သက်၍ ပြိုင်ပွဲတာဝန်ရှိသူများထံ အစီရင်ခံစာ တင်ပို့ရာတွင် ဒိုင်လူကြီးများကို အကြံပြုပေးခြင်း။
- ပြိုင်ပွဲမစတင်မီ၊ ပြိုင်ပွဲအတွင်းနှင့် ပြိုင်ပွဲအပြီးတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက် အားလုံး ကို မှတ်တမ်းတင်ရန်
- မည်သည့်ဖြစ်ရပ်မျိုးကြောင့်မဆို လိုအပ်ပါက အစားထိုး အချိန်မှတ် ပစ္စည်း (Stopwatch) တစ်ခု ဆောင်ထားရန်။
- ပွဲနှင့် ပတ်သက်သည့် သက်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးခြင်းဖြင့် ဒိုင်လူကြီး များကို ကူညီပေးနိုင်ရန် အတွက်နေရာယူရန်

# ဥပဒေ ၇ – ကစားချိန်

## (၁) ကစားချိန်များ

ကစားပွဲကို ၂၀(မိနစ်) စီတူညီသော အပိုင်းနှစ်ပိုင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်ပြီး ပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းအရ ခွင့်ပြုမှသာ လျှော့ချနိုင်မည် ဖြစ်သည်။

## (၂) ကစားချိန်အပိုင်းများ ပြီးဆုံးခြင်း

ကစားချိန် မိနစ်(၂၀) တစ်ပိုင်းစီ (အချိန်ပို ကစားချိန်အပိုင်းများ) ပြီးဆုံးချိန်များတွင် အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပေးပါမည်။

- ကစားချိန်တစ်ပိုင်းပြီးဆုံး၍ ဒိုင်လူကြီးမှ ခရာမမှုတ်ခဲ့လျှင်လည်း အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပေးခဲ့သည်နှင့် ကစားချိန်တစ်ပိုင်း ပြီးဆုံးမည် ဖြစ်သည်။
- ကစားချိန်တစ်ပိုင်းပြီးဆုံးချိန်တွင် အသင်းတစ်သင်းသည် စုပေါင်းပြစ်ဒဏ် (၆)ကြိမ်မြောက် တိုက်ရိုက်အလွတ်တည်ကန်ဘော ကန်ခွင့် ရရှိခဲ့လျှင်သော်လည်းကောင်း၊ ပင်နယ်တီကန်ခွင့် ရရှိခဲ့လျှင်သော် လည်းကောင်း၊ ကန်သွင်းခွင့် ပြီးမြောက်သည်အထိ ခွင့်ပြုရမည်။ ကစားမှု ပြီးမြောက်ပြီး အောက်ပါ အချက်များနှင့် ကိုက်ညီလျှင် ကန်သွင်းမှု ပြီးမြောက်သည်ဟု သတ်မှတ်မည်။
    - ဘောလုံးရပ်သွားခဲ့လျှင် (သို့မဟုတ်) ကစားကွင်း အပြင်သို့ ထွက်သွားခဲ့လျှင်
    - ကစားမှုမြောက်ပြီးနောက် ခုခံသည့် ဂိုးသမားမှ လွဲ၍ အခြားကစားသမားများ (ကန်သွင်းသူ အပါအဝင်) ကစားခဲ့လျှင်
    - ကန်သွင်းသူ သို့မဟုတ် ကန်သွင်းသူ၏အသင်းဖော်မှ ပြစ်မှုကျူး လွန်မှုအတွက် ဒိုင်လူကြီးမှကစားပွဲအားရပ်ဆိုင်းရမည်။

**<u>ကန်ခွင့်ရထားခြင်း မပြီးမြောက်မီ တစ်ဖက်ခံစစ်ကစားသမား တစ်ဦး ပြစ်မှုကျူးလွန်ပါက ဒိုင်လူကြီး များ သည် ပြန်ကန်ရန် အမိန့်ပေးခြင်း သို့မဟုတ် နောက်ထပ်ခြောက်ကြိမ် မြောက် စုပေါင်း ပြစ်မှု တိုက်ရိုက်အလွတ် တည်ကန်စေခြင်း သို့မဟုတ် ပင်နယ်တီကန်သွင်းစေခြင်းအား ဖူဆယ် ဥပဒေများနှင့်အညီသင့်တော်သလို ဆက်လက်ကစားခွင့် ပေးရမည်။</u>**

- ပြိုင်ပွဲပြီးဆုံးကြောင်း အချိန်မှတ် ဒိုင်လူကြီးမှ အသံဖြင့် အချက်ပေးပြီးနောက် ဥပဒေ (၁) နှင့် (၁၀) အရ ဂိုးသွင်းယူခဲ့ပါက အထက်ဖော်ပြပါ အချက်များကို အခြေခံ၍ ဂိုးပေးသင့် မပေးသင့် ဆုံးဖြတ်ရမည်။

ကစားချိန်အပိုင်းများအား အခြားမည်သည့် အကြောင်းအရင်းနှင့်မှ အချိန်တိုးခြင်းမပြုရ။

## (၃) ခေတ္တပွဲရပ်နားချိန်

ကစားချိန်တစ်ပိုင်းစီတိုင်းတွင် အသင်းများအနေဖြင့် တစ်မိနစ်ခေတ္တပွဲရပ်နားချိန် ခံစားခွင့်ရှိသည်။

အောက်ဖော်ပြပါ အခြေအနေများနှင့် သက်ဆိုင်ပါသည်- - -

- အသင်းတာဝန်ရှိသူမှ တစ်မိနစ်ခေတ္တရပ်နားချိန် တောင်းဆိုသည့် စာရွက်အား တတိယ ဒိုင်လူကြီး (သို့မဟုတ်) အကယ်၍ တတိယ ဒိုင်လူကြီး မရှိခဲ့ပါက အချိန်မှတ် ဒိုင်လူကြီး ထံသို့ ပေးပို့ရမည်။
- ကစားပွဲရပ်ဆိုင်းသွားချိန် တစ်မိနစ်ခေတ္တရပ်နားချိန် တောင်းဆိုထားသည့် အသင်းမှ ဘောလုံးပိုင်ဆိုင်မှု ရထားသည့် အချိန်တွင် အချိန်မှတ်ဒိုင်လူကြီးမှ ဒိုင်လူကြီးများ အသုံးပြုသည့် မတူညီသော ဝီစီသံ (သို့မဟုတ်) မတူညီသော အသံဖြင့် အချက်ပေးရမည်။
- တစ်မိနစ်ခေတ္တရပ်နားချိန်အတွင်း
    - ကစားသမားများသည် ကွင်းထဲတွင် (သို့မဟုတ်) ကွင်းပြင်ပတွင် ရှိနေနိုင်သည်။ ရေသောက်ရန်ရှိပါက ကစားသမားများအနေဖြင့် ကစားကွင်းပြင်ပသို့ ထွက်ရမည်။
    - အရံကစားသမားများ ကစားကွင်းပြင်ပတွင် ရှိနေရမည်။
    - အသင်းတာဝန်ရှိသူများ အနေဖြင့် ကစားကွင်းအတွင်း၌ ညွှန်ကြားခြင်းများအား ခွင့်ပြုမည် မဟုတ်။
- လူစားလဲခြင်းများအား တစ်မိနစ် ခေတ္တရပ်နားချိန် ပြီးဆုံးကြောင်း ဝီစီ (သို့မဟုတ်) အသံဖြင့် အချက်ပြသပြီးမှသာ ပြုလုပ်နိုင်သည်။

- အသင်းတစ်သင်းအနေဖြင့် တစ်မိနစ် ခေတ္တရပ်နားချိန်အား ပထမပိုင်းတွင် မတောင်းဆိုခဲ့လျှင်လည်း ဒုတိယပိုင်းတွင် တစ်မိနစ်ခေတ္တရပ်နားချိန် တစ်ကြိမ်သာလျှင် တောင်းဆိုခွင့်ရှိမည်။
- အကယ်၍ တတိယ ဒိုင်လူကြီးနှင့် အချိန်မှတ် ဒိုင်လူကြီး မရှိခဲ့လျှင် အသင်း တာဝန်ရှိသူများ အနေဖြင့် တစ်မိနစ်ခေတ္တရပ်နားချိန်အား ဒိုင်လူကြီး ထံတွင် တောင်းဆိုနိုင်သည်။
- အကယ်၍ အချိန်ပို ကစားခဲ့ပါက အချိန်ပိုတွင် တစ်မိနစ်ခေတ္တရပ်နားချိန် တောင်းဆိုခွင့်မရှိ။

## (၄) ပထမပိုင်းပြီး၍ ရပ်နားချိန်

ကစားသမားများအား ပထမပိုင်းပြီးဆုံးချိန်တွင် ရပ်နားခွင့်ပြုရမည်။ ရပ်နားချိန်သည် (၁၅) မိနစ်ထက် မပိုစေရ။ အကယ်၍ အချိန်ပို ကစားခဲ့ပါက ကစားချိန်နှစ်ပိုင်းကြားတွင် ရပ်နားချိန်ရှိမည်မဟုတ်။ (အသင်းများ ကစားကွင်းဘက်ခြမ်းပြောင်းလဲခြင်း၊ အသင်းတာတန်ရှိသူများနှင့် အရံကစားသမားများ နည်းစနစ်ဧရိယာပြောင်းလဲခြင်း)။ သို့သော်လည်း အချိန်ပို၏ ပထမပိုင်းပြီးဆုံးချိန်တွင် တစ်မိ နစ်ထက် မပိုသော ခေတ္တရေသောက်ချိန်အား ခွင့်ပြုပေးထားမည်။

ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများတွင် ပထမပိုင်းပြီး၍ ရပ်နားချိန်အား အတိအကျ ဖော်ပြထားရမည်။ ဒိုင်လူကြီး၏ သဘောတူညီမှုဖြင့်သာ ရပ်နားချိန်ကို ပြောင်းလဲနိုင်သည်။

## (၅) ရပ်သိမ်းလိုက်သော ကစားပွဲ

အကယ်၍ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများတွင် သီးခြားဖော်ပြထားခြင်း မရှိပါက ရပ်သိမ်းလိုက်သော ကစားပွဲကို ပြန်လည်ကစားရမည်။

# ဥပဒေ – ၈ – စတင်ကစားခြင်းနှင့် ပြန်လည်စတင်ကစားခြင်း

စတင်ကစာခြင်းသည် ကစားချိန်နှစ်ပိုင်းစလုံး၊ အချိန်ပို နှစ်ပိုင်းစလုံးနှင့် ဂိုးသွင်းယူပြီးနောက် ပြန် လည်စတင်ကစားခြင်းဖြစ်သည်။အလွတ်တည်ကန်ဘောများ(တိုက်ရိုက်/တဆင့်)၊ ပင်နယ်တီ ကန်သွင်းခြင်း၊ ဂိုးမှပြန်လည်စတင်ကစားခြင်းနှင့် ထောင်ကန်ဘောများသည် အခြားပြန်လည် စတင် ကစားခြင်းများဖြစ်သည်။

ဘောလုံးဥပဒေတွင် မည်သည့်နေရာတွင်မှ ဖော်ပြထားခြင်းမရှိသည့် အခြား အကြောင်း တစ်ချက်ချက် ကြောင့် ဒိုင်လူကြီးမှ လိုအပ်၍ ပွဲကို ခေတ္တရပ်ဆိုင်းလိုက်ရပါက ကစားပွဲကို မြေချ ဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။

အကယ်၍ စည်းကမ်းချိုးဖောက်ခြင်းသည် ကစားနေစဉ်အတွင်း မဟုတ်ခဲ့လျှင် ကစားပွဲကို ပုံ မှန်လုပ် ထုံးလုပ်နည်းအတိုင်းသာ ပြန်လည် စတင်ရမည်။

## (၁) စတင်ကစားခြင်း

လုပ်ထုံးလုပ်နည်း

- ခေါင်းပန်းလှန်၍ အနိုင်ရသော အသင်းသည် ပထပိုင်းတွင် မိမိနှစ်သက်ရာကွင်း ဘက်ခြမ်းနှင့် ဘောလုံးအား စတင်ကစားခြင်းတို့အနက် ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်သည်။
- အထက်ပါ အခြေအနေပေါ်မူတည်၍ အခြားအသင်းအနေဖြင့် ဘောလုံးအား စတင်ကစား ခြင်း နှင့် ပထမပိုင်းတွင် ကစားရမည် ကွင်းဘက်အခြမ်းကို ဆုံးဖြတ်နိုင်သည်။

- အသင်းတစ်သင်းမှ ပထမပိုင်းတွင် မိမိနှစ်သက်ရာ ကွင်းဘက်အခြမ်းကို ရွေးချယ်ခဲ့ပါက ဒုတိယပိုင်းတွင် ဘောလုံးကို စတင်ကစားရမည်။
- ဒုတိယပိုင်းတွင် အသင်းများအနေဖြင့် ကွင်းဘက်ခြမ်းကို ပြောင်းလဲကစားရမည်။
- ပထမပိုင်း ရပ်နားချိန်တွင် အသင်းတိုင်းသည် မိမိတို့ခုခံကစားရမည့် ကွင်းဘက်အခြမ်းသို့ ထိုင် ခုံပြောင်းလဲရမည်။
- ဂိုးသွင်းယူပြီးနောက်တွင် အခြားအသင်းမှ ကွင်းလယ်အမှတ်အသားတွင် ပြန်လည် စတင် ကစားရမည်။

ကွင်းလယ်အမှတ်အသားမှစတင်ကစားခြင်းတိုင်းအတွက် ---

- စတင်ကစားနေသူမှလွဲ၍ ကျန်ကစားသမားများ အားလုံးသည် မိမိကွင်းဘက်ခြမ်းတွင် သာ ရှိရမည်။
- ခုခံကစားမည့် အသင်းမှ ကစားသမားအားလုံးသည် ကစားမှုမြောက်သည်အထိ ဘောလုံးနှင့် (၃)မီတာ အကွာတွင် ရှိရမည်။
- ဘောလုံးကို ကွင်းလယ်အမှတ်အသားတွင် တည်ငြိမ်စွာထားရမည်။
- နည်းစနစ်ဧရိယာတွင် ရှိနေသော ဒိုင်လူကြီးမှ ဝီစီမှုတ်ဖြင့် အချက်ပြမှသာ စတင်ကစား ခြင်းကို ပြုလုပ်နိုင်သည်။
- ဘောလုံးကို ကန်လိုက်၍ သိသာထင်ရှားစွာ ရွေ့လျားသွားလျှင် ကစားမှုမြောက်သည်။
- **စတင်ကစားခြင်းမှ တစ်ဖက်ဂိုးအတွင်းသို့တိုက်ရိုက်ကန်သွင်း ဂိုးရယူနိုင်သည်။** အကယ်၍ စတင် ကစားခြင်းမှ ကန်သွင်းသူ၏ ဂိုးအတွင်းသို့ တိုက်ရိုက်ဂိုးဝင်သွားခဲ့လျှင် တစ်ဖက်အသင်းကို ထောင့်ကန်ဘောပေးရမည်။

## ပြစ်မှုများနှင့် အရေးယူမှုများ

စတင်ကစားသူသည် အခြားကစားသမားတစ်ဦး မထိကန်မီ ဘောလုံးအားထပ်မံထိကန်ကစား ခဲ့လျှင် တဖက်အသင်းကို တဆင့်အလွတ်တည်ကန်ဘော (သို့မဟုတ်) လက်ဖြင့်ထိကိုင်ခဲ့လျှင် တိုက်ရိုက် အလွတ်တည်ကန်ဘော ဖြင့် ပြန်လည် စတင်ကစားစေရမည်။

စတင်ကစားမှုတွင် လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ပါက စတင်ကစားခြင်းကို ပြန်လည်ပြုလုပ်ရမည်။

(၂) မြေချဘော

လုပ်ထုံးလုပ်နည်း

- ကစားမှုရပ်ဆိုင်းသည့်အချိန်ဘောလုံးရှိသည့်နေရာမှ သို့မဟုတ် ကစားသမားတစ်ဦး၊ ပြင်ပပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဒိုင်လူကြီးတစ်ဦးနောက်ဆုံးဘောလုံးထိမိခဲ့သည့် နေရာမှနေ၍၊ ၎င်းသည်ခံစစ်အသင်း၏ ပင်နယ်တီဧရိယာ အတွင်း၌ ဖြစ်ခဲ့ပြီး ဘောလုံးအားနောက်ဆုံးထိကန်ကစားခဲ့သောအသင်းမှာတိုက်စစ်ဆင်သည့်အသင်းဖြစ်သည်မှလွဲ၍ ဘောလုံး အားနောက် ဆုံးထိ ကန်ကစား ခဲ့သည့် အသင်း မှ ကစားသမား တစ်ဦးအားမြေချဘောပြုလုပ်ပေးရမည်။။၎င်းအခြေအနေတွင်တိုက်စစ်ဆင်သည့် အသင်းမှ ကစားသမားတစ်ဦးအား ကစားမှုရပ်ဆိုင်းခြင်း သို့မဟုတ် ကစားသမားတစ်ဦး ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတစ်ဦး နောက်ဆုံးဘောလုံးထိမိခဲ့သည့် နေရာနှင့် အနီးဆုံး ဘေးစည်းနှင့်စိတ်ကူးအရ မျဉ်းပြိုင်ဆွဲရာတွင်ဆုံမိသည့် ပင်နယ်တီ ဧရိယာ စည်းပေါ်မှ နေ၍မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

(အောက်ပုံတွင် ဖော်ပြထားသည့်အတိုင်း)



- အခြားကစားသမားများ (နှစ်သင်းစလုံးမှ) အားလုံး ကစားမှုမြောက်သည်အထိ ဘောလုံးနှင့် (၂)မီတာ အကွာတွင်ရှိရမည်။
- **ကစားကွင်းကြမ်းပြင်အား ဘောလုံးထိသည်နှင့် ကစားမှု ထမြောက်သည့်အတွက် မည်သည့် ကစားသမား ( မည်သည့်အသင်းမှ မဆို) ဘောလုံးကစားနိုင်သည်။**

**ပြစ်မှုများနှင့် အရေးယူမှုများ**

- ဘောလုံးအား မြေချဘော ထပ်မံ ပြုလုပ်ရမည်။
  - ဘောလုံးကွင်း ကြမ်းပြင်နှင့် မထိမီ ကစားသမားတစ်ဦးက ထိမိလျှင် – – –
  - ကစားကွင်းကြမ်းပြင်နှင့် ဘောလုံးထိမိပြီးနောက် ကစားသမားတစ်ဦးမှ မထိဘဲ ကစားကွင်း ပြင်ပ ထွက်ခွာသွားခဲ့လျှင်
- မြေချဘောပြုလုပ်ပြီးနောက် အနည်းဆုံး ကစားသမားနှစ်ဦးမထိပဲ ဂိုးထဲဝင်သွားခဲ့လျှင် – – –
  - တဖက်အသင်းဂိုးသို့ ဝင်သွားခဲ့လျှင် ဂိုးမှ ပြန်လည်စတင်စေရမည်။
  - မြေချဘောဖြင့် ပြန်လည်စတင်ကစားသူ၏ ဂိုးအတွင်းသို့ ဝင်သွားခဲ့လျှင် ပြိုင်ဘက်အသင်းကို ထောင့်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

သို့သော်လည်း မြေချဘောသည် အသင်း၏ ထိန်းချုပ်မှုထက် ကျော်လွန်သည့် အခြေအနေများကြောင့် အနည်းဆုံး ကစားသမားနှစ်ဦးကို မထိဘဲ ဂိုးပေါက်ထဲဝင်သွားပါက (ရာသီဥတု အခြေအနေ (သို့မဟုတ်)မှားယွင်းစွာ မြေချဘောပြုလုပ်ခြင်း) မြေချဘောကို ထပ်မံ ပြုလုပ်ရမည်။

# ဥပဒေ – ၉ – ဘောလုံးကစားခြင်း နှင့် ကစားမှု ရပ်ဆိုင်းခြင်း

### (၁) ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်း

ဘောလုံးကစားမှု ရပ်ဆိုင်းသွားသည့် အချိန်များမှာ --

- ဘောလုံး တစ်လုံးစာ လေထဲမှဖြစ်စေ၊ ကြမ်းပြင်မှ ဖြစ်စေ၊ ဂိုးစည်း(သို့မဟုတ်) ဘေးစည်း ကို ဖြတ်ကျော်သွားခဲ့လျှင်
- ကစားပွဲကို ဒိုင်လူကြီးမှ ရပ်ဆိုင်းခဲ့လျှင်
- ဘောလုံးမှ မျက်နှာကျက်အား ထိမှန်ခဲ့လျှင်

ဒိုင်လူကြီးအား ဘောလုံးထိမှန်ပြီးနောက် ဘောလုံးမှာ ကစားကွင်းအတွင်း ဆက်ရှိနေပြီး အောက်ပါ အခြေနေများနှင့် ကိုက်ညီနေလျှင်လည်း ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်း ဖြစ်သည်။

- တိုက်စစ်အခွင့်အရေးကောင်း စတင်ခဲ့လျှင် (သို့မဟုတ်)
- ဘောလုံးမှ ဂိုးထဲသို့ တိုက်ရိုက်ဝင်သွားခဲ့လျှင် (သို့မဟုတ်)
- ဘောလုံးပိုင်ဆိုင်မှု အသင်းပြောင်းလဲသွားခဲ့လျှင်

ဒိုင်လူကြီးအား ဘောလုံးထိမိပြီးနောက် အထက်ပါ အချက်တစ်ချက်နှင့် ကိုက်ညီလျှင် ဘောလုံး ကစား ပွဲအား ရပ်ဆိုင်း၍ မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

### (၂) ဘောလုံးကစားနေခြင်း

ဒိုင်လူကြီးအား ဘောလုံးထိမှန်ပြီးနောက် အခြားအချိန်များတွင် လည်းကောင်း၊ ဂိုးတိုင်၊ ဂိုးဘား တန်း များအား ဘောလုံးထိမိပြီးနောက် ကစားကွင်း အတွင်းသို့ ပြန်လည် စင်ထွက်လာပြီး ကစားကွင်း အတွင်း၌ ရှိနေခဲ့လျှင် ဘောလုံးကစားနေခြင်းဖြစ်သည်။

## (၃) မိုးလုံလေလုံကွင်း

အနိမ့်ဆုံးမျက်နှာကျက်အမြင့်ကို ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်ပေးရမည်။

ကစားနေစဉ်အတွင်း အကယ်၍ ဘောလုံးသည် မျက်နှာကျက်အား ထိမှန်ခဲ့လျှင် ဘောလုံးအား နောက်ဆုံးထိကန် ကစားခဲ့သည့် အသင်း၏ ပြိုင်ဘက်အသင်းအား ကန်သွင်းခြင်းဖြင့် ပြန်လည် ကစားစေရပါမည်။ဘောလုံးမျက်နှာကျက်အား ထိသည့်နေရာနှင့် အနီးဆုံး ကြမ်းပြင်ဘေးစည်း ပေါ်မှ နေ၍ကန်သွင်းခြင်းဖြင့် စတင်ကစားစေရပါမည်။

# ဥပဒေ – ၁၀ – ပြိုင်ပွဲ သွင်းဂိုး ရလဒ်ကို အဆုံးအဖြတ်ပေးခြင်း

## (၁) ဂိုးဝင်ခြင်း

ဂိုးတိုင်နှစ်တိုင်ကြား ဂိုးဘားတန်းအောက်ရှိ ဂိုးစည်းပေါ်မှ ဘောလုံးတစ်လုံးလုံး ဖြတ်ကျော်သွား သည့်အခါတွင် ဂိုးသွင်းယူသည့် အသင်းမှ မည့်သည့် အပြစ်မျိုးမှ မကျူးလွန်ခဲ့ပါက ဂိုးဝင်ခြင်း ဖြစ်သည်။

ခံစစ်ကစားသမားတစ်ဦး (ဂိုးသမားအပါအဝင်) ကြောင့် မတော်တဆဖြစ်စေ၊ တမင်တကာဖြစ်စေ ဂိုးတိုင်ရွှေ့လျားခြင်း (သို့မဟုတ်) မှောက်သွားခဲ့ပါက ဒိုင်လူကြီးများက ဘောလုံးသည် ဂိုးစည်းကို ကျော်သွားကြောင်း အတည်ပြုပြီး ဂိုးတိုင်၏ ပုံမှန် အနေ

အထားကြားမှ ဂိုးဝင်သွားခဲ့ပါက (ဥပဒေ–၁ တွင် ဖော်ပြထားသည့် အတိုင်း) ဂိုးပေး ရမည်။ အကယ်၍ ဂိုးအားတမင်တကာ ရွှေ့လျားခြင်း (သို့မဟုတ်) မှောက်အောင် ပြုလုပ်ပါက ကျူးလွန်သည့် ကစားသမားအား အဝါကတ်ပြရမည်။

ဂိုးသမား အပါအဝင် တိုက်စစ်ကစားသမား တစ်ဦးသည် ဂိုးကို ရွှေ့ခြင်း (သို့မဟုတ်) မှောက်အောင် ပြုလုပ်ပါက ဒိုင်လူကြီးများက ဂိုးအား ခွင့်မပြုပါ။ အကယ်၍ တမင်တကာ ပြုလုပ်ပါက ကစားသမားကို အဝါကတ်ပြသရမည်။

ဂိုးသမားသည် ပြိုင်ဘက်အသင်း ဂိုးပေါက်ထဲသို့ ဘောလုံးကို တိုက်ရိုက် ပစ်လွှတ်ပါက လူငယ်၊ မသန်စွမ်းနှင့် အခြေခံအဆင့်ဖူဆယ်ပြိုင်ပွဲများတွင် ဘောလုံးကို ကွင်းလယ်စည်း ကျော်လွန် အောင်ပစ်လွှတ်ခြင်းအား ပြည်တွင်းစည်းမျဉ်းစည်းကမ်းများမှ လွဲ၍ ဂိုးမှ ပြန်လည် စတင်ကစားစေရမည်။ ထိုအခြေအနေတွင် ဘောလုံးသည် ကွင်းလယ်စည်းကို ဖြတ်ကျော်သွား သည့်နေရာမှ ပြိုင်ဘက်အသင်းကို တဆင့်အလွတ်တည်ကန်ဘော ပေးရမည်။

## ဂိုးမဝင်ခြင်း

ဘောလုံးသည် ဂိုးစည်းပေါ်မှ လုံးလုံးလျားလျား မကျော်မီ (ဂိုးတိုင်နှစ်တိုင်ကြား ဥပဒေ–၁ တွင် ဖော်ပြထားသည့် အတိုင်း) ဒိုင်လူကြီးတစ်ဦးမှ အချက်ပြသပြီး ရုတ်တရက် ချက်ချင်း သူ၏ အမှားကို သိရှိပါက ကစားမှုအား မြေချဘောဖြင့် ပြန်လည်စတင်ကစားရမည်။

## (၂) အနိုင်ရသော အသင်း

ပြိုင်ပွဲတစ်ခုအတွင်း ဂိုးအရေအတွက် ပိုများသောအသင်းသည် အနိုင်ရသော အသင်းဖြစ် သည်။ နှစ်သင်းစလုံး ဂိုးအရေအတွက် တူညီပါက၊ ဂိုးမသွင်းယူနိုင်ပါက သရေကျသော ပွဲဖြစ်သည်။

ပြိုင်ပွဲစည်းမျဉ်းများသည် သရေကျသည့် ပွဲပြီးနောက် (သို့မဟုတ်) အိမ်ကွင်း၊ အဝေးကွင်း ပွဲစဉ်အပြီးတွင် အနိုင်ရသည့် အသင်းရှိရန် လိုအပ်သောအခါ အနိုင်ရသော အသင်းကို ဆုံးဖြတ်ရန် တစ်ခုတည်းသော ခွင့်ပြုထားသော လုပ်ထုံးလုပ်နည်းများမှာ –

- အဝေးဂိုးစည်းမျဉ်း
- တစ်ပိုင်းလျှင် (၁၅)မိနစ်ထက် မပိုသော တူညီသည့် ကစားချိန် နှစ်ပိုင်း။ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများသည် အချိန်ပိုကာလ နှစ်ခု၏ ကြာမြင့်ချိန်ကို သတ်မှတ်ပေးရမည်။
- ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း။

အထက်ပါ လုပ်ထုံးလုပ်နည်းများကို ပေါင်းစပ် အသုံးပြုနိုင်သည်။

## (၃) ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း

ပြိုင်ပွဲပြီးဆုံးပြီးနောက် ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း ဖြစ်ပြီး အခြားနည်းဖြင့် ဖော်ပြထားခြင်း မရှိပါက သက်ဆိုင်ရာ ဖူဆယ် ဥပဒေများကို လိုက်နာရမည် ဖြစ်သည်။

ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်းသည် ပွဲ၏ အစိတ်အပိုင်းမဟုတ်ပါ။

**<u>ကစားနေစဉ် အတွင်း ထုတ်ပယ်ခံရသော ကစားသမားသည်ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်းတွင် ပါဝင်ခွင့် ရရှိမည်မဟုတ်ပေ။ ကစားနေစဉ်အတွင်း နှုတ်ဖြင့် သတိပေးခံရခြင်း၊ အဝါကတ် ပြသ ခံရ ခြင်းပြစ်ဒဏ်များအား ပင်နယ်တီအမှတ်အသားမှ ကန်သွင်းခြင်းသို့ ဆက်လက်အရေးယူရန်သယ်ဆောင်သွားမည် မဟုတ်ပေ။</u>**

## လုပ်ထုံးလုပ်နည်း

ပင်နယ်တီ စတင်ချိန်မှ မကန်မီ

- အခြားထည့်သွင်းစဉ်းစားစရာများ (ဥပမာ – ကွင်းအခြေအနေ၊ လုံခြုံရေး၊ ကင်မရာ နေရာချထားမှု) သို့မဟုတ် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ထားခြင်း မရှိပါက ဒိုင်လူကြီးသည် ကန်ရမည့် ဂိုးကို ခေါင်းပန်းလှန် ဆုံးဖြတ်ရမည်။
- ဒိုင်လူကြီးသည် ခေါင်းပန်လှန်ပြီး အနိုင်ရရှိသည့် အသင်းမှ ပထမ အကြိမ် (သို့မဟုတ်) ဒုတိယ အကြိမ်ကန်သွင်းခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရမည်။
- ပွဲချိန် (သို့မဟုတ်) အချိန်ပိုတွင် ဒဏ်ရာရ (သို့မဟုတ်) ထုတ်ပယ်ခံရသည့် ကစား သမားမှ လွဲ၍ ကစားသမားများနှင့် အရံကစားသမားအားလုံးသည် ပင်နယ်တီ ကန်သွင်း ကစားနိုင်သည်။
- အသင်းတိုင်းသည် အရည်အချင်းပြည့်မီသော ကစားသမားများကို ရွေးချယ်နိုင်ပြီး ဒိုင်လူကြီးများကို အသိပေးရန် မလိုအပ်ပါ။
- ပွဲပြီးဆုံးချိန် (သို့မဟုတ်) အချိန်ပို ပြီးဆုံးချိန် ပင်နယ်တီ မစတင်မီတွင် အသင်း တစ်သင်း တွင် ၎င်း၏ ပြိုင်ဘက်အသင်းထက် ကစားသမားအရေအတွက် ပိုများ နေပါက ၎င်း အသင်း၏ ကစားသမားအရေအတွက်ကို ပြိုင်ဘက် အသင်း၏ ကစားသမား အရေအတွက်နှင့် တူညီအောင် လျှော့ချ ရွေးချယ်နိုင်သည်။ ၎င်း၏ ပြိုင်ဘက်များနှင့် ဒိုင်လူကြီးများကို ချန်လှပ်ထားသည့် ကစားသမား တစ်ဦးစီ၏ အမည်နှင့် ကျောနံပါတ်ကို အသိပေးအကြောင်းကြားရမည်။ ဖယ်ထုတ်ထားသော ကစားသမားသည် ပင်နယ်တီ ကန်သွင်းမှုတွင် ပါဝင်၍ မရပါ။ (အောက်တွင် ဖော်ပြထားသည်မှ လွဲ၍)
- မကန်မီနှင့် ကန်သွင်းနေစဉ်အတွင်း ဆက်လက်မကစားနိုင်သော ဂိုးသမား တစ်ဦးအား ကစားသမားအရေအတွက် ညီမျှစေရန် ဖယ်ထုတ်ပစ်သော ကစားသမား (သို့မဟုတ်) အရံကစားသမားအား အစားထိုးနိုင်သော်လည်း အစားထိုးခံရသော ဂိုးသမားသည် နောက်ထပ်ပါဝင်၍ ကန်သွင်းခွင့် မရှိပါ။

- အကယ်၍ အစားထိုးခံရသော ဂိုးသမားသည် ပင်နယ်တီ ကန်သွင်းထားပြီးပါက အစားထိုးဝင်ရောက်လာသည့် ဂိုးသမားသည် နောက်အချီအထိ ကန်သွင်းခြင်း ပြုလုပ်နိုင်မည် မဟုတ်ပါ။

ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းနေစဉ် ကာလအတွင်း

- ကန်သွင်းမည့် ကစားသမားများ၊ ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲ တာဝန်ရှိသူများ သာ ကစားကွင်းအတွင်းရှိရမည်။
- ကန်သွင်းမည့် ကစားသမားနှင့် ဂိုးသမားနှစ်ဦးမှ လွဲ၍ ကန်သွင်းရန် ရွေးချယ်ထား သည့် ကျန်ကစားသမားအားလုံးသည် ကွင်းလယ်စက်ဝိုင်း (သို့မဟုတ်) ကွင်းလယ် စည်းနောက် တွင်ရှိရမည်။
- ကန်သွင်းသူအသင်းမှ ဂိုးသမားသည် ကစားကွင်းအတွင်း ပင်နယ်တီဧရိယာ အ ပြင်ဘက်ခန့်မှန်းခြေအားဖြင့်သော် လည်းကောင်း၊ ပင်နယ်တီ အမှတ်မှ အနည်း ဆုံး (၅) မီတာ အကွာ ကွင်း၏ တစ်ဖက်ခြမ်းရှိ အရံကစားသမား ခုံတန်းနှင့် ဒုတိ ယ ဒိုင်လူကြီး ဘက်တွင် ရှိရမည်။
- ကန်သွင်းသူသည် ဂိုးသမားနှင့် နေရာပြောင်းလဲ ကစားနိုင်သည်။
- ဘောလုံးရွေ့လျားမှု ရပ်ဆိုင်းသွားလျှင်၊ ကစားခြင်းမှ ထွက်သွားသောအခါ (သို့မ ဟုတ်) ပြစ်မှု တစ်ခုအတွက် ဒိုင်လူကြီးများမှ ဒိုင်လူကြီးများမှ ကစားပွဲကို ရပ်ဆိုင်း လိုက်သည့် အခါတွင် ပင်နယ်တီ ကန်သွင်းခြင်း ပြီးမြောက်ပြည့်စုံသည်။ ကန်သွင်း သူမှ ဘောလုံးအား ထပ်မံထိကန် ကစားခွင့်မရှိ။
- ဒိုင်လူကြီးများသည် ကန်သွင်းမှုများကို မှတ်တမ်းတင်ထားရမည်။
- **<u>အကယ်၍ဂိုးသမားမှ ပြစ်မှုကျူးလွန်၍ ရလဒ်အရ ပင်နယ်တီပြန်ကန်ရလျှင် ပထမအကြိမ်ပြစ်မှုအတွက်ဂိုးသမားအား နှုတ်ဖြင့် သတိပေးရမည်ဖြစ်ပြီး နောက် ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။</u>**

- **<u>ဒိုင်လူကြီးများမှ ကန်သွင်းရန် အချက်ပြသပြီးနောက် ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုအတွက် ကန်သွင်းသူသည် ပြစ်ဒဏ်ပေးခံရပါက ကန်သွင်းမှုလွဲချော်သည် ဟု သတ်မှတ်ပြီး ကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်။</u>**
- **<u>အကယ်၍ ဂိုးသမားနှင့် ကန်သွင်းသူ နှစ်ဦးစလုံးသည် တစ်ချိန်တည်းတွင် ပြစ်မှုကျူးလွန်ပါက ကန်သွင်းမှုအား လွဲချော်သည်ဟု သတ်မှတ်ပြီး ယင်းကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်။</u>**
- အကယ်၍ ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းနေစဉ်အတွင်း အသင်းတစ်သင်း၏ ကစားသမားအရေအတွက် လျော့နည်းသွားပါက ကစားသမားပိုများနေသော အသင်း သည် ကစားသမားအရေအတွက် တူညီအောင် လျှော့ချမှုအား ရွေးချယ်နိုင်ပြီး ဖယ်ထုတ် လိုက်သော ကစားသမားတစ်ဦးစီ၏ အမည်နှင့် ကျောနံ ပါတ်များကို ဒိုင်လူကြီးများကို အသိပေးရမည်။ ဖယ်ထုတ်ခံရသော ကစားသမား သည် ကန်သွင်းမှုကို နောက်ထပ် ပါဝင်ခွင့် မရှိပါ။ (အထက်တွင် ဖော်ပြထားသည် မှ လွဲ၍)

**အောက်တွင် ဖော်ပြထားသော အခြေအနေများနှင့် ကိုက်ညီပါက နှစ်သင်းစလုံးသည် (၅)ကြိမ် ကန်သွင်းကြသည်။**

- ကန်သွင်းမှုများကို အလှည့်ကျ ပြုလုပ်ရမည်။
- ကန်သွင်းမှု တစ်ခုစီကို မတူညီသော ကစားသမားတစ်ဦးမှ ကန်သွင်းပြီး ကန်သွင်း ရန် ရွေးချယ်ထားသူအားလုံး ဒုတိယ အကြိမ် မကန်မီ ကန်သွင်းကစားရမည်။
- အထက်ဖော်ပြပါ နိယာမသည် နောက်ဆက်တွဲ ကန်သွင်းမှု အပိုင်းအတွက် ဆက်လက် လုပ်ဆောင်နေသော်လည်း အသင်းတစ်သင်းသည် ကန်သွင်းသည့် အစီအစဉ်ကို ပြောင်းလဲနိုင်သည်။
- အကယ်၍ နှစ်သင်းစလုံးက (၅) ကြိမ်ကန်သွင်းခြင်းမပြုမီတွင် တစ်သင်းက အခြား တစ်သင်း ဂိုးသွင်းနိုင်သည်ထက် ဂိုးများ ပိုမိုသွင်းယူနိုင်ခဲ့ပါက (၅) ကြိမ်ကန်သွင်းခြင်း ပြီးပါက နောက်ထပ်ကန်သွင်းခွင့် မရှိတော့ပါ။

- နှစ်သင်းစလုံးက (၅) ကြိမ် ကန်ပြီးနောက် ဂိုးအရေအတွက် တူညီနေပါက အသင်းတစ်သင်းမှ အခြားတစ်သင်းထက် တစ်ဂိုးပိုမို သွင်းယူနိုင်သည် အထိ ကန်သွင်း ကစားစေရမည်။
- ကစားကွင်းအတွင်းမှ ထွက်သည့် ကစားသမားအတွက် နှောင့်နှေးကြန့်ကြာမှု မဖြစ်စေရ။ ဘောလုံးကစားဖို့ အချိန်မီ ပြန်မလာနိုင်လျှင် ကန်သွင်းမှု ဆုံးရှုံးရမည်။

**(၄) အဝေးဂိုး**

ပြိုင်ပွဲစည်းမျဉ်းများသည် အသင်းများ အချင်းချင်း အိမ်ကွင်း၊ အဝေးကွင်း၊ ကစားသည့်နေရာ၊ ဒုတိယပွဲအပြီးတွင် စုစုပေါင်းရမှတ်တူညီနေပါက ပြိုင်ဘက် အသင်း၏ ကွင်းတွင် သွင်းယူသည့် ဂိုးများကို နှစ်ဆစီ ထည့်သွင်းတွက်ချက်မည် ဖြစ်သည်။

# ဥပဒေ – ၁၁ – လူကျွံ

**ဖူဆယ်အားကစားနည်းတွင် လူကျွံမရှိပါ။**

# ဥပဒေ – ၁၂ – ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ် အမူအယာများ

ဘောလုံးကစားနေချိန်တွင်သာ ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တိုက်ရိုက် အလွတ်တည် ကန်ဘော၊ တဆင့်အလွတ်တည်ကန်ဘောနှင့် ပင်နယ်တီ ကန်သွင်းခြင်းများကို သတ်မှတ် ပေးနိုင်သည်။

## (၁) တိုက်ရိုက်အလွတ်တည်ကန်ဘော

သတိမမူခြင်း၊ မဆင်မခြင်ပြုလုပ်ခြင်း သို့မဟုတ် လိုအပ်သည့် အင်အားထက် ပိုမိုသုံးစွဲခြင်းဟု သတ်မှတ်သည့် ပုံစံဖြင့် ကစားသမားတစ်ဦးမှ ပြိုင်ဘက်ကို အောက်ဖော်ပြပါ ပြစ်မှု တစ်ခုခုကျူးလွန်ပါက ဒိုင်လူကြီးတစ်ဦးမှ တိုက်ရိုက်အလွတ်တည် ကန်ဘောသတ်မှတ်ပေးရမည်။

- တိုက်ခိုက်ခြင်း
- ခုန်ဝင်ခြင်း
- ကန်ခြင်း သို့မဟုတ် ကန်ရန်ကြိုးစားခြင်း
- တွန်းခြင်း
- ထိုးခြင်း/ ရိုက်ခြင်း သို့မဟုတ် ထိုး/ ရိုက်ရန် ကြိုးစားခြင်း (ခေါင်းဖြင့်တိုက်ခြင်း အပါ အဝင်)
- လုယူခြင်း သို့မဟုတ် ဖျက်ထုတ်ခြင်း
- လဲကျစေခြင်း သို့မဟုတ် လဲကျစေရန် ကြိုးစားခြင်း

ပြစ်မှုတစ်ခုတွင် ကိုယ်ခန္ဓာထိခိုက်မှု ရှိပါက ၎င်းကို တိုက်ရိုက်အလွတ်ကန်ဘော သို့မ ဟုတ် ပင်နယ်တီ ကန်သွင်းမှုဖြင့် ပြစ်ဒဏ်ပေးရမည်။

- "သတိမမူခြင်း"သည် ကစားသမားတစ်ဦးသည် စိန်ခေါ်မှုတစ်ခုပြုလုပ်သည့်အခါ သို့မဟုတ် ကြိုတင်ကာကွယ်မှု မရှိခဲ့ဘဲ ပြုမူသည့် အခါတွင် အာရုံစူးစိုက်မှု ကင်းမဲ့ သော သို့မဟုတ် ထည့်သွင်းစဉ်းစားမှုကင်းမဲ့သည့် အခါဖြစ်သည်။ စည်းကမ်းပိုင်း ဆိုင် ရာ အရေးယူမှုပြုလုပ်ရန်မလိုပေ။

- "မဆင်မခြင်ပြုလုပ်ခြင်း" ဆိုသည်မှာ ကစားသမားသည် ပြိုင်ဘက်၏ အန္တရာယ် သို့မဟုတ် နောက်ဆက်တွဲများကို ဂရုမစိုက်ဘဲ ပြုမူသော အခါ အဝါကတ်ပြသ ရမည်။
- "လိုအပ်သည့် အင်အားထက်ပိုမိုသုံးစွဲခြင်း" သည် ကစားသမားတစ်ဦးသည် လိုအပ်သော အင်အားကို ကျော်လွန်အသုံးပြုခြင်း သို့မဟုတ် ပြိုင်ဘက်၏ ဘေးကင်းမှုကို အန္တရာယ် ဖြစ်စေလျှင် အနီကတ်ပြထုတ်ပယ်ရမည်။

**ကစားသမားတစ်ဦးသည် အောက်ဖော်ပြပါ ပြစ်မှု တစ်ခုခုကို ကျူးလွန်ခဲ့ပါကလည်း တိုက်ရိုက် အလွတ် တည်ကန်ဘောပေးရမည်- - - -**

- လက်ထိဘော (ဂိုးသမား မိမိပိုင် ပင်နယ်တီဧရိယာ အတွင်းမှ လွဲ၍)
- တစ်ဖက်ကစားသမားအား ဆွဲဖက်ထားခြင်း
- **အသင်းလူစာရင်းပါဝင်သူတစ်ဦးဦး သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူ တစ်ဦးအား ကိုက်ခြင်း သို့မဟုတ် တံတွေးဖြင့် ထွေးခြင်း**
- **ဘောလုံး၊ ပြိုင်ဘက်ကစားသမား သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးအား အရာဝတ္ထု တစ်ခုဖြင့် ပစ်ခြင်း၊ ကန်ခြင်း၊ ဘောလုံးအားလက်ထဲဆုပ်ကိုင်ထားသော အရာဝတ္ထုတစ်ခုဖြင့် ထိတွေ့ခြင်း သို့မဟုတ်  ဂိုးကို တမင်တကာ ရည်ရွယ်ချက်ဖြင့် ရွှေ့လျားစေပြီး ဂိုးနှင့် ဘောလုံးနှင့်ထိမိခြင်း**

ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုအားလုံးကို စုပေါင်းပြစ်မှုများအဖြစ် ရေတွက် သတ်မှတ်မည်။

## လက်ထိဘော

လက်ထိဘောပြစ်မှုများ ဆုံးဖြတ်ရန်အတွက် လက်မောင်း၏ အပေါ်ပိုင်းနယ်နမိတ်သည် ချိုင်းကြားအောက်ခြေနှင့် ညီမျှသည်။




<u>ဘောလုံးနှင့် ကစားသမား၏ လက်/ လက်မောင်း ထိတွေ့မှု တိုင်းသည် လက်ထိဘော ပြစ်မှု မဟုတ်ပါ။</u>

<u>လက်ထိဘောပြစ်မှုမြောက်သည် အကယ်၍ ကစားသမားသည် –</u>

- <u>၎င်းတို့၏ လက်/ လက်မောင်းဖြင့် ဘောလုံးအားတမင်တကာ ထိကိုင်ခဲ့လျှင် ဥပမာ– လက်/လက်မောင်းကို ဘောလုံးဆီသို့ ရွေ့လျားသွားလျှင်</u>
- <u>၎င်းတို့၏ခန္ဓာကိုယ်အား သဘာဝမကျကြီးမားအောင်ပြုလုပ်ပြီး ၎င်းတို့၏လက်/ လက်မောင်းဖြင့် ဘောလုံးအားထိ ခြင်း။ ၎င်းတို့၏ လက်/ လက်မောင်း အနေအထားသည် ထိုအခြေအနေအတွက် ကစားသမား၏ခန္ဓာကိုယ် လှုပ်ရှားမှုကြောင့် သို့မဟုတ် တရားမျှတမှု၏ အကျိုးဆက် မဟုတ်ပါက ကစားသမားတစ်ဦး သည်ခန္ဓာကိုယ် သဘာဝမကျ ကြီးမားအောင်ပြုလုပ်သည်ဟု ယူဆပါသည်။ ယင်းအနေအထားတွင်၎င်းတို့၏ လက်/ လက်မောင်း ကိုထားရှိခြင်းဖြင့် ကစား သမားသည်၎င်းတို့၏ လက်/ လက်မောင်းများကို ဘောလုံးထိမှန်ခဲ့လျှင် ပြစ်ဒဏ် ပေးခြင်း ခံရမည်။</u>

- <u>ပြိုင်ဘက်အသင်းသို့ ဂိုးသွင်းယူလျှင်–</u>

- **ဂိုးသမား အပါအဝင် ၎င်းတို့၏ လက်/ လက်မောင်းဖြင့် တိုက်ရိုက် ဂိုးသွင်းယူခဲ့လျှင် (မတော်တဆ ဆိုလျှင်တောင်)**
- **ဘောလုံးအား၎င်းတို့၏ လက်/လက်မောင်း အစိတ်အပိုင်းဖြင့် ထိမိပြီးနောက် ရုတ်တရက် ချက်ချင်းဂိုးသွင်းယူခဲ့လျှင် မတော်တဆ ဆိုလျှင်တောင်)**

**အကယ်၍ ကစားသမားတစ်ဦးသည်၎င်းတို့၏ လက်/ လက်မောင်းကို မတော်တဆ ဘော လုံး ထိမိပြီးနောက် ရုတ်တရက် ချက်ချင်း ဂိုးမသွင်းပါက လက်/လက်မောင်းသည် ကစားသမား ၏ ခန္ဓာ ကိုယ်ကို သဘာဝမကျ ကြီးမားအောင်ပြုလုပ်ထားခြင်း မရှိလျှင် ဆက်လက်ကစားသင့် သည်။**

ဂိုးသမားသည် ပင်နယ်တီ ဧရိယာအပြင်ဘက်တွင် ဘောလုံးအား ထိကိုင် ကစား ခြင်း အတွက် အခြားကစားများကဲ့သို့ တူညီသော ကန့်သတ်ချက်များရှိသည်။ အကယ်၍ ဂိုးသမားသည် ၎င်း၏ ပင်နယ်တီဧရိယာအတွင်း ဘောလုံးအား ဥပဒေပ ထိ ကိုင်ကစားခဲ့ပါက တစ်ဆင့်အလွတ်တည်ကန်ဘော သတ်မှတ်ပေးရမည် ဖြစ်ပြီး ဂိုးသမားကို စည်းကမ်းပိုင်းဆိုင်ရာ အပြစ်ပေး အရေးယူခြင်း မပြုလုပ်ရပါ။

## (၂) တဆင့် အလွတ်တည်ကန်ဘော

တဆင့် အလွတ်တည်ကန်ဘောအဖြစ် သတ်မှတ်မည်၊ အကယ်၍ ကစားသမားတစ်ဦးသည် --

- အန္တရာယ်ဖြစ်နိုင်သော ပုံစံဖြင့် ကစားခြင်း (အောက်ပါသတ်မှတ်ထားသည့် အတိုင်း)
- ခန္ဓကိုယ်ခြင်း ထိတွေ့မှုမရှိဘဲ တဖက် ကစားသမား၏ တိုးတက်မှုအား အဟန့်အတား ဖြစ်စေခြင်း။
- သဘောထားကွဲလွဲမှု၊ ပုတ်ခတ်စော်ကားသော၊ ရိုင်းစိုင်းသော ဘာသာစကား သို့မ ဟုတ် အမူအရာ သို့မဟုတ် အခြားသော နှုတ်ဖြင့် ပြစ်မှုကျူးလွန်လျှင်

- ဂိုးသမားသည် ဘောလုံးကို လွှတ်ထုတ်ခြင်း သို့မဟုတ် ပစ်လွှတ်ခြင်း လုပ်ငန်းစဉ်တွင် ဂိုးသမားက လက်မှ ဘောလုံးကို လွှတ်ထုတ်ခြင်း သို့မဟုတ် ပစ်လွှတ်ခြင်း သို့မဟုတ် ကန်ရန်ကြိုးစားခြင်းကို တားဆီးခြင်း
- **<u>ဥပဒေ အခြေအနေအရ ဘောလုံးကို ဦးခေါင်း၊ ရင်ဘတ်၊ ဒူးခေါင်း စသည်တို့ဖြင့် ဂိုးသမားထံသို့ တမင်တကာ ရည်ရွယ်ချက်ဖြင့် လှည့်စား ပေးပို့ခဲ့ပြီး (အလွတ်တည် ကန်ဘော အပါအဝင်) ထိုဘောလုံးအားဂိုးသမားမှ ၎င်း၏လက်ဖြင့် ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ ဂိုးသမားသည် တမင်တကာလှည့်ကွက်ကို အစပြုဆောင်ရွက်သည့် အတွက် တာ ဝန် ရှိလျှင် အပြစ်ပေးခြင်းခံရမည်။</u>**
- ဖူဆယ်ဥပဒေတွင် ဖော်ပြထားခြင်း မရှိသော အခြားပြစ်မှု တစ်ခုခုကို ကစားသမား တစ်ဦးကို သတိပေးရန် (အဝါကတ်)၊ ထုတ်ပယ်ရန် (အနီကတ်) ကစားပွဲရပ်ဆိုင်းခြင်း

ဂိုးသမားတစ်ဦးသည် အောက်ဖော်ပြပါပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပါက တဆင့်အလွတ်တည် ကန်ဘော သတ်မှတ်ပေးရမည်။

- ဘောလုံးကို မိမိပိုင် ကွင်းဘက်ခြမ်းတွင် လက်/လက်မောင်း သို့မဟုတ် ခြေထောက်ဖြင့် (၄) စက္ကန့်ထက်ပို၍ ထိန်းသိမ်းထားခြင်း
- ဘောလုံးအား ကစားပြီးနောက် ကစားကွင်းမည်သည့်နေရာ၌ပင်ဖြစ်စေ အသင်းဖော်က ပြိုင်ဘက် ကစားသမားနှင့် မထိသေးဘဲ ဘောလုံးအား ဂိုးသမားထံပြန်ပေးကစား၍ ဂိုးသမားက ဘောလုံးအား မိမိကွင်းဘက်ခြမ်းတွင် ထပ်မံထိကန် ကစားခဲ့လျှင်
- **<u>မိမိအသင်းဖော်မှ တမင်တကာ ရည်ရွယ်ချက်ဖြင့် ကန်လိုက်သောဘောလုံးအား ဂိုးသမားမှ မိမိပိုင် ပင်နယ်တီ ဧရိယာအတွင်း လက် သို့မဟုတ် လက်မောင်းဖြင့် ထိကိုင်ခြင်း( ကန်သွင်းခြင်းအပါအဝင်)</u>**
- လူငယ်၊ သက်ကြီး၊ မသန်စွမ်းနှင့် အခြေခံအဆင့် လူငယ်ပြိုင်ပွဲများအတွက် ပြည်တွင်း စည်းမျဉ်းများဖြင့် တားမြစ်ထားသော နေရာတွင် ဘောလုံးကို

ကွင်းလယ် စည်းကျော် အောင် ပစ်လွတ်ခြင်း (ဘောလုံးကို ကွင်းလယ်စည်းကို ဖြတ်ကျော် သွားသည့် နေရာမှ တဆင့် အလွတ်တည်ကန်ဘောဖြင့် စတင်ရမည်။)

ဂိုးသမားတစ်ဦးသည် ဘောလုံးကို ထိန်းချုပ်ထားသည်ဟု ယူဆရာတွင် - - -

- ဘောလုံးသည် လက်များကြား သို့မဟုတ် လက်နှင့် မည်သည့် မျက်နှာပြင် (ဥပမာ - ကစားကွင်း၊ မိမိ ခန္ဓာကိုယ်) သို့မဟုတ် ဘောလုံးကို လက် သို့မဟုတ် လက်မောင်း အစိတ် အပိုင်းဖြင့် ထိသည့်အခါ
- ဘောလုံးအား ဆန့်တန်းထားသော လက်ဖြင့် ကိုင်ထားသော အခါ
- ကစားကွင်းကြမ်းပြင်မှ ခုန်နေလျှင် သို့မဟုတ် လေထဲသို့ ပစ်ထုတ်လျှင်

**အန္တရာယ်ဖြစ်စေနိုင်သော ပုံစံဖြင့် ကစားခြင်း**

အန္တရာယ်ဖြစ်စေနိုင်သော ပုံစံဖြင့် ကစားရာတွင် (၎င်းကစားသမားများအပါအဝင်) တစ်စုံတစ်ဦး အား ထိခိုက်ဒဏ်ရာရစေမည့် အန္တရာယ်ရှိသော ပုံစံဖြင့် ကစားခြင်းဖြစ်ပြီး အနီးအ နားရှိ ပြိုင်ဘက်ကို ထိခိုက်ဒဏ်ရာ ရမှာကြောက်သောကြောင့် ဘောလုံး ကစားနိုင်မှု တားဆီးခြင်းပါဝင်သည်။

ကတ်ကြေးပုံစံ သို့မဟုတ် စက်ဘီးစီးပုံစံ ကန်ခြင်းကို ပြိုင်ဘက်အား အန္တရာယ် မဖြစ်စေနိုင်ပါက ခွင့်ပြုထားသည်။

**ခန္ဓာကိုယ်ခြင်း ထိတွေ့မှုမရှိဘဲ တဖက် ကစားသမား၏ တိုးတက်မှုအား အဟန့်အတား ဖြစ်စေခြင်း**

ပြိုင်ဘက်ကစားသမား၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း ဆိုသည်မှာ ဘောလုံး သည် ကစားသမားကစားသမားတစ်ဦးဦး၏ ကစားသည့် အကွာအဝေးတွင် မရှိသည့် အခါတွင် ပြိုင်ဘက်၏ လမ်းကြောင်းကို အနှောင့် အယှက် ဖြစ်စေရန်၊ ပိတ်ဆို့ရန်၊ နှေးကွေးရန် သို့မဟုတ် လမ်းကြောင်းပြောင်းရန် ပြုလုပ်ခြင်းဖြစ်သည်။

ကစားသမားတိုင်းသည် ကွင်းထဲတွင် ၎င်းတို့၏ အနေအထားကို ရပိုင်ခွင့်ရှိသည်။ ပြိုင်ဘက်၏ လမ်းကြောင်းကို လိုက်နေခြင်းသည် ပြိုင်ဘက်၏ လမ်းကြောင်းနှင့် မတူပါ။

ဘောလုံးသည် ကစားနိုင်သည့် အကွာအဝေးတွင် ရှိနေပြီး ပြိုင်ဘက်သည် လက် သို့မဟုတ် ခန္ဓာကိုယ်ကို မဆုပ်ကိုင်ထားပါက ပြိုင်ဘက်နှင့် ဘောလုံးကြားနေရာ ရယူ၍ ဘောလုံး အား ကာ၍ ကစားနိုင်သည်။ ဘောလုံးသည် ကစားနိုင်သည့် အကွာအဝေးတွင် ရှိနေပါက ကစားသမားအား ပြိုင်ဘက်မှ မျှမျှတတ ယှဉ်ပြိုင်ကစားနိုင်သည်။

## ပြိုင်ဘက်ကို ပိတ်ဆို့ခြင်း

ပြိုင်ဘက်ကို ပိတ်ဆို့တားဆီးခြင်းအား ဖူဆယ်ကစားနည်းတွင် တရာဝင်နည်းဗျူဟာ ဟု ယူဆနိုင်သည်။ ကစားသမားသည် ထိတွေ့မှုတိုင်းတွင် ပြိုင်ဘက်ကို ပိတ်ဆို့ထားပြီး ပြိုင်ဘက် လမ်းကြောင်းသို့ ရွေ့လျားခြင်း သို့မဟုတ် ခန္ဓကိုယ်အား ချဲ့ကားခြင်းဖြင့် တမင် တကာ ထိတွေ့မှု မဖြစ်စေသရွေ့၊ ပြိုင်ဘက်မှ ပိတ်ဆို့မှုကို ရှောင်ဖို့ အခွင့်ရှိ သည်။ ဘောလုံး ကိုရနိုင်သော မရနိုင်သောပြိုင်ဘက်ကို ပိတ်ဆို့ခြင်းအား လုပ်ဆောင်နိုင်သည်။

## (၃) စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း

ဒိုင်လူကြီးများသည် ပွဲအကြိုစစ်ဆေးခြင်းအတွက် ကွင်းအတွင်း ဝင်ရောက်ခြင်းမှ (ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း အပါအဝင်) ပွဲပြီးဆုံးချိန် ကွင်းမှ ထွက်ခွာ သည် အထိ စည်းကမ်း ပိုင်းဆိုင်ရာ အရေးယူပိုင်ခွင့် ရှိသည်။

အကယ်၍ ပြိုင်ပွဲ စတင်ရန်အတွက် ကစားကွင်းအတွင်း မဝင်မီ ကစားသမား သို့မဟုတ် အသင်း တာဝန်ရှိသူ တစ်ဦးဦးမှ ထုတ်ပယ်ခံရမည့် ပြစ်မှု ကျူးလွန်ပါက ဒိုင်လူကြီးများ သည် ကျူးလွန် သည့် ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူအား ပြိုင်ပွဲတွင် ပါဝင် ခြင်းမှ တားဆီးရန် အခွင့်အာဏာရှိသည်၊ ဒိုင်လူကြီးများသည် အခြားသော မလိုလား အပ်သော အပြု အမူများ အတွက် အစီရင်ခံရမည်။

ကစားကွင်းအတွင်း၌ ဖြစ်စေ၊ ကစားကွင်းပြင်ပ၌ ဖြစ်စေ အခြားသူတစ်ဦးဦးအား သို့မဟုတ် ဖူဆယ်ဥပဒေများအရ သတိပေးခံရမည့် သို့မဟုတ် ထုတ်ပယ်ခံရမည့် ပြစ်မှုအား ကျူးလွန်သည့် ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူများအား ကျူးလွန်သည့် ပြစ်မှုများအရ စည်းကမ်း ပိုင်းဆိုင်ရာ အရေးယူရမည်။

အဝါကတ်သည် သတိပေးခြင်းဖြစ်ပြီး အနီကတ်သည် ထုတ်ပယ်ခြင်း ဖြစ်သည်။

ကစားသမား အရံကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူများကိုသာ အဝါကတ်နှင့် အနီကတ် ပြသနိုင် သည်။

## ကစားသမားနှင့် အရံကစားသမားများ

**ကစားမှု ပြန်လည်စတင် ကစားရာတွင် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခြင်းအတွက် ကတ်ပြသခြင်း**

<u>ဒိုင်လူကြီးများမှ အဝါ၊အနီပြသရန်ဆုံးဖြတ်ပြီးလျှင်ကစားမှုအားပြစ်ဒဏ်ကျူးလွန်ခံရသော အသင်းမှ အလွတ်တည်ကန်ဘောအား အမြန် ပြန် လည်စတင် ကစားခြင်း မှု မပြု လုပ်ခြင်း၊ ရှင်းရှင်းလင်းလင်းဂိုးသွင်းယူနိုင်သည့် အခွင့်အရေးမရှိခြင်း၊ ဒိုင်လူကြီး များမှ စည်းကမ်း ပိုင်းဆိုင်ရာ အရေးယူခြင်းလုပ်ထုံးလုပ်နည်းများမစတင်ရသေးခြင်းများမှလွဲ၍ စီမံဆောင် ရွက်မှုများ မပြီးဆုံး မီအထိပြန်လည်စတင်ခြင်းမပြုရပါ။ အရေး ယူခြင်းအား နောက်တစ် ကြိမ်ကစားမှု ရပ်ဆိုင်း သွားချိန်တွင်ပြုလုပ်ရမည်။ အကယ်၍ ရှင်းလင်း သေချာစွာဂိုး ရရှိနိုင်သော အခွင့်အရေးအား ပျက်ပြယ်စေသော ပြစ်မှုဖြစ်ပါ က အဝါကတ်ပြသ သတိပေး ရမည်ဖြစ်ပြီး အကယ်၍ တိုက်စစ် အခွင့် အရေးကောင်းကို နှောက်ယှက်ခြင်း သို့မဟုတ် ပျက်ပြယ် စေခြင်းပြစ်မှုဖြစ်ပါက အဝါကတ် ပြသ သတိပေး ရန်မလိုပါ။</u>

## အခွင့်သာမှု ပေးခြင်း

ဒိုင်လူကြီးများသည်သတိပေး ခံရမည့် / ထုတ်ပယ်ခံရမည့် ပြစ်မှုတစ်ခုအတွက် အခွင့်သာမှုပေးခဲ့၍ ကစားမှုအား ဆက်လက် ကစားခွင့် ပြုလျှင်နောက်တစ်ကြိမ် ကစားမှု ရပ်ဆိုင်းချိန်တွင် သတိပေးခြင်း/ ထုတ်ပယ်ခြင်း ပြုလုပ်ရမည်။ **<u>သို့သော်လည်း အကယ်၍ ပြစ်မှုသည် ပြိုင်ဘက်အသင်း၏ ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးအား ပျက်ပြယ်စေသည့် ပြစ်မှုဖြစ်လျှင်၊ ၎င်းကစားသမားအား ကစားသမားကောင်း မပီသသော အပြုအမူအတွက် အဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး၊ အကယ်၍တိုက်စစ် အခွင့်အရေးကောင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်း ပြစ်မှုဖြစ်ပါက အဝါကတ်ပြသ သတိပေးရန် မလိုပါ။</u>**

ရှင်းလင်းသေချာစွာ ဂိုးသွင်းယူနိုင်သော အခွင့်အရေးမရှိပါက ကြီးလေးသော ပြစ်မှု ကျူးလွန် ကစားခြင်း၊ ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကျူးလွန် ကစားခြင်း၊ ဒုတိယ အကြိမ်မြောက် သတိပေး ခံရခြင်း သို့မဟုတ် ခြောက်ကြိမ်မြောက်နှင့် (နောက်တွဲ) စုပေါင်းပြစ်ဒဏ်များကို ကျူးလွန်ခြင်း အခြေအနေများတွင် အခွင့်သာမှုများကို သုံးမပြုသင့်ပေ။ နောက်တစ်ကြိမ် ကစားမှု ရပ်ဆိုင်း သည့် အချိန်တွင် ဒိုင်လူကြီးမှ ကစားသမားအား ထုတ်ပယ်ရမည်။ အကယ်၍ ကစားသမားက ဘောလုံးအား ကစားခဲ့လျှင် သို့မဟုတ် ပြိုင်ဘက်ကစားသမားအား လုယူကစား ခြင်း နှောင့်ယှက် ခြင်း ပြုလုပ်ခဲ့ပါက ကစားသမားသည် ပိုမိုပြင်းထန်သော ပြစ်မှုကို ကျူးလွန်ခဲ့ခြင်း မရှိပါက ဒိုင်လူကြီးမှ ကစားမှုကို ရပ်ဆိုင်း၍ ကစားသမားကို ထုတ်ပယ်ကာ တဆင့် အလွတ်တည်ကန် ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

အခွင့်သာမှုပေးပြီး ဂိုးသွင်းယူပြီးနောက် ဒုတိယ အဝါကတ်သို့မဟုတ် အနီကတ် ပြသခံရပါက စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း ခံရသော အသင်းသည် အထုတ်ခံရသည့် ကစားသမားကို အရံကစားသမားနှင့် အစားထိုးပြီး ကစားသမား အရေအတွက် တူဖြင့် ယှဉ်ပြိုင်ကစားနိုင်သည်။ အကယ်၍ ဂိုးမဝင်ခဲ့ပါက အသင်းသည် တစ်ယောက်လျော့ဖြင့် ဆက်လက် ကစားရမည်။

အကယ်၍ ခံစစ်ကစားသမားတစ်ဦးသည် ပင်နယ်တီ ဧရိယာ အပြင်ဘက်တွင် တိုက်စစ်ကစားသမား တစ်ဦးဦးကို စတင်ဆွဲဖက်ထားကာ ပင်နယ်တီဧရိယာ အတွင်းထိဆက်လက်ဆွဲဖက်ထားပါက ဒိုင်လူကြီးမှ ပင်နယ်တီ ကန်ခွင့် ပြုရမည်။

**သတိပေးရမည့် အဝါကတ် ပြစ်မှုများ**

အောက်ဖော်ပြပါ ပြစ်မှုများ ကျူးလွန်ခဲ့လျှင် သတိပေးခြင်း (အဝါကတ် ပြသ) ခံရမည်။

- ကစားမှု ပြန်လည်စတင်ရာတွင် နှောင့်နှေး ကြန့်ကြာအောင် ပြုလုပ်ခြင်း
- ကိုယ်၊ နှုတ်၊ အမူအရာဖြင့် စောဒက တက်ခြင်း
- ဒိုင်လူကြီး တစ်ဦးဦး၏ ခွင့်ပြုချက် မရရှိဘဲ ကစားကွင်းအတွင်းဝင်ခြင်း၊ ပြန်လည်ဝင် ရောက်ခြင်း သို့မဟုတ် လူစားလဲ လုပ်ထုံးလုပ်နည်းများအား မလိုက်နာခြင်း
- ထောင့်ကန်ဘော၊ အလွတ်တည်ကန်ဘော သို့မဟုတ် ကန်သွင်းခြင်းများဖြင့် ပြန်လည် စတင်ရာတွင် သတ်မှတ်အကွာအဝေးတွင် ရှိနေရန် မလိုက်နာခြင်း
- ပြစ်မှုများအား အကြိမ်ကြိမ်ကျူးလွန်ခြင်း (အကြိမ်ကြိမ်ကျူးလွန်ခြင်းအတွက် အကြိမ် အရေအတွက်အား အထူးပြုထားခြင်း မရှိပါ)
- ကစားသမားကောင်း မပီသသော အပြုအမူများအား ပြုမူကျူးလွန်ခြင်း

အရံကစားသမားမျာ အနေဖြင့် အောက်ပါပြစ်မှုများကို ကျူးလွန်လျှင် အဝါကတ်ပြသခံရမည်။

- ကစားမှုပြန်လည်စတင်ရာတွင် နှောင့်နှေးကြန့်ကြာစေရန် ပြုလုပ်ခြင်း
- ကိုယ်၊ နှုတ်၊ အမူအယာဖြင့် စောဒက တက်ခြင်း
- လူစားလဲလှယ်မှု လုပ်ထုံးလုပ်နည်း များအား ဆန့်ကျင်၍ ကစားကွင်းအကွင်း ဝင်ရောက် ခြင်း
- ကစားသမားကောင်း မပီသသော အပြုအမူများကို ပြုမူ ကျူးလွန်ခြင်း

သီးခြားအပြစ်ပေးရမည့် ပြစ်မှု နှစ်ခု ကျူးလွန်သည့်အခါ (အနီးအနားတွင်ပင်) ၎င်းတို့ သည် သတိပေးချက် နှစ်ခု (အဝါကတ် (၂)ခါ) ပြသသင့်သည်။ ဥပမာ – ကစားသမားတစ်ဦးသည် သတ်မှတ်ထားသော နေရာမှ လူစားလဲဇုန်အတွင်းမှ ကွင်းအတွင်း မဝင်ရောက်ဘဲ အခြားတစ် နေရာမှ ကွင်းအတွင်း ဝင်ရောက်လာပြီး မဆင်မခြင် လုယူဖျက်ထုတ်ခြင်း ပြစ်မှု ကျူးလွန်ခြင်း သို့မဟုတ် တစ်ဖက်အသင်း၏ တိုက်စစ်အခွင့် အရေးကောင်းပျက်ပြယ်စေရန် ပြစ်မှု/ လက်ထိ ဘောကျူးလွန်ခြင်း အစရှိသဖြင့်

**ကစားသမားကောင်း မပီသသော အပြုအမူများအတွက် အဝါကတ် ပြသရမည့် အချက်များ**

ကစားသမားတစ်ဦးအား အားကစားသမားကောင်း မပီသသော အပြုအမူ အတွက်သာ ပေးရမည့် အခြေအနေ အမျိုးမျိုးရှိပါသည်။

- ဒိုင်လူကြီးများကို လှည့်ဖြားရန် ကြိုးစားမှုများ ဥပမာ – ဒဏ်ရာ ရရှိဟန်ဆောင်ခြင်း၊ ပြစ်ဒဏ်ကျူးလွန်ခံရပုံ ဟန်ဆောင်ခြင်း (ဟန်ဆောင်လှဲချခြင်း)
- တိုက်ရိုက် အလွတ်တည်ကန်ဘော ပြစ်မှုများအား မဆင်မခြင် ကျူးလွန်ခြင်း
- တစ်ဖက်အသင်း၏ တိုက်စစ်အခွင့်အရေးကောင်း ပျက်ပြယ်စေရန် သို့မဟုတ် အနှောင့်အယှက် ပေးရန် အတွက် ဘာလုံးကိုလက်ဖြင့် ထိကိုင် ကစားခြင်း
- ဘောလုံးကစားရန် ကြိုးစားခြင်းဖြင့် ပြစ်မှုကျူးလွန်ခြင်းအတွက် ဒိုင်လူကြီး ပင်နယ်တီ သတ်မှတ်ပေးသည်မှ လွဲ၍ တစ်ဖက်အသင်း၏ တိုက်စစ်အခွင့် အရေးကောင်းပျက်ပြယ် စေရန် နှောက်ယှက်ခြင်း သို့မဟုတ် ပျက်ပြယ် ရပ်တန့်စေခြင်း
- ဘောလုံးကစားရန် ကြိုးစားခြင်းဖြင့် တစ်ဖက်အသင်း၏ ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင် သည့် အခွင့်အရေးအား ပျက်ပြယ်စေခဲ့ပြီး ဒိုင်လူကြီးမှ ပင်နယ်တီ သတ်မှတ်ပေးလျှင်

- ပြိုင်ဘက်ဂိုးအတွင်းသို့ လက်ဖြင့် ဂိုးသွင်းယူရန် ကြိုးစားခြင်း (ကြိုးစားမှု အောင်မြင် သည် ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ) ဂိုးမဝင်ရန် ကြိုးပမ်းရာတွင် မအောင်မြင်ခြင်း
- **ဂိုးသမားမှ ဂိုးပေါက်အား ကာကွယ်နေချိန်တွင် ဂိုးပေါက်ထဲသို့ သွားနေသော ဘောလုံးအားလက်ဖြင့်တားဆီး၍ ပြစ်မှုကျူးလွန်ခဲ့လျှင်**
- ကစားကွင်းအပေါ် တရားမဝင်သော အမှတ်အသားပြုလုပ်ခြင်း
- ထွက်ခွာရန် အမိန့်ထုတ်ပြီးနောက် ကစားကွင်းအတွင်းမှ ထွက်ခွာသည့်အခါ ဘောလုံး ကစားခြင်း
- ကစားပွဲအပေါ် လေးစားမှု မရှိခြင်းကို ပြသခြင်း
- ဘောလုံးကို ဦးခေါင်း၊ ရင်ဘတ်၊ ဒူးခေါင်း စသည်တို့ဖြင့် ဂိုးသမားထံသို့ တမင်တကာ ရည်ရွယ်ချက်ဖြင့် လှည့်စားပေးပို့ခဲ့ပြီး (အလွတ်တည်ကန်ဘော အပါအဝင်) ထိုဘောလုံးအား ဂိုးသမားမှ ၎င်း၏ လက်ဖြင့်ထိသည်ဖြစ်စေ၊ မထိသည်ဖြစ်စေ ဂိုးသမားသည် တမင်တကာ လှည့်ကွက်ကို အစပြုရန် တာဝန်ရှိလျှင် အဝါကတ် ပြသရမည်။
- ကစားနေစဉ်အတွင်း ပြိုင်ဘက်ကို နှုတ်ဖြင့် နှောင့်ယှက် အာရုံပြောင်းစေခြင်း။
- ဂိုးကို တမင်တကာရွှေ့စေခြင်း၊ မှောက်စေခြင်း (ပြိုင်ဘက် အသင်းအား ဂိုးသို့မဟုတ် ရှင်းလင်းသေချာစွာဂိုးသွင်းခွင့်ကို မဟုတ်ဘဲ)

## ဂိုးသွင်းပြီးနောက် အောင်ပွဲခံခြင်း

ဂိုးသွင်းယူပြီးသော အခါတွင် ကစားသမားများသည် အောင်ပွဲခံနိုင်သော်လည်း အလွန်အကျွံ မဖြစ်ရပါ။ကကွက်များဖြင့် အောင်ပွဲခံခြင်းများအား အားပေးအားမြှောက် မပြုဘဲ အချိန်ကို အလွန်အကျွံ မဖြုန်းသင့်ပါ။

ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံရန်အတွက် ကစားကွင်းအတွင်းမှ ထွက်ခွာခြင်းသည် သတိပေး ရမည့် ပြစ်မှုမဟုတ်သော်လည်း ကစားကွင်း အတွင်းသို့ အမြန်ဆုံး ပြန်လာသင့်သည်။

ဂိုးအဖြစ် ခွင့်မပြုခဲ့လျှင်ပင် ကစားသမားကို အဝါကတ်ပြသရမည်---

- ဘေးကင်းရေးနှင့် လုံခြုံရေး ပြဿနာများ ဖြစ်စေသည့် ပုံစံဖြင့် ပရိသတ်များထံ ချဉ်းကပ်ခြင်း
- ရန်စခြင်း၊ လှောင်ပြောင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း အမူအယာများ ပြုလုပ်ခြင်း
- ဦးခေါင်း သို့မဟုတ် မျက်နှာများကို မျက်နှာဖုံးများ ဖုံးအုပ်ခြင်း
- အင်္ကျီချွတ်ခြင်း သို့မဟုတ် ဦးခေါင်းအား အင်္ကျီဖြင့် ဖုံးအုပ်ခြင်း

**ထုတ်ပယ်ခံရမည့် (အနီကတ်) ပြစ်မှုများ**

ကစားသမားသို့မဟုတ် အရံကစားသမား တစ်ဦးဦးသည် အောက်ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထုတ်ပယ်ခြင်း (အနီကတ်ပြသခြင်း)ခံရမည်။

- တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးပျက်ပြယ်စေရန် အတွက် ဘောလုံးအား လက်ဖြင့် ထိကိုင် ကစားလျှင် (ဂိုးသမား မိမိပိုင် ပင်နယ်တီ ဧရိယာအတွင်းမှ လွဲ၍) သို့မဟုတ် ဂိုးကို ရွှေ့လျားစေခြင်း သို့မဟုတ် မှောက်ခြင်း (ဂိုးစည်းပေါ်မှ ဘောလုံးဖြတ်ကျော်သွင်းခြင်းကို တားဆီးသည့် အခါမျိုးတွင်)
- တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးပျက်ပြယ်စေရန် အတွက် (ဂိုးပေါက်အား ခုခံကစားသည့် အသင်းမှ ဂိုးသမား မှ ကာကွယ်ထားခြင်း မရှိလျှင်) ကျူးလွန်သူ၏ ဂိုးဆီသို့ အလုံးစုံ ရွေ့လျားမှုရှိသော ပြစ်မှုအတွက် အလွတ်တည်ကန်ဘော ပေးရမည်။ (အောက်တွင် ဖော်ပြထားသည့် အတိုင်း မဟုတ်လျှင်)

- ကြီးလေးသော ပြစ်မှုကို ကျူးလွန်ကစားခြင်း
- တစ်စုံတစ်ဦးအား ကိုက်ခြင်း သို့မဟုတ် တံတွေးဖြင့် ထွေးခြင်း
- ကြမ်းတမ်းသော၊ ပုတ်ခတ်စော်ကားသော သို့မဟုတ် ရိုင်းစိုင်းသော ဘာသာစကား နှင့် သို့မဟုတ် အမူအရာများ အသုံးပြုခြင်း
- ပွဲတစ်ပွဲတွင် အဝါကတ်နှစ်ကြိမ်ပြသခံရခြင်း

ထုတ်ပယ်ခံရသော ကစားသမား သို့မဟုတ် အရံကစားသမားသည် ကွင်းအတွင်းနှင့် နည်းစနစ် ဇရိယာမှ ထွက်ခွာရမည် ဖြစ်သည်။

**သေချာပေါက် ဂိုးရရှိမှုနှင့် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးကို ပျက်ပြယ်စေခြင်း**

တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေး ပျက်ပြယ်စေရန် အတွက် ကစားသမားတစ်ဦးမှ ဘောလုံးအား လက်ဖြင့် ထိကိုင်ကစားခဲ့လျှင် မည်သည့်နေရာတွင် ကျူးလွန်သည် ဖြစ်စေ ၎င်းအား ထုတ်ပယ် ရမည်။

ကစားသမားတစ်ဦးသည် မိမိပိုင် ပင်နယ်တီဇရိယာအတွင်း၌ တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးပျက်ပြယ်စေရန် အတွက် ပြစ်မှုကျူး လွန်လျှင် ဒိုင်လူကြီးမှ ပင်နယ်တီအဖြစ် သတ်မှတ်ပေးရမည် ဖြစ်ပြီး အကယ် ၍ ဘောလုံးအား ကစားရန် ကြိုးစားလျှင် ပြစ်မှုကျူးလွန်သူအား အဝါကတ် ပြသရမည်။ အခြားအခြေအနေ အားလုံးတွင် (ဆွဲဖက်ထားခြင်း၊ ဆွဲထားခြင်း၊ တွန်းခြင်း၊ ဘောလုံး ကစားရန် အလားအလာ မရှိခြင်း စသဖြင့် .....) ပြစ်မှုကျူးလွန်သူအား အနီကတ်ပြသ ထုတ်ပယ်ရမည်။

ဒိုင်လူကြီးထံမှ ခွင့်ပြုချက် မရရှိဘဲ ကွင်းအတွင်း ဝင်ရောက်လာသော ကစားသမား ထုတ်ပယ်ခံရသော ကစားသမား၊ အရံကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူများ သို့မဟုတ် လူစားလဲ လှယ်ခြင်း လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ကစားပြီး အနှောင့်

အယုက်ပေးကာ တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေး ပျက်ပြယ် စေ ရန် ကျူးလွန်လျှင် ထုတ်ပယ်ရမည်။

တစ်ဖက် အသင်း၏ ဂိုးသွင်းယူမှု သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေး ပျက်ပြယ်စေရန် အခြေအနေ ဟုတ်/မဟုတ် ဆုံးဖြတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်း စဉ်းစားရမည်။

- ပြစ်မှုနှင့် ဂိုးအကွာအဝေး
- အထွေထွေကစားမှု ဦးတည်ရာလမ်းကြောင်း
- ဘောလုံးအား ထိန်းသိမ်းထားနိုင်ချေ သို့မဟုတ် ထိန်းသိမ်းထားခြင်း
- ဂိုးသမားအပြင် ခုခံ ကစားသည့် ကစားသမားများ၏ အရေအတွက်နှင့် တည်နေရာ
- **ဂိုးကာကွယ်သူ ရှိ/မရှိ**

ဂိုးသမားသည် ၎င်းကို ကာကွယ်ရန် ၎င်း၏ ဂိုးရှေ့တွင် ရှိနေပါက အခြေအနေသည် (DODSO) အတွက် အခြားသတ်မှတ်ချက်များနှင့် ပြည့်မီသည့်တိုင် ပြစ်မှု ကျူးလွန်ခြင်း မပြုနိုင်ဟု ယူဆ ပါသည်။

**<u>အကယ်၍ ဂိုးသမား သည် ပင်နယ်တီဧရိယာအပြင်ဘက်၌ တစ်ဖက်အသင်း၏ ရှင်းလင်းသေချာစွာ ဂိုးရှိနိုင်သော အခွင့် အရေး အားပျက်ပြယ်စေရန်အတွက် ဘောလုံးအား လက်ဖြင့်ထိကိုင် ကစားခဲ့ပြီး ထိုအချိန်တွင်၎င်းတို့၏ ဂိုးပေါက်မှာ ကာကွယ်သူ မရှိခဲ့လျှင် သို့မဟုတ် ခုခံကစားသည့် အသင်းမှ ကစားသမားတစ်ဦးတည်းမှ ဂိုးသမားနောက်တွင် ဂိုးအားကာကွယ်နေခဲ့လျှင် ဂိုးသမား အားထုတ်ပယ်ရမည့်ပြစ်မှုကျူးကျူးလွန်ခြင်းဟု သတ်မှတ်ရမည်။</u>**

**<u>ဂိုးပေါက်အား ဂိုးသမားမှ ကာကွယ်ထားခြင်းမရှိဘဲ ရှင်းလင်း သေချာစွာ ဂိုးရရှိနိုင်သော သတ်မှတ် ထားသည့် အချက်အလက်များနှင့် ကိုက်ညီနေခဲ့လျှင် အကယ်၍ တိုက်စစ်ကစားသမား အရေ အတွက်သည် ခံစစ်ကစားသမား(ဂိုးသမားမှ လွဲ၍) အရေအတွက်နှင့် တူညီနေခဲ့</u>**

<u>လျှင် သို့မဟုတ် ပိုများနေခဲ့လျှင် ၎င်းပြစ်မှုအား ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သော အခြေအနေ ဟုသတ်မှတ်ရမည်။</u>

<u>အရံကစားသမား၊ ထုတ်ပယ်ခံထားရသော ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူတစ်ဦး မှ ပြိုင်ဘက်အသင်း၏ သေချာပေါက် ဂိုးရနိုင်သည့် အခွင့်အရေး သို့မဟုတ် ရှင်းလင်းသေချာစွာ ဂိုးရ ရှိ နိုင်သော အခွင့်အရေးအား ပျက်ပြယ်စေရန်အတွက် ဘောလုံးအား လက်ဖြင့်ထိကိုင် ခြင်း သို့မဟုတ် တိုက်ရိုက်အလွတ်တည်ကန်ဘောပေးရမည့် ပြစ်မှုကျူးလွန်ခဲ့လျှင်  ဥပဒေ (၃) အရ ကစားသမား အရေအတွက် လျှော့ချခံရမည် ဖြစ်သည်။</u>

## ကြီးလေးသော ပြစ်မှုကို ကျူးလွန်ကစားခြင်း

ပြိုင်ဘက်၏ ဘေးကင်းမှုကို အန္တရာယ်ဖြစ်စေသော သို့မဟုတ် အလွန်အကျွံ အင်အားသုံး ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်မှု ဖြစ်စေသော လုယူဖျက်ထုတ်ကစားခြင်းကို၊ ကြီး လေးသော ပြစ်မှု ကို ကစားခြင်းအဖြစ် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း ခံရမည်။

ခြေထောက်တစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးကို အသုံးပြုသည်ဖြစ်စေ ပြိုင်ဘက်၏ ဘေး ကင်းမှု ကို အန္တရာယ်ဖြစ်စေသော ဘောလုံးကို ရှေ့မဖြစ်စေ၊ နောက်မှဖြစ်စေ၊ ဘေးမှ ဖြစ် စေ လုယူဖျက် ထုတ်ကစားသည့် အခါ အင်အား အလွန်အကျွံဖြင့် ပြိုင်ဘက်ကို ပြင်းထန် စွာ ဆက်ကနဲ ခုန်ဝင်ကစားခဲ့ပါက ကြီးလေးသော ပြစ်မှုကို ကျူးလွန်ကစားခြင်းဖြစ် သည်။

## ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကို ကျူးလွန်ခြင်း

ကစားသမားတစ်ဦးသည် ဘောလုံးကိုရည်ရွယ်ကစားခြင်းမရှိဘဲ အခြားသူတစ်ဦးဦးကို ထိတွေ့မှု ပြုလုပ်သည့်အခါ ပြိုင်ဘက်ကို အင်အားအလွန်အကျွံသုံးခြင်း သို့မဟုတ် ရက် စက်ကြမ်းကြုတ်စွာ အသုံးပြုခြင်း သို့မဟုတ် ကြမ်းတမ်းသော အပြုအမူကို အသုံးပြုလျှင် ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။

ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကို ကျူးလွန်ခြင်းသည် ကွင်းအတွင်း သို့မဟုတ် ၎င်း၏ နယ်နမိတ် ပြင်ပတွင် ဖြစ်စေ ဘောလုံးကစားသည် ဖြစ်စေ၊ ကစားမှု ရပ်ဆိုင်းထားနေလျှင်ပင် ဖြစ်စေ ဖြစ်ပေါ်နိုင်သည်။

ဂိုးသွင်းယူရန် ရှင်းလင်းသော နောက်ဆက်တွဲ အခွင့်အရေးမရှိပါက ဆိုးသွမ်းရိုင်းပြသော အပြု အမူများ ပါဝင်သည့် အခြေအနေများတွင် အခွင့်သာမှုပေးခြင်းကို အသုံးမပြုသင့်ပေ။ ထိုသို့သော အခြေအနေမျိုးတွင် ဘောလုံးကစားမှု နောက်တစ်ကြိမ်ရပ်ဆိုင်းသည့် အချိန်တွင် ၎င်းအား ဒိုင် လူကြီးမှ ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကို ကျူးလွန်ခြင်းအတွက် ထုတ်ပယ်ရမည်။

ဆိုးသွမ်းရိုင်းပြသော အပြုအမူသည် ကစားသမားများကြား အစုလိုက် အပြုံလိုက် ထိပ်တိုက် ရင်ဆိုင်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း ဒိုင်လူကြီးများအား အသိပေးထားသည်။ ထို့ကြောင့် တင်းကြပ်သော စွက်ဖက်မှုဖြင့် ယင်းကို ရှောင်ရှားရန် ကြိုးစားရမည်။

ဆိုးသွမ်းရိုင်းပြသော ပြစ်မှုကို ကျူးလွန်သည့် ကစားသမား သို့မဟုတ် အရံကစားသမားကို ထုတ်ပယ်ရမည်။

## အသင်းတာဝန်ရှိသူများ

အသင်းတာဝန်ရှိသူများ ကျူးလွန်သော ပြစ်မှုဖြစ်ပြီစ ကျူးလွန်သူကို ဖော်ထုတ်၍ မရပါက နည်းစနစ်ဧရိယာ အတွင်းရှိ အသင်း၏ စီနီယာနည်းပြမှ တာဝန်ခံရမည် ဖြစ်သည်။

## နှုတ်ဖြင့် သတိပေးခြင်း

အောက်ဖော်ပြပါ ပြစ်မှုများသည် အများအားဖြင့် နှုတ်ဖြင့်သတိပေးသင့်ပြီး ထပ်ခါတလဲလဲ သို့မဟုတ် ပြောင်ပြောင်တင်းတင်း ကျူးလွန်ပါက သတိပေးခြင်း (အဝါကတ်) သို့မဟုတ် ထုတ် ပယ်ခြင်း (အနီကတ်) ပြုလုပ်သင့်သည်။

- ရိုသေလေးစားမှု/ ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်သော နည်းလမ်းဖြင့် ကွင်းအတွင်း သို့ ဝင်ရောက်ခြင်း
- ပြိုင်ပွဲတာဝန်ရှိသူနှင့် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်း ဥပမာ – အကူဒိုင် တစ်ဦး ထံမှ ညွှန်ကြားချက်/ တောင်းဆိုမှုကို လစ်လျူရှုခြင်း
- ဆုံးဖြတ်ချက် တစ်ခုအတွက် အသေးစား/ အနိမ့်စား သဘောထား ကွဲလွဲမှု (စကား လုံး သို့မဟုတ် လုပ်ဆောင်ချက်)
- အခြားပြစ်မှု တစ်ခုမှ မကျူးလွန်ဘဲ နည်းစနစ်ဧရိယာ၏ ကန့်သတ်နယ်မြေများမှ ရုံဖန်ရံခါထွက်သွားခြင်း

## သတိပေးခြင်း (အဝါကတ်)

အသင်းတာဝန်ရှိသူများကို သတိပေးရမည့် (အဝါကတ်ပြသရမည့်) ပြစ်မှုများတွင် ပါဝင်သည်။ (သို့သော်လည်း အကန့်အသတ်မရှိပါ)

- ၎င်းတို့အသင်း၏ နည်းစနစ်ဧရိယာကို ရှင်းရှင်းလင်းလင်း/ မလေးစားခြင်း
- ၎င်းတို့ အသင်းမှ ပြန်လည် စတင်ကစားရာတွင် နှောင့်နှေးကြန့်ကြာ အောင် ပြုလုပ်ခြင်း
- ဆန့်ကျင်ဘက် အသင်း၏ နည်းစနစ်ဧရိယာ အတွင်းသို့ တမင်တကာ ဝင်ရောက် ခြင်း (ထိပ်တိုက်ရင်ဆိုင်ခြင်း မဟုတ်)
- ကိုယ်၊ နှုတ်၊ အမူအရာဖြင့် စောဒက တက်ခြင်း –
    - ရေပုလင်း သို့မဟုတ် အခြားအရာဝတ္ထုများအား ပစ်ပေါက်ခြင်း/ ကန်ခြင်း
    - ပြိုင်ပွဲတာဝန်ရှိသူများကို လေးစားမှုကင်းမဲ့ကြောင်း ရှင်းလင်း ပြသသော အမူအရာများ ဥပမာ – ရွှံ့စောင်း လက်ခုပ်တီးခြင်း
- အဝါကတ် သို့မဟုတ် အနီကတ် အတွက် လွန်လွန်ကဲကဲ/ အမြဲတမ်း လက်ဟန် ပြသခြင်း

- ဒေါသဖြစ်စေနိုင်သော သို့မဟုတ် လှုံဆော်သော အမူအရာ ပြုလုပ်ခြင်း
- လက်မခံနိုင်သော အပြုအမူများအား ဆက်တိုက် ပြုလုပ်ခြင်း (နှုတ်ဖြင့် ထပ်ခါတလဲလဲသတိပေးမှုများ အပါအဝင်)
- ပြိုင်ပွဲ အပေါ်တွင် လေးစားမှု မရှိခြင်း

## ထုတ်ပယ်ခြင်း (အနီကတ်)

ထုတ်ပယ်ရမည့် ပြစ်မှုများတွင် ပါဝင်သည် (သို့သော် အကန့်အသတ် မရှိ)

- ဆန်ကျင်ဘက် အသင်းမှ ပြန်လည်စတင်ကစားရာတွင် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခြင်း (ဥပမာ – ဘောလုံးကို ကိုင်ထားခြင်း၊ ဘောလုံးအား အဝေးသို့ ကန်ထုတ် ခြင်း၊ ကစားသမား၏ လှုပ်ရှားမှုကို ဟန့်တားခြင်း)
- နည်းစနစ်ဧရိယာ အတွင်းမှ ထွက်ခွာ၍ –
    - ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးအား စောဒကတက်ခြင်း၊ ပြန်လည်သရုပ်ပြသခြင်း
    - ဒေါသဖြစ်စေနိုင်သော သို့မဟုတ် လှုံ့ဆော်သော အမူအယာ ပြုလုပ်ခြင်း

- ဆန့်ကျင်ဘက် အသင်းနည်းစနစ်ဧရိယာအတွင်းသို့ ရန်လိုသော သို့မဟုတ် ထိပ်တိုက် ရင်ဆိုင်လိုသည့် အမူအယာဖြင့် ဝင်ရောက်ခြင်း
- ကစားကွင်းအတွင်းသို့ အရာဝတ္ထုတစ်ခုကို တမင်ပစ်ခြင်း/  ကန်ခြင်း
- ကစားကွင်းအတွင်းသို့ဝင်၍
    - ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးအား ထိပ်တိုက်ရင်ဆိုင်ခြင်း (ပထမပိုင်းပြီးဆုံးချိန်နှင့် ပြိုင်ပွဲပြီးဆုံးချိန် အပါအဝင်)
    - ပြိုင်ဘက်ကစားသမားသို့မဟုတ် ပြိုင်ဘက်တာဝန်ရှိသူအား နှောက်ယှက်ခြင်း

- အခြားသူတစ်ဦးဦးအပေါ် ပြင်းထန်သော အပြုအမူ (တံတွေးဖြင့် ထွေးခြင်း သို့မဟုတ် ကိုက်ခြင်း အပါအဝင်)
- ပွဲတစ်ပွဲတည်းတွင် အဝါကတ်နှစ်ကြိမ်ပြသခံရခြင်း
- ကြမ်းတမ်းသော၊ ပုတ်ခတ်စော်ကားသော သို့မဟုတ် ရိုင်းစိုင်းသော ဘာသာစကား သို့မဟုတ် အမူအယာများ အသုံးပြုခြင်း
- ခွင့်ပြုချက် မရရှိပဲ အီလက်ထရောနစ် သို့မဟုတ် ဆက်သွယ်ရေး ကရိယာများကို အသုံး ပြုခြင်းနှင့် မသင့်လျော်သော ပုံစံဖြင့် အီလက်ထရောနစ်သို့မဟုတ် ဆက်သွယ်ရေး ကရိယာများကို အသုံးပြုခြင်း
- ဆိုးသွမ်းရိုင်းပြသော အပြုအမူကို ကျူးလွန်ခြင်း

**အရာဝတ္ထုများကို ပစ်ခြင်း/ ကန်ခြင်း (ဘောလုံးအပါအဝင်)**

ကိစ္စရပ်များ အားလုံးတွင် ဒိုင်လူကြီးများသည် သင့်လျော်သော စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ ပြုလုပ်ရမည်။

- မဆင်မခြင်ပြုမူလျှင် – အားကစားသမားကောင်း မပီသသော အပြုအမူအတွက် အဝါကတ် ပြသရမည်။
- လိုအပ်သည်ထက်အင်အားပိုမိုသုံးစွဲလျှင် – ဆိုးသွမ်းရိုင်းပြသော အပြုအမူအတွက် အနီကတ်ပြသ ရမည်။

**(၄) ပြစ်မှုများနှင့်မလိုလားအပ်သော ပြစ်မှုများ ကျူးလွန်ပြီးနောက် ပြန်လည်စတင် ကစားခြင်း**

အကယ်၍ ဘောလုံးကစားမှုရပ်ဆိုင်းနေလျှင် ယခင်ဆုံးဖြတ်ချက်အတိုင်းပြန်လည် စတင်ကစား ရမည်။

ဘောလုံးကစားနေစဉ်တွင် ကစားသမားတစ်ဦးသည် ကွင်းအတွင်း ရုပ်ပိုင်းဆိုင်ရာ ပြစ်မှု ကျူးလွန်ပါက အောက်ပါအချက်အလက်များ အကျုံးဝင်သည် – – –

- ပြိုင်ဘက်ကစားသမားကို ကျူးလွန်လျှင် – တဆင့်အလွတ်တည်ကန်ဘော သို့မဟုတ် တိုက်ရိုက် အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီ ကန်သွင်းခြင်း
- အသင်းဖော်၊ အရံကစားသမား၊ ထုတ်ပယ်ခံရသော ကစားသမား အသင်းတာဝန်ရှိသူ ပြိုင်ပွဲတာဝန်ရှိသူများကို ကျူးလွန်လျှင် – တိုက်ရိုက် အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီ ကန်သွင်းခြင်း

နှုတ်ဖြင့် ကျူးလွန်သည့် ပြစ်မှုအားလုံးကို တဆင့် အလွတ်တည်ကန်ဘော ပေးရမည်။

အကယ်၍ ဘောလုံးကစားနေချိန်

- ကစားသမားတစ်ဦးသည် ပြိုင်ပွဲတာဝန်ရှိသူ သို့မဟုတ် ဆန့်ကျင်ဘက် ကစားသမား အရံကစားသမား၊ ထုတ်ပယ်ခံရသော ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူအား ကွင်းပြင်ပတွင် ကျူးလွန်မိပါက၊ သို့မဟုတ်
- အရံကစားသမား၊ ထုတ်ပယ်ခံရသော ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူ အား ကွင်းပြင်ပတွင် ကျူးလွန်မိပါက သို့မဟုတ် နှောက်ယှက်မိပါက – – –

ပြစ်မှုကျူးလွန်သည့် နေရာ/ နှောင့်ယှက်သည့်နေရာနှင့် အနီးဆုံး နယ်နမိတ် စည်းပေါ်မှ နေ၍အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစား စေရမည်။ ၎င်းသည် တိုက်ရိုက်အလွတ်တည်ကန်ဘော ပြစ်မှု ဖြစ်ပြီး အနီးဆုံး နယ်နမိတ်မျဉ်းအ မှတ်သည် ပြစ်မှုကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာ အပိုင်ဂိုးစည်း၏ တစိတ်တပိုင်း၌ တည်ရှိပါက ပင်နယ်တီ အဖြစ်သတ်မှတ်ပေးမည်။

**<u>အကယ်၍ အရံကစားသမား၊ ထုတ်ပယ်ခံထားရသော ကစားသမား သို့မဟုတ် အသင်း တာဝန်ရှိသူ တစ်ဦးဦးမှ တိုက်ရိုက်အလွတ်တည်ကန်ဘော ပေးရမည့် ပြစ်မှု</u>**

**<u>အား ကျူးလွန်ခဲ့ လျှင်လည်း သူတို့၏ အသင်းအပေါ် စုပေါင်းပြစ်ဒဏ်များ အဖြစ် ရေတွက်သတ်မှတ်ပါမည်။</u>**

ကစားသမားတစ်ဦးမှ ကစားသမား၊ အရံကစားသမား သို့မဟုတ် ၎င်းတို့အသင်း တာဝန် ရှိ သူ အား ကစားကွင်းပြင်ပတွင် ပြစ်မှုတစ်ခုကျူးလွန်ခဲ့ပါက၊ ပြစ်မှုဖြစ် ပွားသည့် နေရာ နှင့် အနီးဆုံးနယ်နမိတ်မျဉ်းပေါ်မှနေ၍ တဆင့် အလွတ် တည်ကန် ဘော ဖြင့်ပြန် လည်စတင် ကစားစေရမည်။

ကစားသမားတစ်ဦးသည် လက်ထဲတွင် ကိုင်ထားသည့် အရာဝတ္ထု (ဖိနပ်၊ ခြေသလုံး ကာ စသဖြင့်) နှင့်ဘောလုံးအား ထိတွေ့မိပါက တိုက်ရိုက်အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီဖြင့် ပြန်လည် စတင်ကစားရမည်။

ကွင်းအတွင်း သို့မဟုတ် ကွင်းပြင်ပရှိ ကစားသမားတစ်ဦးသည် ဆန့်ကျင်ဘက် ကစား သမားကို အရာဝတ္ထုတစ်ခု (ဘောလုံးမှ လွဲ၍) ပစ်ခြင်း သို့မဟုတ် ကန်ခြင်း သို့မဟုတ် အရာဝတ္ထုတစ်ခု (ဘောလုံးအပါအဝင်)ဖြင့် ဆန့်ကျင်ဘက် အရံကစားသမား၊ ထုတ်ပယ် ခံရသော ကစားသမား၊ အသင်းတာဝန်ရှိသူ သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူ သို့မဟုတ်ပြိုင်ပွဲ ဘောလုံးအား ပြစ်ပေါက် သို့မဟုတ် ကန်လျှင် အရာဝတ္ထုထိမှန်သော သို့မဟုတ် လူ သို့မ ဟုတ် ဘောလုံးကို ထိမိသည့် နေရာမှ တိုက်ရိုက် အလွတ်တည်ကန်ဘောဖြင့် ပြန်လည် ကစားစေရမည်၊ အကယ်၍ ကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာအတွင်းဖြစ် ပါက ပင် နယ်တီဖြင့် ပြန်လည်စတင်ကစားရမည်။ အကယ်၍ ကစားကွင်းပြင်ပတွင် ဖြစ်လျှင် ဖြစ် စဉ်နှင့်အနီးဆုံးဘေးစည်းမှ ဖြင့် ပြန်လည် စတင်ကစားစေပြီး အနီးဆုံး နယ်နမိတ်မျဉ်း အမှတ်သည် ပြစ်မှုကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာနှင့် သက်ဆိုင်သည့် ဂိုးစည်းပေါ် တွင် ရှိနေပါက ပင်နယ်တီ ကန်ခွင့် ရရှိမည် ဖြစ်သည်။

အကယ်၍ အရံကစားသမား၊ ထုတ်ပယ်ခံရသော ကစားသမား၊ ကွင်းအတွင်းမှ ယာယီ ထွက်ခွာ ထွက်ခွာသွားသော ကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူက အရာဝတ္ထု

တစ်ခုကို ကစားကွင်းအပေါ်သို့ ပစ်လွှတ်ခြင်း သို့မဟုတ် ကန်ထုတ်ခြင်းဖြင့် ၎င်းသည် ကစားပွဲကို အနှောင့် အယှက် ဖြစ်စေခြင်း၊ ပြိုင်ဘက်ကစားသမား သို့မဟုတ် ပြိုင်ပွဲ တာဝန်ရှိသူအား အနှောင့် အယှက် ဖြစ်စေပါက အရာဝတ္ထုမှ အနှောင့်အယှက်ပေးသည့် နေရာသို့မဟုတ် ပြိုင်ဘက်ကစားသမား သို့မဟုတ် ပြိုင်ပွဲတာဝန်ရှိသူ သို့မဟုတ် ဘောလုံး (သို့မဟုတ် ပြစ်မှုကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာအတွင်း ရှိနေပါက ပင်နယ်တီ ကန်သွင်းမှုဖြင့်) အားထိမှန်သည့် နေရာမှ တိုက်ရိုက်အလွတ်တည်ဘောဖြင့် ပြန်လည် စတင် ကစားရမည်။

**<u>အကယ်၍ကစားသမားတစ်ဦးသည် ကစားကွင်းအတွင်း သို့မဟုတ် ကွင်းပြင်ပတွင် ပြင်ပ ပုဂ္ဂိုလ်တစ်ဦး အား ပြစ်မှုကျူးလွန်ခဲ့၍ ဒိုင်လူကြီးမှ ကစားပွဲအားရပ်တန့်ခဲ့လျှင် ဒိုင်လူကြီး ၏ ခွင့်ပြုချက် မရရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာသွားခြင်းအတွက် အလွတ်တည်ကန်ဘော သတ်မှတ်ပေးခြင်းမှ လွဲ၍ မြေချ ဘောဖြင့် ပြန်လည်စတင်ကစားရမည်။</u>**

# ဥပဒေ – ၁၃ – အလွတ်တည်ကန်ခြင်း

## (၁) အလွတ်တည်ကန်ခြင်း အမျိုးအစား

ကစားသမား၊ အရံကစားသမား၊ ထုတ်ပယ်ခံရသော ကစားသမား (သို့မဟုတ်) အသင်း တာဝန် ရှိသူများ ပြစ်မှုကျူးလွန်ခဲ့လျှင် ပြိုင်ဘက်အသင်းအား တိုက်ရိုက် အလွတ်တည် ကန်ဘော (သို့မဟုတ်) တဆင့်အလွတ်တည်ကန်ဘော ဖြင့် ပြန်လည် စတင်ကစားစေ ရမည်။

တိုက်ရိုက် အလွတ်တည်ကန်ဘော (သို့မဟုတ်) တဆင့်အလွတ်တည်ကန်ဘောဖြင့် စတင်ကစား သည့်အခါ ဒိုင်လူကြီးတစ်ဦးမှ (၄) စက္ကန့် ရေတွက်ခြင်းကို ရှင်းလင်းစွာ ပြသရမည်။

## တဆင့် အလွတ်တည်ကန်ခြင်း အချက်ပြသမှု

ဒိုင်လူကြီးများသည် ဦးခေါင်းအထက်သို့ လက်တစ်ဖက်ကို မြှောက်ထားခြင်းဖြင့် တဆင့် အလွတ်တည်ကန်ခြင်းကို အချက်ပြသရမည်ဖြစ်ပြီး ဘောလုံးကို ကန်ပြီးသည့်နောက် အခြား ကစားသမားနှင့် ထိခြင်း (သို့မဟုတ်) ကစားမှုမှ ထွက်သွားသည် အထိ ဤအချက် ပြမှုကို ထိန်းသိမ်းထားရမည်။

တဆင့်အလွတ်တည်ကန်ခြင်းဖြင့် တိုက်ရိုက်ဂိုးဝင်သွားခဲ့ပြီး ဒိုင်လူကြီးများမှ တဆင့် အလွတ်တည်ကန်ခြင်း အချက်ပြသရန် ပျက်ကွက်ခဲ့လျှင် တဆင့်အလွတ်တည်ကန်ခြင်း ကို ပြန်ကန်ရမည်။

### ဘောလုံးဂိုးထဲဝင်သွားခဲ့လျှင်

- အကယ်၍ တိုက်ရိုက်အလွတ်တည်ကန်ခြင်းမှ ပြိုင်ဘက် ဂိုးအတွင်း တိုက်ရိုက်ဂိုး ဝင် သွား ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးရမည်
- အကယ်၍ တဆင့်အလွတ်တည်ကန်ခြင်းမှ ပြိုင်ဘက် ဂိုးအတွင်းသို့ တိုက်ရိုက်ဂိုး ဝင် သွားခဲ့လျှင် ပြိုင်ဘက် အသင်းသည် ဂိုးမှ ပြန်လည် စတင်ကစားရမည်။ (တဆင့် အလွတ်တည်ကန်ခြင်းအချက်ပြသမှုအား ဒိုင်လူကြီးမှ မပြသခြင်းမှ လွဲ၍)
- အကယ်၍ တိုက်ရိုက် (သို့မဟုတ်) တဆင့်အလွတ်တည်ကန်ခြင်းမှ ကန်သွင်းသူ၏ ဂိုးအတွင်းသို့ တိုက်ရိုက်ဂိုးဝင်သွားခဲ့လျှင် ပြိုင်ဘက်အသင်းအား ထောင့်ကန်ဘော ဖြင့် ပြန်လည် ကစားစေရမည်။

(၂) **လုပ်ထုံးလုပ်နည်း**

အလွတ်တည်ကန်ဘော အားလုံးကို

- (၄)စက္ကန့်အတွင်း
- ပြစ်မှုဖြစ်ပွဲသည့် နေရာမှလွဲ၍
  - ပင်နယ်တီဧရိယာအတွင်းမှ တိုက်ရိုက်အလွတ် တည်ကန်ဘော ပြန်လည်စတင် ကစားရသည့်အခါ ပင်နယ်တီ ဧရိယာအတွင်း မည်သည့် နေရာမှ မဆို စတင် ကစားနိုင်သည်။
  - ခုခံကစားသည့်အသင်းမှ ၎င်း၏ပင်နယ်တီဧရိယာအတွင်း တဆင့်အလွတ် တည်ကန်ခြင်း ပြစ်မှုကျူးလွန်ခဲ့လျှင် (သို့မဟုတ်) သက်ဆိုင်ရာ ပြစ်မှု တစ်ခုအတွက် ပင်နယ်တီ ဧရိယာအတွင်း၌ ဘောလုံး ကစားမှုရပ်ဆိုင်းသွား သည့် အခါတွင် ဘောလုံးအား ပြစ်မှုကျူးလွန်သည့် နေရာ (သို့မဟုတ်) ဘောလုံးရှိသည့် နေရာမှ ဘေးစည်းနှင့် စိတ်ကူးယဉ်မျဉ်းဆွဲ၍ မျဉ်းပြိုင်ကျ သည့် အနီးဆုံး ပင်နယ်တီဧရိယာ စည်းပေါ်မှ စတင်ကစားရ မည်။(အောက်ပါ ပုံတွင် ပြသထားသည့် အတိုင်း)



- ကစားသမားတစ်ဦး ကစားကွင်းအတွင်း ဝင်ရောက်ခြင်း၊ ပြန်လည်ဝင်ရောက်ခြင်း (သို့မဟုတ်) ခွင့်ပြုချက် မရရှိဘဲ ကစားကွင်းအတွင်းမှ ထွက်ခွာခြင်း အတွက် တဆင့်အလွတ်တည်ကန်ဘောများကို ဘောလုံးနှင့် အတူ ကစားမှုသည် ပင်နယ် တီ ဧရိယာ အတွင်း ရပ်ဆိုင်းသွားခဲ့ခြင်း မဟုတ်လျှင် ကစားမှု ရပ်ဆိုင်းချိန်တွင် ဘောလုံးရှိသည့် နေရာမှ ပြန်လည် စတင်ကစားရမည် ဖြစ်ပြီး ကစားမှုသည် ဘောလုံးနှင့် အတူ ပင်နယ်တီ ဧရိယာအတွင်း ရပ်ဆိုင်းခဲ့လျှင် အလွတ်တည် ကန်ဘောအား ကစားမှု ရပ်ဆိုင်း ချိန် ဘောလုံးရှိသည့်နေရာ၊ ဘေးစည်းနှင့် စိတ်ကူးယဉ်မျဉ်းဆွဲ၍ မျဉ်း ပြိုင်ကျ သည့် အနီးဆုံး ပင်နယ်တီဧရိယာ စည်းပေါ်မှ အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင် ကစားရမည်။ (အထက်ပါပုံတွင် ကြည့်ပါ)။ သို့သော်လည်း ကစားသမား တစ်ဦးသည် ကွင်းပြင်ပတွင် ပြစ်မှုကျူး လွန်ပါက ပြစ်မှုဖြစ်ပွားသည့် နေရာနှင့် အနီးဆုံး နယ် နမိတ် စည်းပေါ်မှ အလွတ် တည်ကန်ဘောဖြင့် ပြန်လည် စတင်ကစားရမည် ဖြစ်ပြီး ပြစ်မှုနှင့် အနီးစပ်ဆုံး နယ်နမိတ်စည်းမျဉ်း အမှတ်သည် ပြစ်မှုကျူးလွန်သူ၏ ပင်နယ်တီဧရိယာနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းတွင် ဖြစ်လျှင် ပင်နယ်တီ အဖြစ် သတ်မှတ်ပေး ရ မည်။
- ဥပဒေမှ တခြားနေရာကို သတ်မှတ်သည့် အခါ

**ဘောလုံး**

- ဘောလုံးသည့် တည်ငြိမ်နေရမည် ဖြစ်ပြီး ကန်ကစားသူအနေဖြင့် တခြားကစား သမား တစ်ဦးတစ်ယောက်မထိမီအထိ ထပ်မံမထိရ။
- ကန်လိုက်၍ သိသာထင်ရှားစွာ ရွေ့လျားသွားလျှင် ကစားမှု မြောက်သည်။

ပြိုင်ဘက် ကစားသမားအားလုံးသည် ဘောလုံးကစားမှု မြောက်သည်အထိ – – –

- ဘောလုံးနှင့် အနည်းဆုံး (၅)မီတာ အကွာတွင် ရှိရမည်။

- ပြိုင်ဘက်အသင်း၏ ပင်နယ်တီ ဧရိယာ အတွင်းမှ အလွတ်တည်ကန်ဘော များတွင် ပင်နယ်တီဧရိယာ အပြင်ဘက်တွင် ရှိရမည်။

နှစ်ဦး(သို့မဟုတ်) နှစ်ဦးထက်ပိုသော ခုခံကစားသူများမှ လူနံရံကာခြင်းများတွင် တိုက်စစ် ကစား သူ အားလုံးသည် ဘောလုံးကစားမှု မြောက်သည်အထိ လူနံရံနှင့် အနည်းဆုံး (၁) မီတာ အကွာတွင် ရှိရမည်။

အလွတ်တည်ကန်ဘောကို ဘောလုံးအား ခြေတစ်ချောင်း (သို့မဟုတ်) ခြေနှစ်ဖက်စလုံး ဖြင့် တပြိုင်နက်တည် မတင်ကစားနိုင်သည်။

အလွတ်တည်ကန်ဘောကန်ရန် လှည့်စားခြင်းကို ဖူဆယ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ခွင့်ပြု သည်။

အကယ်၍ ကစားသမားတစ်ဦးသည် အလွတ်တည်ကန်ဘောကို မှန်ကန်စွာ ကန်ချိန်တွင် ဘောလုံးကို ပြန်လည် ရယူကစားနိုင်ရန်အတွက် ပြိုင်ဘက်ကစားသမားအား တမင်တ ကာ ဘောလုံးဖြင့် ကန်ခဲ့လျှင် ယင်းအပြုအမူသည် သတိမမူခြင်း၊ မဆင်မခြင် ပြုလုပ်ခြင်း (သို့မဟုတ်) လိုအပ်သည့် အင်အားထက် ပိုမိုသုံးခြင်း မဟုတ်ပါက ဒိုင်လူကြီးများက ဆက်လက် ကစားခွင့် ပြုရမည်။

**(၃) ပြစ်မှုများနှင့် အပြစ်ပေး အရေးယူမှုများ**

အလွတ်တည်ကန်ဘောကန်ချိန်တွင် ပြိုင်ဘက် ကစားသမားတစ်ဦးသည် ဘောလုံးနှင့် သတ်မှတ်အကွာအဝေးထက် နီးကပ်နေပါက အခွင့်သာမှု ရရှိခြင်း မရှိခဲ့လျှင် အလွတ်တည် ကန်ဘောအား ပြန်ကန်စေရမည်။ မည်သို့ပင် ဆိုစေကာမူ ကစားသမား တစ်ဦးသည် အလွတ် တည်ကန်ဘောကို လျှင်မြန်စွာ ကစားပြီး ဘောလုံးနှင့် (၅)မီတာ ထက် ပိုနီးသော နေရာတွင် ရှိနေသော ပြိုင်ဘက် ကစားသမားတစ်ဦးမှ ဘောလုံးကို ကြားဖြတ်ယူခဲ့ပါက ဒိုင်လူကြီးများမှ ဆက်လက်ကစားခွင့်ပြုရမည်။ သို့သော်လည်း

အလွတ်တည်ကန်ဘော အမြန်ကန်ခြင်းကို တမင်တကာ ဟန့်တားသော ပြိုင်ဘက်ကစားသမားကို ကစားချိန်ပြန်စရန် နှောင့်နှေးကြန့်ကြာ အောင် ပြုလုပ်ခြင်း အတွက် အဝါကတ်ပြ အရေးယူရမည်။

အကယ်၍ အလွတ်တည်ကန်ဘော ကစားသည့်အခါ တိုက်စစ်ကစားသမားတစ်ဦးသည် ခံစစ် ကစားသမား (၂)ဦး (သို့မဟုတ်) (၂)ဦးထက်ပိုသော လူတံတိုင်းကာရံခြင်းမှ (၁)မီတာ ထက်နည်းနေပါက ခံစစ် အသင်းအား တဆင့်လွတ်တည်ကန်ဘော ပေးရမည်။

အကယ်၍ ခုခံ ကစားသည့် အသင်းမှ ၎င်းပိုင် ပင်နယ်တီဧရိယာအတွင်းမှ အလွတ်တည်ကန်ဘောဖြင့် ကစားသည့် အချိန် ပြိုင်ဘက် ကစားသမားများသည် ထွက်ခွာရန် အချိန်မရှိသော ကြောင့် ပင်နယ်တီ ဧရိယာအတွင်း ရှိနေပါက ဒိုင်လူကြီးများက ဆက်လက်ကစားခွင့် ပြုရမည်။

အလွတ်တည်ကန်ဘော ကစားချိန်တွင် ပင်နယ်တီဧရိယာအတွင်းရှိ ပြိုင်ဘက် ကစားသမား (သို့မဟုတ်) ဘောလုံးကစားမှု မပြောက်မီ ကစားကွင်း အတွင်းသို့ ဝင်ရောက်လာသူမှ ဘောလုံးကစားမှု မပြောက်မီ ဘောလုံးအား ထိမိခြင်း၊ လုယူကစားခြင်း ပြုလုပ်လျှင် အလွတ်တည်ကန်ဘောပြန်လည် ကစားစေရမည်။

အကယ်၍ ကစားမှု ပြောက်ပြီးနောက် ကန်ကစားသူသည် အခြားကစားသမားတစ်ဦးတစ် ယောက် မထိမီ ဘောလုံးကို ထပ်မံ ထိကန် ကစားခဲ့လျှင် တဆင့်အလွတ်တည်ကန်ဘော ပေးရမည်။ အကယ်၍ ကန်ကစားသူမှ လက်ထိဘော ကျူးလွန်ခဲ့လျှင် –

- တိုက်ရိုက်အလွတ်တည်ကန်ဘော ပေးရမည်
- အကယ်၍ ပြစ်မှုသည် ကန်ကစားသူ၏ ပင်နယ်တီ ဧရိယာအတွင်း ဖြစ်ခဲ့ပါက ပင်နယ်တီ ပေးရမည်။ ကန်ကစားသူသည် ဂိုးသမားဖြစ်ခဲ့ပါက တဆင့် အလွတ်တည်ကန်ဘော ပေးရမည်။

အကယ်၍ အလွတ် တည်ကန်ဘောအား (၄) စက္ကန့်အတွင်း ကန်ကစားခြင်း မပြုပါက အလွတ်တည်ကန်ဘော ကန်ကစားသည့် နေရာမှ ပြိုင်ဘက် အသင်းအား တဆင့် အလွတ် တည်ကန်ဘော ကန်ကစားစေရမည်။ ယင်းဖြစ်စဉ်သည် ကန်သွင်းသူ၏ ပင်နယ်တီ ဧရိယာ အတွင်းဖြစ်ပါက ဖြစ်စဉ်ကျူးလွန်သည့် နေရာမှ ဘေးစည်းနှင့် စိတ်ကူးယဉ်မျဉ်းဆွဲ၍ မျဉ်းပြိုင် ကျသည့် အနီးဆုံး ပင်နယ်တီဧရိယာစည်းပေါ်မှ ပြိုင်ဘက် အသင်းကို တဆင့် အလွတ်တည်ကန်ဘောဖြင့် ကန်ကစားစေရမည် (**၁၃ဥပဒေ** အပိုင်း၂ တွင် ပုံကြည့်ပါ)။

## (၄) စုပေါင်းပြစ်ဒဏ်များ

- ဥပဒေ (၁၂) တွင် သတ်မှတ်ထားသည့် တိုက်ရိုက်အလွတ်တည်ကန်ခြင်း (သို့မဟုတ်) ပင်နယ်တီ ကန်သွင်းခြင်း ပြစ်မှုအားလုံးသည် စုပေါင်းပြစ်ဒဏ်များ ဖြစ်သည်။
- ကစားချိန် တစ်ပိုင်းစီတွင် အသင်းတစ်သင်းစီမှ ကျူးလွန်သော စုပေါင်းပြစ်ဒဏ်များကို ပွဲအစီရင် ခံစာတွင် မှတ်တမ်းတင်ထားသည်။
- ပြစ်မှု ကျူးလွန်သည့် အသင်းသည် ယခင်က စုပေါင်းပြစ်ဒဏ် (၅) ကြိမ် မကျူးလွန် ရသေးဘဲ ပြိုင်ဘက် အသင်းအား ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေး မရရှိခဲ့ပါက အခွင့်သာမှုရှိလျှင် ကစားမှုကို ဆက်လက် ကစားခွင့် ပေးရမည်။
- အကယ်၍ ဒိုင်လူကြီးများသည် အခွင့်သာမှုကို အသုံးပြုခဲ့ပါက ဘောလုံးကစားမှု ရပ်ဆိုင်း သည်နှင့်အချိန်မှတ်ဒိုင်လူကြီးနှင့်တတိယဒိုင်လူကြီးတို့အားစုပေါင်းပြစ်ဒဏ်ညွှန်ပြရန်အတွက် အချက်ပြသ မှုများ ကို အသုံးပြုသင့်သည်။
- အကယ်၍ အချိန်ပို ကစားပါက ဒုတိယပိုင်းမှ စုပေါင်းပြစ်ဒဏ်များကို အချိန်ပိုတွင် ဆက်လက် ရေတွက်မည် ဖြစ်သည်။

## (၅) ကစားချိန်တစ်ပိုင်းစီတွင်(၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက်အလွတ် တည်ကန်ဘော

(၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်များမှ စတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ဘောကို (၆)ကြိမ် မြောက် စုပေါင်းပြစ်ဒဏ်နှင့် နောက်ဆက်တွဲ ကျူးလွန်မှုများကို အပိုင်းတစ်ပိုင်း စီတွင် ပေးရမည်။ သို့သော်လည်း (၆) ကြိမ်မြောက် (သို့မဟုတ်) နောက်ဆက်တွဲ ကျူးလွန်မှုသည် ကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာအတွင်း ဖြစ်ပါက ပင်နယ်တီပေးရမည်။

(၆)ကြိမ်မြောက် စုပေါင်းပြစ်မှု စတင်သည့် တိုက်ရိုက်အလွတ်တည်ကန်ခြင်းမှ တိုက်ရိုက် ဂိုးသွင်း ယူနိုင်ပြီး ကန်သွင်းသူမှသည်ထိုသို့ပြုလုပ်ရန်ကြိုးပမ်းရမည်။

(၆)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက် အလွတ် တည် ကန်ဘော ကန်သွင်း ရာတွင် ခုခံကစားသည့် အသင်းမှ လူတံတိုင်း ကာခွင့် မရှိပါ။

### လုပ်ထုံးလုပ်နည်း

- ဘောလုံးအား (၁၀) မီတာ အမှတ်အသား (သို့မဟုတ်) (၆) ကြိမ်မြောက် စုပေါင်း ပြစ် ဒဏ်မှ စတင်သည့် တိုက်ရိုက်အလွတ် တည်ကန်ဘောပေးရ မည့်ပြစ်မှု ကျူးလွန်ခဲ့သည့် နေရာ တွင်တည်ငြိမ်စွာတည်ထားရမည်။(၎င်းသည် ခုခံကစား သည့်ဂိုးစည်းနှင့် (၁၀) မီတာ အမှတ်အသားမှ ဂိုးစည်းနှင့် မျဉ်းပြိုင် စိတ်ကူးယဉ် မျဉ်းကြားဧရိယာ)
- ဤဧရိယာအတွင်း ကျူးလွန်ခဲ့ပါက ကန်ကစားမည့်သူသည် (၁၀) မီတာ အမှတ် အသား (သို့မဟုတ်) ပြစ်မှုကျူးလွန်သည့် နေရာမှ ကန်ကစားရန် ရွေးချယ်နိုင် သည်။
- ဂိုးတိုင်များ၊ ဂိုးဘားတန်းနှင့် ဂိုးပိုက် ရွေ့လျားခြင်း မရှိစေရပါ။
- ကန်ကစားမည့် ကစားသမားကို သေချာစေရမည်။

- ခုခံသည့် ဂိုးသမားသည် ဘောလုံးအား ကန်ကစားခြင်း မပြီးမချင်း ဘောလုံးနှင့် အနည်းဆုံး (၅)မီတာ အကွာတွင် ရှိရမည်။
- ကန်ကစားမည့်သူနှင့် ခုခံသည့် ဂိုးသမားမှ လွဲ၍ အခြားကစားသမားများသည် --
  - ကစားကွင်းအတွင်း
  - ဘောလုံးနှင့် အနည်းဆုံး (၅)မီတာအကွာ*
  - ဘောလုံး၏နောက်
  - ပင်နယ်တီ ဧရိယာအပြင်ဘက်




**<u>*ပြန်လည်စတင်ကစားသည့်အချိန်တွင် ကစားသမား တစ်ဦး၏ အနေအထားအား ကစားကွင်း ကြမ်းပြင်နှင့် ထိနေသည့် ခြေထောက် သို့မဟုတ် ခန္ဓာကိုယ်၏ မည်သည့် အစိတ်အပိုင်းနှင့်မဆို ဆုံးဖြတ်ပါမည်။ (ဖူဆယ် အသုံးအနှုန်းများတွင် ကြည့်ပါ)</u>**

- ဥပဒေနှင့် အညီ ကစားသမားများမှ နေရာယူပြီးနောက် ဒိုင်လူကြီးတစ်ဦးမှ (၆)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ်မှ စတင်သော တိုက်ရိုက် အလွတ်တည်ကန်ဘော ကန်ရန် အတွက် အချက်ပြရမည်။
- ကန်သွင်းသူသည် ဘောလုံးကို ပြိုင်ဘက်၏ ဂိုးဆီသို့ ဂိုးသွင်းယူရန် ရည်ရွယ်ချက်ဖြင့် တိုက်ရိုက်ကန်ရမည်။ ဘောလုံးသည် ပြိုင်ဘက် ဂိုးတိုင်ဆီသို့ ရွေ့လျား

သွားကာ တိုက်ရိုက်ဂိုးသွင်းရန် ကြိုပမ်းမှု ဖြစ်လျှင် ခြေဖနောက်ဖြင့် ကန်ခြင်းကို ခွင့်ပြုသည်။

- ဘောလုံးကို ကန်လိုက်၍ ပြိုင်ဘက် ဂိုးပေါက်ဆီသို့ ရှင်းရှင်းလင်းလင်း ရွေ့လျား သွားခဲ့လျှင် ကစားမှုမြောက်သည်။
- ကန်ကစားသူသည် အခြားကစားသမား တစ်ဦးတစ်ယောက်မှ မထိမီ ဘောလုံး အား ထပ်မံ ထိကန်ကစားခွင့် မရှိပါ။
- ကစားချိန်တစ်ပိုင်း ပြီးဆုံးချိန်တွင် (၆)ကြိမ်မြောက် စုပေါင်းပြစ်မှုမှ စတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ဘောကန်ခွင့် ရရှိခဲ့လျှင်(၆)ကြိမ်မြောက် စုပေါင်းပြစ် မှုမှ စတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ဘော ကန်သွင်းခြင်း ပြီးဆုံးသည် အထိ ခွင့်ပြုရမည်။ ကစားမှုမြောက်ပြီးနောက် အောက်ဖော်ပြပါ အချက်တစ်ချက် နှင့် ကိုက်ညီလျှင် ကန်သွင်းခြင်း ပြီးမြောက်ပြည့်စုံမည်။
  - ဘောလုံးရွေ့လျားမှုရပ်ဆိုင်းသွားခြင်း(သို့မဟုတ်)ကစားကွင်း အပြင် သို့ ထွက် သွားခြင်း
  - ခုခံကစားသည့် ဂိုးသမားမှ လွဲ၍ (ကန်ကစားသူအပါအဝင်)မည်သည့် ကစားသမားမဆို ကစားခြင်း
  - ကန်ကစားသူနှင့် ကန်ကစာသူအသင်းဖော်မှ ပြစ်မှုကျူးလွန်၍ ဒိုင်လူကြီးမှ ကစားပွဲအား ရပ်ဆိုင်ခဲ့လျှင်

**ပြစ်မှုများနှင့် အရေးယူမှုများ**

- (၆) ကြိမ်မြောက် စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ဘော ကန်သွင်းရန် ဒိုင်လူကြီးများမှ အချက်ပြသည်နှင့် (၄)စက္ကန့်အတွင်း ကန်သွင်း ရမည်။ အကယ်၍ (၄) စက္ကန့်အတွင်း ကန်သွင်းခြင်းမပြုပါက ပြိုင်ဘက်အ သင်းအား တဆင့် အလွတ်တည်ကန်ဘော ပေးရမည်။

- အကယ်၍ ကစားမှု ပြောက်ပြီးနောက် အောက်ဖော်ပြပါ အချက်များမှ တစ်ခုခုဖြစ်ခဲ့လျှင်
    - ကန့်သွင်းသူ (သို့မဟုတ်) ကန့်သွင်းသူ အသင်းဖော်မှ ပြစ်မှုကျူးလွန်ခဲ့လျှင်
        - ➢ အကယ်၍ ဂိုးဝင်ခဲ့လျှင် ပြန်ကန်စေရမည်။
        - ➢ အကယ်၍ ဂိုးမဝင်ခဲ့လျှင် ဒိုင်လူကြီးမှ ကစားမှုအား ရပ်ဆိုင်းပြီး ပြိုင်ဘက် အသင်းအား တဆင့် အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။

အောက်ပါ အခြေအနေများမှ လွဲ၍ ကစားခြင်းကို ရပ်ပြီး ဂိုးဝင်သည် ဖြစ်စေ၊ မဝင်သည် ဖြစ်စေ ပြိုင်ဘက် အသင်းကို တဆင့် အလွတ်တည်ကန်ဘော ပြန်လည်စတင်သည့် အခါတွင် ---

- ➢ (၆)ကြိမ်ပြောက် စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ဘောအား ပြိုင်ဘက် အသင်း၏ ဂိုးဆီသို့ ဂိုးရယူရည်ရွယ်ချက်ဖြင့် ကန်သွင်းခြင်း မပြုလျှင်
- ➢ ကန်သွင်းရန် သတ်မှတ်ထားသူ၏ အသင်းဖော်မှ ကန်သွင်းခဲ့လျှင် ၎င်းကစားသမားအား ဒိုင်လူကြီးမှ အဝါကတ်ပြသရမည်။
- ➢ ပြေးလွှားလှုပ်ရှားမှုပြီးပြည့်စုံပြီးနောက် ဘောလုံးအား ကန်ရန် လှည့်စား ခဲ့လျှင် (ပြေးလွှားလှုပ်ရှားနေစဉ် လှည့်စားမှုကို ခွင့်ပြု သည်) ကန်သွင်းသူ ကို ဒိုင်လူကြီးမှ အဝါကတ်ပြရမည်။

- **<u>ခုခံကစားသည့် ဂိုးသမားမှ ပြစ်မှု ကျူးလွန်လျှင်-</u>**
  **<u>- အကယ်၍ ဂိုးဝင်ခဲ့လျှင်၊ ဂိုးသတ်မှတ်ပေးရမည်</u>**
  **<u>- အကယ်၍ ဂိုးမဝင်ဘဲ လွဲချော်ခဲ့လျှင် သို့မဟုတ် ဂိုးဘားတန်း၊ ဂိုးတိုင်များ အား ထိပြီးပြန်ကန်ထွက်လာခဲ့ပြီး၊ အကယ်၍ဂိုးသမား၏ ပြစ်မှုကျူးလွန်မှု သည် ကန်သွင်းသူအပေါ် သိသာထင်ရှားစွာ အကျိုးသက်ရောက်မှုရှိခဲ့မှသာလျှင် ပြန်ကန်စေ ရမည်။</u>**
  **<u>- အကယ်၍ ဂိုးသမားမှ ဂိုးမဝင်အောင် ကာကွယ်ခဲ့လျှင်ပြန်ကန်စေရမည်။</u>**

<u>ဂိုးသမား၏ ပြစ်မှုကျူးလွန်မှုအရ ပြန်ကန်စေရလျှင်ဂိုးသမားအား ပထမ အကြိမ် ကျူးလွန်မှု အတွက်နှုတ်ဖြင့် သတိပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ ကျူးလွန်မှု များအတွက် အဝါကတ် ပြသ သတိပေးရမည်။</u>

- <u>ခုခံကစားသည့် ဂိုးသမား၏ အသင်းဖော်မှ ပြစ်မှု ကျူးလွန်ခဲ့လျှင်–</u>
  - <u>အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ် သတ်မှတ်ပေးရမည်။</u>
  - <u>ဂိုးမဝင်ခဲ့လျှင် ပြန်ကန်စေပြီး ပြစ်မှုကျူးလွန်သူအား ပထမအကြိမ် အတွက် နှုတ်ဖြင့် သတိပေးရမည်ဖြစ်ပြီး နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။</u>
- <u>နှစ်ဖက်အသင်းမှကစားသမားများ ပြစ်မှု ကျူးလွန်ခဲ့လျှင် ကစားသမားတစ်ဦးမှ ပိုမိုပြင်းထန်သော ပြစ်မှု ကျူးလွန်(ဥပမာ–တရားမဝင် လှည့်စားခြင်း) ခြင်းမှလွဲ၍ ပြန်ကန်စေပြီး ပြစ်မှုကျူးလွန်သူများအား ပထမ အကြိမ်အတွက် နှုတ်ဖြင့် သတိပေးရမည်ဖြစ်ပီး နောက်ဆက်တွဲ ကျူးလွန်မှုများအတွက် အဝါကတ်ပြသ သတိပေးရမည်။</u>
- <u>တစ်ချိန်တည်းတွင် ကန်သွင်းသူနှင့် ခုခံကစားသည့် ဂိုးသမား နှစ်ဦးစလုံး ပြစ်မှု ကျူးလွန်ခဲ့လျှင် ကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည်ဖြစ်ပြီး၊ ခုခံကစားသည့် အသင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။</u>

(၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှစတင်သည့် တိုက်ရိုက်အလွတ် တည်ကန်ဘော ကန်ကစားချိန် ကန်သွင်းသူမှ ကန်သွင်းရန် ဘောလုံးဆီသို့ ရွေ့လျားသွားနေစဉ်တွင် ပြိုင်ဘက်ကစားသမားတစ်ဦးအနေဖြင့်နှောင့်ယှက်မှု ပြုလုပ်ခဲ့ပါက အဆိုပါ ကစားသမားသည် သတ်မှတ် အကွာအဝေး (၅) မီတာ အတွင်း ရှိနေခဲ့လျှင်ပင် အဝါကတ်ပြသခံရမည်။

- အကယ်၍ (၆)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက် အလွတ် တည်ကန်ဘော ကန်သွင်းပြီးနောက် ကန်သွင်းသူသည် အခြားကစားတစ်ဦး တစ်ယောက် မထိမီ ထပ်မံ ထိကန် ကစားခဲ့လျှင် ––

- တဆင့် အလွတ်တည်ကန်ဘော (လက်ထိဘောအတွက် တိုက်ရိုက် တည်ကန်ဘော) ဖြင့်ပြိုင်ဘက် အသင်းကို ပြန်လည်စတင် ကစား ခွင့်ပြုရမည်။

- ဘောလုံးသည် ပြိုင်ဘက် အသင်း၏ ဂိုး ဆီသို့ ရွေ့လျားသွားစဉ် ပြင်ပ ပုဂ္ဂိုလ်နှင့် ထိမိခဲ့လျှင်
  - ဘောလုံးသည်ဂိုးထဲသို့ မဝင်ပါက ကန်သွင်းခြင်းကို ပြန်လည် ရယူပြီး နှောင့်ယှက်ခြင်းသည် ခံစစ်ဂိုးသမား သို့မဟုတ် ခံစစ်အ သင်း ကစားသမားအား ဘောလုံးကစားခြင်းမှတားဆီးခြင်း မပြုပါက တိုက်စစ်ဆင်သည့်အသင်းမှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်း မရှိခဲ့လျှင်၊ ဘောလုံးသည် ဂိုးဝင်သွားပါ က(အကယ်၍ဘောလုံးနှင့် ထိမိခဲ့လျှင်တောင်မှ) ဂိုးရရှိမည် ဖြစ်သည်။

- ဘောလုံးသည် ဂိုးသမား၊ ဂိုးဘားတန်း၊ (သို့မဟုတ်) ဂိုးတိုင်များကို ထိပြီး ကစားကွင်းအတွင်းသို့ ပြန်စင်ဝင်လာပြီး ပြင်ပ ပုဂ္ဂိုလ်နှင့် ထိမိလျှင်
  - ဒိုင်လူကြီးမှ ကစားပွဲကို ရပ်ဆိုင်းရမည်
  - ပြင်ပပုဂ္ဂိုလ် ထိမိသည့် နေရာမမြေချဘောဖြင့်ပြန်လည် စတင်ကစားရမည်။

**အနှစ်ချုပ်ဇယား**

| (၆)ကြိမ်မြောက်စုပေါင်း ပြစ်ဒဏ်မှစတင်သည့် တိုက်ရိုက် အလွတ်တည်ကန်ခြင်း ရလဒ်များ | | |
|---|---|---|
| **ပြစ်မှု** | **ဂိုးဝင်လျှင်** | **ဂိုးမဝင်လျှင်** |

| | | |
|---|---|---|
| တိုက်စစ်အသင်း ကစားသမားမှ ကျူးလွန်လျှင် | (၆)ကြိမ်မြောက်စုပေါင်းပြ စ် ဒဏ်မှစတင်သော တိုက် ရိုက်အလွတ် တည်ကန်ခြင်းအား ပြန်ကန်ရမည်။ | ခုခံကစားသည့် အသင်းမှ တဆင့် အလွတ် တည်ကန်ခြင်း ဖြင့် ပြန်လည်စတင်ရမည်။ |
| ခံစစ်အသင်း ကစာသမားမှ ကျူးလွန်လျှင် | ဂိုးပေးရမည်။ | (၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှစတင်ေ ော တိုက် ရိုက်အလွတ် တည်ကန်ခြင်းအား ပြန်ကန်၍ ၊ ခုခံကစားသည့် အသင်းမှ ကစား သမား အား နုတ်ဖြင့်သတိပေးပြီး၊နောက်ဆက်တွဲကျူး လွန်သည့်မည်သည့်ပြစ်မှုမဆို အဝါကတ်ပြသရမည်။ |
| ခံစစ်ကစားသမားနှ င့်တိုက်စစ်ကစားသ မားတို့မှကျူးလွန် လျှင် | (၆)ကြိမ်မြောက်စုပေါင်းပြ စ်ဒဏ်မှစတင်သော တိုက် ရိုက်အလွတ် တည်ကန်ခြင်းအား ပြန်ကန်ရမည်။ | (၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှ စတင်သော တိုက်ရိုက် အလွတ်တည်ကန်ခြင်းအား ပြန်ကန်၍ ၊ ကျူးလွန်သည့် ကစား သမားများ အား နုတ်ဖြင့်သတိပေးပြီး၊နောက်ဆက်တွဲကျူး လွန်သည့်မည်သည့်ပြစ်မှုမဆို အဝါကတ်ပြသရမည်။ |
| ဂိုးသမားမှ ပြစ်မှုကျူးလွန်ခဲ့ လျှင် | ဂိုးပေးရမည်။ | မကာကွယ်ခဲ့လျှင် – (၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှ စတင်သော တိုက်ရိုက် အလွတ်တည်ကန်ခြင်းအား ပြန်ကန်ရန်မလိုပေ(ကန်သွင်းသူအပေါ်သိ သာထင်ရှားစွာအကျိုးသက်ရောက်မှုမရှိလျှ |

| | | |
|---|---|---|
| | | င်)။<br><br>ကာကွယ်ခဲ့လျှင် –<br>(၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှ စတင်သော တိုက်ရိုက်အလွတ်တည်ကန်ခြင်းအား ပြန်ကန်၍၊ ဂိုးသမားအားနုတ်ဖြင့် သတိပေးပြီး နောက်ဆက်တွဲ ကျူးလွန်သည့်မည်သည့်ပြစ်မှုမဆို အဝါကတ်ပြသရမည်။ |
| တိုက်ရိုက်ဂိုးသွင်းယူရန်ကြံရွယ်၍ဘောလုံးအားပြိုင်ဘက်၏ဂိုးဆီသို့မကန်ခဲ့လျှင် | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်စရမည်။ | ခုခံကစားသည့် အသင်းမှ တဆင့် အလွတ်တည် ကန်ဘောဖြင့် ပြန်စရမည်။ |
| တရားမဝင်လှည့်စားခြင်း | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်စပြီး ကန်သွင်းသူအား အဝါကတ်ပြသရမည်။ | ခုခံကစားသည့် အသင်းမှ တဆင့် အလွတ်တည်ကန်ဘောဖြင့် ပြန်စပြီး ကန်သွင်းသူအား အဝါကတ်ပြသရမည်။ |
| ကန်သွင်းသူမှား ယွင်းခဲ့လျှင် | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်စပြီး မှားယွင်းကန်သွင်းသူအား အဝါကတ်ပြသရမည် | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်စပြီး မှားယွင်းကန်သွင်းသူအား အဝါကတ်ပြသရနမည်။ |
| ဂိုးသမားနှင့် ကန်သွင်းသူ | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန် | ခုခံကစားသည့် အသင်းမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် |

| | | |
|---|---|---|
| တချိန်တည်းတွင် ပြစ်မှု ကျူးလွန်လျှင် | ဘောဖြင့် ပြန်စပြီး ကန်သွင်းသူအား အဝါကတ်ပြသရမည်။ | ပြန်စပြီး ကန်သွင်းသူအား အဝါကတ်ပြသရမည်။ |

# ဥပဒေ – ၁၄ – ပင်နယ်တီ ကန်ခြင်း

ကစားသမားတစ်ဦးသည် တိုက်ရိုက်အလွတ်တည်ကန်ဘော ပေးရမည့် ပြစ်ဒဏ်တစ်ခုအား မိမိပိုင် ပင်နယ်တီ ဧရိယာအတွင်း (သို့မဟုတ်) ဥပဒေ (၁၂)တွင် ဖော်ပြထားသော ပင်နယ် တီ ဧရိယာအပြင်ဘက် ကွင်းပြင်တွင် ကစားမှုအစိတ်အပိုင်း တရပ်အနေဖြင့် ကျူးလွန်ခဲ့ပါက ပင်နယ်တီ အဖြစ် သတ်မှတ်ပေးမည်။

ပင်နယ်တီ ကန်သွင်းခြင်းမှ တိုက်ရိုက်ဂိုးရယူနိုင်သည်။

**(၁) လုပ်ထုံးလုပ်နည်း**

ဘောလုံးအား ပင်နယ်တီ အမှတ်အသားပေါ်တွင် တည်ငြိမ်စွာတည်ထားရမည် ဖြစ်ပြီး ဂိုးတိုင်၊ ဂိုးဘားတန်းနှင့် ဂိုးဘားတန်းများ မရွေ့လျားစေရ။

ပင်နယ်တီကန်သွင်းသူကို သေချာစေရမည်။

ခုခံသည့် ဂိုးသမားသည် ဘောလုံးအားကန်ပြီးသည်အထိ ဂိုးတိုင်များ၊ ဂိုးဘားတန်း၊ ဂိုးပိုက်တို့အား မထိဘဲ ဂိုးတိုင်နှစ်တိုင်ကြား ဂိုးစည်းပေါ်တွင် ကန်သွင်းသူကို မျက်နှာမူလျက်ရှိရမည်။

- ကန်သွင်းသူနှင့် ဂိုးသမားမှ လွဲ၍ ကျန်ကစားသမားများသည်
- ကစားကွင်းအတွင်း

- ပင်နယ်တီ အမှတ်အသားနှင့် (၅)မီတာ အကွာ
- ပင်နယ်တီ အမှတ်အသား၏ နောက်
- ပင်နယ်တီ ဧရိယာအပြင်ဘက်တွင် ရှိရမည်

ဥပဒေအရ ကစားသမားများအားလုံးနေရာတကျ ဖြစ်လျှင် ဒိုင်လူကြီးတစ်ဦးမှ ပင်နယ်တီ ကန်သွင်းရန် အချက်ပြသရမည်။

ပင်နယ်တီကန်သွင်းသူသည် ဘောလုံးအား ရှေ့သို့သာ ကန်ရမည်။ ခြေဖနောင့်နှင့် ကန်သွင်းခြင်းကို ခွင့်ပြုသော်လည်း ဘောလုံးသည် ရှေ့သို့သာရွေ့လျားရမည်။

ဘောလုံးအားကန်ကစားလိုက်သည့်အချိန်တွင် ခုခံကစားသည့် ဂိုးသမား၏ အနည်းဆုံး ခြေထောက်တစ်ချောင်း၏ အစိတ်အပိုင်းသည် ဂိုးစည်းနှင့်ထိနေရမည် သို့မဟုတ် တစ်တန်းတည်း ဖြစ်နေရမည်။

ဘောလုံးအား ကန်လိုက်၍ ရှေ့သို့သိသာထင်ရှားစွာ ရွေ့လျားသွားလျှင် ကစားမှုမြောက်သည်။

ကန်သွင်းသူသည် ဘောလုံးအား အခြားကစားသမားတစ်ဦးတစ်ယောက်မှ မထိဘဲ ထပ်မံထိကန်ကစားခွင့်မရှိ။

ကစားချိန်တစ်ပိုင်းပြီးဆုံးချိန်၌ ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့လျှင် ပင်နယ်တီ ကန်သွင်းခြင်းပြီးဆုံးသည်အထိခွင့်ပြုပေးရမည်။ကစားမှုမြောက်ပြီးနောက် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီလျှင် ပင်နယ်တီ ကန်သွင်းမှု ပြီးပြည့်စုံသည်။

- ဘောလုံးရွေ့လျားမှု ရပ်ဆိုင်းခြင်း (သို့မဟုတ်) ကစားကွင်းပြင်ပသို့ ထွက်သွားခြင်း
- ကစားမှုမြောက်ပြီးနောက် ခုခံကစားသည့် ဂိုးသမားမှလွဲ၍ ကန်သွင်းသူအပါအဝင် မည်သူမဆို ထိကန် ကစားခဲ့လျှင်

- ကန်သွင်းသူ (သို့မဟုတ်) ကန်သွင်းသူ အသင်းဘက်မှ ပြစ်မှုတစ်စုံတရာ ကျူးလွန်ခဲ့၍ ဒိုင်လူကြီးမှ ကစားမှု ရပ်ဆိုင်းခဲ့လျှင်

## (၂) ပြစ်မှုများနှင့် အပြစ်ပေးအရေးယူမှုများ

ဒိုင်လူကြီးမှ ပင်နယ်တီ ကန်သွင်းရန် အချက်ပြသပြီးသည်နှင့် ပင်နယ်တီကန်သွင်းရမည်။ အကယ်၍ မကန်သွင်းခဲ့ပါက ဒိုင်လူကြီးတစ်ဦးမှ ပင်နယ်တီထပ်မံ ကန်သွင်းရန် အချက်ပြသခြင်း မပြုမီစည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ရမည်။

အကယ်၍ ကစားမှု မပြောက်မီ အောက်ဖော်ပြပါ အချက်တစ်ချက်ချက် ဖြစ်ပွားခဲ့လျှင် – –

- ကန်သွင်းသူ သို့မဟုတ် အသင်းဖော်မှပြစ်မှုကျူးလွန်ခဲ့လျှင် –
    - ဂိုးဝင်သွားခဲ့လျှင် ပင်နယ်တီ ပြန်ကန်စေရမည်။
    - အကယ်၍ ဂိုးမဝင်ခဲ့လျှင် ဒိုင်လူကြီးမှ ကစားမှုအား ရပ်ဆိုင်း၍ ပြိုင်ဘက် အသင်းကို တဆင့်အလွတ်တည်ကန်ဘောဖြင့်ပြန်လည်စတင် ကစားစေရမည်။

ဖော်ပြပါ အခြေအနေများမှ လွဲ၍ ဂိုးဝင်သည် ဖြစ်စေ၊ မဝင်သည် ဖြစ်စေ ကစားမှုကို ရပ်ဆိုင်းပြီး ပြိုင်ဘက်အသင်းအား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင် ကစားစေရမည်။

- ➢ ပင်နယ်တီ ကန်သွင်းခြင်းအား နောက်သို့ကန်ခြင်း
- ➢ ပင်နယ်တီ ကန်သွင်းရန် သတ်မှတ်ထားပြီးသူကိုယ်စား အသင်းဖော်တစ်ဦးမှ ဝင်ရောက်ကန်သွင်းခြင်း၊ အဆိုပါ ကစားသမားအား ဒိုင်လူကြီးမှ အဝါကတ်ပြသရမည်။
- ➢ ပြေးလွှားလှုပ်ရှားမှုပြောက်ပြီး ဘောလုံးအား ကန်ရန် အဆင်သင့်ဖြစ်ပြီးနောက် ကန်သွင်းသူမှ လှည့်စားမှု ပြုလုပ်ခြင်း (ပြေးလွှားလှုပ်ရှားစဉ် လှည့်စားမှုအား ခွင့်ပြုသည်) အဆိုပါ ကစားသမားကိုဒိုင်လူကြီးမှ အဝါကတ်ပြသရမည်။

- ခုခံကစားသည့် ဂိုးသမားမှ ပြစ်မှု ကျူးလွန်ခဲ့လျှင်
    - အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးရမည်
    - အကယ်၍ ဂိုးမဝင်ဘဲ လွဲချော်ခဲ့လျှင် သို့မဟုတ် ဂိုးဘားတန်း၊ ဂိုးတိုင် များအား ထိပြီး ပြန်ကန်ထွက်လာခဲ့ပြီး အကယ်၍ ဂိုးသမား၏ပြစ်မှုကျူးလွန်မှုသည် ကန်သွင်းသူ အပေါ် သိသာထင်ရှားစွာအကျိုးသက်ရောက်မှု ရှိခဲ့မှသာလျှင် ပြန်ကန်စေရမည်။
    - အကယ်၍ ဂိုးသမားမှ ဂိုးမဝင်အောင် ကာကွယ်ခဲ့လျှင် ပြန်ကန်စေရမည်။

    ဂိုးသမား၏ ပြစ်မှုကျူးလွန်မှုအရ ပြန်ကန်စေရလျှင် ဂိုးသမားအား ပထမ အကြိမ်ကျူးလွန်မှုအတွက် နှုတ်ဖြင့် သတိပေးရမည်ဖြစ်ပီး နောက်ဆက်တွဲ ကျူးလွန် မှုများ အတွက် အဝါကတ်ပြသ သတိပေးရမည်။
- ခုခံကစားသည့် ဂိုးသမား၏ အသင်းဖော်မှ ပြစ်မှု ကျူးလွန်ခဲ့လျှင်--
    - အကယ်၍ ဂိုးဝင်ခဲ့လျှင် ဂိုးအဖြစ်သတ်မှတ်ပေးရမည်
    - အကယ်၍ ဂိုးမဝင်ခဲ့လျှင် ပြန်ကန်စေရမည်။
- ခံစစ်ကစားသမားနှင့်တိုက်စစ်ကစားသမားတို့မှပြစ်မှုကျူးလွန်လျှင် ကစားသမား တစ်ဦး ပိုမိုပြင်းထန်သော ပြစ်မှုကို ကျူးလွန်သည်မှလွဲ၍ (ဥပမာ – တရားဝင်လှည့်စားခြင်း) ပြန် ကန်စေရမည်။
- တစ်ချိန်တည်းတွင်ကန်သွင်းသူနှင့်ခုခံကစားသည့် ဂိုးသမားနှစ်ဦးစလုံး ပြစ်မှုကျူးလွန် ခဲ့လျှင် ကန်သွင်းသူအား အဝါကတ်ပြသ သတိပေးရမည် ဖြစ်ပြီး ခုခံကစားသည့်အသင်း အား တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

ပင်နယ်တီ ကန်သွင်းရန် အတွက် ကန်သွင်းသူသည် ဘောလုံးအား ကန်ကစားရန် ဘောလုံး ဆီသို့ ရွေ့လျားနေချိန်တွင် ပြိုင်ဘက် ကစားသမား တစ်ဦးမှ နှောင့်ယှက် မှု ပြုခဲ့လျှင် ယင်းကစားသမားသည် သတ်မှတ်အကွာအဝေး (၅)မီတာ အတွင်းတွင် ရှိနေခဲ့ပါသော်လည်း အဝါကတ်ပြသ အရေးယူခံရမည်။

အကယ်၍ ပင်နယ်တီ ကန်သွင်းခြင်းပြုပြီးနောက်

- ကန်သွင်းသူမှ တခြားကစားတစ်ဦးတစ်ယောက်မှ မထိမီ ဘောလုံးအားထပ်မံ ထိကန်ကစားခဲ့လျှင်– –
  - တဆင့်အလွတ်တည်ကန်ဘော (လက်ဖြင့်ဘောလုံးကို ထိကိုင်ကစားခဲ့လျှင် တိုက်ရိုက်အလွတ် တည်ကန်ဘော)ဖြင့် ပြိုင်ဘက်အသင်းကို ပြန်လည်ကစားစေရမည်။
- ဘောလုံးရှေ့သို့ ရွေ့လျားနေချိန် ပြင်ပပုဂ္ဂိုလ် တစ်ဦးဦးဖြင့် ထိမိလျှင် – – –
  - ဘောလုံးသည် ဂိုးထဲသို့ မဝင်ပါက ပင်နယ်တီ ပြန်ကန်စေရမည် ဖြစ်ပြီး ခံစစ်ဂိုးသမား (သို့မဟုတ်) ခံစားကစားသမားကို ဘောလုံးကစားခြင်းမှ အနှောင့်အယှက်မဖြစ်အောင် တားဆီးခြင်း တိုက်စစ်အသင်း မှ ဝင်ရောက်နှောင့်ယှက်ခြင်းမရှိလျှင် (ဘောလုံးနှင့် ထိမိလျှင်လည်း) ဘောလုံးသည် ဂိုးထဲသို့ ဝင်ခဲ့ပါက ဂိုးအဖြစ် သတ်မှတ်မည်။
- ဘောလုံးသည် ဂိုးသမား၊ ဂိုးဘားတန်း၊ (သို့မဟုတ်) ဂိုးတိုင်းများအား ထိမိပြီး ကစားကွင်းအတွင်းသို့ ပြန်ဝင်လာခဲ့ပြီးနောက် ပြင်ပ ပုဂ္ဂိုလ်/ အရာတစ်ခုခုနှင့် ထိမိလျှင်– – –
  - ဒိုင်လူကြီးမှ ကစားမှုကို ရပ်ဆိုင်းရမည်။
  - ဘောလုံးအား ပြင်ပပုဂ္ဂိုလ်/ အရာဝတ္ထု တစ်ခုခုနှင့် ထိမိသည့်နေရာမှ မြေချဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။

**(၃) အနှစ်ချုပ်ဇယား**

| ပင်နယ်တီ ကန်သွင်းမှု ရလဒ် | | |
|---|---|---|
| **ပြစ်မှု** | **ဂိုးဝင်လျှင်** | **ဂိုးမဝင်လျှင်** |
| တိုက်စစ်အသင်း ကစားသမားမှ ကျူးလွန်ခြင်း | ပင်နယ်တီ ပြန်ကန်စေရမည်။ | ခုခံကစားသည့် အသင်းမှ တဆင့် အလွတ်တည်ကန် ဘောဖြင့် ပြန်လည် ကစာတင်ကစားစေရမည်။ |
| ခံစစ် အသင်းကစားသမားမှ ကျူးလွန်ခြင်း | ဂိုးအဖြစ်သတ်မှ တ်ပေး မည်။ | ပင်နယ်တီပြန် ကန်စေရမည်။ |

| | | |
|---|---|---|
| ခံစစ်ကစားသမားနှင့်တိုက်စစ်ကစားသမားတို့မှကျူးလွန်လျှင် | ပင်နယ်တီပြန်ကန်စေရ မည်။ | ပင်နယ်တီပြန် ကန်စေရမည်။ |
| ဂိုးသမား ကျူးလွန်ခြင်း | ဂိုးအဖြစ် သတ်မှတ်ပေးမည်။ | **မကာကွယ်ခဲ့လျှင်**<br>…ပင်နယ်တီကန်ခြင်းအား ပြန်ကန်ရန်မလိုပေ(ကန်သွင်းသူအပေါ် သိသာထင်ရှားစွာအကျိုးသက်ရောက်မှုမရှိလျှင်)။<br><br>**ကာကွယ်ခဲ့လျှင်**<br>…ပင်နယ်တီကန်ခြင်းအား ပြန်ကန်စေ၍၊ ဂိုးသမားအားနုတ်ဖြင့် သတိပေးပြီးနောက်ဆက်တွဲ ကျူးလွန်သည့် မည်သည့်ပြစ်မှုမဆို အဝါကတ်ပြသရမည်။ |
| ဘောလုံးကို နောက်သို့ ကန်ကစားခဲ့လျှင် | ခံစစ်အသင်းကို တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ | ခံစစ်အသင်းကို တဆင့်အလွတ်တည် ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။ |
| တရားမဝင် လှည့်စားလျှင် | ခံစစ်အသင်းကို တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေပြီး ကန်သွင်းသူအား အဝါကတ် ပြသရမည်။ | ခံစစ်အသင်းကို တဆင့်အလွတ် တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေပြီး ကန်သွင်းသူအား အဝါကတ် ပြသရမည်။ |

| | | |
|---|---|---|
| ကန်သွင်းသူမှားယွင်းလျှင် (ကန်သွင်းရန် အတည်ပြု ထား သူမဟုတ်လျှင်) | ခံစစ်အသင်းကို တဆင့်အလွတ် တည်ကန်ဘော ဖြင့် ပြန်လည်စ တင် ကစားစေပြီး မှားယွင်းကန်သွင် းသူအား အဝါကတ် ပြသရမည်။ | ခံစစ်အသင်းကို တဆင့်အလွတ် တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေပြီး မှားယွင်းကန်သွင်းသူအား အဝါကတ် ပြသရမည်။ |
| ဂိုးသမားနှင့် ကန်သွင်းသူ တစ်ချိန်တည်းတွင် ပြစ်မှု ကျူးလွန်ခဲ့လျှင် | ခံစစ်အသင်းအား တဆင့်အလွတ် တည်ကန်ဘော ဖြင့်ပြန်လည်စတ င် ကစားစေပြီး ကန်သွင်းသူအား အဝါကတ် ပြသရမည်။ | ခံစစ်အသင်းအား တဆင့်အလွတ် တည် ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေ ပြီး ကန်သွင်းသူအား အဝါကတ် ပြသရ မည်။ |

# ဥပဒေ– ၁၅ – ကန်သွင်းခြင်း

ဘေားစည်းကို ကစားကွင်းကြမ်းပြင်ပေါ်မှဖြစ်စေ လေထဲမှဖြစ်စေ ဘောလုံးတစ်လုံးစာ လုံးဝ ကျော်ဖြတ်သွားခဲ့လျှင် (သို့မဟုတ်) ကစားနေစဉ်အတွင်း မျက်နှာကျက်အား ဘောလုံးထိမှန်

ခဲ့လျှင် ထိုဘောလုံးကို နောက်ဆုံးထိကန်သူ၏ ဆန်ကျင်ဘက် အသင်းမှ ကန်သွင်းခြင်းဖြင့် ပြန်လည်စတင်ကစားစေရမည်။

**ကန်သွင်းခြင်းမှ တိုက်ရိုက်ဂိုးသွင်းယူ၍ မရပါ။**

- အကယ်၍ ဘောလုံးသည် ကန်သွင်းခြင်းမှ ဆန့်ကျင်ဘက် အသင်းသို့ တိုက်ရိုက် ဂိုးဝင်သွားခဲ့ပါက ဂိုးမှ ပြန်လည်စတင်ကစားစေရမည်။
- အကယ်၍ ဘောလုံးသည် ကန်သွင်းခြင်းမှ မိမိဂိုးထဲသို့ တိုက်ရိုက်ဂိုးဝင်သွားခဲ့လျှင် ထောင့်ကန်ဘောအဖြစ် ပြန်လည်စတင်ကစားစေရမည်။

## (၁) လုပ်ထုံးလုပ်နည်း

ဘောလုံးပေးပို့ချိန်အတွင်း – – –

- ကစားကွင်းအတွင်းမှ ထွက်သွားသည့်နေရာ (သို့မဟုတ်) မျက်နှာကျက်နှင့် ထိသည့် အနီးဆုံးဘေးစည်းပေါ်တွင် ဘောလုံးကို တည်ငြိမ်စွာတည်ထားရမည်။
- **<u>ကန်သွင်းမည့်သူ တစ်ဦးသာလျှင် ကစားကွင်းပြင်ပတွင်ရှိရမည်။(ဖူဆယ်ဥပဒေများတွင် အခြားနည်းဖြင့်ဖော်ပြထားသည်မှ လွဲ၍ ဖူဆယ်ဒိုင်လူကြီးများနှင့် အခြားပြိုင်ပွဲတာဝန်ရှိသူများ အတွက် လက်တွေ့လမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် အကြံပြုချက်များမှ ကွင်းအတွင်းမှ တရားဝင်ထွက်ခွာခွင့်ပြုထားသည့်အပိုင်းကို ကြည့်ပါ။)</u>**

- ဆန့်ကျင်ဘက်အသင်းမှ ကစားသမားများသည် ကန်သွင်းခြင်းဖြင့် ပြန်လည်စတင်မည့်နေရာ ဘေးစည်းမှ အနည်းဆုံး (၅)မီတာ အကွာတွင် ရှိရမည်။

ဘောလုံးအား ကန်လိုက်၍ သိသာထင်ရှားစွာ ရွေ့လျားသွားလျှင် ကစားမှုမြောက်သည်။

ကန်သွင်းရန် အသင့်အနေအထားဖြစ်လျှင် (သို့မဟုတ်) ကန်သွင်းရန် အသင့်ဖြစ်၍ ဒိုင်လူကြီးမှ အချက်ပြလျှင် (၄)စက္ကန့်အတွင်း ကန်သွင်းရမည်။

**<u>အကယ်၍ ကန်သွင်းပြီး ကစားမှုမြောက်ပြီးနောက်ဘောလုံးသည် အခြား ကစားသမား တစ်ဦးကိုမှ မထိပဲ ကန်သွင်းခြင်းပြုခဲ့သည့် တူညီသောဘေးစည်းပေါ်မှ ထွက်သွားပါက ပြိုင်ဘက်အသင်း အား ကွင်း အတွင်းမှ ထွက်သွား၍ မူလကန်သွင်းခြင်း ပြုသည့်နေရာမှ ကန်သွင်းခွင့်ပေးရမည်။</u>**

အကယ်၍ ကစားသမားတစ်ဦးသည် ကန်သွင်းခြင်းကို မှန်ကန်စွာ ပြုလုပ်ပြီး ဘောလုံးကို ပြန်လည်ရယူနိုင်ရန်အတွက် တစ်ဖက်ကစားသမားအား တမင်ရည်ရွယ်၍ ကန်ခဲ့သော်လည်း ဒိုင်လူကြီးမှ ထိုအပြုအမူသည် သတိမမူ၍ ပြုလုပ်ခြင်း၊ မဆင်မခြင်ပြုလုပ်ခြင်း  လိုအပ်သည် ထက် အင်အား ပိုမိုအသုံးပြု၍ ကစားခြင်းဖြစ်သည်ဟု ထင်မြင်ယူဆခြင်းမရှိခဲ့ပါက ကစားပွဲကို ဆက်လက်ကစားခွင့်ပြုရမည်။

ကန်သွင်းသူသည် အခြားကစားသမားတစ်ဦးတစ်ယောက်နှင့်မျှမထိမီ ဘောလုံးအား ထပ်မံ ထိကန် ကစားခွင့် မရှိပါ။

## (၂)  ပြစ်မှုများနှင့် အရေးယူမှုများ

အကယ်၍ ကစားမှုမြောက်ပြီးနောက် ကန်သွင်းသူသည် အခြားကစားသမား တစ်ဦးတစ်ယောက် မထိမီ၊ ဘောလုံးအား ထပ်မံ ထိကန်ကစားခဲ့လျှင် တဆင့်အလွတ်တည်ကန်ဘောပေးရ မည် ဖြစ်ပြီး လက်ဖြင့် ထိကိုင်ကစားခဲ့လျှင်

- တိုက်ရိုက်အလွတ်တည်ကန်ဘောပေးရမည်။
- မိမိပိုင် ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ခဲ့ပါက ပင်နယ်တီပေးရမည်ဖြစ်ပြီး၊ ကန်သွင်းသူသည် ဂိုးသမားဖြစ်ပါက တဆင့်အလွတ်တည်ကန်ဘောပေးရမည်။

ဆန့်ကျင်ဘက် ကစားသမားသည် ကန်သွင်းသူအား တရားမျှတမှုမရှိဘဲ အာရုံပြောင်းအောင် (သို့မဟုတ်) တားဆီးဟန့်တားခြင်းကို ကန်သွင်းမည့် နေရာနှင့် (၅)မီတာထက်ပိုနီးသော

နေရာမှ ပြုလုပ်ခဲ့ပါက အားကစားသမားကောင်းမပီသသော အပြုအမူအတွက် အဝါကတ်ပြသသတိပေး ပြီး ကန်သွင်းသည့်နေ ရာမှ တဆင့်အလွတ်တည်ကန်ဘော ပြစ်ဒဏ်ပေးရမည်။

__အကယ်၍ကန်သွင်းခြင်းအား လေးစက္ကန့်အတွင်း ကန်သွင်း ခြင်းမ ပြု သည့်ပြစ်မှုအပါအဝင် အခြားပြစ်မှုတစ်ခုခု အတွက်  ပြိုင်ဘက် အသင်းအားကန်သွင်းခွင့်ပေး ရ မည်။__

# ဥပဒေ – ၁၆– ဂိုးမှပြန်လည် စတင်ကစားခြင်း

ဂိုးဝင်ခြင်းမရှိဘဲ ဘောလုံးသည် တိုက်စစ်ဆင်သည့် အသင်းဘက်မှ တစ်ဦးဦးနှင့် နောက်ဆုံးထိမိပြီးနောက် ကစားကွင်းကြမ်းပြင်ပေါ်မှဖြစ်စေ လေထဲမှ ဖြစ်စေ ဂိုးစည်းပေါ်မှနေ၍ ဘောလုံး တစ်လုံးစာ လုံးဝဖြတ်ကျော်သွားသောအခါ ခုခံကစားသည့် အသင်းသည် ဂိုးမှ ပြန်လည်စတင် ကစားရမည်။

ဂိုးမှ ပြန်လည်စတင်ကစားခြင်းမှ တိုက်ရိုက်ဂိုးသွင်းယူခွင့်မရှိ။ ဂိုးမှ ပြန်လည်စတင်ကစားပြီး မိမိဂိုးအတွင်းသို့ တိုက်ရိုက်ဂိုးဝင်သွားခဲ့လျှင် ဆန့်ကျင်ဘက် အသင်းအား ထောင့်ကန်ဘော ပေးရမည် ဖြစ်ပြီး၊ တစ်ဖက်အသင်းသို့ တိုက်ရိုက်ဂိုဝင်သွားခဲ့လျှင် ဆန့်ကျင်ဘက် အသင်းမှ ဂိုးမှ ပြန်လည်စတင်ကစားစေရပါမည်။

## (၁) လုပ်ထုံးလုပ်နည်း

- ခုခံကစားသည့် အသင်းမှ ဂိုးသမားမှ ပင်နယ်တီဧရိယာအတွင်း မည်သည့်နေရာမှ မဆို ဘောလုံးကိုလက်ဖြင့်ပစ်ထုတ်နိုင်သည်။

- ဘောလုံးအား လက်ဖြင့်ပစ်ထုတ်၍ သိသာထင်ရှားစွာ ရွှေ့လျားသွားသည်နှင့် ကစားမှု မြောက်သည်။
- ဂိုးသမားမှ ဘောလုံးအား ပစ်လွှတ်ရန် အသင့်ဖြစ်လျှင် ၊ ပစ်လွှတ်ရန် အသင်းဖြစ်၍ ဒိုင်လူ ကြီးမှ အချက်ပြသလျှင် ဘောလုံးအား (၄)စက္ကန့်အတွင်း ပစ်လွှတ်ရမည်။
- ပြိုင်ဘက်ကစားသမားများအနေဖြင့် ကစားမှုမြောက်သည်အထိ ပင်နယ်တီ ဧရိယာ အပြင်ဘက်တွင် ရှိနေရမည်။

## (၂) ပြစ်မှုများနှင့် အရေးယူမှုများ

အကယ်၍ ဂိုးမှပြန်လည်ကစားပြီးနောက် အခြားကစားသမားတစ်ဦးတစ်ယောက် မထိမီ ဂိုးသမားမှ ပြန်လည်ထိကန်ကစားခဲ့လျှင်၊ တစ်ဆင့်အလွတ်တည်ကန်ဘောပေးရမည်ဖြစ်ပြီး လက်ဖြင့်ဘောလုံးအားထိကိုင်ကစားခဲ့လျှင်

- တိုက်ရိုက်အလွတ်တည်ကန်ဘောပေးရမည်။
- ဂိုးသမား၏ ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ခဲ့ပါက တဆင့်အလွတ်တည်ကန်ဘော ပေးရမည်။

ဂိုးမှ ပြန်လည်စတင်ကစားချိန်တွင် ပြိုင်ဘက်ကစားသမားများမှ ပင်နယ်တီဧရိယာ အပြင်ဘက် ထွက်ရန် အချိန်မရှိသဖြင့် ပင်နယ်တီ ဧရိယာအတွင်း ရှိနေခဲ့လျှင်လည်း ဒိုင်လူကြီးမှ ဆက်လက် ကစားခွင့်ပြုရမည်။ ဂိုးမှပြန်လည်စတင်ကစားချိန်တွင် ပြိုင်ဘက်ကစားသမားသည် ဧရိယာ အတွင်း၌ ရှိနေခြင်း (သို့မဟုတ်) ကစားမှု မမြောက်မီ ပင်နယ်တီဧရိယာအတွင်းသို့ဝင်လာပြီး ဘောလုံးအား ထိကန်ကစားခြင်း (သို့မဟုတ်) လုယူရန်ကြိုးစားခြင်းပြုလုပ်ပါက ဂိုးမှ ပြန်လည် စတင်ကစားစေရမည်။

အကယ်၍ ကစားသမားတစ်ဦးသည် ကစားစားမှုမမြောက်မီ ပင်နယ်တီဧရိယာ အတွင်းသို့ ဝင်သွားပြီး ပြစ်မှုကျူးလွန်ခဲ့လျှင် (သို့မဟုတ်) ပြစ်မှုကျူးလွန်ခံခဲ့ရလျှင် ဂိုးမှပြန်လည် စတင် ကစားခြင်းဖြင့်သာ ပြန်လည်စတင်ကစားရမည်ဖြစ်ပြီး ကျူးလွန်သည့် ပြစ်မှုကို မူတည်ပြီး ကျူးလွန်သူကို အဝါ၊ အနီ ပြသနိုင်သည်။

**<u>အကယ်၍ ဂိုးမှ စတင်ကစားခြင်းအား လေးစက္ကန့်အတွင်း မကစားခဲ့ပါက ပြိုင်ဘက်အသင်းအား တဆင့်အလွတ်တည်ကန်ဘော ပေးရမည်။</u>**

**ဒေသတွင်းအခြေခံအဆင့် လူငယ်ပြိုင်ပွဲ (Grassroots Futsal)၊ မသန်စွမ်းပြိုင်ပွဲများတွင် ဂိုးမှ ပြန်လည်စတင်ကစားရာတွင် ဂိုးသမားသည် အကယ်၍ ဘောလုံးအား ပစ်လွှတ်လိုက်၍ ကွင်းလယ်စည်းကို တိုက်ရိုက်ကျော်လွန်သွားခဲ့လျှင် ကွင်လယ်စည်းကို ကျော်လွန်သွားခဲ့ သည့်နေရာမှ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ အခြားပြစ်မှုများအတွက် ဂိုးမှ ပြန်လည်စတင်ကစားစေရမည်။**

# ဥပဒေ- ၁၇ - ထောင့်ကန်ဘော

ဂိုးဝင်ခြင်းမရှိဘဲ ဘောလုံးသည် ခုခံကစားသည့် အသင်းမှ တစ်ဦးဦးနှင့် နောက်ဆုံးထိမိပြီးနောက် ကစားကွင်းကြမ်းပြင်မှ ဖြစ်စေ လေထဲမှ ဖြစ်စေ ဂိုးစည်းပေါ်မှနေ၍ ဘောလုံးတစ်လုံးစာ လုံးဝ ကျော်ဖြတ်သွားသည့်အခါ တိုက်စစ်ဆင်သည့် အသင်းကို ထောင့်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

ထောင့်ကန်ဘောမှ ဆန့်ကျင်ဘက် အသင်းဘက်သို့ တိုက်ရိုက်ကန်သွင်းဂိုးရယူနိုင်သည်။ အကယ်၍ မိမိအသင်းဘက်သိုတိုက်ရိုက်ဂိုးဝင်သွားခဲ့လျှင် ဆန့်ကျင်ဘက် အသင်းအား ထောင့်ကန်ဘောဖြင့် ပြန်လည် စတင်ကစားစေရမည်။

## (၁) လုပ်ထုံးလုပ်နည်း

- ဂိုးစည်းမှ ဘောလုံးဖြတ်ကျော်သွားသောသော နေရာနှင့် အနီးဆုံး ထောင့်ကန် စက်ဝိုင်းစိတ် အတွင်း ဘောလုံးကို တည်ရမည်။
- ဘောလုံးသည် တည်ငြိမ်စွာ တည်ရှိနေရမည် ဖြစ်ပြီး တိုက်စစ်ဆင်သည့် ကစားသမား တစ်ဦးမှ ထိကန်ကစားစေရမည်။
- ကစားရန် အသင့်အနေအထားဖြစ်လျှင် (သို့မဟုတ်) ကစားရန်အသင့်အနေအထားဖြစ်၍ ဒိုင်လူကြီးမှ အချက်ပြသလျှင် ဘောလုံးအား (၄)စက္ကန့်အတွင်း ထိကန်ကစားရမည်။
- ဘောလုံးအား ထိကန်လိုက်၍ သိသာထင်ရှားစွာ ရွေ့လျားသွားသည်နှင့် ကစားမှုမြောက်ပြီး ထောင့်ကန်စက်ဝိုင်းစိတ်အား ကျော်ရန် မလိုပါ။
- **<u>ဘောလုံးကစားနေချိန်တွင် ကန်မည့်သူတစ်ဦးသာ ကစားကွင်းပြင်ပတွင် ရှိရမည်။ (ဖူဆယ် ဥပဒေ များတွင် အခြားနည်းဖြင့်ဖော်ပြထားသည်မှ လွဲ၍ ဖူဆယ်ဒိုင်လူကြီးများနှင့် အခြား ပြိုင်ပွဲ တာဝန် ရှိသူများ အတွက် လက်တွေ့လမ်းညွှန်ချက်များ၏ တစ်စိတ်တစ်ပိုင်းနှင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်  အကြံပြုချက်များနှင့် ကွင်းအတွင်းမှ တရားဝင်ထွက်ခွာခွင့် ပြုထားသည့် အပိုင်း ကိုကြည့်ပါ။)</u>**
- ဆန့်ကျင်ဘက် ကစားသမားများအနေဖြင့် ကစားမှုမြောက်သည့် အချိန်အထိ ထောင့်ကန် စက်ဝိုင်းစိတ်နှင့် (၅)မီတာ အကွာတွင် ရှိနေရမည်။

## (၂) ပြစ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

အကယ်၍ ကစားမှုမြောက်ပြီးနောက် စတင်ကစားသူမှ အခြားကစားသမားတစ်ဦးတစ်ယောက် မထိမီ ဘောလုံးအား ထပ်မံထိကန် ကစားခဲ့လျှင် တဆင့်အလွတ်တည်ကန်ဘော ပေးရမည် ဖြစ်ပြီး လက်ဖြင့် ထိကိုင်ကစားခဲ့လျှင်

- တိုက်ရိုက်အလွတ်တည်ကန်ဘောပေးရမည်
- မိမိပိုင်ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ခဲ့ပါက ပင်နယ်တီပေးရမည် ဖြစ်ပြီး စတင်ကစားသူသည် ဂိုးသမားဖြစ်ပါက တဆင့်အလွတ်တည်ကန်ဘောပေးရမည်။

အကယ်၍ ကစားသမားတစ်ဦးသည် ထောင့်ကန်ဘောအား မှန်ကန်စွာပြုလုပ်ပြီး ဘောလုံးကို ပြန်လည်ရယူနိုင်ရန်အတွက် တစ်ဖက်ကစားသမားအား ဘောလုံးဖြင့် တမင်ရည်ရွယ်၍ ကန်ခဲ့သော်လည်း ဒိုင်လူကြီးမှ ထိုအပြုအမူသည် သတိမမူ၍ ပြုလုပ်ခြင်း၊ မဆင်မခြင်ပြုမူခြင်း လိုအပ်သည်ထက် အင်အား ပိုမိုအသုံးပြု၍ ကစားခြင်းဖြစ်သည်ဟု ထင်မြင်ယူဆခြင်းမရှိခဲ့ပါက ကစားပွဲကို ဆက်လက်ကစားခွင့်ပြုရမည်။

**<u>အကယ်၍ထောင့်ကန်ဧရိယာမှလေးစက္ကန့်အတွင်း ကန်ကစားခြင်း မပြုသည့်ဖြစ်မှုအပါအဝင်ပါ အခြားပြစ်မှု တစ်ခုခုအတွက် ပြိုင် ဘက်အသင်းအား ဂိုးမှ စတင်ကစားစေရမည်။</u>**

## ဖူဆယ်ဒိုင်လူကြီးများနှင့်အခြားပြိုင်ပွဲတာဝန်ရှိသူများအတွက်လက်တွေ့လမ်းညွှန်ချက်များ

### အချက်ပြသခြင်း

### ဒိုင်လူကြီးနှင့်အခြားပြိုင်ပွဲတာဝန်ရှိသူများအချက်ပြသခြင်းများ

ဒိုင်လူကြီးများသည် အချက်ပြမှုများကို ဒိုင်လူကြီးတစ်ဦးတည်းကသာ
ပြုလုပ်ရန်လိုအပ်ကြောင်း၊ အချက်ပြမှုများကို ဒိုင်လူကြီးနှစ်ဦးစလုံးက တစ်ပြိုင်နက်တည်း
ပြုလုပ်ရမည်ဟု မှတ်သားထား ကာ
ဒိုင်လူကြီးသည်အောက်ဖော်ပြပါအချက်ပြသမှုများကိုပေးမည်။

အကူဒိုင်လူကြီးများသည်ခေတ္တရပ်နားချိန်နှင့်ငါးကြိမ်မြောက်စုပေါင်းပြစ်ဒဏ်များအားအချက်ပြ
သမှုပေးရမည်။

၁ – အနည်းဆုံးဒိုင်လူကြီးတစ်ဦးမှအချက်ပြသည်။



စတင်ကစားခြင်း/ပြန်လည်စတင်ကစားခြင်း



တိုက်ရိုက်အလွတ်တည်ကန်ဘော/ပင်နယ်တီကန်သွင်းခြင်း
(ရွေးချယ်မှု.– ၁)



(ရွေးချယ်မှု.– ၂)





ကန်သွင်းခြင်း(ရွေးချယ်မှု-၁)

(ရွေးချယ်မှု-၂)





ထောင့်ကန်ဘော(ရွေးချယ်မှု-၁)

(ရွေးချယ်မှု-၂)





ဂိုးမှစတင်ကစားခြင်း(ရွေးချယ်မှု-၁)

(ရွေးချယ်မှု-၂)

(၄)စက္ကန့်ရေတွက်ခြင်း



(အဆင့်-၁)



(အဆင့်-၂)



(အဆင့်-၃)



(အဆင့်-၄)



(အဆင့်-၅)

ဒိုင်လူကြီးများထဲမှအနည်းဆုံးတစ်ဦးသည် လေးစက္ကန့် ရေတွက်မှုကို ရှင်းရှင်းလင်းလင်း ပြသရမည်ဖြစ်ပြီး……..

- အောက်ပါပြန်လည်စတင်ချိန်တွင် …
  - ထောင့်ကန်ဘောများ
  - ကန်သွင်းခြင်းများ
  - ဂိုးမှစတင်ကစားခြင်းများ
  - တိုက်ရိုက် သို့မဟုတ် တဆင့်အလွတ်တည် ကန်ဘောများ (ခြောက်ကြိမ်မြောက် စုပေါင်းပြစ်ဒဏ်များမှစတင်သော တိုက်ရိုက်အလွတ်တည်ကန်ဘောများ အပါအဝင်)
- ဂိုးသမားသည် ၎င်းတို့၏ကွင်းတဝက်တွင် ဘောလုံးကို ထိန်းချုပ်ထားသည့်အခါ

ဒိုင်လူကြီးများသည် အောက်ဖော်ပြပါပြန်လည်စတင်ခြင်းများအတွက် လေးစက္ကန့် ရေတွက်ရန် မလိုပါ…..

- ကွင်းလယ်အမှတ်အသားမှစတင်ကစားခြင်းများ
- ပင်နယ်တီကန်သွင်းခြင်းများ



(၅)ကြိမ်မြောက်စုပေါင်းပြစ်မှု/ဒဏ်



တစ်မိနစ်ခေတ္တရပ်နားချိန်



တိုက်ရိုက်အလွတ်တည်ကန်ဘော
ပြစ်မှုဖြစ်ပြီးနောက် အခွင့်သာမှုပေးခြင်း



တဆင့်အလွတ်တည်ကန်ဘော
ပြစ်မှုဖြစ်ပြီးနောက် အခွင့်သာမှုပေးခြင်း




သတိပေးခြင်း(အဝါကတ်)




ထုတ်ပယ်ခြင်း(အနီကတ်)

စုပေါင်းပြစ်ဒဏ် – အခွင့်သာမှုပေးပြီး ဘောလုံးကစားမှုရပ်ဆိုင်းသွားပြီးနောက်
တတိယဒိုင်လူကြီးနှင့်အချိန်မှတ်ဒိုင်လူကြီးများအား အချက်ပြသခြင်း



(အဆင့်–၁)



(အဆင့်–၂)



အဆင့်–၃(ရွေးချယ်မှုနှစ်ခု)



ကစားသမားနံပါတ်-၁



ကစားသမားနံပါတ်-၂



ကစားသမားနံပါတ်-၃



ကစားသမားနံပါတ်-၄



ကစားသမားနံပါတ်-၅



ကစားသမားနံပါတ်-၆



ကစားသမားနံပါတ်-၇



ကစားသမားနံပါတ်-၈



ကစားသမားနံပါတ်-၉



ကစားသမားနံပါတ်-၁၀



ကစားသမားနံပါတ်-၁၁



ကစားသမားနံပါတ်-၁၂



ကစားသမားနံပါတ်-၁၃



ကစားသမားနံပါတ်-၁၄



ကစားသမားနံပါတ်-၁၅



ကစားသမားနံပါတ်-၃၀ (အဆင့်-၁)



(အဆင့်-၂)



ကစားသမားနံပါတ်-၅၂ (အဆင့်-၁)



(အဆင့်-၂)



ကစားသမားနံပါတ်-၆၀ (အဆင့်-၁)



(အဆင့်-၂)



ကစားသမားနံပါတ်-၈၄ (အဆင့်-၁)



(အဆင့်-၂)



ကစားသမားနံပါတ်-၉၀ (အဆင့်-၁)



(အဆင့်-၂)



ကစားသမားနံပါတ်-၉၆ (အဆင့်-၁)



(အဆင့်-၂)



ကိုယ့်ဂိုးကိုယ်သွင်းခြင်း (အဆင့်-၁)



(အဆင့်-၂)

## ၂. ဒိုင်လူကြီးနှစ်ဦးစလုံးမှကစားမှုပြန်လည်စတင်ခြင်းအတွက် အချက်ပြသခြင်း



တဆင့်အလွတ်တည်ကန်ဘော
(ဒိုင်လူကြီးတစ်ဦးမှအလွတ်တည်ကန်ခြင်းပြစ်ဒဏ်သတ်မှတ်ပေးချိန်တွင်ပြသသော အချက်ပြသမှုနှင့်အတူတူဘဲဖြစ်ပါသည်)

## ၃. အကူဒိုင်လူကြီးများမှအချက်ပြသခြင်း



(၁)မိနစ်ခေတ္တရပ်နားချိန်



(၅)ကြိမ်မြောက်စုပေါင်းပြစ်မှု/ဒဏ်

## တတိယဒိုင်လူကြီး(သို့မဟုတ်)အရံအကူဒိုင်လူကြီးတို့သည် ဂိုးစည်းကိုစောင့်ကြည့်နေချိန်တွင် ဂိုးဝင်သွားခဲ့ပြီးနောက် အချက်ပြသခြင်း



(အဆင့်-၁)



(အဆင့်-၂)

# နေရာယူခြင်း

## ၁။ ဘောလုံးကစားနေစဉ်နေရာယူခြင်း

အကြံပြုချက်များ – – –

- ကစားမှုသည် ဒိုင်လူကြီးနှင့် ဒုတိယဒိုင်လူကြီးကြားတွင် ရှိသင့်သည်
- ဒိုင်လူကြီးများအနေဖြင့် ထောင့်ဖြတ်ပုံစံနေရာယူခြင်းစနစ်အား အသုံးပြုသင့်သည်။
- ဘေးစည်းနှင့်မျဉ်းပြိုင် ကစားကွင်းပြင်ပတွင် ရှိနေခြင်းဖြင့် ကစားမှုနှင့် သက်ဆိုင်ရာ ဒိုင်လူကြီးတစ်ဦးချင်းစီ၏ အမြင်နယ်ပယ်ထဲတွင် အခြားဒိုင်လူကြီးကိုလွယ်ကူစွာထိန်းသိမ်းဆောင်ရွက်နိုင်သည်။
- ကစားမှုနှင့်အနီးဆုံးဒိုင်လူကြီးသည် (သတ်မှတ်ထားသည့်အခိုက်အတန့်တွင် ဘော လုံးတည်ရှိရာနေရာ) အခြားဒိုင်လူကြီး၏ အမြင်နယ်ပယ်အတွင်းဖြစ်သင့်ပြီး "ဩဇာလွှမ်းမိုးမှုဇရိယာ" ကို ထိန်းချုပ်ရန် အာရုံစိုက်သင့်သည်။ (ဘောလုံးသည် ထို အချိန်တွင် မတည်ရှိသော်လည်း ပြစ်မှု သို့မဟုတ် ပြစ်မှုတစ်ခုဖြစ်ပွားနိုင်ချေ ရှိသည့် နေရာ)
- ဒိုင်လူကြီးတစ်ဦးသည် ကစားမှုအား အနှောက်အယှက် မဖြစ်စေနိုင်ဘဲ ကစားသည်ကို မြင်နိုင်လောက်အောင် နီးကပ် နေသင့်သည်။
- ဒိုင်လူကြီးများသည် ပိုမိုကောင်းမွန်သော မြင်ကွင်းကိုရရှိစေရန် အတွက်သာ ကစား ကွင်းအတွင်းသို့ ဝင်ရမည်။
- "မြင်ရမည့်အရာ"သည် ဘောလုံးအနီးတဝိုက်တွင် အမြဲတမ်း မဟုတ်ပါ။ ဒိုင်လူကြီး များ သည်လည်း အာရုံစိုက်သင့်သည်။
    - ဘောလုံးမရှိချိန်၌ ရန်လိုသော ကစားသမားတစ်ဦးချင်းထိပ်တိုက်တွေ့ဆုံခြင်း၊

- ပင်နယ်တီဧရိယာအတွင်း ဖြစ်ပေါ်လာနိုင်သော ပြစ်မှုများ
- ဘောလုံးအားအဝေးသို့ ကစားပြီးနောက် ဖြစ်ပေါ်လာသော ပြစ်မှုများ
- နောက်တစ်ကြိမ်ဘောလုံးကစားမှုဖြစ်စဉ်/ အဆင့်

## ၂။ ပြိုင်ပွဲအတွင်း ယေဘုယျ နေရာယူခြင်း

ဒုတိယနောက်ဆုံး ခံစစ်အသင်းကစားသမား သို့မဟုတ် ဘောလုံးသည် ဒုတိယနောက်ဆုံး ခံစစ်အသင်းကစား သမားထက် ဂိုးစည်း အနီးရှိလျှင် ဒိုင်လူကြီးတစ်ဦးသည် ၎င်းတို့နှင့် တစ်တန်းတည်း သို့မဟုတ် အနောက် ၌ ရှိနေရမည်ဟု အကြံပြုထားသည်။

ဒိုင်လူကြီးများသည် အမြဲတမ်း ကစားကွင်းအား မျက်နှာမူထားရမည်။ ဒိုင်လူကြီးတစ်ဦးသည် လှုပ်ရှားမှု ဧရိယာအား ထိန်းချုပ်သင့်ပြီး အခြားဒိုင်လူကြီးတစ်ဦးသည် ဩဇာလွှမ်းမိုးမှု ဧရိယာကို ထိန်းချုပ်သင့်သည်။

## ၃။ ဂိုးသမား ဘောလုံးအား လွှတ်ထုတ်ခြင်း

ဒိုင်လူကြီးများထဲမှ တစ်ဦးသည် ဂိုးသမားနှင့် တစ်တန်းတည်း အနေအထား ရယူ၍ ကစားပြီးနောက် ဂိုးသမားသည် ဘောလုံးကို ဒုတိယအကြိမ် ထိ၊မထိခြင်း သို့မဟုတ် လက် သို့မဟုတ် လက်မောင်း အစိတ်အပိုင်းများ ပင်နယ်တီ ဧရိယာ အပြင်ဘက်တွင် ရှိ ၊မရှိခြင်းများအား စစ်ဆေးခြင်း၊ ဂိုးသမားဘောလုံးပိုင်ဆိုင်ထားမှု စက္ကန့်ရေတွက်ခြင်းကို ပြုလုပ်ရမည်။

ဂိုးမှစတင်ကစားခြင်းအတွက် ဒိုင်လူကြီးတစ်ဦးမှ တူညီသော နေရာယူမှုကို ရယူသင့် သည်။ ဂိုးသမားသည် ၎င်းတို့၏ ပင်နယ်တီ ဧရိယာအတွင်း၌ ရှိနေပါက လေးစက္ကန့် ရေတွက်မှုကို စတင်မည်ဖြစ်သည်။ ၎င်းတို့၏ ပင်နယ်တီ ဧရိယာ ပြင်ပ တွင်ရှိနေ သော ဂိုးသမားတစ်ဦးသည် ကစားမှု ပြန်လည်စတင်ရန် နှောင့်နှေးမှု အတွက် အဝါကတ်ပြသ သတိပေးခြင်းခံရနိုင်သည်။

ဂိုးသမားက ဘောလုံးအား ပစ်လွှတ်ပြီးသည်နှင့် ဒိုင်လူကြီးများသည် ပြိုင်ပွဲကို ထိန်းချုပ်ရန်အတွက် သင့်တော်သော နေရာယူမှုကို ပြုလုပ်ရမည်။

## ၄။ “ဂိုးဝင်ခြင်း/ ဂိုးမဝင်ခြင်း” အခြေအနေ

ဂိုးတစ်ဂိုးသွင်းယူပြီး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သံသယမရှိသည့်အခါ ဒိုင်လူကြီးနှင့် ဒုတိယဒိုင်လူကြီးတို့သည် မျက်လုံးခြင်း ဆက်သွယ်ရမည် ဖြစ်ပြီး အချိန်မှတ် ဒိုင်လူကြီး၏ စားပွဲနှင့် အနီးဆုံးဒိုင်လူကြီးသည်  အချိန်မှတ် ဒိုင်လူကြီးနှင့် တတိယဒိုင်လူကြီးထံသို့ ချဉ်းကပ်၍ ဂိုးသွင်းယူသူ၏ကျောနံပါတ်အား လက်ဖြင့် အချက်ပြသ ဆက်သွယ်ရမည်။

အကယ်၍ မရှင်းလင်းသော အခြေအနေတွင် ဂိုးသွင်းယူပြီး ဆက်လက်ကစားနေခဲ့ပါက ဂိုးနှင့် အနီးဆုံး ဒိုင်လူကြီးက အခြားဒိုင်လူကြီးများ၏ အာရုံစိုက်မှုကို စွဲဆောင်ရန်အတွက် ဝီစီကို မှုတ်ပြီးနောက် အချိန်မှတ်ဒိုင်လူကြီး စားပွဲနှင့် အနီးဆုံး ဒိုင်လူကြီး သည် အချိန်မှတ် ဒိုင်လူကြီးနှင့် တတိယဒိုင်လူကြီးထံသို့ ချဉ်းကပ်၍ ဂိုးသွင်း ယူသူ ၏ ကျော နံပါတ်အားလက် ဖြင့် အချက်ပြသ ဆက်သွယ်ရမည်။

အသင်းတစ်သင်းသည် ပျံသန်းနေသော ဂိုးသမား တစ်ဦးနှင့် ကစားသောအခါ  ပျံသန်းနေသော ဂိုးသမားနှင့် ကစားသော အသင်း၏ ဂိုးလိုင်းပေါ်တွင် နေရာယူခြင်းဖြင့် ဂိုးဝင်ခြင်း/ ဂိုးမဝင်ခြင်း အခြေအနေများကို ပိုမိုကောင်းမွန်စွာ မြင်တွေ့ နိုင်ရန် အတွက် တတိယ ဒိုင်လူကြီးသည်ကွင်းအတွင်း ဒိုင်လူကြီးများကို ကူညီပေးသင့်သည်။

## ၅။ ဘောလုံးကစားမှု ရပ်ဆိုင်းချိန်များတွင် နေရာယူခြင်း

အကောင်းဆုံးအနေအထားမှာ ဒိုင်လူကြီးများ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ပြီး ကစားပုံ နှင့်ကစားသမားများ၏အကောင်းဆုံး အမြင်ကိုရရှိစေသည့် အကောင်းဆုံး အနေအထား တစ်ခုဖြစ်သည်။နေရာယူခြင်းဆိုင်ရာ အကြံပြုချက်အားလုံးသည် အသင်းများ၊

ကစားသမားများနှင့် ပွဲစဉ်အတွင်းရှိ ဖြစ်ရပ်များအကြား အတိအကျ အချက်အလက်ကို အသုံးပြု၍ ချိန်ညှိရမည့် ဖြစ်နိုင်ချေများအပေါ်တွင် အခြေခံပါသည်။

အောက်ဖော်ပြပါ ပုံများတွင် အကြံပြုထားသော နေရာယူမှုများသည် အခြေခံဖြစ်သည်။ အချို့ကို ဒိုင်လူကြီးများသို့ အကြံပြုထားပြီးအချို့မှာ မဖြစ်မနေလိုအပ်ပါသည်။ "ဇုန်" ကို ကိုးကားခြင်းသည် အကြံပြုထားသည့် နေရာတိုင်းသည် အမှန်တကယ်တွင် ဒိုင်လူကြီးများသည် ၎င်းတို့၏ ထိရောက်မှုကို ပိုကောင်းအောင်လုပ်ရန် ဖြစ်နိုင်ချေအရှိဆုံး ဧရိယာတစ်ခုဖြစ်ကြောင်း အလေးပေးဖော်ပြရန် ရည်ရွယ်ပါသည်။ ဇုန်သည် အခြေအနေများပေါ်မူတည်၍ ကြီးသည်၊ သေးသည် သို့မဟုတ် ပုံသဏ္ဍာန် ကွဲပြားနိုင်သည်။

## ၆။ သီးခြားအခြေအနေများတွင် နေရာယူခြင်း

### (၁). နေရာယူခြင်း– ကွင်းလယ် အမှတ်အသားမှ စတင်ကစားခြင်း

ကွင်းလယ် အမှတ်အသားမှ စတင်ကစားခြင်းတိုင်းတွင် ဒိုင်လူကြီးတစ်ဦးသည် လူစားလဲလှယ်ခြင်း ဧရိယာများ တည်ရှိရာနေရာနှင့် တူညီသော ဘေးစည်းပေါ်တွင် ကွင်းလယ်စည်းမှ တစ်မီတာအကွာ စတင်ကစားသည့် အသင်းဘက် အခြမ်းတွင်ရှိရမည်။ စတင်ကစား ခြင်းအား သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် ညီ၊ မညီ စစ်ဆေးရမည်။

အခြားဒိုင်လူကြီးသည် အခြားဘေးစည်းပေါ် စတင်ကစားခြင်း မပြုသည့် အသင်း၏ ဒုတိယနောက်ဆုံး ကစားသမားနှင့် တစ်တန်း တည်း တွင်ရှိရမည်။



## (၂). နေရာယူခြင်း– ဂိုးမှစတင်ကစားခြင်း

၁. ဒိုင်လူကြီးတစ်ဦးသည် ပင်နယ်တီ ဧရိယာအတွင်း ဘောလုံးရှိ မရှိကို ဦးစွာစစ်ဆေးရမည်။ အကယ်၍ ဘောလုံးသည် ဧရိယာအတွင်း မရှိပါက ဂိုးသမား သည် စတင်ကစားရန် အဆင်သင့် ဖြစ်နေပြီဟု ယူဆပါက သို့မဟုတ် နည်းဗျူ ဟာ ဆိုင်ရာ အကြောင်းပြချက်များဖြင့် ဘောလုံးယူရန် နှောင့်နှေးနေပါက ဒိုင်လူကြီး များက လေးစက္ကန့်ရေတွက်ခြင်းအား စတင်ရေတွက်နိုင်သည်။

၂. ဘောလုံးသည် ပင်နယ်တီ ဧရိယာအတွင်း၌ ရှိနေသောအခါ ဂိုးသမား သည် ဘောလုံးကစားရန် အဆင်သင့် ဖြစ်နေကြောင်းနှင့် ပြိုင်ဘက်အသင်း၏ ကစားသမားများသည် ပင်နယ်တီ ဧရိယာ အပြင်ဘက်တွင် ရှိနေကြောင်း စစ် ဆေးရန် ဒိုင်လူကြီးများထဲမှ တစ်ဦးသည် ဂိုးသမားနှင့် တစ်တန်းတည်းသော အ နေအထားတွင် နေရာယူရမည် ဖြစ်သည်။ ထို့နောက်ဒိုင်လူကြီးများသည် ယခင်

အချက်နှင့်အညီ စတင်ရေတွက်ခြင်းမပြုပါက လေးစက္ကန့်ရေတွက်ခြင်းကို အချက်ပြရမည်။

၃. နောက်ဆုံးအနေဖြင့် ကွင်းအတွင်းဒိုင်လူကြီးများမှ ကြီးကြပ်ကွပ်ကဲသည့် ဂိုးမှ စတင်ကစားသည့်ကိစ္စရပ်တွင် ဦးစားပေးဖြစ်သည့် ပွဲကို ထိန်းချုပ်ရန် သင့်လျှော်သော အနေအထားကို ရယူရပါမည်။

**နေရာယူမှု – ဂိုးမှစတင်ကစားခြင်း**



## ၃. နေရာယူမှု– ထောင့်ကန်ဘော (၁)

ထောင့်ကန်ဘောတွင် ကန်သွင်းရမည့် နေရာနှင့် အနီးဆုံး ဒိုင်လူကြီးသည် ကန်သွင်းရ မည့် ထောင့်ကန် စက်ဝိုင်းစိတ်မှ ငါးမီတာခန့်အကွာ ဘေးစည်းပေါ်တွင် နေရာယူရမည်။ဤ အနေအထားမှ ဘောလုံးအား ထောင့်ကန်စက်ဝိုင်းစိတ် ဧရိယာအတွင်း၌ မှန်ကန်စွာ ထား ရှိကြောင်းနှင့် ခံစစ်ကစားသမားများသည် ထောင့်ကန်စက်ဝိုင်းစိတ်မှ အနည်းဆုံး (၅)မီတာ အကွာတွင် ရှိနေကြောင်း ဒိုင်လူကြီးမှ စစ်ဆေးရပါမည်။ အခြား ဒိုင်လူကြီးသည် ကွင်း၏အဆုံးတူညီသော အနေအထားတွင် ရှိသော ကွင်း၏ တစ်ဖက်ခြမ်း ဘေးစည်းနှင့် ဂိုးစည်းဆုံရာတွင် နေရာယူရမည်။ ၎င်းအနေအထားတွင် အဆိုပါ ဒိုင်လူကြီးမှ ဘောလုံးနှင့် ကစားသမားများ၏ အပြုအမူများကို စောင့်ကြည့်ရမည်။



## ၄. နေရာယူမှု– ထောင့်ကန်ဘော (၂)



## ၅. နေရာယူမှု – အလွတ်တည်ကန်ဘော (၁)

အလွတ်တည်ကန်ဘောတစ်ခုတွင် အနီးဆုံးဒိုင်လူကြီးသည် ကန်ကစားရမည့် နေရာနှင့် တစ်တန်းတည်း အနေအထားတွင် နေရာယူ၍ ကန်ကစားစဉ်တွင် ဘောလုံးကို မှန်ကန်စွာ နေရာချခြင်း ရှိ/မရှိ စစ်ဆေးရမည်။ ကန်ကစားနေစဉ်တွင် ကစားသမားများ ဝင်ရောက် နှောက်ယှက်မှု ရှိ/မရှိကိုလည်းစောင့်ကြည့်ရမည်။ အခြားဒိုင်လူကြီးများသည် မည်သည့် ကိစ္စရပ်တွင် မဆို ဦးစားပေးဖြစ်သည့် ဒုတိယနောက်ဆုံးခံစစ်ကစားသမား သို့မဟုတ် ဂိုးစည်းနှင့်အညီ နေရာယူရမည်ဖြစ်သည်။ ဒိုင်လူကြီး နှစ်ဦးစလုံးသည် ဘောလုံးလမ်းကြောင်း နောက်သို့ ဘေးစည်းတစ်လျှောက် ကစားကွင်း၏ ထောင့်စီသို့ ပြေးလိုက်ရန် အဆင်သင့် အနေအထားတွင် ရှိရမည်ဖြစ်ပြီး အကယ်၍ တိုက်ရိုက်အလွတ်တည်ကန်ဘောမှ ဂိုးဆီသို့ ကန်သွင်းခဲ့လျှင် ၎င်းတို့သည် တစ်တန်းတည်း ဖြစ်မနေရပါ။



## ၆. နေရာယူမှု – အလွတ်တည်ကန်ဘော (၂)

### 6. Positioning – free kick (2)



## ၇. နေရာယူမှု – အလွတ်တည်ကန်ဘော (၃)

## 7. Positioning – free kick (3)



## ၈. နေရာယူမှု – အလွတ်တည်ကန်ဘော (၄)

### 8. Positioning – free kick (4)



## ၉. နေရာယူမှု – ပင်နယ်တီကန်သွင်းခြင်း

ဒိုင်လူကြီးတစ်ဦးသည် ခန့်မှန်းခြေ (၅)မီတာ အကွာအဝေးတွင် ပင်နယ်တီ အမှတ်အသားနှင့် တစ်တန်းတည်းတွင် နေရာယူ၍ ဘောလုံးကို မှန်ကန်စွာ နေရာချထားကြောင်း စစ်ဆေးကာ၊ ကန်သွင်းမည့် သူကို သေချာစေပြီး၊ ကန်သွင်းနေချိန်တွင် ကစားသမား များ နှောင့်ယှက်ခြင်း များအား စောင့်ကြည့်ရမည်။ ကစားသမားများ အားလုံး၏ နေရာတည်ရှိမှုများ မှန်ကန်ကြောင်း စစ်ဆေးမပြီးမခြင်း ဤဒိုင်လူကြီးမှ ကန်သွင်းမှုအား ခွင့်ပြုမပေးဘဲ လိုအပ်ပါက အခြား ဒိုင်လူကြီးများမှ ကူညီဆောင်ရွက်ပေးနိုင်ပါသည်။ အခြားဒိုင်လူကြီးသည် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာ ဆုံးသည့်နေရာတွင် နေရာယူပြီး

ဘောလုံးသည် ဂိုးဝင်ခြင်း ရှိ၊မရှိ စစ်ဆေးရမည်ဖြစ်သည်။ အကယ်၍ ခံစစ်ကိုးသမားသည် ဥပဒေ(၁၄) အရ သက်ဆိုင်ရာပြစ်မှု ကျူးလွန်ပြီး ဂိုးမဝင်ခဲ့ပါက ဒိုင်လူကြီး အနေဖြင့် ပင်နယ်တီကန်သွင်းခြင်း ပြန်လည်ပြု လုပ်ရန်အတွက် ဝီစီမှုတ်၍ ညွှန်ကြားသင့်သည်။



## ၁၀. နေရာမှု – (၁၀)မီတာအမှတ်အသားမှ (၆)ကြိမ်မြောက်စုပေါင်းပြစ်ဒဏ်မှ စတင်သည့် တိုက်ရိုက်အလွတ်တည်ကန်ဘော

ဒိုင်လူကြီးတစ်ဦးသည် (၁၀)မီတာအမှတ်အသားနှင့် တစ်တန်းတည်းတွင် နေရာယူ၍ ကန်သွင်းမည့်သူအား သေချာစေပြီး ကန်သွင်းနေစဉ်တွင် ကစားသမားများ နောက်ယုက်မှု ရှိ/မရှိ စောင့်ကြည့်ရမည်။

ကစားသမားများ၏အနေအထားများမှန်ကန်ပြီးဘောလုံးတည် ရှိမှု မှန်ကန်ကြောင်းစစ်ဆေးမပြီးမချင်း ဒိုင်လူကြီးက ကန်သွင်းမှုအား ခွင့်မပြုဘဲလိုအပ် ပါက အခြားဒိုင်လူကြီးမှ ကူညီပေးနိုင်ပါသည်။ အခြားဒိုင်လူကြီးသည် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာ ဆုံရာတွင် နေရာယူပြီး ဘောလုံးဂိုးဝင်ခြင်း ရှိ/မရှိ စစ်ဆေးရမည်။ ခုခံကစားသည့် ဂိုးသမားသည် ဥပဒေ(၁၃) အရ သက်ဆိုင်ရာပြစ်မှုကျူးလွန်ပြီး ဂိုးမဝင်ခဲ့ပါက ခြောက်ကြိမ်မြောက်စုပေါင်းပြစ်မှုမှစတင်သော တိုက်ရိုက်အလွတ်တည်ကန်ဘောကန်သွင်းခြင်း (DFKSAF) အားပြန်လည်ကန်သွင်းစေရန်အတွက် ဝီစီ မှုတ်သင့်သည်။

တတိယဒိုင်လူကြီးသည် ဥပဒေ(၁)တွင်ဖော်ပြထားသည့် အတိုင်းဂိုးသမား လေးစားလိုက်နာရမည့် အနိမ့်ဆုံး(၁၀ မီတာ) အမှတ်အသားမှ (၅ မီတာ) အကွာအဝေးကို ညွှန်ပြသော ပင်နယ်တီ ဧရိယာအတွင်းရှိ အမှတ်အသားနှင့်အညီ နေရာယူရမည်။



## ၁၁. နေရာယူမှု – (၁၀)မီတာအမှတ်အသားမှ မဟုတ်သော (၆)ကြိမ်မြောက် စုပေါင်းပြစ်ဒဏ် မှ စတင်သောတိုက်ရိုက် အလွတ်တည်ကန်ဘောကန်သွင်းခြင်း (၁)

ဒိုင်လူကြီးတစ်ဦးသည်ဘောလုံးနှင့်တစ်တန်းတည်းတွင်နေရာရယူကာဘောလုံးကိုမှန်ကန်စွာနေရာချထားကြောင်းစစ်ဆေးပြီးကန်သွင်းသူကိုသေချာစေကာကန်သွင်းနေစဉ်တွင် ကစားသမား များနှောက်ယှက်မှုအတွက် စောင့်ကြည့်ရမည်။ ကစားသမားများ၏ အနေအထားများမှန်ကန်ပြီး ဘောလုံးတည်ရှိမှု မှန်ကန်ကြောင်း စစ်ဆေးမပြီးမချင်း ဒိုင်လူကြီးက ကန်သွင်းမှုအား ခွင့်မပြုဘဲ လိုအပ်ပါကအခြားဒိုင်လူကြီးမှကူညီပေးနိုင်ပါသည်။ အခြားဒိုင်လူကြီးသည် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာဆုံရာတွင်နေရာယူပြီးဂိုးဝင်ခြင်းရှိ/မရှိစစ်ဆေးရမည်ဖြစ်သည်။ခုခံကစားသည့်ဂိုးသမားသည် ခုခံကစားသည့် ဂိုးသမားသည် ဥပဒေ(၁၃) အရ သက်ဆိုင်ရာပြစ်မှုကျူးလွန်ပြီး ဂိုးမဝင်ခဲ့ပါက ခြောက်ကြိမ်မြောက်စုပေါင်းပြစ်မှုမှစတင်သောတိုက်ရိုက်အလွတ်တည်ကန်ဘောကန်သွင်းခြင်း (DFKSAF)အားပြန်လည်ကန်သွင်း စေရန်အတွက် ဝီစီ မှုတ်သင့်သည်။



၁၂. (၁၀)မီတာအမှတ်အသားမှ မဟုတ်သော (၆)ကြိမ်မြောက်စုပေါင်းပြစ်မှုမှ စတင်သောတိုက်ရိုက်အလွတ်တည်ကန်ဘောကန်သွင်းခြင်း (၂)

## 12. Positioning – DFKSAF not from the 10m mark (2)



၁၃. နေရာယူမှု – ကန်သွင်းခြင်း (၁)

## 13. Positioning – kick-in (1)



၁၄. နေရာယူမှု – ကန်သွင်းခြင်း (၂)

## 14. Positioning – kick-in (2)



၁၅. နေရာယူမှု – ကန်သွင်းခြင်း (၃)

## 15. Positioning – kick-in (3)



၁၆. နေရာယူမှု – ကန်သွင်းခြင်း (၄)

## 16. Positioning – kick-in (4)



## ၁၇. နေရာယူမှု – ကန်သွင်းခြင်း (၅)

တိုက်စစ်ဆင်သည့်အသင်းမှထောင့်ကန်စက်ဝိုင်းစိတ်အနီးကန်သွင်းရာတွင်ကန်သွင်းရမည့်နေ ရာမှအနီးဆုံးဒိုင်လူကြီးသည်ခန့်မှန်းခြေ (၅ မီတာ)အကွာ အဝေးတွင်ရှိနေရမည်။ ဤနေရာ မှနေ၍ဒိုင်လူကြီးသည် ကန်သွင်းခြင်း အားလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်ကြောင်းနှင့် ခံစစ်ကစားသမားများသည်ကန်သွင်းရမည့်နေရာမှ အနည်းဆုံး (၅ မီတာ)အကွာတွင် ရှိနေ ကြောင်းစစ်ဆေးရမည်။အခြားဒိုင်လူကြီးသည်ကွင်း၏ အဆုံးတူညီသောအနေအထားတွင်ရှိသော်လည်း တစ်ဖက်ဘေးစည်းနှင့် ဂိုးစည်းဆုံရာတွင်နေရာယူရမည်။၎င်းအနေအထားမှ နေ၍ ဒိုင်လူကြီးသည် ဘောလုံးနှင့်ကစားသမားများ၏ အပြုအမူများကိုစောင့်ကြည့်ရမည်။



**၁၈ က. နေရာယူမှု – ပြိုင်ပွဲအနိုင်အရှုံး(သို့မဟုတ်)အိမ်ကွင်းအဝေးကွင်းအတွက် ပင်နယ်တီ အမှတ်အသားမှကန်သွင်းခြင်း(အရံအကူဒိုင်လူကြီးမပါဝင်သော)**

ဂိုးမှ(၂ မီတာ)ခန့်အကွာ ဂိုးစည်းပေါ်တွင်နေရာယူ၍ ဒိုင်လူကြီး၏အဓိကတာဝန်မှာ ဘောလုံးသည် ဂိုးစည်းကို ဖြတ်ကျော်သွားခြင်းရှိ/မရှိနှင့် ဂိုးသမားသည် ဥပဒေ(၁၄)ပါ သတ်မှတ်ချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးရမည်။

ဘောလုံးသည်ဂိုးစည်းကိုဖြတ်ကျော်သွားကြောင်း ရှင်းရှင်းလင်းလင်းသိသောအခါ ပြစ်မှုမကျူး လွန်ကြောင်း စစ်ဆေးရန် ဒိုင်လူကြီးသည် ဒုတိယဒိုင်လူကြီးနှင့် မျက်လုံးချင်းဆက်သွယ်ရမည်။

ဒုတိယဒိုင်လူကြီးသည် ဘောလုံးနှင့်ကန်သွင်းသူအသင်း၏ ဂိုးသမားအားမှန်ကန်စွာ နေရာချထားကြောင်း စစ်ဆေးရန် ပင်နယ်တီအမှတ်အသားမှခန့်မှန်းခြေ (၃ မီတာ) အကွာအဝေးတွင်နေရာယူရမည်။ ဒုတိယ ဒိုင်လူကြီး သည် ကန်သွင်းရန်အတွက် ဝီစီမှုတ်အချက်ပြရမည်။

တတိယဒိုင်လူကြီးသည် အသင်းနှစ်သင်းစလုံး၏ကျန်ရှိသည့် အရည်အချင်းပြည့်မီသော ကစားသမားများနှင့်အရံကစားသမားများအား ထိန်းချုပ်ရန်အတွက် ကွင်းလယ်ဗဟို စက်ဝိုင်း တွင် နေရာယူရမည်။

အချိန်မှတ် ဒိုင်လူကြီးသည် အချိန်မှတ်ဒိုင်လူကြီးစားပွဲတွင် နေရာယူ၍ ကန်သွင်းခြင်းမှ ပယ်ထုတ်ခံရသည့် ကစားသမားများနှင့် အသင်းတာဝန်ရှိသူများသည် မှန်ကန်စွာ ပြုမူနေထိုင်ကြောင်းနှင့် အမှတ်ပေးဇယားကို (၁-၀) သို့ပြန်လည်သတ်မှတ်ကာ ကန်သွင်းသည့်ရလဒ်ကို အမှတ်ပေးဇယားတွင် မှတ်တမ်းတင်ကြောင်း သေချာ စေရမည်။




ပြိုင်ပွဲတာဝန်ရှိသူများအားလုံး ပင်နယ်တီကန်သွင်းမှုမှ ကန်သွင်းမှုများနှင့် ကစားသမား များ၏ နံပါတ်များကို မှတ်သားထားကြရမည်။

## ၁၈ ခ. နေရာယူမှု – ပြိုင်ပွဲအနိုင်အရှုံး(သို့မဟုတ်)အိမ်ကွင်းအဝေးကွင်းအတွက် ပင်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း (အရံအကူဒိုင်လူကြီးပါဝင်သော)

အရံအကူဒိုင်လူကြီးတစ်ဦးကို ခန့်အပ်ပါက ပြိုင်ပွဲတာဝန်ရှိသူများ၏ နေရာယူမှုများမှာ အောက်ပါ အတိုင်းဖြစ်သည်-----

ဒိုင်လူကြီးသည် ဂိုးမှ (၂ မီတာ) ခန့်အကွာ ဂိုးစည်းပေါ်တွင် နေရာယူရမည်၊ ဒိုင်လူကြီး၏ အဓိက တာဝန် မှာ ဘောလုံးသည် ဂိုးစည်းကို ဖြတ်ကျော်သွားခြင်း ရှိ/မရှိ စစ်ဆေးရန်နှင့် ဂိုးသမားသည် ဥပဒေ (၁၄) ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ် သည်။

ဘောလုံးသည်ဂိုးစည်းကိုဖြတ်ကျော်သွားကြောင်း ထင်ရှားပါက ပြစ်မှု မကျူး လွန်ကြောင်း စစ်ဆေးရန် ဒိုင်လူကြီးသည် ဒုတိယနှင့် တတိယ ဒိုင်လူကြီး နှင့် မျက်လုံးချင်းဆက်သွယ်ရ မည်။

ဒုတိယဒိုင်လူကြီးသည် ဘောလုံးနှင့် ကန်သွင်းသူအသင်း၏ ဂိုးသမားအား မှန်ကန်စွာ နေရာချထားကြောင်းစစ်ဆေးရန်၊ ပင်နယ်တီအမှတ်အသားမှ ခန့်မှန်းချေ (၃ မီတာ) အကွာအဝေးတွင် နေရာယူရမည်။ ဒုတိယဒိုင်လူကြီးသည် ကန်သွင်းရန်အတွက် ဝီစီမှုတ်အချက်ပြသရမည်။

တတိယဒိုင်လူကြီးသည် ဂိုးမှ (၂ မီတာ) ခန့်အကွာ ဂိုးစည်းပေါ် ဒိုင်လူကြီး၏ ဆန့်ကျင်ဘက်အခြမ်းတွင် နေရာယူရမည်။ တတိယဒိုင်လူကြီး၏ အဓိကတာဝန်မှာ ဘောလုံးသည် စည်းအား ဖြတ်ကျော်သွားခြင်းရှိ/မရှိ စစ်ဆေးရန်နှင့် လိုအပ်ပါက ဒိုင်လူကြီးအား ကူညီ ပေးရန်ဖြစ်သည်။

အရံလက်ထောက်ဒိုင်လူကြီးသည် အသင်းနှစ်သင်းစလုံး၏ ကျန်ရှိနေသော အရည်အချင်းပြည့်မှီသည့် ကစားသမားများနှင့် အရံကစားသမားများကို ထိန်းချုပ်ရန် ကွင်းလယ်ဗဟိုစက်ဝိုင်းတွင် နေရာယူရမည်။

အချိန်မှတ်ဒိုင်လူကြီးသည် အချိန်မှတ်ဒိုင်လူကြီး၏စားပွဲတွင် နေရာယူ၍ -----

- ကန်သွင်းခြင်းမှကင်းလွတ်သော ကစားသမားများနှင့် အရံကစားသမာများ အသင်းတာဝန်ရှိသူများမှ မှန်ကန်စွာပြုမူကြောင်းသေချာစေရန်
- အမှတ်ပေးဇယားအား (၁-၁) သို့ပြန်လည်သတ်မှတ်ပြီး ကန်သွင်းမှုရလဒ်ကို အမှတ်ပေးဇယားတွင် မှတ်တမ်းတင်ရန်




**ပြိုင်ပွဲတာဝန်ရှိသူများအားလုံး ပင်နယ်တီကန်သွင်းမှုမှ ကန်သွင်းမှုများနှင့် ကစားသမားများ၏ နံပါတ်များကို မှတ်သားထားကြရမည်။**

## ၁၉. နေရာယူမှု – ကွင်းအတွင်းဒိုင်လူကြီးများမှ နှစ်ဖက်အပြောင်းအလဲ

ဒိုင်လူကြီးများသည် ကစားပွဲကို အပြုသဘောဆောင်သည်ဟု ယူဆပါက ကွင်းအတွင်း ဘက်ခြမ်းများကို ပြောင်းလဲနိုင်သည်။ သို့သော်လည်း ဒိုင်လူကြီးများသည် အောက်ပါ အချက်များကို သတိပြုသင့်သည်။

- ဘောလုံးကစားနေချိန်တွင် ပြောင်းလဲခြင်းမပြုရ။

- မူအရ ခုံတန်းလျားဘက်အခြမ်းရှိ ဒိုင်လူကြီးမှ အဝါ/ အနီကတ်ကို ပြသသည့်အခါ သို့မဟုတ် အသင်းတစ်သင်း သို့မဟုတ် အသင်းတစ်သင်းထက်ပိုသော ဝေဖန် ဆန့်ကျင်မှုများ သို့မဟုတ် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြားသော အရေးကြီးသည့် ဆုံးဖြတ်ချက်တစ်ခုခုကို ပြုလုပ်သည့် အခါတွင် ၎င်းတို့သည် နှစ်ဖက်စလုံးကို ပြောင်းလဲသင့်သည်။
- အဝါ/အနီကတ်ကို ပြသသော ဒိုင်လူကြီးမှ နှစ်ဖက်စလုံးကို ပြောင်းရန်/မပြောင်းရန် ဆုံးဖြတ်သည်။
- နှစ်ဖက်ပြောင်းပြီးနောက် ခုံတန်းလျားဘက်တွင်ရှိသော ဒိုင်လူကြီးသည် ပြန်လည်စတင်ကစားရန် အတွက် အမြဲတမ်းအချက်ပြသရမည်။
- ကစားပွဲမှ ခွင့်ပြုသည့်အခါ ဒိုင်လူကြီးများသည် ၎င်းတို့၏ “ပုံမှန်” ဘက်သို့ ပြန်သွားနိုင်သည်။

ဥပမာ

Example




1) The referee near the bench blows the whistle for a foul.

၁) ခုံတန်းလျားအနီးရှိ ဒိုင်လူကြီးမှ ဝီစီကို ပြစ်ဒဏ်ဘောအတွက် မှုတ်သည်။




2) The referee who blew the whistle goes to the place where the foul was committed to show a YC/RC.

၂) ဝီစီမှုတ်သော ဒိုင်လူကြီးသည် အဝါ/အနီကတ်ကိုပြသရန် ပြစ်မှုကျူးလွန်သည့် နေရာသို့ သွားသည်။




**3) The other referee goes to the place where the foul was committed to help control the situation (the players and the ball).**

**၃) အခြားဒိုင်လူကြီးသည် အခြေအနေကိုထိန်းချုပ် (ကစားသမားများနှင့်ဘောလုံး) ကူညီပေးရန်အတွက် ပြစ်မှုကျူးလွန်ခဲ့သည့်နေရာသို့သွားပါ။**




4) The referee who showed the YC/RC goes towards the timekeeper's table to inform the other match officials of the guilty player's number. The signal must be made from the halfway line, approximately 5m from the timekeeper's table.

၄) အဝါ/အနီကိုပြသသောဒိုင်လူကြီးသည် ပြစ်မှုကျူးလွန်သော ကစားသမား၏ နံပါတ်ကို အခြားပွဲ  တာဝန်ရှိသူများထံ အကြောင်းကြားရန် အချိန်မှတ် ဒိုင်လူကြီး စားပွဲသို့ သွားရမည်။ အချက်ပြသမှုကို အချိန်မှတ်ဒိုင်လူကြီးစားပွဲမှ (၅မီတာ) ခန့် အကွာ ကွင်းလယ်ဗဟိုစည်းမှ ပြုလုပ်ရပါမည်။




5) The referees restart play having changed sides. Play is restarted by the referee who is now on the bench side blowing the whistle.

၅) ဒိုင်လူကြီးများသည် နှစ်ဖက်ပြောင်း၍ ကစားမှုကို ပြန်လည်စတင်သည်။ ယခုအချိန် ခုံတန်းလျား ဘက်အခြမ်းတွင်ရှိသော ဒိုင်လူကြီးမှ ဝီစီမှုတ်ခြင်းဖြင့် ကစားမှုကို ပြန်လည်စတင်သည်။

## ၂၀. နေရာယူမှု – တတိယဒိုင်လူကြီး(သို့မဟုတ်အရံအကူဒိုင်) အသင်းတစ်သင်း သို့မဟုတ် တစ်သင်း ထက်ပိုသောအသင်းများ သည်ပျံသန်းနေသောဂိုးသမား နှင့်ကစားသည့်အခါ

အသင်းတစ်သင်း သည် ပျံသန်းနေသောဂိုးသမားနှင့် ကစားသည့်အခါ တတိယဒိုင်လူကြီး သို့မဟုတ် အရံအကူဒိုင်လူကြီးသည် ပျံသန်းနေသောဂိုးသမားနှင့် ကစားသောအသင်းမှ တိုက်စစ်ဆင်သည့်အချိန် တွင် ၎င်းအသင်း၏ ဂိုးစည်းအား ထိန်းချုပ် စောင့်ကြည့်ရမည်။ အကယ်၍ တိုက်စစ်ဆင်သည့်အသင်း၏ အဆုံးမှာ ဂိုးသွင်းခဲ့လျှင် တတိယဒိုင်လူကြီး (သို့မဟုတ်) အရံအကူဒိုင်လူကြီးသည် အတည်ပြု ထားသောအချက် ပြမှုကို အသုံးပြု၍ အခြားဒိုင်လူကြီးများအား အကြောင်းကြားရမည်။




If both teams play with a flying goalkeeper and both a third referee and a reserve assistant referee are available, the third referee should control one team’s goal line and the reserve assistant referee should control the other goal line.

အကယ်၍ အသင်းနှစ်သင်းစလုံးသည် ပျံသန်းနေသော ဂိုးသမားနှင့်ကစားသောအခါတွင် တတိယ ဒိုင်လူကြီးနှင့် အရံအကူဒိုင်လူကြီးနှစ်ဦးစလုံး တာဝန်ချထားပါက တတိယ ဒိုင်လူကြီးသည် အသင်း တစ်သင်း၏ဂိုးစည်းကို ထိန်းချုပ် သင့်ပြီး အရံ အကူ ဒိုင်လူကြီးသည် အခြား ဂိုးစည်းကို ထိန်းချုပ် စောင့်ကြည့်သင့်သည်။

# အမိပ္ပါယ်ဖွင့်ဆိုချက် နှင့် အကြံပြုချက်များ

## ဥပဒေ ၃– ကစားသမားများ

လူစားလဲလှယ်ခြင်း မပြုရသေးဘဲ ဒိုင်လူကြီး၏ခွင့်ပြုချက်ဖြင့် ကစားကွင်းပြင်ပတွင် ရောက်နေ သော ကစားသမားတစ်ဦးသည် ဒိုင်လူကြီးတစ်ဦး သို့မဟုတ် တတိယ ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး အခြား အဝါကတ် ပြသခံရမည့် ပြစ်မှုကျူးလွန်ခဲ့လျှင် ၎င်းအား အဝါကတ်ပြသခံရမည့် ပြစ်မှု နှစ်ခု ကျူးလွန်ခြင်းအတွက် ထုတ်ပယ်(အနီကတ်) ရမည်။ ဥပမာ– အကယ်၍ ကစား သမား တစ်ဦးသည် ဒိုင်လူကြီးတစ်ဦးထံမှ ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းအတွင်း ရောက်ရှိ လာပြီး ပြိုင်ဘက်ကစားသမားအား မဆင်မခြင် အပြုအမူဖြင့် လဲကျအောင်

ပြုလုပ်၍ ပြစ်မှုကျူးလွန်ခဲ့လျှင်။ အကယ်၍ အဆိုပါပြစ်မှုသည် လိုအပ်သည့် အင်အား ထက် ပိုမို သုံးစွဲ ကျူးလွန်ခြင်းဖြစ်လျှင် တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ရမည်။

အကယ်၍ ကစားသမားတစ်ဦးသည် မတော်တဆအနေဖြင့် ကစားကွင်း၏ အနားသတ် စည်းလိုင်းများအား ကျော်ဖြတ်သွားမိလျှင် သူ/ သူမ အနေဖြင့် ပြစ်မှုကျူးလွန်ခြင်း မ မြောက်ပါ၊ အကယ်၍ ကစားသမားတစ်ဦးသည် ကစားမှုအစိတ်အပိုင်းလှုပ်ရှားမှု အနေ ဖြင့် ကစားကွင်းပြင်ပသို့ ထွက်ခွာခဲ့လျှင် သူ/ သူမ အနေဖြင့် ပြစ်မှု ကျူးလွန်ခြင်း မမြောက်ပါ။

**အရံကစားသမား**

အရံကစားသမားတစ်ဦးသည် လူစားလဲလှယ်မှု လုပ်ထုံးလုပ်နည်းကိုဆန့်ကျင်၍ ကွင်း အတွင်း ဝင်ရောက်လာပါက သို့မဟုတ် အပိုကစားသမားတစ်ဦးနှင့် ကစားစေပါက အခြား ပွဲ တာဝန် ရှိသူများမှ ကူညီဆောင်ရွက်ပေးသော ဒိုင်လူကြီးများသည် အောက်ပါ လမ်းညွှန်ချက် များကိုလိုက်နာရမည်–

- ကစားပွဲအားရပ်တန့်ရမည်ဖြစ်ပြီး အကယ်၍ အခွင့်သာမှုရရှိခဲ့လျှင် ချက်ချင်း ရပ်တန့်ရန် မလိုပါ။
- အသင်းအတွက် အပိုကစားသမားတစ်ဦးနှင့် ကစားပါက သို့မဟုတ် လူစားလဲလှယ်မှု လုပ်ထုံးလုပ်နည်းအား ချိုးဖောက်ပါက အားကစားသမားကောင်း မဆန်သော အပြု အမူအတွက် အဝါကတ်ပြသ သတိပေးရမည်။

- အကယ်၍ ၎င်းတို့သည် ၎င်းအားလူစားလဲလှယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ပြီး မြောက်အောင် မပြုလုပ်ရသေးပါက၊ ဤအကြောင်းကြောင့် ပြစ်မှု ဖြစ်ခဲ့လျှင် သို့မ ဟုတ် နည်းစနစ်ရေးရာသို့ပြောင်းရွှေ့ပါက အကယ်၍ အပိုကစားသမား တစ်ဦးနှင့် ကစားပါက  အရံကစားသမားသည် ကစားမှု နောက်တစ်ကြိမ် ရပ်ဆိုင်းသည့် အ ချိန်တွင် ကစားကွင်းအတွင်းမှ ထွက်ခွာရမည်။

- အကယ်၍ ဒိုင်လူကြီးမှ အခွင့်သာမှု ပေးခဲ့လျှင် ---
  - အရံကစားသမားဏ်အသင်း ဘောလုံးပိုင်ဆိုင်မှု ရရှိသည်နှင့် ကစားမှုအား ရပ်ဆိုင်းပြီး ကစားမှုရပ်ဆိုင်းလိုက်သည့်အချိန် ဘောလုံးရှိသည့် နေရာမှ ပြိုင်ဘက်အသင်းအား တစ်ဆင့်အလွတ်တည်ကန်ဘောဖြင့်ပြန်လည်စတင် ကစားစေရမည်။ (ပင်နယ်တီ ဧရိယာအတွင်း ဘောလုံးရှိနေစဉ် ကစားမှု ရပ်ဆိုင်းလိုက်သည် မှ လွဲ၍ ဥပဒေ- ၁၃တွင်ကြည့်ပါ။)
  - ထို့နောက် အရံကစားသမားအသင်းသည် တဆင့်အလွတ်တည်ကန်ဘော၊ တိုက်ရိုက်အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီကန်သွင်းမှုဖြင့် အပြစ်ပေးရမည့် ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့လျှင် ၎င်းတို့သည်အရံကစားသမား အသင်း၏ သက်ဆိုင်ရာပြိုင်ဘက်အသင်းကို ပြန်လည်စတင် ကစားရန်ပေးအပ်ခြင်းဖြင့် အရံကစားသမားအသင်းအား အရေးယူရမည်။ လိုအပ်ပါက ကျူးလွန်ခဲ့သော ပြစ်မှုနှင့် သက်ဆိုင်သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ရမည်။
  - ထို့နောက် အရံကစားသမားအသင်း၏ ပြိုင်ဘက်များမှ ပြစ်မှုကျူးလွန်သောကြောင့် သို့မဟုတ် ဘောလုံးသည် ကစားမှုပြင်ပထွက်သွားသောကြောင့် ပြိုင်ပွဲအား ရပ်ဆိုင်းခဲ့ရလျှင် အရံကစားသမားအသင်း၏ ပြိုင်ဘက်အသင်းအား တဆင့် အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားစေရမည်ဖြစ်သည်။ လိုအပ် ပါက ကျူးလွန်သည့်ပြစ်မှုနှင့် သက်ဆိုင်သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု ပြုလုပ်ရမည် ဖြစ်သည်။
  - အရံကစားသမားအမည်စာရင်း တင်သွင်းထားသူ တစ်ဦး သည်ပြိုင်ပွဲမစတင်မီတွင် ဒိုင်လူကြီး သို့မဟုတ် အခြားပြိုင်ပွဲ တာဝန်ရှိသူများအား အကြောင်းမကြားအသိ မပေး ဘဲ တရားဝင် ကစားသမားအစား ကစားကွင်းအတွင်း ဝင်ရောက်ခဲ့လျှင်---

- ဒိုင်လူကြီးအနေဖြင့် အရံကစားသမားအား ပြိုင်ပွဲတွင် ဆက်လက် ကစားခွင့် ပေးရမည်။
- အရံကစားသမားအား စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းမပြုရ။
- ဒိုင်လူကြီးများသည် အဖြစ်အပျက်ကို သက်ဆိုင်ရာအာဏာပိုင်များထံ သတင်းပို့ရမည်။

- အရံကစားသမားတစ်ဦးသည် ကစားကွင်းအတွင်းသို့ မဝင်မီ ထုတ်ပယ်ခံရမည့်ပြစ်မှု တစ်ခုကိုကျူးလွန်ပါက အသင်းအတွင်းရှိ ကစားသမားအရေအတွက်ကို မလျော့ချဘဲ အခြားအရံကစားသမား သို့မဟုတ် အစားထိုးမည့် ကစားသမားသည် ကွင်းအတွင်းသို့ ဝင်ရောက်နိုင်သည်။

**ကွင်းအတွင်းမှ ထွက်ခွာခွင့်ပြုထားသော**

သာမန်လူစားလဲလှယ်မှုအပြင် ကစားသမားတစ်ဦးသည် အောက်ပါအခြေအနေများတွင် ဒိုင်လူကြီး၏ခွင့်ပြုချက်မရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာသွားနိုင်ပါသည်။

- ကစားသည့်လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကစားသမားသည် ကွင်းထဲသို့ ချက်ချင်းပြန်လာလျှင် ဥပမာ– ဘောလုံးကစားရန် သို့မဟုတ် ပြိုင်ဘက် ကစားသမားအားကျော်ဖြတ်ရန်။ သို့သော်လည်း ကွင်းအတွင်းမှ ထွက်ခွာသွားပြီး ပြိုင်ဘက်များကို လှည့်ဖျားရန်ရည်ရွယ်ချက်ဖြင့် ကွင်းအတွင်းသို့ ပြန်လည်မဝင်မီ ဂိုးများထဲမှ တစ်ခုကို နောက်သို့ရွှေ့ခြင်းကို ခွင့်မပြုပါ။ ထိုကဲ့သို့ဖြစ်ခဲ့လျှင် ဒိုင်လူကြီးများအနေဖြင့် အခွင့်သာမှု မရှိနိုင်လျှင် ကစားမှုကိုရပ်ဆိုင်း၍ တဆင့်အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင် ကစားစေရမည်။ ကစားသမားအား ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာခြင်းအတွက် အဝါကတ်ပြသ သတိပေးရမည်။
- ဒဏ်ရာကြောင့် ကစားသမားကို လူစားလဲလှယ်ခြင်း မပြုလုပ်ရသေးပါက ၎င်းကစားသမား ကွင်းအတွင်း ပြန်လည်ဝင်ရောက်ရန် ဒိုင်လူကြီးတစ်ဦး၏ ခွင့်ပြုချက်လိုအပ်

သည်။ ကစားသမားသည်သွေးထွက်နေပါက ကွင်းအတွင်းသို့ ပြန်လည်မဝင်မီ သွေးထွက်ခြင်း ရပ်သွားရမည်ဖြစ်ပြီး ကစားသမားအား ဒိုင်လူကြီး သို့မဟုတ် အခြားပွဲတာဝန်ရှိသူများမှ စစ်ဆေးရပါမည်။

- သူ/ သူမ၏ အသုံးအဆောင်များကိုပြင်ရန် သို့မဟုတ် ပြန်ထည့်ရန် ကစားသမားကို လူစားလဲလှယ်ခြင်း မပြုလုပ်ရသေးပါက ၎င်းကစားသမား ကွင်းအတွင်း ပြန်လည်ဝင်ရောက်ရန် ဒိုင်လူကြီးတစ်ဦး၏ခွင့်ပြုချက် လိုအပ်သည်။ ဒိုင်လူကြီးများ သို့မဟုတ် အခြားပြိုင်ပွဲတာဝန်ရှိသူများမှ ကစားသမားကွင်းအတွင်းသို့ ပြန်မလာမီ အသုံး အဆောင် များအား စစ်ဆေးရမည်။

## ခွင့်ပြုချက်မရှိဘဲ ကွင်းအတွင်းမှ ထွက်ခွာခြင်း

အကယ်၍ကစားသမားတစ်ဦးသည် ဒိုင်လူကြီးတစ်ဦး၏ ခွင့်ပြုချက်မရရှိဘဲ ဖူဆယ် ဥပဒေများတွင် ခွင့်ပြုမထားသော အကြောင်းပြချက်များဖြင့် ကစားကွင်းပြင်ပသို့ ထွက်ခွာခဲ့ပါက အခွင့်သာမှုမရှိခဲ့လျှင် တတိယဒိုင်လူကြီး သို့မဟုတ် အချိန်မှတ် ဒိုင်လူကြီးမှ အသံဖြင့် အချက်ပေး၍ ဒိုင်လူကြီးများအား အသိပေး အကြောင်းကြား ရမည်။ အကယ်၍ ကစားခြင်းကို ရပ်တန့်ရန်လိုအပ်ပါက ဒိုင်လူကြီးများသည် ပြိုင်ဘက် အသင်းအား တစ်ဆင့်အလွတ် တည်ကန်ဘောပေးခြင်းဖြင့် ပြစ်မှုကျူးလွန်သော ကစား သမား၏ အသင်း အား အပြစ်ပေး အရေးယူရမည်။ အကယ်၍ အခွင့်သာမှု ပေးခဲ့လျှင် တတိယဒိုင်လူကြီး သို့မဟုတ် အချိန်မှတ်ဒိုင်လူကြီး အနေဖြင့် နောက်တစ်ကြိမ် ကစားမှု ရပ်ဆိုင်း လျှင် အသံဖြင့် အချက်ပေးရမည်။ ၎င်းကစားသမားအား ဒိုင်လူကြီး၏ခွင့်ပြုချက် မရရှိဘဲ ကစားကွင်းအတွင်းမှ ထွက်ခွာခြင်းအတွက် အဝါကတ်ပြသ သတိပေးရမည်။

## အနည်းဆုံးကစားသမား အရေအတွက်

အသင်းတစ်သင်းတွင် ကစားသမား သုံးဦးထက်နည်းနေပါက ပွဲတစ်ပွဲကို မစတင်နိုင်သော်လည်း ပြိုင်ပွဲတစ်ခုခုအတွက်လိုအပ်သော အရံကစားသမားများ အပါအဝင်

အနည်းဆုံးကစားသမား အရေအတွက်ကို နိုင်ငံဘောလုံး အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်အရ ဖော်ပြထားရမည်။

အသင်းတစ်သင်းတွင် ကစားသမားသုံးဦးထက် နည်းနေပါက ပွဲတစ်ပွဲကို ပြန်လည်စတင်ကစားနိုင်မည် မဟုတ်ပေ။ သို့သော်လည်း အကယ်၍ ကစားသမားတစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော ကစားသမားများသည် ကစားကွင်းအတွင်းမှ တမင်တကာ ထွက်ခွာသွားခြင်းကြောင့် အသင်းတစ်သင်းသည်ကစားသမား သုံးဦးထက် နည်းသွားပါက ဒိုင်လူကြီးများသည် အခွင့်သာမှုရရှိလျှင် ကစားပွဲအား ချက်ခြင်းရပ်စရာမလိုပါ။ ထိုသို့သော အခြေအနေမျိုးတွင် အသင်းတစ်သင်းတွင် အနည်းဆုံး ကစားသမား သုံးဦးမရှိပါက ကစားခြင်းကို ရပ်ပြီးနောက် ဒိုင်လူကြီးများသည် ပွဲကိုပြန်လည်စတင်ခြင်း မပြုရပါ။

## လန်းဆန်းမှု(ခေတ္တအနားယူခြင်း)

ဒိုင်လူကြီးများသည် တစ်မိနစ် ခေတ္တရပ်နားထားချိန် သို့မဟုတ် ပွဲရပ်နားနေချိန်အတွင်း ကစားသမားများ လန်းဆန်းမှု အတွက် ခွင့်ပြုပေးရမည်ဖြစ်သော်လည်း ကစားကွင်းပြင်ပတွင်သာဖြစ်ပြီး စိုစွတ်မှုမဖြစ်စေရပါ။ အရည်များပါရှိသောအိတ်များ သို့မဟုတ် အရည်ပါရှိသော အခြားအရာဝတ္ထုများကို ကစားကွင်းအပေါ်သို့ ယူဆောင်ထားခြင်း မပြုရ။

## ကစားသမားများ ထုတ်ပယ်ခြင်း

- **အကယ်၍ ကစားသမားတစ်ဦးသည် ထုတ်ပယ်ခံရမည့် ပြစ်မှုတစ်ခုအား ပထမပိုင်း ရပ်နားချိန်အတွင်း သို့မဟုတ် အချိန်ပိုကာလ တစ်ခုစီ၏ မစတင်မီ ကျူးလွန်ခဲ့လျှင် ပြစ်မှုကျူးလွန်သည့် အသင်းသည် ကွင်းထဲတွင် ကစားသမား တစ်ယောက်လျော့ဖြင့် နောက်တစ်ပိုင်းကို စတင်ရမည်။**

## ဥပဒေ ၅– ဒိုင်လူကြီးများ

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

ဖူဆယ်အားကစားနည်းသည် ပြိုင်ဆိုင်မှုပြင်းထန်သည့် အားကစားနည်းဖြစ်ပြီး ကစားသမား များကြား ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုသည် ပုံမှန်ဖြစ်ပြီး ကစားပွဲ၏ လက်ခံနိုင်သော အစိတ် အပိုင်းတစ်ခုဖြစ်ကြောင်း ဒိုင်လူကြီးများက နားလည်ထားရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကစားသမားများသည် ဖူဆယ်အားကစား၏ စည်းမျဉ်း စည်းကမ်းများနှင့် တရားမျှတသော ကစားခြင်းစိတ်ဓာတ်ကို မလေးစားပါက  ဒိုင်လူကြီးများမှ လေးစားခံရကြောင်း သေချာစေရန်အတွက် သင့်လျော်သော အရေးယူမှုများ ပြုလုပ်ရမည်ဖြစ်သည်။

ဒိုင်လူကြီးများသည် ပထမပိုင်းပြီးဆုံး၍ နားနေချိန်အတွင်းနှင့် ပွဲပြီးဆုံးပြီးနောက် အချိန်ပိုအတွင်းနှင့် ပင်နယ်တီအမှတ်အသားမှ ကန်သွင်းမှုများအတွင်း ကစားသမားများသို့မဟုတ် အသင်းတာဝန်ရှိသူများကို သတိပေးခြင်း၊ ထုတ်ပယ်ခြင်းများပြုလုပ်ရန် လုပ်ပိုင် ခွင့်ရှိသည်။

### အခွင့်သာမှုပေးခြင်း

ဒိုင်လူကြီးများသည် ပြစ်မှုတစ်ခုဖြစ်သည့်အခါတိုင်း အခွင့်သာမှု ပေးနိုင်ပြီး ဖူဆယ် ကစားနည်းဥပဒေများသည် အခွင့်သာမှုပေးခြင်း အသုံးချမှုအား ပြတ်သားစွာ တားမြစ်ထားခြင်းမရှိပါ။ ဥပမာအားဖြင့်– ဂိုးသမားသည် ပင်နယ်တီဧရိယာအတွင်းရှိ ပြိုင်ဘက်များနှင့် ဂိုးမှစတင်ကစားခြင်းအား အမြန်ကစားရန်ဆုံးဖြတ်ပါက အခွင့်သာမှု ပေးခြင်းကိုအသုံးပြုနိုင်သည်။ သို့သော် ကန်သွင်းမှုအား မှန်ကန်စွာ မကစားခဲ့ပါက အခွင့်သာမှုပေးခြင်းကို အသုံးပြုခွင့်မရှိပေ။

ဘောလုံးကစားနေပြီး ဂိုးသမား၏ အသင်းသည် ရုတ်တရက် ချက်ချင်း ဘောလုံး ပိုင်ဆိုင်မှု ဆုံးရှုံးသွားသောအခါတွင် ဂိုးသမားမှ ၎င်းတို့၏ကွင်းတစ်ဝက်တွင်ပြစ်မှု ကျူးလွန်ခြင်း

မရှိပါက အခွင့်သာမှုပေးခြင်းအား လေးစက္ကန့်စည်းမျဉ်းအရ ပြစ်မှု တစ်ခုအတွက်ခွင့်မပြုပါ။ ဤစည်းမျဉ်းနှင့်ပတ်သတ်သည့် ကျန်ကိစ္စရပ်များတွင်( အလွတ် တည်ကန်ဘောကန်သွင်းခြင်း၊ ဂိုးမှ စတင်ကစားခြင်းနှင့် ထောင့်ကန်ဘော) ဒိုင်လူကြီးများသည် အခွင့်သာမှုပေးခြင်းကို အသုံးမပြုနိုင်ပါ။

ဒိုင်လူကြီးများသည် အခွင့်သာမှုပေးခြင်းကို အသုံးပြုရန်အတွက် ဆုံးဖြတ်ရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားသင့်သည်–

- ပြစ်မှု၏ပြင်းထန်မှု–ထုတ်ပယ်ရမည့် ပြစ်မှုဖြစ်ပါက ဒိုင်လူကြီးများသည် ဂိုးသွင်းယူနိုင်သည့် အခွင့်အရေးမရရှိပါက ကစားပွဲကိုရပ်ပြီး ကစားသမားကို ထုတ်ပယ်ရမည်။
- ပြစ်မှုကျူးလွန်သည့်တည်နေရာ– ဆန့်ကျင်ဘက်ဂိုးနှင့် နီးကပ်လေလေ အခွင့်သာမှုပေးခြင်း ထိရောက်လေလေဖြစ်သည်။
- တိုက်စစ်အခွင့်အရေးကောင်း ရုတ်တရက်ချက်ချင်းဖြစ်လာနိုင်ချေများ။
- ကျူးလွန်ခဲ့သောပြစ်မှုသည် အသင်း၏ (၆) ကြိမ်မြောက် သို့မဟုတ် ပိုသော စုပေါင်းပြစ်မှု မဟုတ်ဘဲ ဂိုးသွင်းယူရန် အခွင့်အရေး မရှိခဲ့လျှင်။
- ပြိုင်ပွဲ၏ဖိအား၊အရှိန်

  မူလပြစ်မှုအား ပြစ်ဒဏ်ချရန် ဆုံးဖြတ်ချက်ကို စက္ကန့်အနည်းငယ်အတွင်း ပြုလုပ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အချက်ပြသမှုကို ယခင်က မပေးရသေးပါက သို့မဟုတ် ကစား ရန်အပိုင်းအသစ်ကို ခွင့်မပြုပါက နောက်ကြောင်းပြန်သွားနိုင်မည် မဟုတ်ပေ။

အကယ်၍ အဝါကတ်ပြသ သတိပေးရမည့် ပြစ်မှုဖြစ်လျှင် နောက်တစ်ကြိမ် ကစားမှုရပ်ဆိုင်းလျှင်ပြသရမည်။ သို့သော် ရှင်းရှင်းလင်းလင်း အခွင့်သာမှု မရရှိပါက ဒိုင်လူကြီးများသည် ကစားမှုကိုရပ်ဆိုင်းပြီး ကစားသမားကို ချက်ချင်း အဝါကတ်ပြသ သတိပေးရန်

အကြံပြုထားသည်။ နောက်တစ်ကြိမ် ကစားမှု ရပ်ဆိုင်းချိန်တွင် အဝါကတ်ပြသ သတိပေးခြင်း မပြုလုပ်ခဲ့ပါက ၎င်းကိုနောက်မှ ပြသ၍ မရပါ။

ပြစ်မှုတစ်ခုသည် တဆင့်အလွတ် တည်ကန်ဘောဖြင့် ပြန်လည်စတင်ရန်လိုအပ်ပါက ဒိုင်လူကြီးများသည် တုံ့ပြန်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်နှင့် ပြစ်မှုကျူးလွန်သည့် အသင်းအား ထိခိုက်မှု မရှိစေရန် အခွင့်သာမှုပေးခြင်းကို အသုံးပြုရမည်ဖြစ်သည်။

## တစ်ချိန်တည်းတွင် ပြစ်မှုတစ်ခုထက်ပို ဖြစ်ပွားခြင်း

တစ်ချိန်တည်းတွင် ပြစ်မှုတစ်ခုထက်ပိုမိုကျူးလွန်ပါက ဒဏ်ခတ်အရေးယူမှု ပြန်လည်စတင်ခြင်း ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်မှုနှင့် နည်းဗျူဟာပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများတွင် ပိုမိုပြင်းထန်သော ပြစ်မှုကို ဒိုင်လူကြီးများက အပြစ်ပေးရမည်။

ကျူးလွန်ခဲ့သော ပြစ်မှုများသည် တိုက်ရိုက်အလွတ်တည်ကန်ဘော သတ်မှတ်ပေးခံရပါက သက်ဆိုင်ရာစုပေါင်းပြစ်မှုများကို မှတ်တမ်းတင်ရန် ဒိုင်လူကြီးများမှ အမိန့်ပေးရမည်။

## ပြင်ပနှောင့်ယှက်မှုများ

အကယ်၍ ပွဲကြည့်သူ ပရိတ်သတ်တစ်ဦးမှ ဝီစီမှုတ်ပါက ဤလုပ်ဆောင်ချက်သည် ကစားခြင်းကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယူဆ၍ ဒိုင်လူကြီးများမှ ကစားပွဲကို ရပ်ဆိုင်းရမည်။ ဥပမာ– ကစားသမားတစ်ဦးသည်ဘောလုံးကိုလက်ဖြင့်ကောက်ယူပါက။ ကစားပွဲကို ရပ်ဆိုင်းလိုက်ပါက ကစားခြင်းရပ်သွားသောအခါ ဘောလုံးရှိသည့်နေရာမှ မြေချဘောဖြင့် ပြန်လည်စတင်ရမည်ဖြစ်ပြီး ၎င်းသည်ခံစစ်အသင်း၏ ပင်နယ်တီဧရိယာအတွင်း၌သာရှိပြီး ဘောလုံးအားထိမိသည့် နောက်ဆုံးအသင်းမှာ တိုက်စစ်အသင်း မဟုတ်လျှင်(ဥပဒေ–၈ ကိုကြည့်ပါ။)

## ကစားနေစဉ်အတွင်း (၄) စက္ကန့်ရေတွက်ခြင်း

ဘောလုံးကစားနေစဉ်အတွင်းဂိုးသမား၏ ကိုယ်ပိုင်ကွင်းဘက်အခြမ်းတွင် အသင်း၏ ဂိုးသမားတစ်ဦးမှ ဘောလုံးပိုင်ဆိုင်ထားလျှင် ဒိုင်လူကြီးတစ်ဦးမှ လေးစက္ကန့် ရေတွက်ခြင်းကို ထင်ရှားစွာ လုပ်ဆောင်ရမည်။

## ပြန်လည်စတင်ကစားခြင်း

ဒိုင်လူကြီးများသည်ကစားချိန်ပြန်လည်စတင်ခြင်းများကိုလျင်မြန်စွာလုပ်ဆောင်ကြောင်း သေချာစေရန်နှင့် ပြန်လည်စတင်ခြင်း(ကန်သွင်းခြင်း၊ ဂိုးမှစတင်ကစားခြင်း၊ ထောင့်ကန်ဘော သို့မဟုတ် အလွတ်တည်ကန်ဘောများ) ကို နည်းစနစ်ပိုင်းဆိုင်ရာ အကြောင်းပြချက်များဖြင့် နှောင့်နှေးခြင်းမပြုရပါ။ ပြန်လည်စတင်ကစားခြင်းကို ဥပဒေအတိုင်း လုပ်ဆောင်သည့်အခါ လေးစက္ကန့်ရေတွက်မှုကို စတင်ပြီးဝီစီကို အသုံးပြုရန် မလိုအပ်ပါ။ နည်းစနစ်ပိုင်းဆိုင်ရာ အကြောင်းပြချက်များဖြင့် ပြန်လည်စတင်ရန် နှောင့်နှေးနေပါက ဒိုင်လူကြီးများမှ ဝီစီမှုတ်ပြီးနောက် ပြန်လည်စတင်သည့် ကစားသမားသည် အဆင်သင့်ဖြစ်ခြင်း ရှိရှိ၊ မရှိရှိ လေးစက္ကန့်ရေတွက်မှုကို စတင်ရမည်။ လေးစက္ကန့်ရေတွက်ခြင်း သက်ရောက်မှုမရှိသည့် ကိစ္စများတွင်(စတင်ကစားခြင်းများ၊ ပင်နယ်တီကန်သွင်းခြင်း များ) ပြန်လည် စတင်ရန် နှောင့်နှေးနေသည့် ကစားသမားတိုင်း အဝါကတ်ပြသ သတိပေးခံရမည်။

ဘောလုံးကို ကိုင်ဆောင်ထားသူများသည် ပြန်လည်စတင်ခြင်းနှင့် ကစားခြင်း၏ ဖွံ့ဖြိုးတိုးတက် မှုကို လွယ်ကူချောမွေ့စေရန် ကွင်းအတွင်း ၎င်းတို့ကိုကိုယ်တိုင် နေရာယူခွင့်ပြုထားသည်။

## ဝီစီအသုံးပြုခြင်း

ဝီစီအသုံးပြုမှုသည် မဖြစ်မနေလိုအပ်သည် – – –

- စတင်ကစားခြင်း
    - စတင်ကစားရန်(ပထမပိုင်းနှင့် ဒုတိယပိုင်း၊ လိုအပ်ပါက အချိန်ပိုပထမပိုင်းနှင့် ဒုတိယပိုင်း)။

    - ဂိုးသွင်းပြီးနောက်ပြန်လည်စတင်ရန်။
- ကစားခြင်းကို ရပ်ဆိုင်းခြင်း
    - အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီကန်သွင်းခြင်း သတ်မှတ်ပေးခြင်း
    - ပွဲစဉ်တစ်ခုကို ဆိုင်းငံ့ရန် သို့မဟုတ် ဖျက်သိမ်းရန် သို့မဟုတ် ကစားချိန်တစ်ပိုင်း ပြီးဆုံး၍ အချိန်မှတ်ဒိုင်လူကြီးမှ အသံဖြင့် အချက်ပေးခြင်းကို အတည်ပြုရန်။
- ပြန်လည်စတင်ခြင်း
    - အလွတ်တည်ကန်ဘောများတွင် ခံစစ်ကစားသမားများသည် လိုအပ်သော အကွာအဝေး ကိုစောင့်ကြည့်သေချာစေရန်။
    - (၁၀) မီတာ အမှတ်အသားမှ ကန်သွင်းခြင်း။
    - (၆) ကြိမ်မြောက်ပြစ်ဒဏ်များမှ တိုက်ရိုက်အလွတ်တည်ကန်ခြင်းများ။
    - ပင်နယ်တီ ကန်သွင်းခြင်းများ။
- ရပ်တန့်ပြီးနောက် ကစားခြင်းကို ပြန်လည်စတင်ခြင်း
    - မလိုလားအပ်သောပြစ်မှုများအတွက် အဝါကတ်ပြသ သတိပေးခြင်း သို့မဟုတ် အနီကတ် ပြသ ထုတ်ပယ်ခြင်း။
    - တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောကစားသမားများ ဒဏ်ရာရရှိခြင်း။

**ဗီစီအသုံးပြုရန်မလိုအပ်ပါ**

- ကစားမှု ရပ်ဆိုင်းခြင်းအတွက်
    - ဂိုးမှစတင်ကစားခြင်း၊ ထောင့်ကန်ဘော သို့မဟုတ် ကန်သွင်းခြင်း(သို့သော် အခြေအနေ မရှင်းလင်းပါက မဖြစ်မနေလိုအပ်သည်။)
    - ဂိုးဝင်ခြင်း (သို့သော် ဘောလုံးသည် ဂိုးထဲသို့ ရှင်းရှင်းလင်းလင်း မဝင်ပါက မဖြစ်မနေလိုအပ်သည်။)
- မှ ပြန်လည်စတင်ကစားခြင်း

- ○ အလွတ်တည်ကန်ဘောတစ်ခုတွင် အနည်းဆုံး (၅) မီတာအကွာအဝေးကို မတောင်းဆို ပါက သို့မဟုတ် ကန်သွင်းသူပြိုင်ဘက် အသင်းသည် ခြောက်ကြိမ်မြောက်စုပေါင်းပြစ်မှု မကျူးလွန်ပါက။
- ○ ဂိုးမှစတင်ကစားခြင်း၊ ထောင့်ကန်ဘော သို့မဟုတ် ကန်သွင်းခြင်းများတွင် အနည်းဆုံး(၅) မီတာ အကွာအဝေးကို တောင်းဆိုခြင်းမရှိပါက။

- မြေချဘောဖြင့် ပြန်လည်စတင်ကစားသည့်အခါ

ဝီစီကို မကြာခဏ အသုံးပြုခြင်းသည် အမှန်တကယ်လိုအပ်သည့် အခါတွင် သက်ရောက်မှု ကိုလျော့နည်းစေသည်။ အသင်းသည် အလွတ်တည်ကန်ဘော၊ ကန်သွင်းခြင်း သို့မဟုတ် ထောင့်ကန်ဘောများပြုလုပ်ရာတွင် ခံစစ်ကစားသမားများ ၏ လိုအပ်သောအကွာအဝေးကို စောင့်ကြည့်ရန်တောင်းဆိုသည့်အခါ (သို့မဟုတ် ဂိုးမှ စတင်ကစားရာတွင် မှန်ကန် သောနေရာယူမှု) ဝီစီမှုတ်ပြီးသည်အထိ ပြန်လည်စတင် မကစားနိုင်သေးကြောင်း ကစား သမားများအား ဒိုင်လူကြီးမှ ရှင်းလင်းစွာ အသိပေးရမည်။ အကယ်၍ကစားသမားတစ်ဦးသည် ဒိုင်လူကြီးများဝီစီ မတိုင်ခင်တွင် ကစားခြင်းကို ပြန်လည်စတင်ပါက ကစားသမားအား ပြန်လည်စတင်ကစားရန် နှောင့်နှေးမှုအတွက် အဝါကတ်ပြသ သတိပေးရမည်။

ကစားနေစဉ်အတွင်း ဒိုင်လူကြီးတစ်ဦးမှ မှားယွင်းစွာဝီစီမှုတ်မိပါက၊ ဤလုပ် ဆောင်ချက် သည် ကစားမှု့ကို အနှောင့်အယှက်ဖြစ်စေသည်ဟုယူဆပါက ဒိုင်လူ ကြီးများသည် ပွဲကို ရပ်တန့်ရမည်ဖြစ်သည်။ အကယ်၍ဒိုင်လူကြီးများသည် ကစားပွဲကို ရပ်ဆိုင်းလိုက်ပါက၊ ကစားခြင်းရပ်သွားသောအခါ ၎င်းသည်ခံစစ်အသင်း၏ ပင်နယ်တီ ဧရိယာအတွင်း ၌သာရှိပြီး ဘောလုံးထိသည့်နောက်ဆုံးအသင်းမှာ တိုက်စစ် အသင်းမဟုတ်လျှင် ဘောလုံး ရှိသောနေရာမှ မြေချဘောဖြင့်ပြန်လည်စတင်ကားရမည်။ (ဥပဒေ – ၈ တွင်ကြည့်ပါ) ဝီစီသံသည် အနှောက်အယှက်မဖြစ်ပါက၊ ဒိုင်လူကြီးများမှ ဆက်လက်ကစားရန် ရှင်းလင်းသောအချက်ပြသမှု ပြုလုပ်ရမည်။

### ကိုယ်ခန္ဓာ ဘာသာကစား

ကိုယ်ခန္ဓာ ဘာသာကစားသည် ဒိုင်လူကြီးများအသုံးပြုသည့် ကိရိယာတစ်ခု (နည်းလမ်း) ဖြစ်သည်။

- ပွဲကိုထိန်းချုပ်ရန် ကူညီပေးခြင်း
- အခွင့်အာဏာနှင့် မိမိကိုယ်ထိန်းချုပ်ခြင်း

ခန္ဓာဘာသာကစားသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်လုံစေသောနည်းလမ်း မဟုတ်ပါ။

### ဒဏ်ရာရရှိမှုများ

ကစားသမားများ၏ဘေးကင်းရေးသည်အရေးအကြီးဆုံးဖြစ်ပြီး ဒိုင်လူကြီးများသည်အထူးသဖြင့် ပြင်း ထန်သောဒဏ်ရာနှင့် သို့မဟုတ် ဦးခေါင်းဒဏ်ရာ အကဲဖြတ်မှုတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အလုပ်ကို လွယ်ကူချောမွေ့စေသင့်သည်။ ၎င်းတွင်သဘောတူညီထားသော အကဲဖြတ်ခြင်း၊ ကုသမှု ဆိုင်ရာ ပရိုတိုကောများကိုလေးစားလိုက်နာခြင်းနှင့် ကူညီပေးခြင်းတို့ပါဝင်သည်။ သို့ရာတွင်ယေဘူယျလမ်းညွှန်အနေဖြင့် ပြင်းထန်သောဒဏ်ရာနှင့် သို့မဟုတ် ဦးခေါင်းဒဏ်ရာ အကဲ ဖြတ်ခြင်းမှလွဲ၍ လူတိုင်းပြန်လည်စတင်ရန် အဆင်သင့်ဖြစ်သောအလာတွင် ပြန်လည်စတင်ရန်(၂၀–၂၅) စက္ကန့်ထက်ပို၍နှောင့်နှေးမနေသင့်ပါ။

## ဥပဒေ ၆ – အခြားပြိုင်ပွဲတာဝန်ရှိသူများ

### တာဝန်နှင့် တာဝန်ခံမှုများ

တတိယဒိုင်လူကြီးနှင့် အချိန်မှတ်ဒိုင်လူကြီးများသည် ဒိုင်လူကြီးများအား ဖူဆယ်ဘောလုံး ဥပဒေများ နှင့်အညီဆောင်ရွက်နိုင်ရန်ကူညီပေးရမည်။

- ကစားကွင်းစစ်ဆေးခြင်း၊ အသုံးပြုမည့်ဘောလုံးနှင့် ကစားသမားများ၏ အသုံးအဆောင်များ အား စစ်ဆေးခြင်း
- အသုံးအဆောင်ပစ္စည်းပြဿနာများ သို့မဟုတ် သွေးထွက်ခြင်းများကိုဖြေရှင်းပြီးပါက ဆုံးဖြတ်ခြင်း
- လူစားလဲလှယ်ခြင်းများကို စောင့်ကြည့်ခြင်း
- ဂိုးသွင်းခြင်းများ၊ စုပေါင်းပြစ်မှုများနှင့် မလိုလားအပ်သောဖြစ်စဉ်များကို မှတ်တမ်းတင်ထား ခြင်း

## အကူဒိုင်လူကြီးများ၏ နေရာယူမှုနှင့် ပူးပေါင်းဆောင်မှု

### ၁။ စတင်ကစားခြင်း

တတိယဒိုင်လူကြီးသည် အချိန်မှတ်ဒိုင်လူကြီးစားပွဲတွင် ရှိနေရမည်ဖြစ်ပြီး၊ အရံကစား သမားများ၊ အသင်းတာဝန်ရှိသူများနှင့် အခြားသူများမှန်ကန်စွာနေရာချထားကြောင်း စစ်ဆေးရမည်။

အချိန်မှတ်ဒိုင်လူကြီးသည် အချိန်မှတ်စားပွဲတွင်ရှိရမည်ဖြစ်ပြီး စတင်ကစားခြင်းမှန်ကန်မှုရှိ / မရှိ စစ်ဆေးရမည်။

### ၂။ ပွဲအတွင်းယေဘူယျနေရာယူခြင်း

တတိယဒိုင်လူကြီးသည် အရံကစားသမားများ၊ အသင်းတာဝန်ရှိသူများနှင့် အခြားသူများ မှန်ကန်မှုရှိ / မရှိ စစ်ဆေးရမည်။ ထိုသို့ပြုလုပ်ရန်လိုအပ်ပါက တတိယဒိုင်လူကြီးသည် ကွင်းအတွင်းမဝင်ဘဲ ဘေးစည်းတလျှောက်ရွေ့လျားဆောင်ရွက်နိုင်သည်။
အချိန်မှတ်ဒိုင်လူကြီးသည် အချိန်မှတ်စားပွဲတွင်နေရာယူရမည်ဖြစ်ပြီး အချိန်မှတ်ကိရိယာ(ခရိုနိုမီတာ)ကို ရပ်တန့်ကာ ကစားမှုဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ စတင်ကြောင်းသေချာစေရမည်။

### ၃။ လူစားလဲလှယ်ခြင်း

တတိယဒိုင်လူကြီးသည် အရံကစားသမား၏ အသုံးအဆောင်များမှန်ကန်ကြောင်းနှင့် လူစားလဲလှယ် ခြင်းများမှန်ကန်ကြောင်းစစ်ဆေးရမည်၊ ထိုသို့ပြုလုပ်ရန်လိုအပ်ပါက၊ တတိယဒိုင်လူကြီးသည် ကွင်းအတွင်း မဝင်ဘဲ ဘေးစည်းတလျောက်ရွေ့လျားဆောင်ရွက်နိုင်သည်။

## ၄။ ပင်နယ်တီအမှတ်အသားမှကန်သွင်းခြင်းများ

အရံအကူဒိုင်မထားရှိသည့်အခါ ပင်နယ်တီအမှတ်အသားကန်သွင်းခြင်းမပြုသည့် ကွင်းတဝက်တွင် တတိယဒိုင်လူကြီးအား အရည်အချင်းပြည့်မီသောကစားသမားများနှင့် အရံကစားသမားများအတူ နေရာယူရမည်။ ဤနေရာမှနေ၍ တတိယဒိုင်လူကြီးသည် ကစားသမားများ၏အပြုအမူကိုစောင့်ကြည့်ပြီး အသင်းအတွင်းရှိ အခြားအရည်အချင်းပြည့်မီသော ကစားသမားများနှင့် အရံကစားသမားများအားလုံး မကမန်မီတွင် ကစားသမားတစ်ဦးဦးမှ နောက်ထပ်ပင်နယ်တီကန်သွင်းခြင်းမပြုရန် သေချာစေရမည်။

အကယ်၍ အရံအကူဒိုင်တစ်ဦးခန့်အပ်ပါက ဒိုင်လူကြီးများ၏နေရာယူမှုများမှာ အောက်ပါအတိုင်း ဖြစ် ပါသည်-

ဒိုင်လူကြီးသည် ဂိုးမှ(၂)မီတာခန့်အကွာ ဂိုးစည်းပေါ်တွင် နေရာယူရမည်။
ဒိုင်လူကြီး၏အဓိကတာဝန်မှာ ဂိုးစည်းမှဘောလုံးဖြတ်သွားခြင်းရှိ / မရှိ စောင့်ကြည့်ရန်နှင့် ဂိုးသမားဂိုးစည်းမှတက်လာခြင်းရှိ / မရှိ စောင့်ကြည့်ရမည်။
ဘောလုံးသည် ဂိုးစည်းအားကျော်သွားကြောင်း ရှင်းရှင်းလင်းလင်းသိရသောအခါ ဒိုင်လူကြီးသည် ပြစ်မှု မကျူးလွန်ကြောင်းသေချာစေရန် ဒုတိယနှင့်တတိယဒိုင်လူကြီးများနှင့် မျက်လုံးချင်း ဆက်သွယ်ရပါမည်။

ဘောလုံးနှင့်ကန်သွင်းသူအသင်း၏ဂိုးသမား မှန်ကန်စွာနေရာချထားကြောင်း သေချာစေရန်အတွက် ဒုတိယဒိုင်လူကြီးအား ပင်နယ်တီအမှတ်အသားနှင့် တတန်းတည်းခန့်မှန်းခြေ (၃) မီတာ အကွာအဝေးတွင်နေရာယူထားရမည်။ ဒုတိယဒိုင်လူကြီးသည် ကန်သွင်းရန်အတွက် ဝီစီမှုတ်ပေးရမည်။

တတိယဒိုင်လူကြီးအား ဂိုးမှ(၂)မီတာခန့်အကွာ ဂိုးစည်းပေါ်ဒိုင်လူကြီး၏ဆန့်ကျင်ဘက်တွင် နေရာယူရမည်။

တတိယဒိုင်လူကြီး၏ အဓိကတာဝန်မှာ ဘောလုံးသည်စည်းကျော်သွားခြင်းရှိ /မရှိ စောင့်ကြည့်ရန်နှင့် လိုအပ်ပါက ဒိုင်လူကြီးအားကူညီပေးရန်ဖြစ်သည်။

အရည်အချင်းပြည့်မီသောကစားသမားများနှင့် အရံကစားသမားအားလုံးကို ထိန်းချုပ်ရန်အတွက် အရံ အကူဒိုင်အား ကွင်းလယ်ဗဟိုစက်ဝိုင်းတွင် နေရာယူရမည်။

အချိန်မှတ်ဒိုင်လူကြီးအား အချိန်မှတ်စားပွဲတွင် နေရာချထားရမည်–

- ကန်သွင်းခြင်းမှဖယ်ထုတ်ထားသည့် ကစားသမားများနှင့် အရံကစားသမားများနှင့် အသင်းတာဝန် ရှိသူများသည် မှန်ကန်စွာပြုမူနေထိုင်ကြောင်းသေချာစေရမည်
- ဂိုးရလဒ်ဖော်ပြမှုဇယားတွင် (၀–၀) သို့ပြန်လည်သတ်မှတ်ပြီးကန်သွင်းမှုရလဒ်ကို မှတ်တမ်းတင်ပါ။

ပြိုင်ပွဲတာဝန်ရှိသူများအားလုံး ပင်နယ်တီကန်သွင်းမှုမှကန်သွင်းမှုများနှင့် ကန်သွင်းခဲ့သော ကစားသမား များ၏ နံပါတ်များကို မှတ်သားထားရမည်။

## လက်ထောက်ဒိုင်လူကြီး အချက်ပြသမှုများ (မဖြစ်မနေ)

လက်ထောက်ဒိုင်လူကြီးများသည် အသင်းတစ်သင်း၏ ငါးကြိမ်မြောက်စုပေါင်းပြစ်မှုနှင့် တစ်မိနစ် ခေတ္တ ရပ်နားမှုတောင်းဆိုခြင်းအတွက် အချက်ပြသမှုများပေးဆောင်ရမည်ဖြစ်ပြီး ငါးကြိမ် မြောက် စုပေါင်း ပြစ်မှုကျူးလွန်သည့်အသင်း သို့မဟုတ် တစ်မိနစ်ခေတ္တရပ်နားချိန် တောင်းဆို သည့်အသင်း၏ ခုံတန်း လျားအား ၎င်းတို့၏လက်ဖြင့်ညွှန်ပြရမည်။

အကယ်၍အသင်းတစ်သင်း သို့မဟုတ် နှစ်သင်းစလုံးသည် ပျံသန်းနေသောဂိုးသမားနှင့်အတူ

ကစားနေချိန်တွင် တတိယဒိုင်လူကြီးသည် ဂိုးစည်းကိုစောင့်ကြည့်နေပါက ဘောလုံးဂိုးဝင် သွားလျှင် တတိယဒိုင်လူကြီးသည် ဒိုင်လူကြီးများကို ဂိုးသွင်းယူကြောင်းအကြောင်းကြားရန် အတွက် လက်မောင်းကို မြောက်ကာ ကွင်းလယ်အမှတ်အသားကို ချက်ချင်းညွှန်ပြရမည်။

## အသံဖြင့်အချက်ပြသခြင်း

ဒိုင်လူကြီးများ၏ အာရုံစိုက်မှုကို ရရှိစေရန်အတွက် လိုအပ်သည့်အချိန်တွင်သာ အသုံးပြုရန် အသံဖြင့်အချက်ပြသခြင်းသည် ပွဲစဉ်တစ်ခုတွင်မရှိမဖြစ်လိုအပ်သော အချက်ပြချက်တစ်ခု ဖြစ်သည်။

## အသံဖြင့်အချက်ပြသမှု မဖြစ်မနေလိုအပ်သည့် အခြေအနေများ

- ကစားချိန်ကုန်ဆုံးသည့်အချိန်များ အချိန်မှတ်ဒိုင်လူကြီး သည် ဒိုင်လူကြီးတစ်ဦးမှ ဝီစီဖြင့် အချက်ပြပြီးနောက် ကစားချိန်တစ်ခု၏အစကို အသံဖြင့်ညွှန်ပြနိုင်သည်။
- တစ်မိနစ်ခေတ္တရပ်နားချိန် တောင်းဆိုမှု၏ဆက်သွယ်မှု
- တစ်မိနစ်ခေတ္တရပ်နားချိန် အဆုံးသတ်ဆက်သွယ်ရေး
- အသင်းတစ်သင်း၏ ငါးကြိမ်မြောက် စုပေါင်းပြစ်မှုကျူးလွန်ခြင်း ဆက်သွယ်မှု
- အရံကစားသမားများ သို့မဟုတ် အသင်းတာဝန်ရှိသူများမှ မှားယွင်းသောအပြုအမူများ ဆက်သွယ်မှု
- လူစားလဲလှယ်ခြင်း လုပ်ထုံးလုပ်နည်းကိုဖောက်ဖျက်သည့် ဆက်သွယ်မှု
- ဒိုင်လူကြီးများမှ စည်းကမ်းပိုင်းဆိုင်ရာ အမှားကျူးလွန် ဆက်သွယ်ခြင်း
- ပြင်ပ နှောက်ယှက်မှု ဆက်သွယ်ခြင်း

ပွဲစဉ်အတွင်းအချိန်မှတ်ဒိုင်လူကြီးသည် အသံဖြင့်အချက်ပြသမှုကိုမှားယွင်းပြုလုပ်မိပါက၊ ဤလုပ်ဆောင်ချက်သည်ကစားခြင်းကိုအနှောင့်အယှက်ဖြစ်စေသည်ဟု ဒိုင်လူကြီးမှ ယူဆပါက ကစားခြင်းကိုရပ်တန့်ရပါမည်။ဒိုင်လူကြီးများသည် ကစားခြင်း ကိုရပ်တန့် ပါက ၎င်းသည်ခံစစ်အသင်း၏ပင်နယ်တီအတွင်း၌ဖြစ်ပြီး ဘောလုံးထိသည့်အသင်းမှာ တိုက်စစ်အသင်းဖြစ်သည်မှလွဲ၍ (ဥပဒေ ၈ တွင်ကြည့်ပါ) ကစားမှုရပ်ဆိုင်းသည့်အချိန်

ဘောလုံးရှိသည့်နေရာမှ မြေချဘောဖြင့်ပြန်လည်ကစားစေရမည်။ အချက်ပြသံသည် ကစားခြင်းကိုအနှောင့်အယှက်မပေးပါက ဒိုင်လူကြီးများသည် ဆက်လက်ကစားရန် ရှင်းရှင်းလင်းလင်းအချက်ပြသရမည်။

စုပေါင်းပြစ်ဒဏ် (၄)ကြိမ်ကျူးလွန်ထားသောအသင်းသည် နောက်တစ်ကြိမ် ကျူးလွန်ပြီး ဒိုင်လူကြီးများမှ အခွင့်သာမှုအသုံးချရန်ဆုံးဖြတ်ပါက၊ တတိယဒိုင်လူကြီး သည် အချိန်မှတ်စားပွဲပေါ်ရှိ မှန်ကန်သောနေရာတွင်(၅)ကြိမ်မြောက်ပြစ်ဒဏ်အတွက် ရှင်းရှင်းလင်းလင်းမြင်သာသော ဆိုင်းဘုတ် ကိုပေးသည်။

## အချိန်မှတ်ကိရိယာ

အချိန်မှတ်ကိရိယာ မှန်ကန်စွာ အလုပ်မလုပ်ပါက၊ အချိန်မှတ်ဒိုင်လူကြီးသည် ဒိုင်လူကြီးများကို အသိပေးရမည်။ ထို့နောက် အချိန်မှတ်ဒိုင်လူကြီးသည် လက်စွဲ အချိန်မှတ်ကိရိယာကို အသုံးပြု၍ပွဲကိုအချိန်မှတ်ဆောင်ရွက်ရမည်။ ထိုသို့သော အခြေအနေမျိုးတွင် လက်ထောက်ဒိုင်လူကြီးများသည် ကစားရန်အချိန်မည်မျှ ကျန်နေသေးသည်ကို အသိပေးရန်အတွက် အသင်းတစ်သင်းစီမှ တာဝန်ရှိသူ တစ်ဦးကို ဖိတ်ခေါ်ရမည်။
အကယ်၍ကစားမှုရပ်တန့်သွားပြီးနောက်၊ အချိန်မှတ်ဒိုင်လူကြီးသည် အချိန်မှတ် ကိရိယာကိုစတင်ရန်မေ့သွားပါက၊ ဒိုင်လူကြီးများသည် အချိန်မှတ် ကိရိယာတွင် ကုန်ဆုံးသွားသော အချိန်ကိုထည့်သွင်းရန် အချိန်မှတ်ဒိုင်လူကြီးအား ညွှန်ကြားရမည်။

ပြန်လည်စတင်ပြီးနောက်၊အချိန်မှတ်ကိရိယာသည်အောက်ပါအတိုင်းပြန်လည်စတင်သ
ည်

- စတင်ကစားခြင်း – ဘောလုံးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ဂိုးမှစတင်ကစားခြင်း – ဂိုးသမားသည်

လက်ထဲမှဘောလုံးအားလုပ်ထုံးလုပ်နည်းနှင့်အညီလွတ်ထုတ်ပြီးနောက်

- ထောင့်ကန်ဘော ဘောလုံးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ကန်သွင်းခြင်း – ဘောလုံးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ပင်နယ်တီဧရိယာပြင်ပမှတိုက်ရိုက်အလွတ်တည်ကန်ဘော – ဘောလုံးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ပင်နယ်တီဧရိယာအပြင်ဘက်ရှိအသင်းများ၏တဆင့်အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီစည်းပေါ်မှတိုက်စစ် အသင်းမှ တဆင့် အလွတ် တည် ကန်ဘော – ဘောလုံးအားလုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ပင်နယ်တီဧရိယာအတွင်းမှခံစစ်အသင်းမှတိုက်ရိုက် သို့မဟုတ် တဆင့်အလွတ်တည်ကန်ဘော – ဘောလုံးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ကစားပြီးနောက်ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- ပင်နယ်တီကန်သွင်းခြင်း – ဘောလုံးအားရှေ့သို့ကန်ကစားပြီးနောက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရှင်းလင်းစွာရွေ့လျားသွားပြီးနောက်
- (၆)ကြိမ်မြောက် စုပေါင်းပြစ်မှု စတင်သည့် တိုက်ရိုက်အလွတ်တည်ကန်ခြင်း – ဂိုးသွင်းယူရန်ရည်ရွယ်ချက်ဖြင့်လုပ်ထုံးလုပ်နည်းနှင့်အညီ ဘောလုံးကို တိုက်ရိုက်ကန်ပြီး ရှင်းလင်းစွာ ရွေ့လျားသွားပြီးနောက်
- မြေချဘော – လုပ်ထုံးလုပ်နည်းနှင့်အညီ ဒိုင်လူကြီးတစ်ဦး၏ လက်မှဘောလုံးအားလွတ်ချပြီး ကစားကွင်းကြမ်းပြင်နှင့်ထိပြီးနောက်

## ဥပဒေ ၈ – စတင်ကစားခြင်းနှင့် ပြန်လည် စတင်ကစားခြင်း

စတင်ကစားခြင်း အမိန့်မပေးခင် ဒိုင်လူကြီးများသည် ကွင်းအတွင်းမှ ဂိုးသမား သို့မဟုတ် အခြား ကစားသမားများ၏ အတည်ပြုချက်ကို တောင်ခံရန်မလို။

## ဥပဒေ ၁၂ – ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ် အမူအရာများ

ပြိုင်ဘက်အား –
လုပ်ဆောင်ချက်သည် လက်များ သို့မဟုတ် တံတောင်ဆစ်များကို အသုံးမပြုဘဲ ဘောလုံး ကစားသည့် အကွာအဝေးအတွင်း ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုကို အသုံးပြုသည့် နေရာအတွက် စိန်ခေါ်မှု တစ်ခုဖြစ်သည်။

- သတိမမူသည့် အပြုအမူ
- မဆင်ခြင်သည့် အပြုအမူ
- လိုအပ်သည့်အင်အားထက် ပိုမိုသုံးစွဲသည့် အပြုအမူ

### ပြိုင်ဘက်အား ဆွဲဖက်ထားခြင်း

ပြိုင်ဘက်အား ဆွဲဖက်ထားခြင်းတွင် ကစားသမားအား လက်၊ လက်များ သို့မဟုတ် ခန္ဓာကိုယ် အသုံးပြု၍ လွတ်လပ်စွာ လှုပ်ရှားခြင်းမှ တားဆီးခြင်းပါဝင်သည်။
အထူးသဖြင့် ပင်နယ်တီ ဧရိယာအတွင်းနှင့် ထောင့်ကန်ဘောများ၊ ကန်သွင်းခြင်းများ သို့မဟုတ် အလွတ်တည်ကန်ဘောများတွင် ဒိုင်လူကြီးများမှ စောစီးစွာ ကြားဝင် ဖြေရှင်းပေးရမည် ဖြစ်သည်။
ဤအခြေအနေတွင် ကိုင်တွယ်ဖြေရှင်းရန် ဒိုင်လူကြီးများသည် –

- ဘောလုံးမကစားမီ ပြိုင်ဘက်ကို ဆွဲဖက်ထားသော ကစားသမားကို သတိ ပေးရမည်။

- ဘောလုံး မကစားမီ ဆက်လက်ဆွဲဖက်ထားပါက ကစားသမားကို အဝါကတ် ပြကာ သတိပေးရမည်။
- ကစားမှုပြီးမြောက်သွားပါက တိုက်ရိုက် အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီ ကန်သွင်းမှု သတ်မှတ်ပေးရမည်ဖြစ်ပြီး ကစားသမားကို အဝါကတ် ပြသ သတိပေး ရမည်။

### စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ

- ကစားသမားတစ်ဦးသည် ပြိုင်ဘက်ကို ဘောလုံးပိုင်ဆိုင်မှု သို့မဟုတ် အခွင့်သာမှု ရနိုင် သော အနေအထားကို ရယူခြင်းမှ ကာကွယ်ရန် ဆွဲဖက်ထားလျှင် ၎င်းအား ကစားသမား ကောင်းမပီသသည့် အပြုအမူအတွက် အဝါကတ်ပြသ သတိပေးရမည်။
- ပြိုင်ဘက်ကို ဆွဲဖက်ထားခြင်းဖြင့် သိသာထင်ရှားစွာ ဂိုးသွင်းခွင့်ကို ပျက်ပြယ်စေလျှင် အနီကတ် ပြသ ထုတ်ပယ်ရမည်။
- ပြိုင်ဘက်ကို ဆွဲဖက်ထားသည့် ကစားသမားနှင့် ပတ်သက်သည့် အခြားအခြေအနေများ တွင် နောက်ထပ်စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမလုပ်ရပါ။

### ပြန်လည် စတင်ကစားခြင်း

ပြစ်မှုဖြစ်ပွားသည့် နေရာမှ တိုက်ရိုက် အလွတ်တည်ကန်ဘော သို့မဟုတ် အကယ်၍ ပင်နယ်တီ ဧရိယာအတွင်း ပြစ်မှုဖြစ်ပွားပါက ပင်နယ်တီကန်သွင်းခြင်း

## ဘောလုံးကို လက်ဖြင့် ကိုင်တွယ်ခြင်း

စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ

ကစားသမားတစ်ဦးသည် ဘောလုံးကို လက်ဖြင့်ကိုင်တွယ်သည့် အခါ အားကစားသမား ကောင်း တစ်ယောက် မပီသသောအပြုအမူအတွက် သတိပေးရန် လိုအပ်သည့် အခြေအနေများ။ ဥပမာ ကစားသမားတစ်ဦးသည် –

- ဘောလုံးကို တမင်ကိုင်တွယ်ခြင်းဖြင့် ဂိုးသွင်းယူရန် ကြိုးစားခြင်း

- ဂိုးသမားသည် ၎င်း၏ ကိုယ်ပိုင်ပင်နယ်တီဧရိယာ အတွင်း၌ မဟုတ်ဘဲ ပြိုင်ဘက်အသင်း၏ ရှင်းလင်းသေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးအား လက်ထိဘော ကျူးလွန် ခဲ့ပြီး မအောင်မြင်ခဲ့လျှင်
- ဂိုးပေါက်အား ဂိုးသမားမှ စောင့်ကြပ်ထားချိန်တွင် ဂိုးထဲသို့ သွားနေသော ဘောလုံးကို ရပ်တန့်သွားစေရန် လက်ဖြင့်ထိကိုင်လျှင်
- ပြိုင်ဘက် အသင်း၏ တိုက်စစ် အခွင့်အရေးကောင်းအား နှောင့်ယှက်လျှင် သို့မဟုတ် ပျက်ပြယ်စေလျှင်

သို့သော်လည်း ပြိုင်ဘက်အသင်း၏ ဂိုးရနိုင်မှု သို့မဟုတ် ရှင်းလင်းသေချာစွာဂိုးရရှိနိုင်သည့်အခွင့်အရေးအား ပျက်ပြယ်ရန် ဘောလုံးအား လက်ဖြင့်တမင်တကာထိကိုင်ကစားခဲ့လျှင် ထုတ်ပယ်ခြင်းခံရမည်။
ဤပြစ်ဒဏ်သည် ဘောလုံးကို တမင်ကိုင်တွယ်ကစားသည့် ကစားသမား၏ လုပ်ရပ်ကြောင့် မဟုတ်ဘဲ ဂိုးမသွင်းနိုင်အောင် တားဆီးထားသော လက်ခံနိုင်ဖွယ် မရှိသော ဝင်ရောက်စွက်ဖက် မှုမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

## ပြန်လည်စတင်ကစားခြင်း

ပြစ်မှုဖြစ်ပွားသည့် နေရာမှ တိုက်ရိုက်အလွတ်တည်ကန်ဘော သို့မဟုတ် အကယ်၍ ပင်နယ်တီဧရိယာ အတွင်းဖြစ်ပွားပါက ပင်နယ်တီကန်သွင်းခြင်း။

၎င်းတို့၏ ပင်နယ်တီ ဧရိယာအပြင်ဘက်တွင် ဂိုးသမားသည် အခြားကစားသမားများ ကဲ့သို့ပင် ကန့်သတ်ချက်ရှိသည်။ ၎င်းတို့၏ ပင်နယ်တီဧရိယာ အတွင်းတွင် ဂိုးသမားသည် ဘောလုံးကို အရာဝတ္ထု တစ်ခုဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် ဆုပ်ကိုင်ထားသော အရာတစ်ခုဖြင့် ထိတွေ့မိခြင်းမှ လွဲ၍ ဂိုးသမားသည် ပင်နယ်တီ ဖြစ်စေနိုင်သော လက်ထိဘော ပြစ်မှုတွင် အပြစ်မရှိနိုင်ပါ။ ဂိုးသမားသည် တဆင့် အလွတ်တည် ကန်ဘောကို ကျူးလွန်သည့် ပြစ်မှု အများအပြားတွင် အပြစ်ရှိနိုင်သည်။

### ဂိုးသမားများကျူးလွန်သော ပြစ်မှုများ

ဘောလုံးပိုင်ဆိုင်မှုကို ဆိုလိုသည်မှာ ဘောလုံးကိုထိန်းချုပ်ထားခြင်းဖြစ်သည်။ ဂိုးသမားသည် ဘောလုံးသည် ဂိုးသမားကိုထိပြီး ပြန်စင်ထွက်လာခြင်းမှ လွဲ၍ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ခုဖြင့် ထိထားခြင်းဖြင့် ဘောလုံးကို ထိန်းချုပ်ထားနိုင်သည်ဟု ယူဆပါသည်။

ဂိုးသမားတစ်ဦးသည် ၎င်းတို့၏ ကွင်းတစ်ဝက်တွင် ဘောလုံးကို လေးစက္ကန့်ထက် ပို၍ ပိုင်ဆိုင် ခွင့်မပြုပါ။

- လက် သို့မဟုတ် လက်မောင်းများ (၎င်းတို့၏ ပင်နယ်တီဧရိယာအတွင်း)
- ခြေဖဝါးဖြင့် (၎င်းတို့၏ ကွင်းတဝက်နေရာတိုင်း)

ထိုသို့သော အခြေအနေမျိုးတွင်း ဂိုးသမားနှင့် အနီးဆုံး ဒိုင်လူကြီးက လေးစက္ကန့် ရေတွက်မှုကို ရှင်းလင်းမြင်သာစွာ ပြုလုပ်ရမည်။

ထို့အပြင် ကွင်းအတွင်း မည်သည့်နေရာ၌ မဆို ဘောလုံးကစားပြီးနောက် ဂိုးသမားသည် အသင်း ဖော်တစ်ဦးဦးမှ ဘောလုံးအား တမင်ကစားပြီးနောက် ပြိုင်ဘက်ကစားသမား တစ်ဦးမထိလျှင် ဂိုးသမားသည် ၎င်းတို့၏ ကွင်းတဝက်တွင် ထပ်မံ ထိခွင့် မရှိပါ။

ထို့အပြင် ဂိုးသမားသည် ဘောလုံးကို ကန်သွင်းခြင်းမှ တိုက်ရိုက်ကန်ခြင်းအပါအဝင် အသင်းဖော် မှ ကန်သွင်းပြီးနောက် ၎င်းတို့၏ ပင်နယ်တီ ဧရိယာ အတွင်းတွင် လက်သို့မဟုတ် လက်မောင်း ဖြင့် ဘောလုံးကို မည်သည့် အခြေအနေမျိုးတွင်မဆို မထိစေရပါ။

## ပြန်လည်စတင်ကစားခြင်း

- တဆင့် အလွတ်တည်ကန်ဘော

## ဂိုးသမားအပေါ် ကျူးလွန်သောပြစ်မှုများ

ဂိုးသမားသည် ဘောလုံးကို လက်ဖြင့် ပိုင်ဆိုင်ရရှိပြီးသည်နှင့် ပြိုင်ဘက် ကစားသမားမှ ဂိုးသမား အား  စိန်မခေါ်နိုင်ပါ။
ယင်းသည် ပြစ်မှု တစ်ခုဖြစ်သည်။

- ဂိုးသမားတစ်ဦး၏ လက်မှ ဘောလုံးကို ပစ်ထုတ်လွတ်ခြင်းအား တားမြစ်ခြင်း ဥပမာ ဘောလုံးခုန်နေခြင်း
- ဂိုးသမားမှ ဘောလုံးကို လက်ဖဝါးတွင် ကိုင်ထားပြီး ကစားရန် ကြိုးစားသည့်အခါ သို့မဟုတ် ဘောလုံးအား ကစားလျှင်
    - ဂိုးသမားသည် ဘောလုံးအား ထုတ်လွှတ်သည့် လုပ်ငန်းစဉ်တွင် ဘောလုံး အား ကန်ရန်သို့မဟုတ် ကန်ရန်ကြိုးပမ်းသည့် ကစားသမားအား အန္တရယ်ရှိ သော ပုံစံဖြင့် ကစားခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်သည်။
- ဂိုးသမား၏ မမျှတစွာ တားဆီးခြင်း ဥပမာ – ထောင့်ကန်ဘော

ပင်နယ်တီ ဧရိယာ အတွင်းမှ ဂိုးသမားတစ်ဦးနှင့် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မိသော တိုက်စစ် ကစား သမားတစ်ဦးသည်၊ တိုက်စစ် အသင်းမှ ကစားသမားမှ ဂိုးသမားအား ခုန်ဝင်ခြင်း၊ ခန္ဓာကိုယ်ဖြင့် တိုက်ခြင်း သို့မဟုတ် တွန်းခြင်းအား သတိမမူခြင်း၊ မဆင်မခြင် ပြုမူခြင်း သို့မဟုတ် လိုအပ်သည့် အင်အားထက် ပိုမိုသုံးစွဲခြင်းမှ လွဲ၍ မည်သည့် ပြစ်မှုမျိုးကိုမဆို ကျူးလွန်သည်ဟု မဆိုလိုပါ။

## ပြန်လည်စတင်ကစားခြင်း

အပေါ်တွင်ဖော်ပြထားသည့် ပြစ်မှုတစ်ခုအားဂိုးသမားအပေါ်တွင်ကျူးလွန်ခဲ့ပြီး ဒိုင်လူကြီး များမှ အခွင့်သာမှု စည်းမျဉ်းအား အသုံးမပြုခဲ့၍ အကယ်၍ ကစားပွဲအား ရပ်ဆိုင်းခဲ့လျှင် အကယ်၍ တိုက်စစ်ဆင်သည့်  အသင်း ကစားသမားမှ ဂိုးသမားအား ခုန်ဝင်ခြင်း၊ ပခုံးဖြင့် တိုက်ခြင်း သို့မဟုတ် တွန်းခြင်းအား သတိမမူခြင်း သို့မဟုတ် မဆင်မခြင်ပြုမူခြင်း သို့မဟုတ် လိုအပ်သည့် အင်အားထက် ပိုမိုအသုံးပြုခြင်းများမှ လွဲ၍ တဆင့်အလွတ်တည်ကန် ဘောဖြင့် ပြန်လည်စတင်ကစားရမည် ဖြစ်သည်ပြီး ယင်းအခြေအနေတွင် ဒိုင်လူကြီးများ သည် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းမပြုဘဲ

ပြစ်မှုဖြစ်ပွားသည့်နေရာမှ တိုက်ရိုက် အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင် ကစားရမည်ဖြစ်သည်။

## အန္တရယ်ဖြစ်လောက်အောင် ပြုမူကစားခြင်း

အန္တရယ်ဖြစ်လောက်အောင်ပြုမူကစားခြင်းသည် ကစားသမားများကြားတွင် ကိုယ်ထိလက်ရောက် ထိတွေ့မှုရှိရန် မလိုအပ်ပါ။ အကယ်၍ ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုရှိပါက လုပ်ရပ်သည် တိုက်ရိုက်အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီ ကန်သွင်းမှု အပြစ်ပေးခံရမည့် ပြစ်မှုဖြစ်လာနိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ  ထိတွေ့မှုများတွင် ဒိုင်လူကြီးသည် အနည်းဆုံးအားဖြင့် မလိုလားအပ်သော အပြုအမူများကျူးလွန်ခြင်း ဖြစ်နိုင်ချေကို သေချာစွာ ထည့်သွင်း စဉ်းစား သင့်သည်။

## စည်းကမ်းပိုင်းဆိုင်ရာ ရေးယူမှုများ

- ကစားသမား တစ်ဦးသည် “သာမန်” စိန်ခေါ်မှုတစ်ခုတွင် အန္တရယ်ဖြစ်လောက်အောင် ပြုမူကစားပါက ဒိုင်လူကြီးများသည် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုကို စီမံဆောင် ရွက်မည် မဟုတ်ပါ။ အကယ်၍ လုပ်ဆောင်ချက်သည် ထင်ရှားသော ဒဏ်ရာ ဖြစ်နိုင်ချေ ရှိလျှင် ပြိုင်ဘက်ကို မဆင်မခြင် စိန်ခေါ်ခြင်းအတွက် ကစားသမားကို ဒိုင်လူကြီးမှ အဝါကတ်ပြသ သတိပေးရမည်။
- ကစားသမားတစ်ဦးသည် အန္တရာယ်ဖြစ်လောက်အောင် ပြုမူကစားခြင်းဖြင့် ရှင်းလင်း သေချာစွာ ဂိုးရရှိနိုင်သည့် အခွင့်အရေးအား ပျက်ပြယ်စေခဲ့လျှင် ၎င်းကစားသမားကို ထုတ်ပယ်ရမည်။

## ပြန်လည်စတင် ကစားခြင်း

တဆင့်အလွတ်တည်ကန်ဘော

အကယ်၍ ထိတွေ့မှု ရှိခဲ့လျှင် သို့မဟုတ် မတူညီသော ပြစ်မှု တစ်ခုကို ကျူးလွန်မိခဲ့ပြီး ဒိုင်လူကြီး မှ စိန်ခေါ်ခြင်းကို သတိမမူခြင်း၊ မဆင်မခြင် ပြုမူခြင်း သို့မဟုတ် လိုအပ်သည့်

အင်အားထက် ပိုမိုသုံးစွဲခြင်း ဟု ယူဆပါက တိုက်ရိုက် အလွတ်တည်ကန်ဘော သို့မဟုတ် ပင်နယ်တီ အပြစ်ပေး နိုင်သည်။

## ကိုယ်နှုတ်အမူအယာဖြင့် ဆန့်ကျင်ပြောဆိုခြင်း

ဒိုင်လူကြီးများ သို့မဟုတ် လက်ထောက်ဒိုင်များ၏ ဆုံးဖြတ်ချက်များကို ကန့်ကွက်ခြင်း (နှုတ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် မဟုတ်စေ) ဆန့်ကျင်ခြင်း သဘောထား ကွဲလွဲသည့် ကစား သမား သို့မဟုတ် အရံကစားသမားကို အဝါကတ် ပြသ သတိပေးရမည် ဖြစ်သည်။

အသင်းခေါင်းဆောင်သည် အထူးအဆင့်အတန်း သို့မဟုတ် အခွင့်ထူးခံများ မရှိသော် လည်း အသင်း၏ အပြုအမူအတွက် တာဝန်အတိုင်းအတာ တစ်ခုရှိသည်။

ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးကို တိုက်ခိုက်ခြင်း သို့မဟုတ် ပုတ်ခတ်ရိုင်းစိုင်းသော သို့မဟုတ် ညစ် ညမ်းသော လုပ်ရပ်များသို့မဟုတ် ဘာသာစကားအသုံးပြုမှုတွင် အပြစ်ရှိနေသော ကစားသမား သို့မဟုတ် အရံကစားသမားကို ထုတ်ပယ်ရမည်။

## ကစားမှု ပြန်လည်စတင်ရန် နှောင့်နှေးကြန့်ကြာအောင်ပြုလုပ်ခြင်း

နည်းဗျူဟာများကို အသုံးပြု၍ ကစားမှုပြန်လည်စတင်ရန် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ် သော ကစားသမားများအား အဝါကတ်ပြသပေးရမည့် အကြောင်းအရာများမှာ –

- မှားယွင်းသောအနေအထားမှ အလွတ်တည်ကန်ဘောကို ဒိုင်လူကြီးများအား ပြန်လည်ကန်ခိုင်းရန် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် အလွတ်တည်ကန် ခြင်း
- ဒိုင်လူကြီးများမှ ပွဲကိုရပ်ဆိုင်းလိုက်ချိန်တွင် ဘောလုံးကို အဝေးသို့ ကန်ခြင်း သို့မဟုတ် သယ်ဆောင်ခြင်း
- ဒဏ်ရာအကဲဖြတ်ရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ကွင်းအတွင်းသို့ ခေါ်ပြီး နောက် ကွင်းအတွင်းမှ ထွက်ခွာရန် နှောင့်နှေးနေခြင်း

- ဒိုင်လူကြီးများမှ ပွဲကို ရပ်ဆိုင်းလိုက်ချိန်တွင် ဘောလုံးကို တမင်ထိလိုက်ခြင်းဖြင့် ထိပ်တိုက်ရင်ဆိုင်မှုကို နှိုးဆော်ခြင်း

## ဟန်ဆောင်ခြင်း

ထိခိုက်ဒဏ်ရာ ရစေရန် ဟန်ဆောင်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ဟန်ဆောင်ခြင်း ဖြင့် ဒိုင်လူကြီးများကို လှည့်ဖြားရန် ကြိုးပမ်းသည့် ကစားသမား တိုင်းသည် ဟန်ဆောင်ခြင်းတွင် အပြစ်ရှိပြီး ကစားသမားကောင်း မပီသသည့် အပြုအမူအတွက် အပြစ်ပေးခံရမည်။ အကယ်၍ ပြစ်မှု၏ ရလဒ်ကြောင့် ပြိုင်ပွဲကို ရပ်တန့်ပါက တဆင့် အလွတ်တည်ကန်ဘောဖြင့် ပြန်လည် စတင်စေရမည်။

## ထိပ်တိုက်ရင်ဆိုင်မှုများ

- ဒိုင်လူကြီးများသည် ထိပ်တိုက်ရင်ဆိုင်မှု၏ အစပြုသူ(များ) ကို လျှင်မြန်စွာ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ပြီး ကိုင်တွယ် ဖြေရှင်းသင့်သည်။
- ဒိုင်လူကြီးများသည် ထိပ်တိုက်ရင်ဆိုင်မှု တဝိုက်တွင် ကွင်းအတွင်း နေရာကောင်း တစ်ခု ရှိသင့်ပြီး အဖြစ်အပျက်အားလုံးကို မြင်နိုင်ပြီး ပြစ်မှုများကို ဖော်ထုတ်နိုင်ရ မည်။
- တတိယဒိုင်လူကြီးနှင့် အရံအကူဒိုင် (ခန့်အပ်ပါက) လိုအပ်ပါက ဒိုင်လူကြီး များကို ကူညီရန် ကွင်းအတွင်း ဝင်ရောက်သင့်သည်။
- ထိပ်တိုက်ရင်ဆိုင်ပြီးနောက် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူရမည်။

## ပြစ်မှုများ အကြိမ်ကြိမ်ကျူးလွန်ခြင်း

ဒိုင်လူကြီးများသည် ကစားသမားများ ဖူဆယ်ဥပဒေကို အကြိမ်ကြိမ်ကျူးလွန်သော ပြစ်မှုများကို အချိန်တိုင်း သတိရှိသင့်သည်၊ အထူးသဖြင့် ကစားသမားတစ်ဦးသည် မတူညီသော ပြစ်မှုများ စွာကို ကျူးလွန်ခဲ့လျှင်ပင် ကစားသမားသည် ဖူဆယ်ဥပဒေ များကို အကြိမ်ကြိမ်ကျူးလွန်သည့်အတွက် အဝါကတ်ပြသ သတိပေးရမည်။ “အကြိမ်ကြိမ်”သို့မဟုတ် ပုံစံတစ်ခုရှိနေခြင်း ဖြစ်သည့် တိကျသော ပြစ်မှု အရေအတွက်

မရှိပါ။ ၎င်းသည် လုံးလုံးလျားလျား တရားစီရင်ရမည့် ကိစ္စဖြစ်ပြီး ထိရောက်သော ကစားပွဲစီမံခန့်ခွဲမှု၏ အခြေအနေတွင် ဆုံးဖြတ်ရမည်ဖြစ်သည်။

**ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ကစားခြင်း**

ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ကစားသည့် ကစားသမားကို ထုတ်ပယ်သင့်ပြီး ပြစ်မှုဖြစ်ပွားသည့် နေရာမှ တိုက်ရိုက်အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်ရမည် သို့မဟုတ် ပင်နယ်တီကန်သွင်းခွင့် ပြုရမည်။ (အကယ်၍ ပြစ်မှုသည် ကျူးလွန်သူ၏ ပင်နယ်တီ ဧရိယာ အတွင်းဖြစ်လျှင်)

ဂိုးသွင်းယူရန် ပြတ်သားရှင်းလင်းသော နောက်ဆက်တွဲ အခွင့်အရေးမရှိပါက ကြီးလေး သောပြစ်မှုများကို ကျူးလွန်ကစားသည့် အခြေအနေများတွင် အခွင့်သာမှုပေးခြင်းကို အသုံးမပြုသင့်ပါ။ ထိုသို့သော အခြေအနေမျိုးတွင် နောက်တစ်ကြိမ် ဘောလုံးရပ်ဆိုင်း သွားချိန်တွင် ဒိုင်လူကြီး များသည် ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ကစားခြင်း အတွက် ကစားသမားအား ထုတ်ပယ် ရမည်။

## ဥပဒေ ၁၃ – အလွတ်တည်ကန်ဘောများ

**အကွာအဝေး**

အကယ်၍ကစားသမားတစ်ဦးသည် အလွတ်တည်ကန်ဘောအား အမြန်ပြန်လည်စတင် ရန်ဆုံးဖြတ်လိုက်ပြီး ပြိုင်ဘက်ကစားသမားတစ်ဦးသည် (၅) မီတာထက် ပိုနီးသော အကွာအဝေးမှနေ၍ ဘောလုံးအားကြားဖြတ်ရယူခဲ့လျှင် ဒိုင်လူကြီးများ အနေဖြင့် ကစားမှုအား ဆက်လက်ကစားခွင့်ပြုပေးရမည်။

အကယ်၍ ကစားသမားတစ်ဦးသည် အလွတ်တည်ကန်ဘောအား အမြန်စတင်ရန်ဆုံး ဖြတ်လိုက်ပြီး ဘောလုံးအနီးတွင်ရှိသော ပြိုင်ဘက်ကစားမှ အလွတ်တည်ကန်ဘော

ကန်မည့် ကစားသမားကန်ကစားမှုအား တမင်တကာရည်ရွယ်ချက်ဖြင့် ပိတ်ပင်တားဆီး ခဲ့လျှင် ဒိုင်လူကြီး များအနေဖြင့် ၎င်းပြိုင်ဘက်ကစားသမားအား ကစားမှုနှောင့်နှေးကြန့် ကြာအောင် ပြုလုပ်မှု အတွက် အဝါကတ်ပြသ သတိပေး ရမည်။

အကယ်၍ ခုခံကစားသည့်အသင်းသည် ၎င်း၏ပင်နယ်တီဧရိယာအတွင်း အလွတ်တည် ကန် ဘောအားအမြန်စတင်ရန်ဆုံးဖြတ်ပြီး ပင်နယ်တီဧရိယာအတွင်း ပြိုင်ဘက်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောပြိုင်ဘက်များသည် ဧရိယာအတွင်းမှ ထွက်ခွာရန်အချိန် မရှိသေးကြောင်း ရှိနေခဲ့လျှင် ဒိုင်လူကြီးများမှ ဆက်လက်ကစားခွင့်ပြုပေးရမည်။

## ဥပဒေ ၁၄ – ပင်နယ်တီကန်သွင်းခြင်း

### လုပ်ထုံးလုပ်နည်း

- ဂိုးတိုင်တစ်ခု သို့မဟုတ် ဂိုးဘားတန်းအားဘောလုံးထိမိပြီးနောက် ဘောလုံးပေါက် သွားပြီး ဂိုးဝင်သွားခဲ့ပါက ဒိုင်လူကြီးများမှ ဂိုးအဖြစ်သတ်မှတ်ပေးရမည်။
- အကယ်၍ ဂိုးတိုင်တစ်ခု သို့မဟုတ် ဂိုးဘားတန်းအားဘောလုံးထိမိပြီးနောက် ဘော လုံး ပေါက်သွားပြီး ဂိုးမဝင်ခဲ့ပါက ဒိုင်လူကြီးများသည် ပင်နယ်တီ ကန်သွင်း ခြင်းကို ပြန်လည် ပြုလုပ်ရန်အမိန့်မပေးဘဲ ကစားပွဲရပ်၍မြေချဘောဖြင့် ပြန်လည်စတင် ကစားရမည်။
- ဒိုင်လူကြီးများက ပင်နယ်တီကန်သွင်းခြင်းကိုပြန်လည်ပြုလုပ်ရန် အမိန့်ပေးပါက ပင်နယ်တီကန်သွင်းမှုအသစ်ကို မူလကစားသမားမှ မကန်သွင်းရပါ။
- ဒိုင်လူကြီးများမှ ပင်နယ်တီကန်သွင်းရန် အချက်မပေးသေးခင် ကန်သွင်းသူမှ ကန်သွင်း ခဲ့လျှင် ပင်နယ်တီအားပြန်ကန်စေပြီး ကန်သွင်းသူအား အဝါကတ်ပြသ တိပေးရမည်။

## ဥပဒေ ၁၅ – ကန်သွင်းခြင်း

### ပြစ်မှုများအတွက် လုပ်ထုံးလုပ်နည်း

ဒိုင်လူကြီးများသည် ကန်သွင်းရမည့်နေရာမှ အနည်းဆုံး (၅) မီတာအကွာမှာရှိနေရန် ခံစစ်ကစား သမားများကိုသတိပေးရမည်။ လိုအပ်ပါက ဒိုင်လူကြီးများသည် ကန်သွင်း ခြင်းမပြုမီ အနည်းဆုံးအကွာအဝေးကို လေးစားခြင်းမရှိသည့်ကစားသမားကို သတိပေး ပြီး မှန်ကန်သော အကွာအဝေးကိုနောက်ပြန်ဆုတ်ရန်ပျက်ကွက်သည့် ကစားသမားကို အဝါကတ်ပြသ သတိပေးရမည်။ ကန်သွင်းခြင်းဖြင့် ပြန်လည်စတင်ကစားပါက၊ စတင် ကစားပြီးဖြစ်ပါက (၄)စက္ကန့် ရေတွက်ခြင်းအား တဖန်စတင်ရေတွက်ရမည်။

ကန်သွင်းရာတွင် မှားယွင်းစွာကန်သွင်းပါက ဘောလုံးသည် ပြိုင်ဘက်ထံတိုက်ရိုက် ရောက်သွားသည့်တိုင် ဒိုင်လူကြီးများအနေဖြင့် အခွင့်သာမှုမပေးရဘဲ ပြိုင်ဘက် အသင်းမှကစားသမားအား ကန်သွင်းခြင်းကို ပြန်ကန်ကစားစေရမည်။

## ဥပဒေ ၁၆  ဂိုးမှစတင်ကစားခြင်း

အကယ်၍ ပြိုင်ဘက်ကစားသမားတစ်ဦးသည် ပင်နယ်ဧရိယာအတွင်းသို့ဝင်လာပြီး သို့မဟုတ် ရှိနေစဉ် ဘောလုံးကစားမှုမဖြောက်မီတွင် ၎င်းအားခုခံကစားသည့်အသင်း ကစားသမားတစ်ဦးမှ ပြစ်မှုကျူးလွန်ခဲ့လျှင် ဂိုးမှစတင်ကစားခြင်းအား ပြန်လည် ကစားစေပြီး၊ ကျူးလွန်သည့် ပြစ်မှု၏ သဘောသဘာဝပေါ်မူတည်၍  အဝါကတ်ပြသ သတိပေးခြင်း၊ အနီကတ်ပြသ ထုတ်ပယ်ခြင်းပြုလုပ်ရမည်။

အကယ်၍ ဂိုးသမားမှ ဂိုးမှစတင်ကစားသည့်အချိန်တွင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပြိုင်ဘက်ကစားသမားများသည် ပင်နယ်တီဧရိယာအတွင်း၌ရှိနေကြသေးပြီး ဂိုးသမားက ဂိုးမှစတင်ကစားခြင်းအား အမြန်စတင်ကစားရန်ဆုံးဖြတ်လိုက်ရာ ပြိုင်ဘက်များအနေဖြင့် ဧရိယာအတွင်းမှထွက်ခွာရန် အချိန်မရှိပါက ဒိုင်လူကြီးများမှ ဆက်လက် ကစားခွင့်ပြုရမည်။

အကယ်၍ ဂိုးသမားသည် ဂိုးမှစတင်ကစားခြင်းအား မှန်ကန်စွာပြုလုပ်နေစဉ်တွင် ပြိုင်ဘက်ကစားသမားအားဘောလုံးဖြင့် ရည်ရွယ်ချက်ဖြင့်ပစ်သော်လည်း သတိမူခြင်း၊ မဆင်မခြင် ပြု မူခြင်း၊ လိုအပ်သည့်အင်အားထက်ပိုမိုသုံးစွဲခြင်းမပြုပါက ဒိုင်လူကြီးများမှ ဆက်လက်ကစားခွင့် ပြုရမည်။

အကယ်၍ ဂိုးမှစတင်ကစားရာတွင် ဂိုးသမားသည် ပင်နယ်တီဧရိယာအတွင်းမှ ဘောလုံးကို မလွတ်ထုတ်ပါက ဒိုင်လူကြီးများမှ ဂိုးမှစတင်ကစားခြင်းအား ပြန်လည်ကစားစေပြီး၊ ဂိုးသမား မှပြန်လည်ကစားရန်အဆင်သင့်ဖြစ်လျှင် ရပ်တန့်ထားသောအမှတ်မှနေ၍ (၄) စက္ကန့်ရေတွက်မှု ဆက်သွားရမည်။

ဒိုင်လူကြီးများသည် ဘောလုံးကိုဂိုးသမားမှ လက်ဖြင့်ဖြစ်စေ၊ ခြေထောက်ဖြင့်ဖြစ်စေ ထိန်းချုပ်ထားသည့်အခါတိုင်း (၄) စက္ကန့်ရေတွက်မှုကိုစတင်ရမည်။

အကယ်၍ ဂိုးသမားတစ်ဦးသည် ဂိုးမှစတင်ကစားခြင်းအားမှန်ကန်စွာပြုလုပ်ပြီး၊ ကစားမှု ပြောက်ပြီးနောက် အခြားကစားသမားတစ်ဦးတစ်ယောက်မထိမီ၊ သူတို့၏ ပင်နယ်တီဧရိယာ အပြင်ဘက်တွင် ဘောလုံးအား လက် သို့မဟုတ် လက်မောင်းဖြင့် တမင်တကာထိကိုင်ခဲ့လျှင် ဒိုင်လူကြီးများမှ ပြိုင်ဘက်အသင်းအား တိုက်ရိုက်အလွတ် တည်ကန်ဘောပေးရမည်ဖြစ်ပြီး၊ ဂိုးသမားအားဖူဆယ်ဥပဒေများနှင့်အညီ စည်းကမ်း ပိုင်းဆိုင်အရေးယူဆောင်ရွက်ရမည်။

အကယ်၍ ဂိုးသမားသည် ခြေထောက်ဖြင့်ဂိုးမှစတင်ကစားခြင်းအားကစားခဲ့လျှင် ဒိုင်လူကြီးများ မှဂိုးသမားအားသတိပေးခြင်း၊ လက်ဖြင့်ဂိုးမှစတင် ကစားခြင်းအား ပြန်လည်ကစားစေပြီး၊ဂိုးသမား မှပြန်လည်ကစားရန်အဆင်သင့်ဖြစ်လျှင် ရပ်တန့်ထားသောအမှတ်မှနေ၍ (၄) စက္ကန့်ရေတွက်မှု အားဆက်သွားရမည်။

## ဥပဒေ ၁၇ ထောင့်ကန်ဘော

### ပြစ်မှုများအတွက်လုပ်ထုံးလုပ်နည်း

ဒိုင်လူကြီးများသည် ဘောလုံးကစားမှုမဖြစ်မြောက်မီအထိ ထောင့်ကန်စက်ဝိုင်းစိတ်မှ အနည်း ဆုံး (၅) မီတာအကွာတွင်ရှိနေရမည်ဟု ခံစစ်ကစားသမားများအား သတိပေးရမည်။ လိုအပ်ပါက ထောင့်ကန်ဘောမကန်မီ အနည်းဆုံးအကွာအဝေးကို ဒိုင်လူကြီး များကသတိပေးပြီး၊ မှန်ကန်သောအကွာအဝေးသို့ နောက်ပြန်ဆုတ်ရန်ပျက်ကွက်သည့် ကစားသမားကို အဝါကတ်ပြသ သတိပေးရမည်။

ဘောလုံးကို ထောင့်ကန်စက်ဝိုင်းစိတ်အတွင်း ထားရမည်ဖြစ်ပြီး၊ ဘောလုံးအားကန်လိုက်လျှင် ကစားမှုမြောက်သည်၊ ထို့ကြောင့်ဘောလုံးသည် ကစားမှုမြောက်ရန်အတွက် ထောင့်ကန် စက်ဝိုင်းစိတ်ဧရိယာမှ ထွက်ရန်မလိုပေ။

ဂိုးသမားတစ်ဦးသည် ကစားမှု၏ လှုပ်ရှားမှုတစ်စိတ်တပိုင်းအနေဖြင့် ၎င်းတို့၏ဂိုးအပြင်ဘက် သို့မဟုတ် ကွင်းပြင်ပတွင်အဆုံးသတ်ပါက ပြိုင်ဘက်အသင်းမှ ထောင့်ကန်ဘောကို အမြန်ကန်သွင်းနိုင်မည်ဖြစ်သည်။

## ဖူဆယ်အသုံးအနှုန်းများ

**ရှုတ်သိမ်းခြင်း**

အချိန်ဇယားမပြီးဆုံးမီ ပွဲစဉ်တစ်ခုကို ပြီးဆုံး/ အဆုံးသတ်ခြင်း။

**လှုပ်ရှားမှုဧရိယာ**

ဘောလုံးကွင်းရှိရာကွင်းဧရိယာနှင့်ကစားသည့်နေရာ။

**စုပေါင်းပြစ်မှုများ**

ကစားသမားတစ်ဦးမှကျူးလွန်သည့်တိုက်ရိုက်အလွတ်တည်ကန်ဘော သို့မဟုတ် ပယ်နယ်တီ ကန်သွင်းမှုဖြင့်ပြစ်ဒဏ်ချမှတ်ခံထားရသောပြစ်မှုအား အသင်းတစ်ချင်းစီ၏အရေအတွက်များကိုသုံညမှစတင်၍ပွဲ၏ပထမပိုင်းနှင့်ဒုတိယပိုင်းကာလများတွင်ပေါင်းထည့်ပါသည်။အကယ်၍အချိန်ပိုလိုအပ်ပါက ဒုတိယပိုင်း အချိန်အတွင်းကျူးလွန်ခဲ့သော စုပေါင်းပြစ်မှုများကို အချိန်ပို အတွင်း ကျူးလွန်မှုများတွင်ပေါင်းထည့်မည်။

**အခွင့်သာမှုပေးခြင်း**

ပြစ်မှုတစ်ခုဖြစ်ပွားသည့်အခါ အကယ်၍ ပြစ်မှုကျူးလွန်ခြင်း မရှိသည့် အသင်းမှ အကျိုးသက်ရောက်မှု ရှိလျှင် ဒိုင်လူကြီးများမှ ဆက်လက်ကစားခွင့် ပြုပေးရမည်။

**ဒဏ်ရာရ ကစားသမား**

ကစားသမားသည် ကုသမှုခံယူရန် လိုအပ်ခြင်းရှိ/ မရှိ စစ်ဆေးရန် များသောအားဖြင့် ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်မှ ဒဏ်ရာကို အမြန်စစ်ဆေးပါ။

**အဝေးဂိုးစည်းမျဉ်း**

နှစ်သင်းစလုံး ဂိုးအရေအတွက် တူညီသောအခါတွင် ပွဲစဉ်/ ပွဲအား ဆုံးဖြတ်သည့် နည်းလမ်း၊ အိမ်ကွင်းမှ သွင်းယူသောဂိုးများကို ရေတွက်ပါက နှစ်ဆ။

**<u>ပိတ်ဆို့ခြင်း</u>**

ကစားသမားတစ်ဦးသည် ပြိုင်ဘက်ကို အာရုံပြောင်းစေရန် သို့မဟုတ် ပြိုင်ဘက်အား ဘောလုံးသို့မဟုတ် ကွင်း၏သီးခြားဧရိယာသို့ မရောက်ရှိစေရန် တားဆီးခြင်း၊ သို့သော် တမင်မထိတွေ့စေဘဲ။

**<u>ရက်စက်မှု</u>**

ရက်စက်ကြမ်းကြုတ်သော သို့မဟုတ် တမင်တကာ အကြမ်းဖက်သည့် လုပ်ရပ်တစ်ခု

**<u>သတိမမူခြင်း</u>**

အာရုံစူးစိုက်မှု မရှိခြင်း၊ ထည့်သွင်းစဉ်းစားခြင်း သို့မဟုတ် ကြိုတင်သတိထားမှု ကင်းမဲ့ကြောင်းပြသသည့် ကစားသမားတစ်ဦးမှ (အများအားဖြင့် လုယူဖျက်ထုတ်ခြင်း သို့မဟုတ် စိန်ခေါ်မှု)

**<u>သတိပေးခြင်း</u>**

အဝါကတ်ပြသခြင်းဖြင့် ဖော်ပြထားသော စည်းကမ်းထိမ်းသိမ်းရေးဆိုင်ရာ အာဏာပိုင်များထံ အစီရင်ခံစာ တစ်ခု ထွက်ပေါ်လာသည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှု၊ ပွဲစဉ်တစ်ခုတွင် သတိပေးချက် နှစ်ခုသည် ကစားသမား၊ အရံကစားသမား သို့မဟုတ် အသင်းတာဝန်ရှိသူများအား ထုတ်ပယ်ခြင်း ဖြစ်ပေါ်စေသည်။

**<u>စိန်ခေါ်မှု</u>**

ကစားသမားတစ်ဦးသည် ဘောလုံးအတွက် ပြိုင်ဘက်နှင့် ယှဉ်ပြိုင်သော အခါ/ ယှဉ်ပြိုင်မှု တစ်ခု

**<u>တိုက်ခိုက်ခြင်း</u>**

များသောအားဖြင့် ပုခုံးနှင့် လက်မောင်း အသုံးပြုပြီး ပြိုင်ဘက်ကို ရုပ်ပိုင်းဆိုင်ရာ စိန်ခေါ်ခြင်း

**<u>လှည့်စားခြင်း</u>**

လှည့်ဖြားသူနှင့် သို့မဟုတ် ၎င်းတို့၏အဖွဲ့ကို အကျိုးရှိစေမည့် မှားယွင်းသော ဆုံးဖြတ်ချက်/ စည်းကမ်းပိုင်းဆိုင်ရာ ဒဏ်ခတ်မှုအား ဒိုင်လူကြီးအား လှည့်ဖြားရန်/ အထင်မှားစေရန်ပြုမူသည်။

**<u>တမင်တကာ</u>**

ကစားသမားက ရည်ရွယ်/ ပြုလုပ်ရန် ရည်ရွယ်ထားသော လုပ်ဆောင်ချက်တစ်ခု၊ ၎င်းသည် "တုံ့ပြန်မှု" သို့မဟုတ် မရည်ရွယ်ပဲ တုံ့ပြန်မှု မဟုတ်ပါ။

**<u>တိုက်ရိုက်အလွတ်တည်ကန်ဘော</u>**

အလွတ်တည်ကန်ဘောမှ ဘောလုံးအား ကန်လိုက်၍ တခြားကစားသမားတစ်ဦးမှ မထိဘဲ ပြိုင်ဘက်အတွင်းသို့ တိုက်ရိုက်ကန်သွင်း ဂိုးရယူနိုင်သည်။

**<u>သမာသတိ</u>**

ဆုံးဖြတ်ချက်ချရာတွင် ဒိုင်လူကြီးများ သို့မဟုတ် အခြားပွဲတာဝန်ရှိသူများက အသုံးပြုရသော စီရင်ချက်

**<u>သဘောထားကွဲလွဲခြင်း</u>**

ပြိုင်ပွဲတာဝန်ရှိသူ တစ်ဦး၏ ဆုံးဖြတ်ချက်အား လူထုဆန္ဒပြခြင်း သို့မဟုတ် သဘောမတူခြင်း(နှုတ်ဖြင့် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ) သတိပေးရမည်။(အဝါကတ်)

**<u>အာရုံပြောင်း</u>**

နှောင့်ယှက်ရန်၊ စိတ်ရှုပ်ထွေးစေရန် သို့မဟုတ် အာရုံစိုက်ရန်( များသောအားဖြင့် မတရားသဖြင့်)

**<u>မြေချဘော</u>**

ကစားပွဲကိုပြန်လည်စတင်သည့် ကြားနေနည်းလမ်း– ဘောလုံးအား နောက်ဆုံးထိခဲ့သည့် အသင်းမှ ကစားသမားတစ်ဦးအား ဒိုင်လူကြီးမှ ဘောလုံးချပေးရမည်ဖြစ်ပြီး ဘောလုံးကြမ်းပြင်ကို ထိသည်နှင့် ကစားမှုမြောက်သည်။

**<u>အီလက်ထရွန်နစ် စွမ်းဆောင်ရည်နှင့် ခြေရာခံစနစ်</u>**

စနစ်သည် ကစားသမားတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝကမ္မဆိုင်ရာစွမ်းဆောင်မှုဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ခွဲခြမ်းစိတ်ဖြာပေးသည်။

**<u>ပြိုင်ဘက်၏ ဘေးကင်းမှုကို အန္တရာယ်ဖြစ်စေသော</u>**

ပြိုင်ဘက်ကို အန္တရာယ်ဖြစ်စေ သို့မဟုတ် ဘေးဖြစ်စေ (ဒဏ်ရာရ)

**<u>လိုအပ်သည့်အားထက် ပိုမိုသုံးစွဲခြင်း</u>**

လိုအပ်သည်ထက် အား/ စွမ်းအင်ကို ပိုမိုသုံးစွဲခြင်း

**<u>အချိန်ပို</u>**

ကစားပွဲ၏ ရလဒ်ကို ဆုံးဖြတ်ရန် ကြိုးစားသည့် နည်းလမ်းတစ်ခု၊ တစ်ခုလျှင် (၅) မိနစ်ထက် မပိုသော တူညီသော အချိန်နှစ်ပိုင်းပါဝင်သည်။

**<u>ဟန်ဆောင်လှည့်ဖြားခြင်း</u>**

ပြိုင်ဘက်ကို စိတ်ရှုပ်ထွေးအောင် ကြိုးပမ်းသည့် လုပ်ဆောင်ချက်။ ဖူဆယ်ဥ ပဒေက ခွင့်ပြုထားပြီး “တရားမဝင်” ဟန်ဆောင်လှည့်ဖြားမှုဟု သတ်မှတ်ပါသည်။

**<u>ပျံသန်းနေသော ဂိုးသမား</u>**

(ယာယီ) ကွင်းပြင်ကစားသမားအဖြစ် ကစားသော ဂိုးသမားတစ်ဦးသည် ပြိုင်ဘက်များ၏ ကွင်းတစ်ဝက်တွင် မကြာခဏ နေရာယူကစားပြီး ဂိုးအားစောင့်ကြပ်မှု

မရှိဘဲထားခဲ့ သည်။  ဤရည်ရွယ်ချက်အတွက် အသင်း၏ ပုံမှန်ဂိုးသမား သို့မဟုတ် ပုံမှန်ဂိုးသမား နေရာကို အစားထိုးရန်အတွက် အခြားကစားသမားမှ ဤအခန်းကဏ္ဍကို လုပ်ဆောင် နိုင်ပါသည်။

**<u>ဆွဲဖက်ထားခြင်းပြစ်မှု</u>**

ကစားသမားတစ်ဦးသည် ပြိုင်ဘက်၏ ခန္ဓာကိုယ် သို့မဟုတ် အသုံးအဆောင်များနှင့် ထိတွေ့ကိုင်တွယ် မှုအား ပြိုင်ဘက်၏ လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေသည့်အခါတွင် ဆွဲဖက်ထားသော ပြစ်မှုတစ်ခုဖြစ်ပွားသည်။

**<u>အတားအဆီး</u>**

ပြိုင်ဘက်၏လှုပ်ရှားမှု သို့မဟုတ် ရွေ့လျားမှုကို နှောင့်နှေးစေခြင်း၊ ပိတ်ဆို့ခြင်း သို့မဟုတ် တားဆီးခြင်း။

**<u>တဆင့်အလွတ်တည်ကန်ဘော</u>**

အလွတ်တည်ကန်ဘောမှ ကန်ပြီးသည့်နောက် အခြားကစားသမား(မည်သည့်အသင်းမှ) ဘောလုံးကို ထိမှသာလျှင် ဂိုးသွင်းယူနိုင်မည်ဖြစ်သည်။

**<u>လွှမ်းမိုးမှု ဧရိယာ</u>**

ဘောလုံးမကစားရသည့် ကွင်းဧရိယာ၊ သို့သော် ကစားသမားများအကြား အငြင်းပွားမှု ဖြစ်ပွားနိုင်သည်။

**<u>ကြားဖြတ်</u>**

ဘောလုံးအားငင်း ရည်မှန်းထားသည့် နေရာသို့ မရောက်စေရန် တားဆီးခြင်း

**<u>ကန်ခြင်း</u>**

ကစားသမားတစ်ဦးသည် ခြေနှင့် သို့မဟုတ် ခြေကျင်းဝတ်ကို အသုံးပြု၍ ၎င်းနှင့် ထိတွေ့ပြီး ရှင်းရှင်းလင်းလင်းရွေ့လျားသည့်အခါ ဘောလုံးကို ကန်ခြင်းဖြစ်သည်။

**<u>ပယ်နယ်တီ အမှတ်အသားမှ ကန်သွင်းခြင်း</u>**

အသင်းတစ်သင်းမှ တစ်ဂိုးပိုမသွင်းမခြင်း နှစ်သင်း စလုံးမှ တူညီသော ကန်သွင်းမှု အရေအတွက် တူညီပြီး တလှည့်စီ ကန်သွင်း၍ ပွဲရလဒ်ကို ဆုံးဖြတ်ရသော နည်းလမ်းဖြစ်သည်။

**<u>အားနည်းသော</u>**

အရေးမပါ၊ အနည်းငယ်မျှသော

**<u>ပြစ်မှု</u>**

ဖူဆယ်ဥပဒေများကို ဖောက်ဖျက်/ ချိုးဖောက်သည့် လုပ်ဆောင်ချက်

**<u>စော်ကားခြင်း၊ ပုတ်ခတ်ခြင်း သို့မဟုတ် ရိုင်းစိုင်းသော ဘာသာစကားနှင့် လုပ်ဆောင်ချက်</u>**

ရိုင်းစိုင်းသော နာကျင်စေသော သို့မဟုတ် မရိုမသေဖြစ်စေသော အပြုအမူ (နုတ်ဖြင့် သို့မဟုတ် နုတ်ဖြင့်မဟုတ်သော) ထုတ်ပယ်ခြင်း အပြစ်ပေးရမည်။

**<u>ပြင်ပပုဂ္ဂိုလ်</u>**

ပြိုင်ပွဲတာဝန်ရှိသူ မဟုတ်သူ သို့မဟုတ် အသင်းအမည်စာရင်းတွင် မပါဝင်သူ (ကစားသမား၊ အရံကစားသမားနှင့် အသင်းတာဝန်ရှိသူများ) မည်သူမဆို သို့မဟုတ် တိရိစ္ဆာန်၊ အရာဝတ္ထု၊ ဖွဲ့စည်းပုံ စသည်ဖြင့်။

**<u>အပြစ်ပေးခြင်း</u>**

များသောအားဖြင့် ကစားမှုရပ်ဆိုင်းပြီး ဆန့်ကျင်ဘက်အသင်းကို အလွတ်တည်ကန်ဘော သို့မဟုတ် ပယ်နယ်တီကန်သွင်းခြင်းဖြင့် ပြစ်ဒဏ်ပေးခြင်း

**<u>ကစားကွင်း</u>**

ဂိုးပိုက်များ အသုံးပြုသည့်နေရာများအပါအဝင် ဘေးစည်းများနှင့် ဂိုးစည်းများဖြင့် ကန့်သတ် ထားသော ကစားသည့် ဧရိယာ

**<u>ကစားမှု</u>**

ဘောလုံးနှင့်ထိတွေ့သည့် ကစားသမား၏ လုပ်ဆောင်ချက်

**<u>ကစားမှုအကွာအဝေး</u>**

ကစားမှုအကွာအဝေးဆိုသည်မှာ ကစားသမားတစ်ဦးအား ခြေထောက်ဆန့်ထုတ်ခြင်းဖြင့် ဘောလုံးကိုထိနိုင်စေရန် သို့မဟုတ် ခုန်ခြင်း သို့မဟုတ် ဂိုးသမားအတွက် လက်နှစ်ဖက်ကို ဆန့်ထုတ်၍ ခုန်ခြင်းအား ခွင့်ပြုသည့် အကွာအဝေးကို ဆိုလိုသည်။ အကွာအဝေးသည် ကစားသမား၏ ရုပ်ပိုင်းဆိုင်ရာ အရွယ်အစားပေါ်တွင် မူတည်သည်။

**<u>ကစားချိန်</u>**

အချိန်မှတ်ကိရိယာကိုအသုံးပြု၍ အချိန်သတ်မှတ်ထားသည့်အတိုင်း ဘောလုံးကစားနေသည့်အချိန်၊ အခြားအကြောင်းတစ်ခုခုကြောင့် ဘောလုံးကစားခြင်းမှ ထွက်သွားသောအခါ သို့မဟုတ် အခြားအခြေအနေတစ်ခုခုကြောာင့် ကစားခြင်းရပ်ဆိုင်းသွားသောအခါ အချိန်မှတ် ဒိုင်လူကြီးသည် အချိန်မှတ် ကိရိယာအား ရပ်လိုက်သည်။

**<u>အလွတ်တည်ကန်ဘောအမြန်ကန်ခြင်း</u>**

ကစားမှုရပ်ဆိုင်းပြီးနောက် ( ဒိုင်လူကြီး၏ခွင့်ပြုချက်ဖြင့်) အလွတ်တည်ကန်ဘောအား အလွန် လျှင်မြန်စွာ ကန်သွင်းခြင်း၊

**<u>မဆင်မခြင်ပြုမူခြင်း</u>**

ပြိုင်ဘက်၏အန္တရာယ် သို့မဟုတ် အကျိုးဆက်ကို လျစ်လျူရှု၍ ကစားသမားမှ (အများအားဖြင့် လုပ်ယူဖြတ်ထုတ်ခြင်း သို့မဟုတ် စိန်ခေါ်ခြင်း) တစ်ခုခု

**<u>ပြန်လည်စတင်ခြင်း</u>**

ရပ်တန့်ပြီးနောက် ကစားခြင်းကို ပြန်လည်စတင်သည့် မည်သည့်နည်းလမ်းမဆို

**<u>ပြန်လည်စတင်သည့် တည်နေရာ</u>**

ပြန်လည်စတင်ချိန်တွင် ကစားသမားတစ်ဦး၏ အနေအထားကို ၎င်းတို့၏ ခြေထောက် အနေ အထား သို့မဟုတ် ကွင်းနှင့်ထိမိနေသည့် ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုမှ ဆုံးဖြတ်သည်။

**<u>အပြစ်ပေးအရေးယူခြင်း</u>**

ဒိုင်လူကြီးမှ စည်းကမ်းပိုင်းအရ အရေးယူခြင်း

**<u>ထုတ်ပယ်ခြင်း</u>**

ကစားသမားတစ်ဦးသည် ကွင်းအတွင်းမှ ထွက်ခွာရန် သတိပေးချက်အတွက် ကွင်းအတွင်းမှ ထွက်ခွာရန် လိုအပ်သည့်အခါ (အနီကတ်ပြသခြင်း)။ အသင်းတာဝန်ရှိသူတစ်ဦးကိုလည်း ထုတ်ပယ်နိုင်သည်။

**<u>ကြီးလေးသောပြစ်မှုကို ကျူးလွန်ကစားခြင်း</u>**

ပြိုင်ဘက်၏ ဘေးကင်းမှုကို အန္တရာယ်ဖြစ်စေသော သို့မဟုတ် အလွန်အကျွန်အင်အား သို့မဟုတ် ရက်စက်သော ကြမ်းကြုပ်မှုကို အသုံးပြု၍ ဘောလုံးအား လုယူဖြတ်ထုတ်ခြင်း သို့မဟုတ် စိန်ခေါ်ခြင်း၊ အနီကတ်ပြသထုတ်ပယ်ရမည်။

**<u>ပြင်းထန်သောဒဏ်ရာရရှိမှု</u>**

ဆိုးရွားလောက်သည့်  ဒဏ်ရာရရှိနိုင်သည့်ကစားမှုကို ရပ်ဆိုင်းရမည်၊လိုအပ်ပါက ဆေးကုသရန် သို့မဟုတ် ဆေးကုသမှု ခံယူနိုင်ရန်အတွက်ကစားသမားအား ကွင်းအတွင်းမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများမှ အမြန်ဖယ်ရှားသင့်သည်။ သို့မှသာ ကစားမှု ပြန်လည်စတင်နိုင် မည်ဖြစ်သည်။

**<u>အလွန်ပြင်းထန်သည့်ဒဏ်ရာရရှိမှု</u>**

အလွန်ပြင်းထန်သည်ဟု စီရင်ဆုံးဖြတ်နိုင်သော ဒဏ်ရာတစ်ခုသည် ကစားခြင်းကို ရပ်တန့်ရမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိနိုင်သည့် ကစားသမားကို မဖယ်ရှားမီ ကွင်း အတွင်း၌ ကုသမှု သို့မဟုတ် ကုသမှုပြုလုပ်နိုင်ရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် လိုအပ်သည်၊ ထိခိုက်မိခြင်း၊ အရိုးကျိုးခြင်း သို့မဟုတ် ကျောရိုးဒဏ်ရာများဖြစ်နိုင်ချေရှိ သော ကိစ္စများတွင်

**<u>အချက်ပြသခြင်း</u>**

ဒိုင်လူကြီးများ သို့မဟုတ် မည်သည့်ပြိုင်ပွဲတာဝန်ရှိသူထံမှ ရပ်ပိုင်းဆိုင်ရာ ညွှန်ပြချက် များသောအားဖြင့်လက် သို့မဟုတ် လက်မောင်းများ၏ လှုပ်ရှားမှု သို့မဟုတ် ဝီစီအသုံးပြုခြင်း

**<u>လှည့်ဖျားခြင်း</u>**

လုပ်ဆောင်ချက်တစ်ခုသည် ၎င်းတွင် တစ်စုံတစ်ရာဖြစ်ပေါ်လာသည်ဟု ထင်မြင်ယူဆခြင်း (“လှည့်ဖျားခြင်း” ကိုလည်းကြည့်ပါ) မတရားသော အခွင့်ကောင်းရရှိ ရန် ကစားသမားတစ်ဦးမှ ကျူးလွန်သည့် မှားယွင်းသော/ အတုအယောင်ထင်မြင်ချက်ကို ဖန်တီးပေးသည့် လုပ်ဆောင် ချက်တစ်ခု

**<u>ပြိုင်ပွဲ၏ကျင့်ဝတ်</u>**

အားကစားတစ်ခုအနေဖြင့် ဖူဆယ်၏အဓိက/မရှိမဖြစ်အခြေခံမူများ/ ကျင့်ဝတ်များ

**<u>ဆိုင်းငံ့သည်</u>**

နောက်ဆုံးတွင် ပြန်လည်စတင်ရန် ရည်ရွယ်ချက်ဖြင့် ပွဲတစ်ပွဲကို အချိန်အတိုင်းအတာ တစ်ခု အထိ ရပ်တန့်ရန် ဥပမာ – ကွင်းအတွင်း၌ ပေါက်ကြားမှုကြောင့် သို့မဟုတ် အလွန်ပြင်းထန်သော ဒဏ်ရာရရှိမှု

**<u>လှုယူဖျက်ထုတ်ခြင်း</u>**

ခြေထောက်ဖြင့် ဘောလုံးအား စိန်ခေါ်မှုတစ်ခု (ကြမ်းပြင်ပေါ် သို့မဟုတ် လေထဲတွင်)

**<u>အသင်းလူစာရင်း</u>**

တရားဝင်အသင်းသာရွက်သာတန်းမှားသည်မှားသောအားဖြင့်ကစားသမား၊ အရံကစားသမားနှင့်အသင်းတာဝန်ရှိသူများကိုစာရင်းပြုစုထားသည်။

**<u>အသင်းတာဝန်ရှိသူ</u>**

တရားဝင်အသင်းစာရင်းတွင်ဖော်ပြထားခြင်းမရှိသောကစားသမားမဟုတ်သည့်မည်သူမဆို၊ ဥပမာ…နည်းပြ၊ အရိုးအကြောအဆစ်ကုဆရာဝန်၊ ဆရာဝန်။

**<u>နည်းစနစ်ဧရိယာ</u>**

အသင်းတာဝန်ရှိသူများနှင့်အရံကစားသမားအတွက်ထိုင်ခုံနေရာများပါဝင်သောသတ်မှတ် ဧရိယာ။

**<u>ခေတ္တရပ်နားချိန်</u>**

ကစားချိန်ကာလနှစ်ခုစီတွင်အသင်းတစ်သင်းကတောင်းဆိုသောတစ်မိနစ်နားချိန်။

**<u>နှစ်မိနစ်စာ ကိန်းဂဏာန်းလျော့ခြင်း</u>**

အသင်းတစ်သင်းတွင် ကစားသမားတစ်ဦးအထုတ်ခံရပြီးနောက် နှစ်မိနစ်ကြာ ကစားသမားလျော့ သွားသည့်အခြေအနေ၊ အချို့သောအခြေအနေများတွင် နှစ်မိနစ်မတိုင်မီ တဘက်သင်းက ဂိုးသွင်းယူခဲ့ပါက ကစားသမားအရေအတွက် တိုးလာနိုင်သည်။

**လွန်ကဲစွာစွက်ဖက်ခြင်း**

မလိုအပ်သောလုပ်ဆောင်ချက်/ လွှမ်းမိုးမှု

အားကစားကောင်းမဆန်သောအပြုအမူ

တရားမျှသမှုမရှိသောလုပ်ရပ်/ အပြုအမူ – အဝါကတ်ပြသ သတိပေးခြင်း

**ဆိုးသွမ်းရိုင်းပြသော အမူအကျင့်**

ဘောလုံးအားစိန်ခေါ်ကစားခြင်းမဟုတ်ဘဲပြိုင်ဘက်ကို အင်အားအလွန်အကျွံသုံးခြင်း သို့မဟုတ် ရက်ဆက်ကြမ်းကြုတ်စွာအသုံးပြုခြင်း သို့မဟုတ် ကစားသမား တစ်ဦး မှ တစ်စုံ တစ်ဦးအားဦးခေါင်း သို့မဟုတ် မျက်နှာ ကို တမင် တကာ ရည်ရွယ် ချက်ဖြင့် ထိုးရိုက် သည့် အခါ အသုံးပြုသည့်အင်အားမှာပေါ့ဆမှုမရှိပါက။

## ဒိုင်လူကြီးအသုံးအနှုန်းများ

**ပြိုင်ပွဲတာဝန်ရှိသူ(များ)**

ဘောလုံး/ဖူဆယ်အသင်းအဖွဲ့အစည်း/သို့မဟုတ်ပြိုင်ပွဲကိုမည်သူ၏တရားစီရင်ပိုင်ခွင့်အေ ာက်တွင်ရှိသောဖူဆယ်ပြိုင်ပွဲကိုထိန်းချုပ်ရန်တာဝန်ရှိပုဂ္ဂိုလ်များအတွက် သို့မဟုတ် အထွေထွေ အသုံး အနှုန်း။

## “ကွင်းအတွင်း” ပြိုင်ပွဲတာဝန်ရှိသူများ

## ဒိုင်လူကြီး

ကွင်းထဲတွင်ရှိသောအဓိကပွဲတာဝန်ရှိသူဖြစ်သည်။အခြားပွဲတာဝန်ရှိသူများသည် ဒိုင်လူကြီး၏ထိန်းချုပ်မှုနှင့်လမ်းညွှန်မှုအောက်တွင်လုပ်ဆောင်ရသည်။ဒိုင်လူကြီးသည်ေ ောက်ဆုံးအဆုံးအဖြတ်ပေးသူဖြစ်သည်။

## ဒုတိယဒိုင်လူကြီး

ဒုတိယပြိုင်ပွဲတာဝန်ရှိသူသည်ကွင်းအတွင်းမှနေ၍ဆောင်ရွက်ရသည်။ အခြားပွဲ တာဝန်ရှိသူ များသည် ဒိုင်လူကြီး၏ ထိန်းချုပ်မှုနှင့်လမ်းညွှန်မှု အောက်တွင် လုပ်ဆောင်ရသည်။ ဒုတိယ ဒိုင်လူကြီးသည် ဒိုင်လူကြီး၏ကြီးကြပ်မှုအောက်တွင်အမြဲရှိနေပါသည်။

**<u>အခြားပြိုင်ပွဲတာဝန်ရှိသူများ</u>**

ပြိုင်ပွဲများတွင်ဒိုင်လူကြီးများအားကူညီရန်အခြားပွဲတာဝန်ရှိသူများအားခန့်အပ်နိုင်သည်။

- **တတိယဒိုင်လူကြီး**

  အထူးသဖြင့်အသင်းတာဝန်ရှိသူများနှင့်အရံကစားသမားများ၊စုဆောင်းထားသောစုပေါင်းပြစ်မှုကဲ့သို့သောပွဲအချက်အလက်များကိုမှတ်တမ်းတင်ခြင်းနှင့်ဆုံးဖြတ်ချက်များချခြင်းစသည့်ဒိုင်လူကြီးများကိုကူညီပေးသည့်အကူဒိုင်လူကြီး။

- **အရံအကူဒိုင်လူကြီး**

  ဆက်၍တာဝန်မထမ်းတောင်နိုင်သော တတိယဒိုင်လူကြီး သို့မဟုတ် အချိန်မှတ်ဒိုင်လူ ကြီးနေရာတွင်အစားထိုးသောအကူဒိုင်လူကြီး။

- **အချိန်မှတ်ဒိုင်လူကြီး**

  ကစားချိန်ကိုထိန်းချုပ်ရန်အဓိကတာဝန်ရှိသူ။